
www.dhammaransi.com

နမော တဿ ဗုဒ္ဓ ဝိရုဠှ

ဘုရားရှင်နှင့်မခြား တစ်သားတည်းကျလိုသော ရဟန်းတော်များအတွက်

## မဟာဗောဓိမြိုင် ဆရာတော်
## ဝနဝါသီ ဥဃျဓမ္မသာမိထေရ်ရဲ

# ဝိနယ သင်္ဂဟ ကထာ



နတ်တလှ သာသနာပြုအသင်းမှ စီစဉ်ထုတ်ဝေသည်

2000 : GRAPHIC DESIGN : KYAW MINN MOUNG

www.dhammaransi.com

ပြန်ချီရေး(ပင်မ)
ဦးခင်မောင်သန်း၊နတ်တလူသာသနာပြုအသင်း
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့ထန်းတပင်စာတိုက်၊ စစ်ကိုင်းတိုင်း။
ဖုန်း–ဇီးကုန်း–၅၃

---

ရန်ကုန်ပြန်ချီရေး

• သုဝဏ္ဏသျှမ်
သာသနာပြုစာစဉ်
၇၄–သာယာအေးလမ်း၊၁–ရပ်ကွက်၊
မရမ်းကုန်း၊ရန်ကုန်။ဖုန်း–၆၆၀၆၇၀

www.dhammaransi.com

ပထမအကြိမ်

သက္ကရာဇ် ၂၀၀၀ - ဖေဖော်ဝါရီ

စာမူခွင့်ပြုချက် --- (၉၇/၉၉) (၂)
မျက်နှာဖုံးခွင့်ပြုချက် --- ၄၉/၂၀၀၀ (၁)
အုပ်ရေ --- ၁၀၀၀
မျက်နှာဖုံး --- ကျော်မင်းမောင်
စာစီ --- ဦးခင်မောင်သန်း (နတ်တလူ)
မျက်နှာဖုံးဖလင် --- Lucky
အတွင်းဖလင် --- AZ

ထုတ်ဝေသူ
ဦးလှရွှေ
အမှတ်-၁၊ သီရိမင်္ဂလာရပ်ကွက် သာစည်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန်(မြဲ-၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်-၁၇၁၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးကျော်ဌေး၊ (မြဲ-၀၂၇၇၃)၊ ရွှေစင်ကျော်အော့ဖ်ဆက်
အမှတ်-၂၅၁၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်လုပ်ရေး
နတ်တလူသာသနာပြုအသင်း

တန်ဖိုး ၃၀၀ ကျပ်

မွမ်းမံဖန်တီးမှု - အိုက်မွန်း

www.dhammaransi.com

# ဝိနယသင်္ဂဟကထာ
## ဝိနည်းအကျဉ်းပြစကား

ကာမဘောဂမှ အဓမ္မောဘဂကော ထွက်ခွာခဲ့ရပါသော
နိက္ခမ ရဟန်းတော်ကြီးများအတွက်သာ

သို့/

--------------------

❖ သိမ်မှထွက်လှမ်း အရှင်ရဟန်းအားလှူဒါန်းပါ၏

❖ ကောင်းမှုရှင်အမည် ------------------

နတ်တလူစာစဉ် (၂)

www.dhammaransi.com

# ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်

## ဝနဝါသီ ဥဒေယျမဟာထေရ်၏

## ဝါဆိုတော်စဉ် အညွန်း

| | | |
|---|---|---|
| ၁၃၄၁ မှ ၁၃၄၃ | --- | သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင် |
| ၁၃၄၃ မှ ၁၃၄၆ | --- | ဇင်းကျိုက်၊ မင်းတစ်ရာ့တစ်ပါးတောင် ကျောက်ခမောက်တောင် |
| ၁၃၄၆ မှ ၁၃၄၈ | --- | ဖူးကြီး၊ သံသုမာရတောင် |
| ၁၃၄၈ မှ ၁၃၄၉ | --- | စစ်ကိုင်းတောင် အရှေ့ပရက္ကမချောင် |
| ၁၃၄၉ မှ ၁၃၅၃ | --- | သာစည်မြို့နယ် ရွှေကျောင်းကုန်းတောင် |
| ၁၃၅၃ မှ ၁၃၅၆ | --- | ပျဉ်းမနား လက်လုပ်တောင် |
| ၁၃၅၆ မှ ၁၃၅၈ | --- | မိုင်းပျဉ်းမြို့နယ်၊ သုဝဏ္ဏသျှမ်တောင် |
| ၁၃၅၈ မှ ၁၃၆၁ | --- | ကန့်ဘလူမြို့နယ် နတ်တလူတောရ |

### ၁၃၆၁ မှ ယခုအချိန်ထိ

ဂန့်ဂေါမြို့နယ် ၊ ပုံတောင်ပုံညာ တောတောင်များအတွင်း
လှည့်လည်သီတင်းသုံး တောရဆောက်တည် တော်မူလျက်ရှိပါသည်။

မှတ်ချက် ။ လပိုင်းမျှ သီတင်းသုံးတော်မူခဲ့သော တောရများမှာ မိတ္ထီလာမြို့နယ် တောင်စင်တောင်၊ ပြင်ဦးလွင်မြို့နယ် ဝေဒလ္လချောင်၊ စဉ့်ကိုင်မြို့နယ် ကျောက်ထီးတောင်၊ ပုလဲမြို့နယ် ဝါးသုံးရုံသစ်တောစခန်း တို့ဖြစ်ပါသည်။

www.dhammaransi.com



ကျေးဇူးရှင် မဟာဗောဓိမြိုင် ဆရာတော်
ဝနဝါသီ ဥယျဓမ္မသာမိထေရ်

www.dhammaransi.com

# မဟာဗောဓိမြိုင်ဆရာတော်
# ဝနဝါသီ ဥယျဓမ္မသာမိထေရ်၏
## ပုံနှိပ်ထုတ်ဝေပြီးကျမ်းစာများ

၁။ ဓမ္မာဝါဒ ကထာ (၂-ကြိမ်)
၂။ ကဝိဗန္ဓနကထာ (၂-ကြိမ်)
၃။ မင်္ဂလာဓာရဏာ ကထာ (၂-ကြိမ်)
၄။ အနုပုဗ္ဗိက ကထာ
၅။ နယသင်္ခေပ ကထာ
၆။ ဗုဒ္ဓဘာသာဝင်တို့၏ တစ်နေ့တာပြုကျင့်ရပုံများ
(မဂ္ဂုဒ္ဒေသက ကထာနှင့် ဟတ္ထမုဋ္ဌိက ဗုဒ္ဓဘာသာကထာ)
၇။ ပဋိပက္ခ ဥဒ္ဒေသက ကထာနှင့် နှစ်စောင်တွဲ
(ဗလုဒ္ဓါရကထာ၊ ဓမ္မုဒ္ဓါရံကထာ)
၈။ သာရဏီယ ကထာ
၉။ ပါရမီ ပရိစယ ကထာ
၁၀။ ဉာဏဒဿန ကထာ
၁၁။ မဂ္ဂင်္ဂံ ပဗ္ဗောဋ္ဌေသိ ကထာ
၁၂။ မဂ္ဂပဋိသံယုတ္တ ကထာ
၁၃။ ပဋိဘာန ဉာဏ ဒဿန ကထာ
၁၄။ ဓာတုယာန ဝိပဿနာကထာ
၁၅။ သမ္ပဇညာကာရ ကထာ
၁၆။ ပမာဒီ ပမာဒ ဒွေဘာဂိယ ကထာ
၁၇။ မျက်နှာပုံးများကို ခွာချခြင်း
၁၈။ ကိုယ်ချင်းစာ မေတ္တာထား
၁၉။ သမ္မာသမ္မ ဝိဘင်္ဂ ကထာ
၂၀။ အပ္ပမာဒ၏ သဘောထား

www.dhammaransi.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.dhammaransi.com

၂၄၄၇၅

ဗုဒ္ဓသာသနံစိရံတိဋ္ဌတု

မြန်မာပြည်အရပ်ရပ်၌
အရညဝါသီ တောရပ်မှီလျက် နေလေ့ရှိတော်မူသော

# မဟာဗောဓိမြိုင်ဆရာတော်
# ဝနဝါသီ ဥဇ္ဈမ္မသာမိထေရ်

ရေးသားပြုစုတော်မူသည့်.

သာသနာ့တာဝန်ထမ်းဆောင်လျက်ရှိတော်မူကြသော
သံဃာတော်အရှင်သူမြတ်များအတွက်

# ဝိနယသင်္ဂဟကထာ

နတ်တလုစာစဉ် (၂)

www.dhammaransi.com

# မဟာဗောဓိမြိုင်ဆရာတော်
# ဝနဝါသီ ဥယျာဉ်မဟာမိထေရ်၏
# တရားတော်များ

---

## မောင်သွေးချွန် စုစည်းပူဇော်ထုတ်ဝေခဲ့သမျှစာအုပ်များ

၁။ ၉၉-ဖေဖော်ဝါရီ ကိလေသာတောင်တန်းကြီး

၂။ ၉၉-ဇွန် အမေ့အတွက် မမေ့တရား(ပ-ကြိမ်)

၃။ ၉၉-ဇူလိုင် ဘာ့ကြောင့်

၄။ ၉၉-စက်တင်ဘာ အောင်မြင်ကြီးပွား မင်္ဂလာခြေလှမ်းများ

၅။ ၉၉-နိုဝင်ဘာ အစစ်အမှန် အောင်နိုင်ခြင်း

## သက္ကရာဇ် ၂၀၀၀ ဖေဖော်ဝါရီလမှစ၍ ဆက်လက်ထွက်ရှိမည့် စာအုပ်များ

၁။ အမေ့အတွက် မမေ့တရား(ဒု-ကြိမ်)

၂။ တံခွန်ထူ နတ်လူသိစေသား

၃။ ပယ်လမ်း လျှောက်လမ်း ပေါက်စခန်း

၄။ ဘဝသေမှ ဘဝရှင်သို့

၅။ မသိရာမှ သိရာသို့ (အလုပ်ပေးတရားစု)

www.dhammaransi.com

# မာတိကာ

စာမျက်နှာ


| | | |
|---|---|---|
| ၁။ | ဥပုသ်နှင့်ဝိနည်း | ၁ |
| ၂။ | လကွယ်ရက်စေ့ ဥပုသ်နေ့ | ၄ |
| ၃။ | ဥပုသ်သုံးမျိုး | ၅ |
| ၄။ | ဟတ္ထပါသ်တိုင်းထွာနည်း | ၇ |
| ၅။ | ရဟန်းမှတပါး အခြားမရှိစေရ | ၉ |
| ၆။ | ပါရာဇိက အခန်း | ၁၅ |
| ၇။ | သံဃာဒိသိသ် အခန်း | ၂၅ |
| ၈။ | သိမ်ထွက်ရဟန်းသစ်များအား ဖျက်ဆီးခြင်းနှစ်မျိုး | ၂၈ |
| ၉။ | မေွးကင်းစမှ မာတုဂါမ | ၂၉ |
| ၁၀။ | မူလပါရာဇိကအရာ | ၃၅ |
| ၁၁။ | ပဥ္စာနန္တရိယ ကံတွင်းဆင်းသံဃာသင်းခွဲမှုကြီး | ၄၂ |
| ၁၂။ | ရဟန်းမရှာမှီးကောင်းသောအကျင့်များ | ၅၃ |
| ၁၃။ | ရဟန်းရှာမှီးကောင်းသောအကျင့်များ | ၅၄ |
| ၁၄။ | အနိယတ အခန်း | ၅၇ |
| ၁၅။ | နိသဂ္ဂိပါစိတ် အခန်း | ၆၃ |
| ၁၆။ | သက်န်းဆိုသည်မှာ | ၆၃ |
| ၁၇။ | ကထိန် ခွင့်ပြုချက်နှစ်မျိုး | ၆၆ |
| ၁၈။ | ကထိန်ခင်းပုံအစီအရင် | ၆၈ |
| ၁၉။ | ကထိန်အာနိသင်ငါးမျိုး | ၇၃ |

www.dhammaransi.com

စာမျက်နှာ


၂၀။ ကထိန်မာတိကာ ရှစ်ပါး ၇၅
၂၁။ ကထိန်အာနိသင် ခံထိုက်သည့်အင်္ဂါရှစ်ပါး ၇၇
၂၂။ အထက် ဆွေခုနှစ်ဆက် အောက်မျိုးခုနှစ်ဆက် ၈၉
၂၃။ ဇဋ္ဌကလောမဝဂ် ၁၀၄
၂၄။ မိန်းမနှင့်ငွေ-မြွေနှင့်ငွေကား ၁၁၃
၂၅။ ဘုန်းကြီးပျံနှင့်ဤသိက္ခာပုဒ် ၁၁၇
၂၆။ ပတ္တဝဂ် ၁၁၉
၂၇။ ရဟန်းအပ်-မအပ်သော ခွက်အမျိုးအစားများ ၁၂၄
၂၈။ အဆောတလျှင်ပုဂ္ဂိုလ်လေးဦး ၁၃၆
၂၉။ သုဒ္ဓပါစိတ်ခန်း ၁၄၀
၃၀။ ဘူတဂါမဝဂ် ၁၅၁
၃၁။ ကပ္ပိငါးမျိုး ၁၅၂
၃၂။ ရဟန်းသုံး အခင်းဆယ်မျိုး ၁၅၇
၃၃။ ထမသွားထိုက်စေသူသုံးဦး ၁၅၈
၃၄။ ကျောင်းအမျိုးအစား ၁၆၁
၃၅။ ဘိက္ခုနောဝါဒဝဂ် ၁၆၄
၃၆။ ဘောဇနဝဂ် ၁၆၉
၃၇။ ခဲဘွယ်တစ်ဆယ့်နှစ်မျိုး ၁၇၆
၃၈။ အစေလကဝဂ် ၁၈၀
၃၉။ သုရာပါနဝဂ် ၁၈၆

www.dhammaransi.com

စာမျက်နှာ


| | | |
|---|---|---|
| ၄၀။ | ရေချိုးခွင့်ရကာလများ | ၁၉၀ |
| ၄၁။ | သပါဏကဝဂ် | ၁၉၂ |
| ၄၂။ | ရဟန်းဖြစ်နိုင်သော အရည်**အချင်း**များ | ၁၉၄ |
| ၄၃။ | ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး | ၁၉၇ |
| ၄၄။ | သဟဓမ္မိကဝဂ် | ၂၀၄ |
| ၄၅။ | ရတနဝဂ် | ၂၁၄ |
| ၄၆။ | ရွာတွင်းသွားရန်ပန်ကြားပုံ | ၂၁၇ |
| ၄၇။ | ပါဋိဒေသနီ အခန်း | ၂၂၆ |
| ၄၈။ | သေခိယ အခန်း | ၂၃၁ |
| ၄၉။ | ဥဇ္ဇဂ္ဃိကဝဂ် | ၂၃၃ |
| ၅၀။ | ခမ္ဘကတဝဂ် | ၂၃၅ |
| ၅၁။ | သက္ကစ္စဝဂ် | ၂၃၇ |
| ၅၂။ | ကဗဠဝဂ် | ၂၃၉ |
| ၅၃။ | သုရု-သုရုဝဂ် | ၂၄၁ |
| ၅၄။ | ပါဒုကဝဂ် | ၂၄၃ |
| ၅၅။ | **အဓိကရဏ** သမထခန်း | ၂၄၇ |
| ၅၆။ | **သမုခါ ဝိနည်း** | ၂၄၈ |
| ၅၇။ | သတိ **ဝိနည်း**၊ အမူဠ ဝိနည်း | ၂၄၉ |
| ၅၈။ | ပဋိညာ ဝိနည်း၊ ယေဘုယျသိကာ ဝိနည်း<br>တဿပါပိယသိကာ ဝိနည်း | ၂၅၀ |
| ၅၉။ | တိဏဝတ္ထာရက ဝိနည်း | ၂၅၁ |

www.dhammaransi.com



# ရဟန်းလုပ် ရဟန်းသရုပ်ပေါ်လွင်စေရမည်

အရှင်ရဟန်းမြတ် -
အရှင်သည်သိမ်မှထွက်သည်နှင့်
အော်- ငါသည်ကား ---
လူမှထုတ်၍ ရဟန်းဟု သမုတ်ခံခဲ့ရချေပြီ။
ဤသို့ ဆင်ခြင်စိတ်ဝင် ဉာဏ်သက်ဝင်ပြီးသော်
လူတုန်းကကဲ့သို့သတိမထုံ ဉာဏ်မလှုံပဲအာရုံတို့၏နောက်
ကောက်ကောက်ပါအောင်လိုက်ခြင်းကို ရှောင်ကြဉ်ရာ၏။
အကယ်တိတိ -
သတိနှင့် မတွဲချိတ်ပဲ စိတ်သွားရာကိုယ်လိုက်
အာရုံအတိုက်ချည်း ခံပါသော်ကား
ငါသည် ရဟန်းဟူသောစကား လူရှေ့သူရှေ့ကြား
သွားပြောမိစေရာ

www.dhammaransi.com



## အာပတ်သင့်ခြင်း အကြောင်း ၆ ချက်

- သိလျက်နှင့် မရှက်မကြောက် ချိုးဖောက်ခြင်း၊
- မသိသဖြင့် အတင့်ရဲရဲ ဖျက်ပွဲဝင်ခြင်း၊
- သံသယထား ပွားလျက်သားနှင့် ကြားဝင်တိုးခြင်း၊
- မအပ်သည်ပင် အပ်သည်အထင်ဖြင့် ဇွတ်ဝင်တိုးခြင်း၊
- အပ်သည်ကိုလျှင် မအပ်ထင်ဖြင့် တမင်ချိုးခြင်း၊
- သတိကင်းမဲ့ ချင်ခြင်းဖွဲ့ကြောင့် ချိုးဖွဲ့မိခြင်း၊

ဤခြောက်ခင်းစလုံးပင်-

သိက္ခာတင် ရှင်ရဟန်းအဖြစ်ဖြင့် အပြစ်သင့်ခြင်းသို့ရောက်ကြရချေသည်။

### ဆောင်ရန်

အလဇ် အညာ ကုက္ကုစ္စနှင့် အကပ္ပိထည့်နောက်ကပ္ပိတည့် သတိမောသတ် ဤခြောက်ရပ် အာပတ်သင့်ကြောင်းချည်း။

www.dhammaransi.com



## လူတစ်သက် တစ်ရက် ရဟန်းမှာ

- သိက္ခာဖြူစင်သော ရှင်ရဟန်း၏ တစ်ရက်တာကာလသည်လူ့တစ်သက်တာကာလရှိ ပါရမီဖြည့်အားထက်တာသွားလှချေသည်။

အကယ်တိတိ-

ရဟန်းဖြစ်လျက် သိက္ခာစဉ် မတင်-မတက်မိလျှင်ကားထိုရဟန်း၏ တစ်ရက်တာ ပြစ်မှုများကလည်း လူတို့၏တစ်ရက်တာပြစ်မှုများအောက် အဆပေါင်းမြောက်များစွာပင် ထိုးဖောက်သွား ပေလိမ့်မည်။

❖အကျင့်မှန်လျှင် တစ်ရက် ရှင်လူလျှင် တစ်သက်နှုန်း

❖အကျင့်ဖောက်က လူ့အောက်ကျ ဘဝတစသက်လုံး ---

www.dhammaransi.com

## နမောတဿ ဗုဒ္ဓဝိရဇ္ဇဿ

- ဝိနယောနမ - ဘိက္ခုသာသယု၊
- သတိယာပန - သဗ္ဗေသံ၊
- ယေသံဘိက္ခု - ဝိနယာနံ၊
- သမဇီဝံ - သုသိက္ခတိ၊
- ပဋိဂ္ဂဟိတဗ္ဗ - ယံနာမံ၊
- နာစာရံ - ဆိန္နသီသံဝ။ ။

ဝိနယောနာမ - ဝိနည်းအလာကျင့်သိက္ခာများသည်ကား၊ ဘိက္ခုသ-ရဟန်းကောင်း၊ ရဟန်းမြတ်၏၊ အာယု-အသက်တည်း။

ဘိက္ခု - ဘုရားခြေစ ထပ်လျက်ကျစေသောရဟန်းသည် ယေသံဝိနယာနံ - ကိုယ်နှုတ်စောင့်စည်းစိတ်သိုမှီးရပါသော အကြင်ဝိနည်းတော်အရပ်ရပ်တို့ကို၊ သမဇီဝံ - မိမိအသက်ကဲ့သို့ သုသိက္ခတိ - အကျင့်အယူဖြူသထက်ဖြူစွာ မွေးမြူပါအံ့။ သောဘိက္ခု - ထိုရဟန်းသည်သာ၊ ယံနာမံ - ဘိက္ခုဟူသော အကြင်အမည်ကို၊ ပဋိဂ္ဂဟိတဗ္ဗံ - ခံယူ ထိုက်၏။ စေ - အကယ်၍၊ တေသံ - ထိုဝိနည်းတော်တို့ကို၊ နအာစရံ - မကျင့်ပါမူကား၊ သောဘိက္ခု - ထိုရဟန်းကား၊ ဆိန္နသီသံဝ - ဦးခေါင်းပြတ်သွားသော ထိုယောက်ျားနှင့် ဘာမျှမခြားနားတော့ပြီ။ ဘိက္ခုပိနာမံ - ရဟန်းဟူသော ထိုအမည်ထူးကိုလည်း နပဋိဂ္ဂဟိတဗ္ဗံ - မခံယူထိုက်တော့ပြီ။

www.dhammaransi.com

## ဘိက္ခုနှင့်ဝိနည်း

- **ဝိနည်းကျင့်ဝတ်သည်** နိဗ္ဗာန်၏တံခါးဝတည်း။
- ဝိနည်းကျင့်ဝတ်သည် နတ်ပြည်သွားရာ၏ လမ်းစတည်း။
- ဝိနည်းကျင့်ဝတ်သည် လူကြည်ညိုနတ်ကြည်ညို ခံယူရာ၏ အစွမ်းပြတည်း။
- ရဟန်းအသက်**သည် ဝိနည်း**၌သာတည်၏။
- ဝိနည်း**၏အသက်သည်**ကား သတိ၌သာလျှင်တည်၏။

ရဟန်း၏ဘိက္ခုအမည်သည်-

ကိလေသာတို့ကို ရဲဝံ့စွာ သတ်ဖြတ်နေလေသူ ဟူ၍ပင်၊ထိုအမည်ကို ခံယူထိုက်သူကား-

ကာယဂတာ သတိလျှင်အရင်းရှိသော အနုဿတိဆယ်ပါး၊ ကျန်ကမ္မဋ္ဌာန်းတရားများကို သတိဖြင့်ရှုပွားနေသူသာ မုချဆတ်ဆတ် ခံယူအပ်၏။သို့မှသာ လုပ်ရပ်နှင့် ဗျူပွတ် ဟပ်မိခြင်းကြောင့်တည်း။

- သတိသည် ရဟန်းကိုင်လက်နက်တည်း။
- ကာယဂတာစသည့်-ကမ္မဋ္ဌာန်းတရားသည် ရဟန်းသုံးခဲယမ်းမီးကျောက်များပင်တည်း။

အိုရဟန်းမြတ် -သင့်အား-သီလဝန္တ-ရဟန်း**ကောင်း**၊ ရဟန်းမြတ်တို့က

ဤသူကား ကိလေသာတို့ သတ်ဖြတ်မည့်သူဟူ၍ **ဉာတ်ကမ္မဝါ**

www.dhammaransi.com

•

အကြိမ်ကြိမ်ဖတ်၍ သမုတ်ပေးလိုက်ကြပါပြီ။
သင်သည် ထိုအချိန်ကစ၍ သိမ်မွှတ်ကတည်းက

❖ အော် - ငါသည်ကား-
ကိလေသာစစ်ကို အမြစ်ပြုတ်တိုက်ရမည့် တာဝန်ရှိလာပြီ
တကား။

❖ **ကိလေ**သာစွဲ စိတ်အမဲကိုဖြူစင်ရန် ငါလျှင်ကိုယ်တိုင်ထုတ်
**ဆောင်**နိုင်ရမည်တကား။

ထိုသို့ သုံးသပ်ပြီးလျှင် လူ့ဘဝရှိလူ့အသိ၊ လူ့ဉာဉ်များ**ကို ပ**လပ်၍ ရဟန်းဘဝ၊ ရဟန်းသိ၊ ရဟန်းဉာဉ်ပေါ်လွင်လာရန် **အား**ထုတ်အပ်၏။

ဤစာ**စဉ်ကား**-
ထိုဝိန**ည်းတော်**မြတ်၏ မာတိကာခေါင်းစည်း လေ့လာနည်းမျှသာ ဖြစ်ဘိ၏။ ဘိက္ခုပါတိမောက်ရှိ မာတိကာတို့၏ဆိုလိုရင်း အကျဉ်း မျှဖော်ပြထား၏။

ဤမျှဆိုသိမ်မွှတ်စ ရဟန်းသစ်ဘဝအတွက် လုံလောက်မည်ဟု ထင်မိသောကြောင့်-

၁၃၅၉ ခု၊ ပြာသိုလကွယ်နေ့

www.dhammaransi.com

## နိဒါန်းပိုင်း

နိဒါန်းဟူသည်-

အမှုကိစ္စတစ်ခုမပြုမီ တည်းတည်းအလို အချိန်တိုအတွင်း ရှေ့ပြေးခင်းကျင်းပွဲ၏ အစပျိုးခြင်းတည်း။

သို့ကြောင့် ဝိနည်းဓမ္မ ရှင်းပြတော့မည်ဆို-ဥပုသ်ပြုအစီ အရင်အတိုင်း နိဒါန်းလျှင်ရှေ့ပြေးဆင့် ဖွင့်ပြရမြဲပင်။

## ဥပုသ်နှင့်ဝိနည်းကံ

လူတို့၏အာရုံဆိတ်သုဉ်း ဥပုသ်သီတင်းသုံးကား-ဘုရား တပည့်တော်တို့ သူ့အသက်ကိုနှောင်ဆို မသတ်တော့ပါဘုရား။

ဤသို့သော နှုတ်ဖွင့်ကတိခံဝန်ချက် အရှိဖြင့်နေကြရ၏။

ရဟန်းတို့မှာမူကား - ထိုသို့မဟုတ်ပြီ။

က။ ကိလေသာပယ်သတ်လိုသော စေတနာဆန္ဒ အလွန်အားကြီး လှသည်ကတစ်ကြောင်း။

ခ။ ဘုရားရှင်၏ ရင်သွေးရင်နှစ်ဧကန်ဖြစ်နေသည် ကတစ်ကြောင်း တို့ကြောင့်-

သီးခြားလည်းဝန်ခံမခိုင်း၊ အားလုံးလည်းရွတ်ဖတ်မနိုင်းတော့ပါပြီ။ ဂုဏ်သရေရှိ လူကြီးလူကောင်းတို့မည်သည် မိမိအပြစ် မိမိပင်ဆင် ခြင်လျက်က အပြစ်ရှိဝန်ခံ၊ ပြစ်မရှိ ဆိတ်ဆိတ်နေမြဲဖြစ်သော ကြောင့်-

www.dhammaransi.com



ထိုသည့်အမှု ရဟန်းဥပုသ်ပြုရာ၌-
**နှုတ်**အာရှင်းလင်း စကားခင်း ပီပြင်သော **ရဟန်း**ပရိသ**တ်များ** **အ**လယ်ဝယ် တည်ကြည်ရဲဝံ့ မတွန့်မဆွံ့သည်လည်းဖြစ်သော ရဟန်းတစ်ပါးပါးက ဝိနည်းတော်လာ ပါတိမောက်ကို နိဒါန်းမှ **စ၍** အဆုံးကျအထိ ရွတ်ပြရ၏။

ကျန်ရဟန်းတို့ကဝိနည်းလမ်းကြောင်းပေါ်ရှိသူ့ဆိုင်ရာ **အခန်း၏**အဓိပ္ပါယ် များကိုနားမှုလည်းကြားစိတ်အားဖြင့်လည်း **ဆင်ခြင်**ကာ-

**က။** ဤသိက္ခာပုဒ်အရာ၌ ငါသည် အပြစ်**ကင်းစင်၏။**
**ခ။** ဤသိက္ခာပုဒ်အရာ၌ကား ငါ့အား အပြစ်ငြိစွန်းနေချေ၏။

ထိုသို့ဆုံးဖြတ် သုံးသပ်စေရခြင်း၊ ကိုယ်ကိုယ်တိုင် ဝန်ခံ စေရခြင်းတည်း။

ထိုပါတိမောက်သံ နာခံရခြင်းသည်ပင်ရဟန်းတို့၏ဥပုသ် ပြုခြင်း သို့မဟုတ် ဥပုသ်ဆောင်ဝင်ခြင်းတည်း။

**မှတ်ချက်။** ။ ဤသိက္ခာပုဒ် ကျင့်ဝတ်များအတိုင်း ကျင့်သုံးလျှင် ကိလေသာဝဋ္ဋ်များမှအလွတ်အကျွတ်ဖြစ်စေနိုင် သောကြောင့်ဝိနည်းကိုပင်ပါတိမောက်ခေါ်ရပြန်၏။

ထိုဥပုသ်ပြုကိစ္စကို --

ကဿပဘုရားစသော **ရှေးရှေး**ဘုရားရှင်တို့ လက်ထက် တော်တုန်းကသက်တမ်းလည်း**ရှည်၊ကိ**လေသာအမှိုလည်း နည်းပါး လှသောကြောင့် ခြောက်လ**မှ၁တစ်ကြိမ်** တစ်နှစ်တန်သည်မှ တစ်ကြိမ် - တစ်ကြိမ်သာ။

www.dhammaransi.com



ငါတို့ဘုရားလက်ထက်၌ကား--

သက်တမ်းကလည်းတိုတို ကိလေသာအခိုကလည်းများ ပြားလွန်း လှရကား တစ်ပက္ခ(ဆယ့်ငါးရက်ရှိ လပြည့်၊ လကွယ်) လျှင်**တစ်ကြိမ်**ကျ ပြကျင့်ရ၏။

- ရဟန်းချင်းချင်းသံသယကင်းရှင်းစေရန်အတွက်တည်း။
- ရဟန်းချင်း**ချင်း** ညီညွတ်ခြင်းတင်းလင်းရှိရန်အတွက် တည်း။

ရဟန်း - သင်သည် အထက်ပါထုံး နှလုံးမူ၍- ပါတိမောက်သံ နာခံရင်းကသင့်အပြစ် သင်ဆင်ခြင်ရာ၏။- ပါတိမောက်သံ နာခံရင်းက သိက္ခာစဉ် သင်ယူပြီးသား ဖြစ်ရာ၏။

ထိုသို့ဆင်ခြင် သိက္ခာစဉ်သင်**ရန်အတွက်** သင်သည် ဦးမဆွကပင်ထိုထိုပါဠိသွား ဘုရားရှင့်နှုတ် **ထွက်စ**ကားများကို- မြန်မာ့စကားပြေ **စ**ကားထာများဖြင့် ဖလှယ် ကာ မှတ်သားထား သင့်၏။သို့မှသာ--ဆောင်စရာရှိသည်များကို ဆောင်ထားနိုင် စွမ်းရှိလာပြီး၊ရှောင်စရာရှိသည်များ ရှောင်ရှားနိုင်ခွင့်ရှိလာမည် ဖြစ်၏။

အကယ်တိတိ---ဆောင်သင့်သည့်ကရဏီယလေးဘို့၊ရှောင်သင့်သည့် အကရဏီယလေးဘို့တို့ကို စို့ခြင်း၊ ချို့ခြင်းကင်းမဲ့လျက်က စိတ်နှင့်ရာ ကိုယ်-နှုတ်-ဆက်၊ ကိလေသာရန်သူများနှင့်တွဲဖက် နေသော်ကားငါရဟန်းဟူသောစကားသင်သည်မပြောကြား အပ်ပြီ။

www.dhammaransi.com



## ယနေ့သည်ကား လက္ခယ်ရက်စေ့ ဥပုသ်နေ့

ထိုနေ့ညနေ (များသောအားဖြင့် ညနေ ၄ နာရီအချိန်) ထိုအချိန်သည် နေရောင်အလင်း **တင်းတင်းရှိ**ဆဲအချိန်ပင်။ ထိုအချိန်တွင်-

သံဃာတော်များကြွမလာမီ ရှေ့အဖို့**ကပင်**

၁။ ဥပုသ်ပြုရာသိမ်တွင်း၊ သိမ်ပဌ် တံမျက်လှဲကျင်းထားနှင့်ရာ၏။

၂။ အကယ်တိတိ နေကွယ်ကာလဖြစ်နေက ဆီမီးအလင်း ညှိထွန်းထားနှင့်ရာ၏။

၃။ သောက်ရေ၊ သုံးတော်ရေများ သူ့နေရာနှင့်သူ တည်ထားပေးနှင့်ရာ၏။

၄။ နေရာထိုင်ခင်းများလည်း သူ့နေရာနှင့်သူ ခင်းကျင်းထားနှင့်ရာ၏။

ထို့နောက်သံဃာတော်များစုံညီနေသော်ပါတိမောက်မပြမီ အတွင်း- ပါတိမောက်ပြမည့် ရဟ**န်းတော်**ကဖြစ်စေ၊ အမှူဆောင်ရဟန်းကဖြစ်စေ -

က- ရဟန်းတစ်ပါး**ပါး ဖျားနာ**နေသောကြောင့်

ခ- ရဟန်းတစ်**ပါးပါး သာသ**နာ့ကိစ္စကြား မအားမလပ်ဖြစ်နေသောကြော**င့်**

၁။ ၎င်း၏ဆန္ဒမျ**ားပေးအပ်**ထားသော် သံဃာအားလျှောက်ကြားရမည်။

၂။ ၎င်းအပြစ်မရှိပါကြောင်း ခံဝန်ချက်များပေးအပ်ထားသော် သံဃာအားလျှောက်ကြားရမည်။

www.dhammaransi.com



၃။ ဥတု**၏ရောက်ဆဲ**၊ ရောက်ပြီးလက်ကျန်များကို စိစစ်ဝေဖန်ကာ လျှောက်ကြားရမည်။
၄။ သိမ်တွင်းရောက်လာသောသံဃာတို့၏ အရေ**အတွက်ကို**လည်း လျှောက်ကြားရမည်။
၅။ ဘိက္ခုနီမတို့၏ ဩဝါဒခံယူမည့်ရဟန်း ညွှန်ကြားရန်ကိစ္စလည်း လျှောက်ကြားရမည်။

**မှတ်ချက်။** ။ **သာသနာ၀ယ်** ဘိက္ခုနီမဟူ၍ အထင်အရှားမရှိတော့ သောကြောင့် ဩဝါဒပေးမည့်ရဟန်း ညွှန်ကြားစကားယခုကာလ မရှိတော့။

## ၁။ ဥပုသ်သုံးမျိုး

၁။ စတုဒ္ဒသီ - ရက်မစုံ လကွယ်နေ့များတွင် ပြုရသော ဥပုသ်။
၂။ ပန္နရသီ - ရက်စုံနှင့်လပြည့်နေ့များတွင် ပြုရသောဥပုသ်။
၃။ သာမဂ္ဂီ - ဝိဝါဒကွဲပြားရဟန်းများတို့ **ညီညွတ်လာချိန်** ပြုရသောဥပုသ်။

ဤကားနေ့အားဖြင့်ကွဲပြားနေသော ဥပုသ်ရက်များတည်း။

တစ်ဖန်။

၁။ သံဃာ့ဥပုသ် - လေးပါးမှစ၍ ရဟန်းများပြုရမည့်ဥပုသ်။
၂။ ဂဏဥပုသ် - သုံးပါး၊ နှစ်ပါးမျှရှိရာ၌ ပြုရမည့်ဥပုသ်။
၃။ ပုဂ္ဂလဥပုသ် - တစ်ပါးတည်းတည်းရှိရာ၌ ပြုရမည့်ဥပုသ်။

www.dhammaransi.com



**ဤကား** ပုဂ္ဂိုလ်အလိုက်ကွဲပြားနေသော ဥပုသ်ပြုပုံတည်း။
တစ်ဖန်လည်း-
၁။ သုတ္တုဒ္ဒေသဥပုသ် - ပါတိမောက်ရွတ်ပြ၍ **ပြုရမည့်**ဥပုသ်။
၂။ ပါရိသုဒ္ဓိဥပုသ် - **မိမိအပြစ်**စင်ကြယ်ပါ**ကြောင်း** ဝန်ခံမှုဖြင့် ပြုရမည့်ဥပုသ်။
**၃။ အဓိဋ္ဌာန်**ဥပုသ် - မိမိအပြစ်စင်ကြယ်ပါသည်ကို တစ်ပါးတည်း အဓိဋ္ဌာန်ဖြင့် ပြုကျင့်ရမည့်ဥပုသ်။
ဤကား ဥပုသ်ပြုပုံအကြောင်းအရာများက ခွဲခြားပေးသော ဥပုသ်ပြုနည်းတည်း။

## ကိုးမျိုး သုံးတွဲ ဤသို့တွဲပါ

### **အထက်**ပါဥပုသ်ပြုနည်း **ကိုးမျိုး**တို့တွင်-

ဥပုသ်နေ့**သုံးနေ့** တစ်နေ့နေ့တွင်-
၁။ သံဃာ ၄-၅ ပါးမှစ၍အထက်ဖြစ်နေသော် ပါတိမောက်ပြ၍ပြု။
၂။ သံဃာနှစ်ပါး၊သုံးပါးမျှဖြစ်နေခဲ့သော်အချင်းချင်းဝန်ခံကတိဖြင့်ပြု။
၃။ မိမိတစ်ပါးတည်းဖြစ်က အဓိဋ္ဌာန်ကတိထား၍ပြု။
**မှတ်ချက်။** ။ပါတိမောက်မပြမီ၊ အချင်းချင်းဝန်မခံမီ၊ တစ်ဦးတည်း အဓိ**ဋ္ဌာန်**မပြုမီဒေသနာဦးစွာကြားထားရမည်။တစ်ပါးတည်း၌ ဦးစွာဒေသနာခံရဟန်းမြတ် တစ်ပါးပါး ကြွလာသော် ငါ့အပြစ်ဝန်ခံမည်ဟုစိတ်လျှောင်ရှေးရှုအာရုံပြုပြီးမှသာ အဓိဋ္ဌာန်တင်ရမည်။

www.dhammaransi.com



ဒေသနာမကြားအပြစ်ဝန်ခံမထားပဲနှင့် ဥပုသ်မပြုစကောင်း။ ပြုခဲ့သော် သမ္ပဇာန မုသာဝါဒ ဒုက္ကဋ်သင့်မည်။

## ၂။ ရဟန်းများကို ရေတွက်မှုပြုခြင်း

ဥပုသ်ပြုရာသိမ်တွင်းသို့ ကြွရောက်လာကြကုန်သော ရဟန်း များ၏အရေအတွက်ကိုလည်း စီစစ်လျှောက်ထားအပ်၏။

ထိုရဟန်းတော်တို့သည်-ကိုယ်ချင်းညီညွတ်နေကြပုံကို ပြသသောအားဖြင့် တစ်ပါးနှင့်တစ်ပါးနှစ်တောင့်ထွာ ဟတ္ထပါသ် ထိစပ်လျက်သာ နေပြတတ်ရာ၏။

## ဟတ္ထပါသ်တိုင်းထွာနည်း

ဟတ္ထပါသ (ဟတ္ထပါသ်)ဟူသည်လက်၏အနီးအပါး အရပ် ကိုပင်ဆို၏။

က။ ရဟန်းတစ်ပါးနှင့်တစ်ပါး ရှေ့နောက်ဖြစ်နေခဲ့သော်ရှေ့ ရဟန်း လက်၏ အနီးအပါးဖြစ်သော တတောင်ဖျားသို့မဟုတ်ခြေမ ဖျားကိုအမိကထားပြီး နောက်ရဟန်း၏နောက်စွန်းဖြစ်သော တင်ပါးသို့မဟုတ် ဖနောင့်စွန်းများကို နှစ်တောင့်ထွာအတွင်း ဖြစ်စေရမည်။

ခ။ တစ်ပါးနှင့်တစ်ပါး ရင်ဘောင်တန်းဝဲယာဆိုသော်-ဝဲဘက် ရဟန်းဝဲလက်၏ အနီးအပါးဖြစ်သောတတောင်ဖျားသို့မဟုတ် ဖမျက်နခမ်းအမိကထားပြီး ယာဘက်ရဟန်း၏ယာဘက်ဘေး

www.dhammaransi.com



ဖြစ်သော ယာဘက်တင်ပါးစွန်း သို့မဟုတ် ယာဘက်ဖမျက်စွန်း တို့သည်နှစ်တောင့်ထွာ၏ နယ်ပယ်တွင်းမှာသာရှိစေရမည်သည့် ထက်လည်းတိုးဝှေ့မနေရ။

ဤသို့ ကိုယ်ချင်းညီညွတ်ကြောင်း ပြခြင်းသည်- ယခုပြုမည့် ဥပုသ်ကံအား မဆန့်ကျင်ကြောင်း အသိပေးခြင်းပင်။

## ၃။ ထိုရဟန်းတို့ စိတ်တူကိုယ်တူ အပြစ်မရှိစေရ

သိမ်တွင်းသို့ဥပုသ်ပြုရန် ကြွလာသောရဟန်းတို့သည်- က။ အချင်းချင်းသဘောတူ ဝတ္ထုဖြင့်သင့်သော အာပတ်မရှိစေရ။

ခ။ ပါရာဇိက၊ ဥက္ခိတ္တ ရဟန်းမျိုးလည်း မဖြစ်စေရ။

သဘောတူဝတ္ထုဟူသည်-

နံနက်၌ ဆွမ်း၊ ဘောဇဉ် များအကပ်မခံပဲ အတူတူစားခြင်း၊ ညဦး၌ ဆွမ်း၊ ဘောဇဉ်များ အတူတူခိုးစားခြင်း စသည်များတည်း။

ပါရာဇိကဟူသည်-သာသနာတော်နှင့်လုံးဝဆန့်ကျင်သော ပြစ်မှုကြီးများကို လွန်ကျူးမိထားသူတည်း။ ဥက္ခိတ္တဟူသည်-မိမိ အယူအပြစ်များကို မစွန့်လွှတ်၊ မကုသ၊ မရှုပွားသဖြင့် သံဃာမှ နှင်ထုတ်ထားသော ရဟန်းပျက်သုံးမျိုးတည်း။

**မှတ်ချက်။** ။ ထိုနှစ်မျိုးတို့မှ လွတ်ကင်းသောရဟန်းကို ပကတတ် ရဟန်း( ရဟန်းအတွက် ပင်ကိုယ်သက် မပျက်သေးသူ ) ဟူ၍ မှတ်ရမည်။

www.dhammaransi.com



## ၄။ ရဟန်းမှတစ်ပါး အခြားမရှိစေရ

ဥပုသ်ပြုရမည့် ထိုအချိန်ဝယ်-သိမ်တွင်း၌ လူစသည် အခြားပုဂ္ဂိုလ်များ ရောနှောမနေရချေ။ ၎င်းတို့မှာ-

၁။ လူ
၂။ ဘိက္ခုနီမ
၃။ သာမဏေ
၄။ သာမဏေမ
၅။ သိက္ခမာန်
၆။ သိက္ခာချပြီးသူ
၇။ ပါရာဇိကကျနေသူ
၈။ မိစ္ဆာအယူမစွန့်သူ
၉။ အပြစ်မကုစားသူ
၁၀။ မိမိအပြစ်ကို အပြစ်ဟူ၍မရှုသူ
၁၁။ ပဏ္ဍုက်
၁၂။ ထေရ်ခိုး၊ လိင်ခိုး
၁၃။ တိတ္ထိဘက်ကူးသွားပြီးသူ
၁၄။ အမိသတ်ထားသူ
၁၅။ အဘသတ်ထားသူ
၁၆။ ရဟန္တာသတ်ထားသူ
၁၇။ ဘုရားရှင်အားသွေးထွက်သံယို ပြုကျင့်မှားထားသူ
၁၈။ သံဃာအားသင်းခွဲထားသူ
၁၉။ ဘိက္ခုနီမအားကျူးလွန်ထားသူ
၂၀။ လိင်နှစ်ဦး ပူးတွဲပါနေသူ
၂၁။ တိရိစ္ဆာန်

ပေါင်းနှစ်ဆယ့်တစ် -

မှတ်ချက်။ ။ တိရိစ္ဆာန်ကား အိမ်မြှောင်၊တောက်တဲ့စသည်များကို မဆိုလိုလူ့အသွင်ဖန်ဆင်းနိုင်သော နတ်နဂါး၊ ဂဠုန်စသည်များကိုသာရည်၏။

အထက်ပါ အချက်လေးချက်တို့နှင့်ကိုက်ညီနေလျှင်ဥပုသ်

www.dhammaransi.com



ပြုရန် သင့်တော်ပြီ။ဥပုသ်ပြုနိုင်ကြပြီ။ပတ္တကလ္လကံ ဆိုရပြီ။ ဤကား ဥပုသ်မပြုမီ ရှေ့ပြေးစီမံချက်များ -လပြည့်နှင့်သာမဂ္ဂီများနည်းတူ

## ဥပုသ်ပြုကြစို့

သိမ်တွင်းဝယ်-

က။ ရဟန်းလေးပါးမှစ၍ ထို့ထက်အလွန်ဖြစ်ခဲ့သော်-

က/က။ ဦးစွာဥာတ်ထား။ ဥာတ်ဟူသည် ပြုမည့်ကိစ္စ အသိပေးခြင်းကိုဆို၏။

က/ ခ။ ထို့နောက် နိဒါန်းခန်းမှအစ အစဉ်အတိုင်းရွတ်ဖတ်ပြရမည်။

- သံဃာသို့ ဥပုသ်ပြုရန်အသိပေးထားသောဉာတ်
- သုဏာတုမေ - ဘန္တေသံဃော
- အဇ္ဇုပေါသထော ပန္နရသော ( ဆယ့်ငါးရက်ဖြစ်ခဲ့သော် )
- အဇ္ဇုပေါသထော ပန္နရသော ( ဆယ့်လေးရက်ဖြစ်နေသော် )

ယဒိ သံဃဿ ပတ္တကလ္လံသံဃော ဥပေါသထံ ကရေယျ

ပါတိမောက္ခံ ဥဒ္ဒိသေယျ ---။

ဤကား သံဃဉာတ်။

ခ။ အကယ်တိတိ-

သုံးပါးတည်းဖြစ်နေခဲ့သော်-

ခ/က။ ဉာတ်ထား

ခ/ ခ။ ပါရိသုဒ္ဓိဥပုသ်ပြု။

www.dhammaransi.com



သုံးပါးဥာတ်-
- သုဏာတုမေ ဘန္တေ အာယသမန္တာ
- အဇ္ဇုပေါသထော ပန္နရသော ( စတုဒ္ဒသီ )
- ယဒါယသ္မန္တာ ပတ္တကလ္လံ
- မယံ အညမည် ဥပေါသထံ ကရေယျာမ။
ထို့နောက်-
ဣမံ ပါရိသုဒ္ဓိသီလံ အဓိဋ္ဌာမိ ( ၃ ခေါက် )
မထေရ်ကြီးကစ၍ အစဉ်အတိုင်းဆို။ နာခံသူတို့ကသာဓုခေါ်။
မှတ်ချက်။ ။ နှစ်ပါးတည်းဖြစ်နေက ဉာတ်ထားရန်မလို။
ဂ။ အကယ်တိတိ-

တစ်ပါးတည်းဖြစ်နေခဲ့သော်-

ပြီးခဲ့သောတစ်ဆယ့်ငါးရက်အတွင်းက မိမိအပြစ်များကို ရှုဆင်ခြင်ပြီး၊ ထိုအပြစ်များကို သီတင်းသုံးဖေါ်တစ်ပါးပါးကြွလာက ဝန်ခံစကားပြောကြားမည်။

ဤသို့အာရုံပြု၊ ထို့နောက်စိတ်အတွင်းမှပင်- ဣမံ ပါရိသုဒ္ဓိသီလံ အဓိဋ္ဌာမိ (၃ခေါက်) အာရုံပြု

ဤ၌ကား -ဝိနည်းတော်များ၏ လိုရင်းခေါင်းစီး (မာတိကာ)မျှကို ပြဆိုမည်ဖြစ်၍ပါတိမောက်ပြပုံအတိုင်း ဆက်ရေးမည်။ပါဠိတော် အတိုင်း ရေးခဲ့သော်ဝိနည်းလေ့လာစသုတေသီတို့ နားမရှင်းကြ မည်စိုး၍ စကားပြေဖြင့် သာဆီလျော်သလို ရေးမည်။ဝိနည်း သဘောကို ခြုံငုံကာ အာရုံပြုတတ်ရန်အတွက်တည်း။

www.dhammaransi.com



## ဥပုသ်ပြု၍ အစမျိုးနိဒါန်းစကား–

အရှင်တို့ ဘယ့်နှယ်လဲ ဥပုသ်၏ရှေ့ပြေးကိစ္စများ ပြုစီရင်ပြီးကြပါပြီလော။ ပြုစီရင်ပြီးကြသော်-

မိမိ --- အာပတ်မှစင်ကြယ်ပါကြောင်းကို ဦးစွာပြောကြားကြပါကုန်ဦး။ ယခု ဘုရားတပည့်တော်ရွတ်ဆိုပြမည့် ပါတိမောက်ကို အာပတ် တန်းလန်းကြီးနှင့်နာယူရန်မဖြစ်နိုင်သောကြောင့်ပါတည်း။

အာပတ်တို့မှ ကြီးငယ်အလိုက် အောက်၌ပြပါမည်။

၁။ ပါရာဇိက -ငှင်းအမှုကျူးလွန်မိက ရဟန်းဘဝမှ နှုတ်ထွက်ပေးရသောအာပတ်။

၂။ သံဃာဒိသိသ် -ငှင်းအမှုကျူးလွန်မိက သံဃာဖြင့်သာစ-လယ်-ဆုံး ကုစားရသောအာပတ်။

၃။ ထုလ္လစည်း -ငှင်းအမှုကျူးလွန်မိက ကိလေသာထူပြောလာစေတတ်သော အာပတ်။

၄။ ပါစိတ် - ငှင်းအမှုကျူးလွန်မိကစိတ်ထားအောက်တန်းကျစေသော အာပတ်။

၅။ ဒုက္ကဋ် -ငှင်းအမှုမျိုး သူတော်ကောင်းမှန်က ပြုကျင့်ခဲသော အာပတ်။

၆။ ဒုဗ္ဘာသိ -သံဃာအချင်းချင်း စကားဆိုးဖြင့် ပြောလေ့ရှိသောအာပတ်။

၇။ ပါဋိဒေသနီ -သူတော်ကောင်းပီသစွာမိမိအပြစ်ဖေါ်ပြဝန်ခံရသောအာပတ်။

www.dhammaransi.com



မှတ်ချက်။ ။ အမှတ်(၃၊ ၅၊ ၆) များ သီးခြားသိက္ခာပုဒ်မရှိ။ ပါရာဇိကစသည်အပြစ်ကြီးများ မကျူးလွန်မီရှေ့ပြေးအပြစ်ကလေးများသာ။

အမှတ် (၃ မှ ၇)ထိ ငါးမျိုးတို့ကား ဒေသနာကြားရုံမျှဖြင့်ပြီးစီး၏။

အမှတ် ၁ ပါရာဇိကကား လူ၊ သာမဏေ တစ်ခုခုပြောင်းမှ ရတော့သည်။ မည်သည့်ကုစားနည်းမျှသီးခြားမရှိ။

အမှတ် ၂ သံဃာဒိသိသ်ကား ကုစားမှပျောက်မည်။

အရှင်တို့-

ယခုရွတ်ဆိုပြမည့် ပါတိမောက်သံကို အားလုံး ထေရ၊ နဝ၊ မဇ္ဈိမ ရဟန်းတော်များ နားစိုက်တော်မူကြပါကုန်၊ နှလုံးသွင်းတော်မူကြပါကုန်။ ဤ၌-

က။ နဝရဟန်းဟူသည် သိမ်ထွက်စမှ ငါးဝါထိ ရဟန်းသစ်များ။

ခ။ မဇ္ဈိမ ဟူသည် ငါးဝါမှ ဆယ်ဝါအတွင်း ရဟန်းလတ်များ။

ဂ။ ထေရ ဟူသည် ဆယ်ဝါလွန်ရဟန်းများ။

မှတ်ချက်။ ။ဝါတော်နှစ်ဆယ်ကျော်က မဟာထေရ (မဟာထေရ်ကြီး)ဆိုရ၏။

ဤသို့သုံးမျိုး အတန်းအစားခွဲရာ၌- သုံးဝါ၊ ခုနှစ်ဝါ၊ ဆယ်ဝါ --- ၄င်းအထက်ဟူ၍လည်း ခွဲဝေဖြစ်သေး၏။

www.dhammaransi.com



အရှင်တို့-

က* အကြင်ရဟန်းအား အာပတ် ၇ ပါး တစ်ပါးပါးသင့်နေပါအံ့၊

ထိုရဟန်းသည် မိမိအပြစ်ကို အတိအလင်းဝန်ခံရမည်။

ခ* အာပတ်မသင့်သောရဟန်းများက ဆိတ်ဆိတ်ပင်နေကြရမည်။

ဆိတ်ဆိတ်နေသော် စင်ကြယ်သူအဖြစ် သတ်မှတ်ရပါလိမ့်မည်။

တပည့်တော်ကသုံးကြိမ်တိတိ-

“ အပြစ်စင်ကြယ်ကြရဲ့လား ” ဟူ၍မေးသောအခါတိုင်းပင်

ထိုအမေးစကားသည် သင့်ကိုပင် တည့်တည့်စိုက်

သံဃာတစ်ပါးချင်း၊ တစ်ပါးချင်းမေးနေပုံမျိုးကဲ့သို့ သဘောထားတော်မူကြပါ။ တစ်ပါးချင်းလိုက်မေးမိမိပါက ဂုဏ်သိက္ခာရှိရဟန်းတော်များအား ရိုင်းစိုင်းစွာဆက်ဆံရာကျမည်စိုး၍ပါတည်း။

အကြင်ရဟန်းသည်-

ထိုသို့သုံးကြိမ်မေးနေစဉ်အတွင်းအမှာပင် မိမိပြုခဲ့မိများသောအပြစ်ကျအာပတ်များကို သုံးသပ်ဆင်ခြင်ပါလေ။

ထိုသို့သုံးသပ်ရာမှ အပြစ်ပေါ်လာခဲ့သော် ချက်ချင်းဝန်ခံကြရပါမည်။ အကယ်တိ ထိုပေါ်လာသောအပြစ်ကို ထုတ်ဖော်မပြောပဲ မြုံထားမိပါချေအံ့၊

ထိုရဟန်း အမှုထိမ်ချန်မှုအဖြစ် ဒုက္ကဋ်အာပတ်သင့်ပါဦးတော့မည်။ ဒဏ်တိုးအာပတ်ဟု ဆိုလိုပါသည်။

ထိုမြုံမှုအပြစ်ကလေးကပင်-

www.dhammaransi.com



**တစ်မြုံ့မြုံ့**တွေးမိတိုင်းတစ်နုံ့နုံ့ ခံစားနေရတတ်သောကြောင့်စျာန်၊ မဂ်၊ ဖိုလ်များနှင့် နတ်ရွာ နိဗ္ဗာန်တို့မှ လွဲချော်နိုင်ပါသည်။မူလက သင့်ထားသော အာပတ်များဆိုပါက ဆိုဘွယ်ရာပင် မရှိတော့ပါ။

ကဲ - တပည့်တော်သုံးကြိမ်တိတိမေးပါတော့မည်။

၁။ ဘယ့်နှယ်လဲအရှင်တို့ ဤနိဒါန်းခန်း၌ အာပတ်များမှ စင်ကြယ်ကြပါရဲ့လား။

၂။ ဘယ့်နှယ်လဲအရှင်တို့ အာပတ်များမှ စင်ကြယ်ကြပါရဲ့လား။

၃။ ဘယ့်နှယ်လဲအရှင်တို့ အာပတ်များမှ စင်ကြယ်ကြပါရဲ့လား။

အရှင်တို့ - တပည့်တော်သုံးကြိမ်တိတိ မေးပြီးပါပြီ။

အရှင်တို့အားလုံး ဆိတ်ဆိတ်နေကြပုံများကိုထောက်၍ အာပတ်မှ စင်ကြယ်သူများအဖြစ် မှတ်ယူလိုက်ပါပြီဘုရား ---

ဤကား နိဒါန်း၏လိုရင်းစကားတည်း။

## ၂။ ပါရာဇိကအခန်း

အကြွင်ရဟန်းသည်-

က။ ရဟန်းတို့ကျင့်ရသည့် ကျင့်ဝတ်သိက္ခာများကိုလည်း **ဝန်ချမထားဘဲ၊**

ခ။ **မိမိကျင့်လိုစိတ်** အားနည်းနေသည်ကိုလည်း ထုတ်ဖော်မပြော**ကြားဘဲ၊** မာတုဂါမနှင့်အတူ မေထုန်အမှုပြုကျင့်အံ့၊ယုတ်စွာ **အဆုံး** တိရိစ္ဆာန်မနှင့်ပင် မေထုန်အမှုပြုအံ့၊

**ထိုရဟန်း-** သည်တစ်သက် ရဟန်းဘဝဖြင့် နေခွင့်မရစေရ --

www.dhammaransi.com



* က။ သိက္ခာချခြင်း-

၁။ ငါသည် ဘုရားစကားနားမထောင်**နိုင်တော့**၍ ဘုရားကို စွန့်လိုက်ပြီ။

၂။ ဘုရား၏ တရားဆက်လက် မကျင့်ပွ**ားနိုင်**တော့၍ တရားကို လည်းစွန့်လိုက်ပြီ။

၃။ သံဃာများနှင့် အယှဉ်ဝါဒရော အကျင့်ပါမတူတော့ပါ၍သံဃာကိုလည်းစွန့်လိုက်ပြီ။

**မှတ်ချက်။** ။ စွန့်ပြီ၊ စွန့်ပါ၏ ဤနှစ်ခွန်းသာပြောခွင့်ရှိ၏။စွန့်တော့မည်၊ စွန့်ခဲ့ပြီတို့ဖြင့်ပြောမိက သိက္ခာချရာမရောက်။

ထို့နောက်-

၄။ ငါ့အား ယနေ့မှစ၍ သာမဏေဟူ၍သာ မှတ်ပါတော့ဟူ၍ နှုတ်ဖွင့်ပြီးသော် ဆယ်ပါး**သီလခံ။** ထို့နောက် သာမဏေ ထုံးစံအတိုင်းနေလေ၊ တစ်ပက္ခ (ဆယ်ငါးရက်)ပြည့်သွားသော်-

၅။ လူဝတ်လဲလိုက လဲနိုင်ပြီ။ ငါးပါးသီလခံ အိမ်ပြန်တော့။

**မှတ်ချက်။** ။ သာသနာဘောင် ပျော်သေး၍သာမဏေဘဝဖြင့်ပင်နေလိုသေးကအသက်ထက်ဆုံး သာမဏေဝတ်ဖြင့်ပင်နေလိုက ဆက်လက်နေနိုင်သည်။

www.dhammaransi.com



## သိက္ခာချရာ၌ ဤအချက်များသတိပြု

၁။ စိတ် - မိမိကိုယ်တိုင် **စိတ်ပါမှသာကျ**သည်၊ စိတ်မပါမကျ။
၂။ ခေတ် - ဆိုခဲ့ပြီး ဗုဒ္ဓံပစ္စက္ခာမိ **စ**သည့် စကားများဖြင့်ချမှသာ ကျသည်။
အခြားစကားဖြင့်မကျ။ ခေတ်ပိုဒ် ၂၀ ဆိုင်ရာရှာရှု။
၃။ ကာလ- ပစ္စုပ္ပန်တည့်တည့်ဖြင့်အချိန်ကိုက်စကားဖြစ်မှကျသည်။ အတိတ်ညွှန်း၊ အနာဂါတ်ညွှန်းစကားဖြစ်နေကမကျ။
၄။ ပယောဂ - မိမိကိုယ်တိုင် ဝစီနှုတ်ဖွင့်ဖြစ်မှကျသည်။ စာဖြင့်ရေးပြခြင်း၊ လက်ဟန်ခြေဟန် ပြခြင်းများဖြင့်မကျ။
၅။ ပုဂ္ဂလ - သက်ရှိလူသားရှေ့ဆိုပြမှကျသည်။ သစ်ငုတ်တို၊ နွား၊ ကျွဲစသည်များသွားပြောနေက မကျ။
၆။ ဝိဇာနန် - လူသားကလည်း မိမိပြောစကားနားလည်မှကျသည်။ ကလေးထံ၊ အဆွံ့၊ အ-အ၊ စကားကွဲပြားလူမျိုးခြား၊ အရူးစသည် များထံ သွားပြောနေကမကျ။

ဤခြောက်ချက်တို့ကား -
သိက္ခာချရာ၌စုံလင်ရမည့် အင်္ဂါရပ်များတည်း။
ခ။ မိမိကျင့်လိုစိတ်မရှိတော့ပါပြီကို ထုတ်ဖော်ပြောကြားခြင်း- ၄င်း၌နှစ်မျိုးကွဲပြား၏။
၁။ သိက္ခာကျစေသော ပြောကြားမှုက တစ်မျိုး။
၂။ သိက္ခာမကျသောပြောကြားမှုက တစ်မျိုး။

www.dhammaransi.com



ထိုတွင်-

သာသနာတော်မပျော်ပိုက်တော့သောစိတ်ဖြင့်-လူထွက်ကောင်းမယ်၊ ဖိုးသူတော်လုပ်ကောင်းမယ် စသည့်စကားများသည် မိမိကျင့်လိုစိတ်အားမရှိတော့ပါပြီကိုထုတ်ဖော်ဝန်ခံ ခြင်း ကားဖြစ်နေ၏။ သို့သော် သိက္ခာမကျသေး။

အထက်ကဆိုခဲ့ပြီး သိက္ခာချနည်းအတိုင်းပြောလျှင်ကား မိမိကျင့်လိုအားမရှိသည်ကိုလည်း ပြောကြားပြီးဖြစ်၊ သိက္ခာလည်းချပြီးဖြစ်သော ပြောကြားမှုတည်း။

ဤသိက္ခာပုဒ်၌ သိက္ခာကျစေသောပြောနည်းကိုသာယူရမည်။

**မှတ်ချက်**။ ။ သိက္ခာချခြင်းနှင့် မိမိကျင့်လိုစိတ်မရှိတော့သည်ကို ထုတ်ဖော်ဝန်ခံခြင်းနှစ်မျိုးသည် အတူတူပင်။

ထိုနှစ်မျိုးစလုံး သိက္ခာပုဒ်တိုင်း၌ ပါရမည်။

သိက္ခာမချပဲ၊ ကျင့်အားနည်းနေသည်ကိုဝန်မခံပဲ၊ သံဃာဒိသိသ်ပြစ်၊ ပါစိတ်ပြစ် စသည်မကျူးလွန်ရကြောင်းကို ထိုနှစ်မျိုးစလုံးတို့က သတိပေးနေသည်ဟု မှတ်ရမည်။

မေထုန်ဟူသည်-

အချင်းချင်းသဘောတူမှ ကျင့်ဖြစ်သောအမှုကိုဆို၏။

မေထုန်ကျင့်ရာဌာနများ-

၁။ မုခမဂ္ဂ။ ။ အစာသစ်သွင်းရာ ပါးစပ်ပေါက်။

၂။ ဝစ္စမဂ္ဂ။ ။ အစာဟောင်းထုတ်ရာ ကျင်ကြီးသွားရာလမ်း။

၃။ ပဿာဝမဂ္ဂ။ ။ အရည်ဟောင်းထုတ်ရာ ကျင်ငယ်သွားလမ်း။

www.dhammaransi.com



**မှတ်ချက်။** ။ ယောက်ျားချင်း၌ အမှတ်(၁) နှင့် (၂) မျှသာ။ထို လမ်းကြောင်းသုံးမျိုး တစ်မျိုးမျိုးထဲသို့ မိမိ၏အင်္ဂါဇာတ်ကိုနှမ်းလုံး တစ်ထောက်စာမျှ (သုတ်စွတ်စိုရာဌာနတွင်းသို့ )သွင်းထားမိလျှင် ပါရာဇိကရဟန်းအဖြစ်ဖြင့် မနေစေရ။

တိရိစ္ဆာန်အမများ၌-

၁။ ခြေမရှိသောသတ္တဝါတို့တွင် မြွေနှင့်ငါး။

၂။ ခြေနှစ်ချောင်းရှိသောသတ္တဝါတို့တွင် ကြက်မ။

၃။ ခြေလေးချောင်းရှိသောသတ္တဝါတို့တွင် ကြောင်မ။

၄င်းတိရိစ္ဆာန်များထိယူ။

သည့်ထက်ကြီးသော တိရိစ္ဆာန်ဆိုက ဆိုဘွယ်ရာမရှိ။

ပါရာဇိကဟူသည်-

သာသနာတော်မှဆုံးရှုံးခြင်းကိုဆို၏။

ရဟန်းတို့၏ပန်းတိုင်ကား တဏှာမရှိရာ နိဗ္ဗာန်၊

လူတို့ပန်းတိုင်ကား တဏှာအပြည့်ရှိသော မေထုန်မှု၊

ထိုမေထုန်သည်တို့ ကိုပြုကျင့်ခြင်းသည် တိုက်ပွဲကျစစ်သားပမာကို လေသာစစ်၌ရှုံးနိမ့်သွားတော့၍ ရဟန်းဘဝမှဆုတ်ခွာပေးရသည်။

ဤကား ပဌမပါရာဇိကမှတ်စု။

၂။ အကြင်ရဟန်းသည်-

မြို့ရွာအတွင်းမှဖြစ်စေ၊ မြို့ပြင်၊ ရွာပြင်တို့မှဖြစ်စေ၊ ပိုင်ရှင်ကကိုယ်ဖြင့်၊ နှုတ်ဖြင့် မပေးသောသူတစ်ပါးပစ္စည်းကို ခိုးလိုစိတ်ဖြင့်ရယူအံ့-

www.dhammaransi.com



ထိုရဟာန်းလည်းသည်တစ်သက် ရဟာန်းအဖြစ်ဖြင့်နေခွင့်မရ---

*ဤ၌ ဂါမအရ တစ်အိမ်တည်းသာရှိသောယာတဲ လယ်**တဲပင်** ဖြစ်ပါစေ လေးလနေပြီးကတစ်အိမ်ရွာပင်။

**ထိုရွာ**၏စည်းရိုးမှနေ ခဲ-တစ်ကျအရပ်သည် ရွာဥပစာ။ ထိုမှနော**က်ရှိ**သော ခဲ-နှစ်ကျမှနေအားလုံးသည် တောဆိုရ၏။

အဒိန္န**အရ-**

ပိုင်ရှင်**က ကိုယ်**ဖြင့်နှုတ်ဖြင့်မပေးပဲ မိမိဖာသာခိုးလိုစိတ်ဖြင့်ကိုင်မိလျှင် **နေရာ**ရွေ့သည်နှင့်ခိုးမှုမြောက်ပြီ။

**၁။ တစ်**မတ် - တစ်မတ်တန်ပစ္စည်းမှအထက် ပါရာဇိက။

**၂။ တစ်**ပဲ - တစ်ပဲတန်ပစ္စည်းမှအထက် ထုလ္လစည်း။

၃။ တစ်ပဲအောက် - ငွေပစ္စည်းများဒုက္ကဋ်။

မှတ်ချက်။ ။ စာထဲ၌ ဘုရားလက်ထက်သုံးများကိုဖွင့်၏။ ရာဇာ ပဓာနံဆိုထားသဖြင့် ယခုခေတ်သုံးတွင်တစ်မတ်အစားနှစ်ဆယ့်ငါးပြား၊ တစ်ပဲ**အစား ငါးပြား**လည်းအတူတူပင်။

ထေယျသ**ခါတ် - ခိုးလိုစိတ်ရှိမှဆို**ထားသဖြင့်-

က။ **ခေတ္တ**ယူမည်၊ ပြီးပြန်**ထားမည်၊** ပြန်ပေးမည်ဆိုသော **စိတ်**ထားရှိနေက ပါရာ**ဇိကမကျ**သေး။

ခ။ မိမိနှင့်ရင်းနှီးသူဖြစ်နေ၍ **မ**ပြောမဆိုပဲယူပါကလည်း ပါရာဇိကမကျသေး။

ဤကား ဒုတိယ ပါရာဇိကမှတ်စု။

www.dhammaransi.com



၃။ **အကြင်ရဟန်းသည်-**
သေစေလိုသောစေတနာနှင့်တကွ လူ၏ကိုယ်ကို အသက်မှခွင်းဖြိုအံ့ (ဝါ) သတ်ဖြတ်အံ့ ထိုရဟန်းလည်း သည်တစ်သက် သာသနာတော်ဝယ် ရဟန်းအဖြစ်ဖြင့်နေခွင့်မရ။

*သေစေလိုသောစေတနာအရ-လူမှန်လည်းသိ၊ သေစေလိုစိတ်လည်းရှိနေသည်ကို ဆို၏။အကယ်တိတိ လူမှန်းကားသိ၏။

က။ တစ်ဖက်က မိမိအသက်ရန်ရှာရန် တိုးဝင်လာသည်ကိုကြောက်ခံ ခံလျက်က ထိုတစ်ဖက်သားသေသွားသော်စေတနာမပါခဲ့၊ ပါရာဇိကသို့မသက်။

ခ။ တစ်ဖန် မိမိ၏တပည့်ကို ဆုံးမည်စိတ်ထားဖြင့် ရိုက်နှက်ရာမှ မတော်တဆ ထိုတပည့်သေသွားသော် သေစေလိုစိတ်မပါ၍ ပါရာဇိကသို့မသက်။

သို့သော် ရဟန်း၏သိက္ခာအကျင့်ကျင့်လိုမှု စေတနာသည် ဝီရတီစေတနာ(ရှောင်လိုမှုစေတနာ)သာဖြစ်ရာသူ့မာန၊ ကိုယ့်မာန၊ သူ့ဒေါသ၊ ကိုယ့်ဒေါသများမှ ရှောင်ခြင်း**သည်သာ** အဓိသီလအရာ ဝင်သောကြောင့် ရှောင်ဖို့သာကြိုး**စားလေ။** မတော်တဆပင်မထား လေနှင့်။

လူ၏ကိုယ်အရ-
တကယ့်လူသားစင်စစ်ကိုဆို၏။ လူယောင်ဖန်ဆင်းထားသော နတ်၊ ဥစ္စာစောင့်၊ ဘီလူး၊ နဂါး၊ စသည်များကိုမဆိုလို။

www.dhammaransi.com



**မှတ်ချက်။** ။ ၁။ လူယောင်ဖန်ဆင်းထားသောနတ်၊ ဥစ္စာစောင့်၊ ဘီလူးများကိုသတ်မိက ထုလ္လစ္စည်း။

၂။ နဂါး၊ ဂဠုန်စသည် (လူအယောင်ဆောင်)တိရိစ္ဆာန်များကိုသတ်မိပါက ပါစိတ်။

၃။ လူသားစင်စစ်ဖြစ်နေခဲ့လျှင်ကား ထင်ရှားလာမှမဟုတ်၊ဝမ်းတွင်းနေသန္ဓေသားကိုလျှင် ကိုယ်ဝန်ဖျက်ချပေးခြင်း၊ ကိုယ်ဝန်ပျက်ကျဆေးပေးခြင်းအမှုပြုပါက ပါရာဇိကမှမလွတ်။

သတ်နည်းလေးမျိုး-

၁။ လူသားကိုသတ်လိုစိတ်ဖြင့် ကိုယ်တိုင် **သို့မဟုတ်** စေခိုင်းက ပါရာဇိက။

၂။ ကိုယ်တိုင်လည်းမသတ်၊ ပါးစပ်ဖြင့်လည်း **မစေခိုင်း၊** သို့သော် သေချင်သူ၏အနီးအပါးသို့ သေစေတတ်သောလက်နက်ချပေးထား၍ ထိုလက်နက်ဖြင့်ပင်သေသော် ပါရာဇိက။

၃။ သေစေတတ်သောလက်နက်ကိုကား ရှာဖွေချထား ပေးမထား သို့သော်သေခြင်းတရား၏အလားလာကောင်းပုံ ဟောပြောပေးရာမှ ထိုသူသေသွားသော် ပါရာဇိက။

၄။ သေပေါက်သေလမ်း ချီးမွမ်းခန်းကားထုတ်မပေး သို့သော်သေပုံသေနည်း နိသျှည်းပေးမိရာမှ ထိုသူသေသွားခဲ့လျှင်လည်း ပါရာဇိကပင်။

ဤကား တတိယပါရာဇိက မှတ်စု။

www.dhammaransi.com



၄။ အကြောင်ရဟန်းသည်-

မိမိ၏စျာန်၊ မဂ်ဖိုလ်တရားများ အထင်အရှားမရှိပါပဲလျက်က-

- ကိလေသာကိုဖျက်ဆီးနိုင်စွမ်းလည်းရှိ၊
- လူတို့၏ ကမ္မပထတရားများထက်လည်း လွန်ကဲခြင်းရှိသောစျာန်၊မဂ်၊ ဖိုလ်တရားများကို မိမိ၌ရှိလေသယောင် ပြောကြားပြားအံ့-ထိုရဟန်းလည်း သည်တစ်သက် သာသနာတော်ဝယ် ရဟန်းအဖြစ်ဖြင့်နေခွင့်မရ။

* ဤ၌ပြောခြင်းဟူသည်

မိမိပြောစကားများကို နားလည်နိုင်သောလူများသို့ မိမိအား အထင်ကြီးခြင်း၊ မြတ်နိုးခြင်းဖြစ်လာရန် ဆွဲဆောင်ခြင်းဖြစ်ရာ-

က-နှုတ်ဖွင့်ပြောလည်း ပါရာဇိက။

ခ-ခြေဟန်၊ လက်ဟန်ပြပြောလည်း ပါရာဇိက။

ဂ-စာဖြင့်ရေးသားကာပြောလည်း ပါရာဇိကပင်။

**မှတ်ချက်။** ။ နားမလည်သူ၊ ကလေးနှင့်နတ် စသူများသွားပြီး ပြောကြားကပါရာဇိကမကျ။မိမိသည်တကယ်လည်း အားထုတ်နေ၏။ သမာဓိအရှိန်တက်နေသဖြင့် ထိုသမာဓိကိုလျှင်စျာန်အရာ မဂ်အရာထင်မှတ်ကာ ဖွင့်ပြောမိ၏။ ပါရာဇိကမကျ။

www.dhammaransi.com



**ဤအာပတ်ကုစားနည်းမှာ**

မိမိ၏လိမ်လည်မှုကို ဝန်မခံဘဲ၊ ရဟန်းအသွင်ဖြင့်နေလေသမျှ

နောင်ချာန်၊ မဂ်၊ ဖိုလ်မှဆိုထားဘိ သုဂတိဘဝလောက်မျှ မရနိုင်တော့ရကား-

၎င်းမှစင်ကြယ်လိုသော် အသွင်ပြောင်း - မပြောင်းမီသံဃာထံဖွင့်ပြောခဲ့ရဦးမည်။ ထို့နောက်မှလူ၊ သာမဏေသို့ အသွင်ပြောင်း။

ဤကား စတုတ္ထပါရာဇိကမှတ်စု။

အရှင်တို့ တပည့်တော်သည် ပါရာဇိကအခန်းကို ရွက်ဆိုပြခဲ့ပြီးပါပြီ။ ဤအခန်း၌လည်း အရှင်တို့ကို သုံးကြိမ်တိတိမေးပါမည်။

" ဘယ့်နှယ်လဲအရှင်တို့ ဤပါရာဇိကအာပတ်များမှလည်း စင်ကြယ်ကြပါရဲ့လား " . . . . (၃) ကြိမ်

သုံးကြိမ်တိတိမေးသော်မှလည်း ၊

မပြွက်သံခွေဆိတ်ဆိတ်နေပုံကိုထောက်၍

အရှင်တို့ကို တပည့်တော်သည် -

ဤပါရာဇိကအာပတ်များမှ စင်ကြယ်သူများဖြစ်ကြောင်းလည်း အသိအမှတ်ပြုလိုက်ပါပြီဘုရား ။

ဤကားပါရာဇိကခေါင်းစီး လေ့လာနည်းတည်း။

www.dhammaransi.com



## ၃ ။ သံဃာဒိသိသ်အခန်း

၁ ။ အကြင်ရဟန်းသည် လွတ်စေလိုသောစေတနာဖြင့် ကိုယ်တွင်းရှိသုတ် ထုတ်၍လွှတ်အံ့။

ထိုရဟန်း -

သံဃာလျှင်အစ၊ သံဃာ့အလယ်၊ သံဃာဝယ်အဆုံးရှိသောဒဏ်သားဝတ် ဆောက်တည်ခြင်း၊ ဒဏ်တိုးအကျင့်ဆင့်ရခြင်း၊ရဟန်းကောင်းအဖြစ်အသစ်တဖန် သံဃာထံစာရင်းသွင်းခံယူရခြင်း အမှုအပြုခံရမည်။

ဤ၌လွတ်စေလိုသော စေတနာဟူသည် -

- ကိုယ်တွင်းကာယသွေးသားတို့ ဆူဖြိုးထကြွလာသောကြောင့်ဖြစ်စေ၊ ဝိသဘာဂအာရုံ တစ်ဖက်၏ပုံကို ခံုမင်တပ်မက် စိတ်ကြောင့် ဖြစ်စေ ၊ ရသေ့စိတ်ဖြေတစ်ဦးတည်း ပွေလိုခြင်းကိုဆို၏။

ထိုလွှတ်လိုစိတ်ဖြင့်-

မိမိအင်္ဂါဇာတ်ကို လက်စသည်တို့ဖြင့် လှုံ့လစိုက်မိသော်-

ပြင်ပသို့ထွက်ကျလာမှုမဟုတ် ၊ သူ့တည်နေရာမှ ရွေ့လျောသွားလျှင်ပင် ဤသိက္ခာပုဒ်အရ အပြစ်မလွတ်။

**မှတ်ချက်။** ။ အိပ်မက်ထဲ၌လွတ်စေခြင်းများကားထိုစိတ်သည် ဘဝင်စိတ်သာသာမျှသာဖြစ်၍ ထိန်းနိုင်စွမ်းမရှိသောကြောင့် ဤသိက္ခာပုဒ်မှချွင်းချက်ပေးထားရ၏။

အာပတ်ကုစားနည်းမှာ -

ယမန်နေ့ကသုတ်လွှတ်ထားသောရဟန်းသည်-

ယနေ့နံနက်အရုဏ်တက်သည်နှင့်တစ်ရက် ၊ နောက်-

www.dhammaransi.com



နောက်ရက်များလည်း အရုဏ်တက်တိုင်း ၊ တက်တိုင်းတစ်ရက် တစ်ရက်တိုးလေတော့၏။ ၎င်းကိုသတိရသောအခါ သံဃာ့ထံဝန်ခံ လျှက်က အပြစ်ပေးပါရန်တောင်းခံရမည်။ သံဃာကလည်းခွင့် ပြုရမည်။

က။ သံဃာ့ထံမှထိုသို့ဒဏ်သားအမှု ဝတ်အောက်တည်ခွင့်ပေး ပြီးသော် ထိုမိမိဖုံးဖိခဲ့သော ရက်အရေအတွက်နှင့်အမျှ ရဟန်း ကောင်းတို့မှအပ ကြဉ်ထားသော နေရာသို့သွားရောက်တာ တစ်ပါး တည်းနေရမည်။

ဤကား သံဃာဖြင့်အစပြုရသော ဒဏ်သားခြင်း။

ဖုံးကွယ်ရက်ဆုံးသော် -

ခ။ သံဃာများမြတ်နိုးနှစ်သက်လာစေရန်ကို ရည်၍ မာနတ် အဖြစ် ခြောက်ညဉ့်မျှဒဏ်တိုးဖြည့်ကျင့်ခွင့်တောင်းခံရ ဦးမည်။ သံဃာမှခွင့်ပြုပြီးသော်-

ခြောက်ညဉ့် (ခြောက်ရက်၏အရုဏ်တက် ခြောက်ခုမြောက်) အထိ ရဟန်းကောင်းများ၏ မျက်စိကွယ်ရာ ၊ နားကွယ်ရာအရပ်သို့ တစ် ပါးတည်းချဉ်းကပ်နေရမည်။

ဤကား သံဃာလျှင်အလယ်ရှိသော ဒဏ်တိုးဆောင်ခြင်း။

ဂ။ ထိုခြောက်ညဉ့်ကျင့်ပြီးသော်-

အနည်းဆုံးသံဃာအရေအတွက် နှစ်ဆယ်တင်းတင်းစေ့ ရှေ့ မှောက်ဝယ် -

မိမိအားရဟန်းကောင်းအဖြစ် အသစ်တစ်ဖန်အသိအမှတ် ပြုကြ ပါရန်တောင်းပန်ရမည်။

ထိုအခါသံဃာတော်တို့က ဉတ်ကမ္မဝါတို့ဖြင့် ရွက်ဖတ်ကာ

www.dhammaransi.com



အဋ္ဌာန်သွင်းပေးရသည်။ ရဟန်းကောင်းစာရင်း တဖန်ပြန်သွင်းခြင်းတည်း။
ဤကားသံဃာဖြင့်ပင်အဆုံးသတ်စေရခြင်း။
**မှတ်ချက်** ။ ။ ယနေ့လွန်ကျူး အရုဏ်မကူးခင် ဒေသနာကြားဝန်ခံထားက ဝတ်ဆောက်တည်ရန်မလို မာနတ် အဗ္ဘာန်မျှသာလိုသည်။ ရဟန်းအဖြစ်ခံယူရာ၌ သံဃာငါးပါး၊ ဆယ်ပါး ဖြင့်ပင် ရဟန်းအရာဝင်သော်လည်း ဤ၌ကားနှစ်ဆယ်တိတိမပြည့်က အရာမဝင်သည်ကိုသတိပြု။

ဤကား သံဃာဒိသေသဟူသော သံဃာဒိသိသ်အာပတ်ကုစားရာ၌ သိထားရမည့်အချက်များပင်တည်း။

ဤကား သုတ္တဝိသင်္ဂ သိက္ခာပုဒ်၏မှတ်စု။

၂။ အကြင်ရဟန်းသည်-

ရာဂပိုးထိုးကျင့်နေရကား ဖောက်ပြန်သောစိတ်ထားဖြင့် မာတုဂါမနှင့်ကိုယ်-ကိုယ်ချင်းယှက် နွှဲဖက်အံ့-

ထိုရဟန်းလည်း သံဃာဒိသိသ်ဒဏ်သားခဏ်း တန်းသာသွားပေရော့။

ကိုယ်လက်နှီးနှောမှုဟူသည်-

တစ်ဦးနှင့်တစ်ဦး ကလူကျီစယ်သောအားဖြင့် တို့ထိခြင်း၊ ပွတ်သပ်ခြင်း ၊ ဖက်ရမ်းနမ်းရှုံ့ခြင်း စသည့်လူတို့ပြုကျင့်နေကျ ကိုယ်ထိလက်ရောက် ရာဂနှိုးဆွမှုအားလုံးကိုပင်ဆို၏။

www.dhammaransi.com



နှီးနှောသည့်နေရာသုံးခု-

၁။ တတောင်ဆစ်မှလက်ဖျားအထိ အရပ်ဌာနသည်-လက်။

၂။ ဆံပင်၊ဆံထုံးအားလုံး၏ သူ့တည်နေရာဌာနသည်-ဆံ။

၃။ ကြွင်းတစ်ကိုယ်လုံး၏သူ့နေရာဌာနသည်-ကိုယ်။

ထိုသုံးနေရာ မည်သည့်နေရာကိုင်-ကိုင် တစ်ခါကိုင် တစ်ပြစ်ကျမည်တည်း။

ဆံနှင့်အသားထိမိမှမဟုတ် ဆံပင်နှင့်ရောထားသောပန်း၊ ရွှေ၊ ငွေကိုသော်လည်း ကိုင်တွယ်သုံးသပ်နေမိလျှင်ပင် အပြစ်မလွတ်တော့။

**သိမ်ထွက်ရဟန်းသစ်များအားဖျက်ဆီးခြင်းနှစ်မျိုး**

သိမ်မှထွက်ခါစရဟန်းသည် အပြစ်အားလုံးတို့မှ စင်ကြယ်ဆဲပင်ရှိရာ ရဟန္တာ၏ ကိုယ်ကာယပမာ တူလှစွာ၏။

ထိုစဉ်-

က။ တောနေတို့ကား သိမ်ဝမှကြို၍ ဆံပင်ကိုဖြန့်ခင်းနင်းစေ၏။

ခ။ မြို့နေတို့ကား သိမ်ဝမှပင်ကြို၍ ငွေကိုအလှူခံစေ၏။

-ထိုဓလေ့ထုံးတမ်းနှစ်မျိုးတို့တွင်

က/ ဆံပင်ဖြန့်ခင်း နင်းစေခြင်းကား ဤကာယသံသဂ္ဂ သိက္ခာပုဒ်အရ သံဃာဒိသိသ် အပြစ်ငြိစွန်းသွားစေပြီ။

ခ/ ငွေလက်ခံစေမှုကား လာမည့်ဇာတရူပရဇတ သိက္ခာပုဒ်အရ နိသဂ္ဂိပါစိတ် အာပတ်အသင့်ခံလိုက်ရရှာပြီ။

ထိုဓလေ့နှစ်မျိုးစလုံးပင်-

သိက္ခာတင်ရဟန်းသစ်၏ ဖြူစင်သောစိတ်ကို မဲညစ်

www.dhammaransi.com



စေသော အမှုအကျင့်နှစ်မျိုးချည်း ဖြစ်နေကြ၍ဆင်ခြင်သင့်ကြ၏။

## မွေးကင်းစမှမာတုဂါမ

မာတုဂါမအရ-
မွေးဖွားကာစမိန်းကလေးမှသည် အသက်ရှင်ဆဲအားလုံးကိုပင် ယူရမည်။ မိန်းကလေးမှန်လျှင် **အကုန်**ပါသည်။
**မှတ်ချက်** ။ ။ မာတုဂါမ**၏အ**လောင်းကောင်ကိုကိုင်ရာ၌ က။ အလောင်းကောင်မပျက်ယွင်းသေးကထုလ္လစည်း။
ခ ။ အလောင်းကောင် ရုပ်မပီသအောင် ပျက်စီးနေက ဒုက္ကဋ်သင့်မည်။ မာတုဂါမဝတ်**ရန်**ထားသော အဝတ်အထည် စသည်များကိုကိုင်မိကလည်း ဒုက္ကဋ်ပင်။

သံဃာဒိသိသ် ဝတ်ဆောက်တည်ပုံကား အထက်က အတိုင်းချည်းလား။

ဤကား ကာယသံသဂ္ဂ သိက္ခာပုဒ်မှတ်စု။
ဂ ။ အကြင်ရဟန်းသည်-

ရာဂပိုးထိုးကျင့်နေရကား မာတုဂါမသို့ ရည်းစားစကား ပြောကြားအံ့ ထိုရဟန်းလည်း သံဃာဒိသိသ် ဒဏ်သားခဏ်းတန်း ကြွပေရော့။

ဒုဋ္ဌုလ္လဝါစာ၏ ရုန့်ရင်းစကားဟူသည်-
လူတို့၏သမီးရည်းစားစကား ပြောကြားနည်းပင်ဖြစ်ရာ-
က/ တင်သားအလှ အမွှန်းတင်သဘာဝဖြင့် စသော်လည်းကောင်း၊
ခ/အင်္ဂါအနေအထားတာစားနေပုံများဖြင့်မျှားသော်လည်းကောင်း၊

www.dhammaransi.com



ဂ/ကိုယ်အချိုးအစားလှပပြေပြစ်ပုံများဖြင့်ဖားသော်လည်းကောင်း၊

အခြား (ကာလသားတို့ပြောနေကျ) မြှောက်ပင့်စကား၊ ရိသဲ့သဲ့စကား ၊ အတို့အဆွစကား ၊ ရာဂသုံးအားလုံးကိုပင်ယူရမည်။ အတိုချုပ်မှာ မိမိအပြောပိုင်သဖြင့် တစ်ဖက်စိတ်မေထုန်မှုသို့ ယိုင်လာစေခြင်းမျိုး စကားများတည်။

ထိုစကားဖြင့် (အရသာခံမှုသည်လည်း မေထုန်ငယ်တစ်မျိုး ပင်ဖြစ်နေ၍) ပညတ်သည် စကားနောက်တရားပါလာလျှင်ကား ဆိုဘွယ်ရာမရှိ။

ဤကား ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၏ မှတ်စု။

၄ ။ အကြွင်ရဟန်းသည်-

ရာဂပိုးထိုးကျင့်နေရကား မာတုဂါမသည် မိမိအားမေထုန်မှုဖြင့် ပြုစုရန်အလို့ငှာ မေထုန်မှု၏ဂုဏ်ကျေး၊ မိမိ၏ကိုယ်ရည်သွေးစကားပြောကြားအံ့၊ ထိုရဟန်းလည်းသံဃာဒိသိသ်ဒဏ်သားခဏ်းတန်းကြွပေရော့။

မာတုဂါမအရ မိမိစကားနားလည်သူကိုသာယူ အထက်သိက္ခာပုဒ်နည်းတူပင် ၊ ဤ၌အတ္တကာမအရ-

က။ ကိုယ်လျှင်ကျောခင်း မေထုန်မှုဖြင့် လုပ်ကျွေးစေခြင်း။

ခ။ မိမိအတွက်ရမက်ဖြေဆေး မေထုန်မှုဖြင့် လုပ်ကျွေးစေခြင်းများပင်။

သာသနာတော်၌ ဒါနမမြောက်သောအရာများမှာ-

၁။ မေထုန်ဒါန။ ။သည်ဖက်မှာစာဂပျက်၊ တစ်ဖက်မှာ တဏှာ

www.dhammaransi.com



သွေးတက်နေ၍၊
၂။ မူးယစ်ဒါန။ ။ သည်ဖက်မှာအမေ့သက်၊ တစ်ဖက်မှာ အကျင့်ဖျက်မှုဖြစ်နေ၍၊
၃။ ကျွန်ဒါန ။ ။ နှစ်ဦးနှစ်ဖက်သဒ္ဓါမတက်၊ မာန၊ ဒေါသများ ရောယှက်နေကြ၍၊
၄။ ဆင်၊မြင်း၊ကျွဲ၊နွားဒါန။ ။ သည်ဖက်လည်းကရုဏာမသက် တစ်ဖက်လည်း သဒ္ဓါမတက်၍၊

ထိုလေးမျိုး အလှူလည်းမခံရ ၊ လှူသော်မှလည်းမယူရ။

မေထုန်ဘွဲ့ဒါနချွန်းတရား

က။ ကိုယ်တွင်းရှိသွေးသားတို့ဖြင့် ပြုစုလုပ်ကျွေးခြင်းသည် ပြင်ပရှိ ဆွမ်း၊ကွမ်းစသည်တို့ထက် အကျိုးကြီးမားပုံဟောပြောခြင်း။
ခ။ မိမိကဲ့သို့ သီလလည်းရှိ သူတော်ကောင်းတရား အပြည့်ရှိသူ၌သာ လုပ်ကျွေးခဲ့ပါလျှင် ကောင်း-နှစ်ကောင်းထပ် အမြတ်နှစ်ခု တိုးပုံပြ တရားဟောခြင်းတည်း။

ဤကား အတ္တကာမ ပါရိစရိယာဟ သိက္ခာပုဒ်၏မှတ်စု။

၅။ အကြင်ရဟန်းသည်-

မိန်မ ၊ ယောကျာ်းနှစ်ဦးသားကို့၏ အလယ်မှနေ၍ လင်ခန်း၊ မယားခန်း ဇိမ်သွားလမ်းဖောက်ပေးအံ့။

ထိုရဟန်းလည်း သံဃာဒိသိသ် ဒဏ်သားခန်းတန်းကြွပေရော့။

ကြားဝင်စေ့စပ်ခန်းဟူသည်-

က။ မိန်းမအား ယောကျာ်းများအတွက် မယားဖြစ်စေလိုခြင်း။
ခ။ ယောကျာ်းအားလည်း မိန်းမ၏ လင်ဖြစ်စေလိုခြင်း။

www.dhammaransi.com



ထိုနှစ်ခင်းတို့ဖြင့် ကြားမှနေ သွားချည် ၊ ပြန်လှည့် စကားထည့် ပေးခြင်းများပင်။ ထိုသို့ မိမိအောင်သွယ်ပေးသဖြင့် ထိုမိန်းမ၊ ထိုယောကျ်ား ညားသည်ဖြစ်စေ ၊ မညားသည်ဖြစ်စေ အပြစ်ကျပြီ။ ယုတ်စွာ့အဆုံး ခဏပေါင်းပြည့်တံဆာမနှင့်ဆက်သွယ် ပေးလျှင်ပင် အပြစ်မလွတ်။ ညားပြီးလင်မယား ကွဲကွာနေဆဲများကို ကြားဝင် စေ့စပ်ပေးလျှင်လည်း အပြစ်မလွတ်။

ကိလေသာခန်းဖြတ်တောက် ၊ ဖျက်ဆီးနေသောကြောင့် ရဟန်းဟူသောဤအမည်နှင့် လုံးဝမလိုက်ဖက်သောကြောင့်-

ဤကား သဉ္စရိတ္တ သိက္ခာပုဒ်၏မှတ်စု။

၆။ ကိုယ်-ကိုယ်တိုင်ကိုယ်ပိုင်ကျောင်း ဆောက်လိုသောရဟန်းသည်-

က။ ပိုး၅ ၊ ခြပုံးစသော ဘေးရန်များကလည်းအပြည့်။

ခ။ နေရာညွှန်ကြားမည့် သံဃာအားလည်းပင့်ဖိတ်ခြင်းမရှိ။

ဂ။ တစ်ပါးနေသာရာပမာဏထက် ကျော်လွန်ခြင်းလည်းရှိနေက- ထိုရဟန်းလည်းသံဃာဒိသိသ် ဒဏ်သားခန်းတန်းကြွပေရော့။

တစ်ပါးနေ ကျောင်းပမာဏ-

က။ အလျားလိုက် ကျောင်းပြင်ပကနေတိုင်းသော် ဆယ့်နှစ်ထွာ ( ခြောက်တောင် )

ခ။ အနံလိုက်အတွင်းကနေတိုင်းသော် ခုနှစ်ထွာ ( သုံးတောင် တစ်ထွာ ) ထိုထက်မပိုစေရ ပိုသော် သံဃာဒိသိက်-

သံဃာထံတင်ပြရမည်-

မိမိဆောက်လိုသည့်နေရာကို သူ့ဆိုင်ရာသံဃာထံတင်ပြဦးမည်။

www.dhammaransi.com



ထိုအခါသံဃာအားလုံးကဖြစ်စေ ၊သမ္မုတိရနှစ်ပါး ၊ သုံးပါးကဖြစ်စေ လိုက်လံကြည့်ရှုပြီး၊

က။ ပိုးရွ ၊ ခြပုံး စသည့်ဘေးရန်လည်းရှိနေသည်။

ခ။ နှစ်ကောင်ကလှည်း လေးကောင်းကလှည်း လှည့်စရာပမာဉ ပစာလည်းမရှိဖြစ်နေပြီ။

ထိုနှစ်ချက်နှင့် ငြိစွန်းနေကထားမြစ်။ မငြိသော်ခွင့်ပြုရမည်။

အကယ်တိတိ-

ထိုအချက်များနှင့် ငြိစွန်းနေသဖြင့် ဆောက်ခွင့်မသာလျှင် ရဟန်းသည် သံဃာထံသို့သွား အခြားသင့်မြတ်ရာဌာန ဆောက်လုပ်ရန် အတွက် နေရာရွေးချယ်ပေးပါရန် ပန်ကြားရတော့မည်။

ဤကား ကုဋိခေါ်တဲ့ကုတ်ကျောင်း ဆောက်ရန်၏အစီအမံများ။

ဘေးရန်များကားအောက်ပါအတိုင်း-

က။ ပိုးရွ၊ ကြွက် ၊ ခြ ၊ မြွေ ၊ ကင်းခြေများ ၊ ကင်းမြီးကောက် (ခြောက်မျိုး) ၄င်းတို့ကားသနားညှာတာရမည့် သတ္တဝါများဖြစ်နေကြ၍။

ခ။ ခြင်္သေ့ ၊ ကျား ၊ သစ် ၊ ဆင် ၊ မြင်း ၊ ဝံ ၊ အောင်း (ခုနှစ်မျိုး) ၄င်းတို့ကား မိမိအား ရန်ရှာကြမည့်သတ္တဝါများဖြစ်နေကြ၍။

မှတ်ချက်. . . ကျန်တစ်မျိုး (၁၆)ပါး ရေတွက်ပုံ ဝိနည်းကျမ်းကြီး၌ရှု. .

## ကျောင်းဉပစာ ဘာကြောင့်ထား

က။ မီးစသည့် ဘေးရန်များဆိုက်လာသော် ကာကွယ်သာရန်

www.dhammaransi.com



**အတွက်။**

ခ။ လက်ျာရစ်လှည့် ဂါရဝပြုလိုသူရှိက လွတ်လပ်စွာလှည့်သာရန် အတွက်။ကျောင်း၏ရှေ့ ၊ နောက် ၊ ဝဲ ၊ ယာတွင် နှစ်တောင် ကန့္တားလှည်း လှည့်သာစေသော ဥပစာမျိုးထားရှိပေးရသည်။

ဤကား ကုဋ္ဌိကာရ သိက္ခာပုဒ်၏ မှတ်စု။

၇။ ကျောင်းကြီးရခိုင် ကိုယ်ပိုင်ဆောက်လိုသောရဟန်းသည်-

က။ ပိုးရွ ၊ ခြပုံးစသော ဘေးရန်များကလည်းအပြည့်၊

ခ။ ကျောင်းနေရာညွှန်ကြားမည့် သံဃာလည်း ပင့်ဖိတ်ခြင်းမရှိ။

ထိုနေရာမျိုးဝယ် ကျောင်းဒကာဖြင့် ကျောင်းကြီး**ဆောက်စေအံ့-** ထိုရဟန်းလည်း သံဃာသိသိသ်ဒဏ်သားခန်း တန်းသာကွဲပေရော့။

**ကျောင်းကြီးကြီးဟူသောစကား**

က။ အထက်သိက္ခာပုဒ်က ဒါယကာမရှိ ၊ ဤဒွိကား ဒါယကာ ရှိနေ၏။

ဤကိုထောက်၍ ကြီးသည်ဖြစ်စေ ၊ သေးသည်ဖြစ်စေ၊ ကျောင်းကြီး ပင်။

ခ။ အထက်သိက္ခာပုဒ်က ပမာဏရှိ ၊ ဤဒွိကား ပမာဏမလို။ ထိုကိုထောက်၍လည်းကြီးကြီး ၊ သေးသေး ကျောင်းကြီးပင်။

ကွင်းအမိပ္ပါယ်များ အထက်ကအတိုင်း-

ဤကား မဟလ္လက ဝိဟာရသိက္ခာပုဒ်၏ မှတ်စု။

၈။ အကြင်ရဟန်းသည်-

က။ ဒေါသအလျောက် စိတ်ကြမ်းဖေါက်နေသောကြောင့်ဖြစ်စေ

www.dhammaransi.com



ခ။ သူတစ်ဖက်သို့လည်း ပျက်စီးလိုစိတ် အားကြီးနေ သောကြောင့်ဖြစ်စေ၊
ဂ။ တစ်ဖက်ဂုဏ်မျိုး မနှစ်မြို့နိုင်တော့သောကြောင့်ဖြစ်စေ၊
တစ်ဖက်ရဟန်း၏အပေါ်သို့ အခြေအမြစ်မရှိသော ပါရာဇိကဖြင့် စွပ်စွဲအံ့။
ထိုရဟန်းလည်းသံဃာဒိသိသ်ဒဏ်သားခန်း တန်းသာကြွပေရော့။

## မူလက ပါရာဇိကအရာ

၁။ ထိုရဟန်း မာတုဂါမနှင့် မေထုန်မှုပြုနေသည်ကို မျက်မြင်တွေ့တွေ့ခြင်း။
၂။ သို့မဟုတ် တစ်ဖက်ခန်းခြား မေထုန်ပြုပုံ အသံများမျှသာကြားနေရခြင်း။
၃။ မာတုဂါမနှင့်ကွယ်ရာဝယ် နှစ်ဦးတည်းနေကြသဖြင့် သံသယဖြစ်စရာတွေ့ရခြင်း။

ထိုသုံးခင်းတို့သည်-
ထိုတစ်ဖက်သို့ ပါရာဇိကဖြင့် စွပ်စွဲရန်၏မူလကခေါ်မြစ်များပင်။

ထိုသုံးပါးတွင်း မချွတ်နင်းဘဲ ကင်းရှင်းနေသူသို့-
မိမိစိတ်အလိုမကျလေတိုင်း ဖျက်ဆီးရန်ကြံစည် စွပ်စွဲသော်
အမူလက-
သို့မဟုတ်အခြေအမြစ်မရှိ သက်သက်ဖိနှိပ်မှုကြောင့်
သံဃာဒိသိသ်။

**မှတ်ချက်** ။ ။ထိုသံဃာဒိသိသ်ပြစ်ချက်သည်-ဝန်ခံပြီးဖြစ်စေ၊

www.dhammaransi.com



ဝန်မခံသေးမြစ်စေ စွပ်စွဲပြီးပြီးချင်းသင့်စေခဲ့ပြီ။
စွပ်စွဲရာ၌လည်း-
နှုတ်ဖွင့်စွပ်မှ ချည်းမဟုတ် ၊ စာရေး၍စွပ်စွဲခြင်း ၊ ခြေဟန် လက်ဟန်ပြစွပ်စွဲခြင်း ၊ သူတစ်ပါးတစ်ဆင့်ခိုင်းဖြင့် စွပ်စွဲခြင်း များပါ-ပါ၏။

ထိုတစ်ဆင့်ခံရဟန်းသည်-

က။ ခိုင်း၍သာစွပ်စွဲပေးရ မိမိစိတ်ကမပါလျှင် အပြစ်မရှိ။
ခ။ မိမိကပါ စိတ်ပါလက်ပါ စွပ်စွဲနေလျှင်ကား ၄င်းလည်း သံဃာဒိသိသ်ပင်။

ဤကား ပထမဒုဋ္ဌဒေါသ သိက္ခာပုဒ်၏ မှတ်စု။

၉။ အကြောင်ရဟန်းသည်-

က။ ဒေါသအလျောက် စိတ်ကြမ်းဖောက်နေသောကြောင့်ဖြစ်စေ
ခ။ သူ့တစ်ဖက်သို့လည်း ပျက်ဆီးလိုစိတ် အားကြီးနေသောကြောင့်ဖြစ်စေ
ဂ။ တစ်ဖက်ဂုဏ်မျှို့ မနှစ်မြို့ နိုင်တော့သောကြောင့်ဖြစ်စေ

တစ်ပါးတစ်ခြား ကိစ္စငှားဖြင့် တင်စား၍

တစ်ဖက်ရဟန်း၏အပေါ်သို့ ပါရာဇိကဖြင့် စွပ်စွဲအံ့-
ထိုရဟန်းလည်း သံဃာဒိသိသ်ဒဏ်သားခန်း တန်းသာကြွပေရော့။

အညဘာဂိယဿ - အဓိကရဏဿ အရ-

တစ်ပါးတစ်ခြား ကိစ္စငှားဟူသည်-
ထိုရဟန်းနှင့်လုံးဝမသက်ဆိုင်သော အခြားဖို-မအတွဲတို့ မေထုန်

www.dhammaransi.com



## မှိုဝဲနေကြခြင်းကို ဆို၏။

ကိဋ္ဌိဒေသံ လေသမတ္တံ အရ-
တစ်စိတ်တစ်ဒေသ နာမည်တူပေးခြင်း ၊ အရိပ်အမြွက်ပြအတု တည်း။ မေထုန်မှိုဝဲနေကြမပါသော အခြားဖို-မစုံတွဲကို-မိမိစွပ်စွဲ လိုသောရဟန်းအမည် ၊ မာတုဂါမအမည်မှည့်ပေးပြီး တင်စားစွပ် စွဲခြင်းများပင်။
ဝတ္ထုကြောင်းအရ-ဆွမ်းညွှန်းတာဝန်ခံ အရှင်ဒဗ္ဗမထေရ်အား အငြိုးထားကြလေကုန်သော ဆဗ္ဗဂီ ( ခြောက်ပါးတွဲအုပ်စု )ရဟန်း များ ဆွမ်းခံပြန်လာချိန်ဝယ် လမ်း၌ဆိတ်ဖိုနှင့်ဆိတ်မတို့ကာမ စည်းစိမ်ခံစားနေကြပုံများကို မြင်တွေ့သွားကြလေရာ၄င်းတို့စိတ် ကူးဖြင့်ပင်ဆိတ်ဖိုကို ဒဗ္ဗအမည်ပေးပြီး ဆိတ်မကိုကား မေတ္တိယာ အမည်ပေးကြကုန်၏။
ကျောင်းသို့ရောက်သော် ဒဗ္ဗနှင့်မေတ္တိယာဘိက္ခုနီမတို့ မေထုန်မှိုဝဲပုံ ဟောသည်လို မြင်တွေ့ခဲ့ရကြောင်းဖြင့် စွပ်စွဲကြခြင်းပင်။ဤသိက္ခာ ပုဒ်အရ မည်သည့်အရာဖြင့် တင်စားပြောဆိုစေပြောပြီး-ပြီးချင်း အာပတ်သင့်တော့သည်သာ။

ဤကား ဒုတိယဒုဌဒေါသ သိက္ခာပုဒ်၏မှတ်စု။

၁၀။ အကြင်ရဟန်းသည်- ညီညွတ်နေသော သံဃာအား-
က။ အသင်းကွဲစေရန်အားထုတ်အံ့ ၊
ခ။ အသင်းကွဲစေနိုင်သော စကားလုံးသုံး၍ အဓိကရဏ်း ဖြစ်စေရန်လှုံ့ဆော်အံ့ ၊

www.dhammaransi.com



ထိုရဟန်းအား မြင်ကုန်ကြားကုန်သော ရဟန်းတော်တို့က ပထမ ညီညွတ်နေသောသံဃာအား မဖြိုခွဲသင့်ကြောင်း၊ဖြိုခွဲရန် ရည်ရွယ်ချက်ဖြင့် အဓိကရဏ်း မဖန်တီးသင့်ကြောင်း ဖျောင့်ဖျကာ ပြောကြားရဦးမည်။

မရသော် သိမ်တွင်းသို့ခေါ်ကာ ဉာတ်ကမ္မဝါသုံးကြိမ် ဖတ်ပြပြီး ဒုတိယအကြိမ်အဖြစ်သတိပေးကြရမည်။

ထိုသို့နှုတ် ဖြင့်သုံးကြိမ် ၊ ကမ္မဝါဖြင့်သုံးကြိမ် ပြောဆိုပါ လျက်က ၄င်း၏မူဝါ ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားအံ့။

ထိုရဟန်းလည်း သံဃာဒိသိသ်ဒဏ်သားခန်း တန်းသာ ကြွပေရော့။

ညီညွတ်နေသောသံဃာဟူသည်-

က။ ဘုရားအဆုံးအမတော်အတိုင်း အယူ ၊ သီလ တူမျှနေခြင်း တစ်ပါး။

ခ။ ကံကြီး ၊ ကံငယ်မှုအတူပြုနေကြခြင်းလည်း တစ်ပါး။

ဂ။ ပါတိမောက်အရာ၌ ဥဒ္ဒေသတူ တစ်ညီတစ်ညွတ်တည်း ကံပြုနေခြင်းလည်း တစ်ပါးတည်း။

**မှတ်ချက်** ။ ။ စာတို့၌ ဇကုဒ္ဒေသအရ တူသောပါတိမောက် ပြခြင်းကိုသာ ဖွင့်ဆိုတော်မူကြပြီး ဤသံဃ ဘေဒကကံလည်း သိမ်ထဲဝယ်ကွဲပြားအောင်ဖန်တီးမှုဟုဆိုကြ၏နယ်ကျဉ်းလွန်းထင်၏။

သံဃာကွဲပြားစေရန် သံဃာမှအုပ်စုအသွင်သို့ ရောက်ရန် မိမိဘက် အပါစည်းရုံးမှုသည် သိမ်သွင်းထက်ပြင်ပ၌ ပို၍အဖြစ် များ၏။ သိမ်ပကွဲလျှင် သိမ်တွင်းလည်း ကွဲနိုင်တော့သည်သာ။

www.dhammaransi.com



တစ်ဖန် သိမ်တွင်းကွဲလျှင်လည်းသိမ်ပကားဆိုဘွယ်ပင်မလိုပါပြီ။
က။ အသင်းကွဲရန် အားထုတ်မှုဟူသည် သံဃာထဲမှ မိမိသဘောကျ
လိုက်လျောမည့် ရဟန်းများကို ရှာဖွေစုဆောင်းခြင်းပင်။
ခ။ အသင်းကွဲစေနိုင်သော စကားလုံးသုံးခြင်းဟူသည်-
အကုသလကမ္မပထ စသည့်အဓမ္မကို ဓမ္မအဖြစ် ပြောင်းပြန်လှန်ဟောခြင်းပင်။
**မှတ်ချက်** ။ ။မိမိဖက်ပရိသတ်စုခြင်း၊ အဓမ္မကို ဓမ္မအဖြစ် ဟောခြင်းတို့သည် ပါတိမောက်ပြနေစဉ်သိမ်သွင်းမဖြစ်နိုင်သည်ကိုသတိပြု။ ဓမ္မကို အဓမ္မအဖြစ်ဟော လျှင်လည်း နည်းတူပင်။
အဓိကရုဏ်းဟူသည်-
မိမိစကားကို ယုံသူနှင့်မယုံသူ ကွဲသွားပြီး အငြင်းပွားကြခြင်းပင်။
ထိုသို့အငြင်းပွား**ကြလျက်က**-သူနောက်ပါသူများနှင့် တစ်သီးတစ်ခြား **ဥပုသ်ကံပြုခြင်း၊ အခြား** ကံကြီးကံငယ်များပြုခြင်းအထိ ခရီး**တာသွားသော်ကားသံဃဘေဒကကံ** ထိုက်ပြီသာ။
**ဝတ္ထုကြောင်းမှာ-**
**ဒေဝဒတ်က** ဘုန်းကြီးလိုလာဘ်ပေါလို၍ ဘုရားနှင့်စင်ပြိုင်ဖြစ်ရန်
**ဘုရားထံ** အရှင်ဘုရား၏တပည့်များ-
**ပံ့သုကူသကန်းကို**သာဝတ်ရုံရန်၊ တောဌ်သာနေရန်၊ သစ်တပင် ရင်းနှင့် သုသာန်တို့၌သာနေရန်။
သက်သတ်လွတ်ကိုသာစားသုံးရန်၊ ဤငါးပါးပညတ်တော်မူပေးပါရန်
လျှောက် ရာဘုရားရှင်က-

www.dhammaransi.com



ငင်းတို့ရှေးဘုန်းရှေးကံအလိုက် ပွဲသုက ဆောင်လိုသူ ဆောင် ပိုး ၊ ဖဲ ၊ ကတ္တီပါ ဝတ်လိုကဝတ် စသည် ဖြင် နှစ်မျိုးနှစ်စား ချည်းမိန့်ရာ-

ယင်းကိုချက်ကောင်းယူ စည်းရုံးခြင်းပင်ဖြစ်၏။

ဘုရား သည် ဒကာများကိုမညှာ၊ သတ္တဝါများကိုမသနား၊ စွပ်စွဲ ချက်ဖြင့် ရဟန်းတော်များကို ဖွဲ့ထုတ်သွားမှုတည်း။

ထိုသို့ အဓိကရုဏ်းဖြစ်ပေါ်လာသော်-

သံဃဘေဒကကံ ထိုက်သည်အထိ မစောင့်ဆိုင်းရ။ ဖြစ်-ဖြစ်ခြင်း ကြား- ကြားခြင်း၊ သွားရောက်တားမြစ်ကြရမည်။

**မှတ်ချက်** ။ ။ ယူဇနာဝေးကွာမှ မြင်လျှင်၊ ကြားလျှင်ပင် သွားရောက်တားမြစ်ကြရမည်ဟုဆိုထားသည်။ သတိရှိကြစေ--- အကယ်တိတိမြင်လျက်၊ ကြားလျက်ကမတားခဲ့လျှင် မတားသူဒုက္ကဋ် သင့်ဦးမည်။ ထိုသို့တားမြစ်ရာ၌-

က။ ဖျောင်းဖျစကားဖြင့်တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ထိ တားမြစ်။

ခ။ မရသော် သိမ်ထဲအတင်းဆွဲခေါ်ပြီး ဉာတ်ကမ္မဝါတို့ဖြင့် သုံးကြိမ် တိတိတားမြစ်ကြရသည်။

ဉာတ်ကမ္မဝါသုံးကြိမ်ပြည့်သော်မှ အယူမစွန့်ခဲ့သော်-

ထိုရဟန်း သံဃာဒိသိသ် အာပတ်သင့်ရတော့သည်သာ။

ဤကားသံဃဘေဒက သိက္ခာပုဒ်၏မှတ်စု။

၁၁။ ထိုသင်းကွဲခေါင်းဆောင်၏အုပ်စုဝင်နောက်လိုက်ဖြစ်ကြပါ ကုန်သော တစ်ပါးတည်း ၊ နှစ်ပါးတွဲ ၊ သုံးပါးတွဲရဟန်းတို့သည်

ငင်းတို့၏ ခေါင်းဆောင်အားကံပြုသောအခါ-

www.dhammaransi.com



အရှင်တို့-
ဤရဟန်းကို ( ငါတို့၏ခေါင်းဆောင်ကို ) ဘာတစ်ခုမျှ စွပ်စွဲ နှိပ်ကွပ် မပြုလုပ်ကြပါကုန်လင့်-
ဤရဟန်းကား -
အမှန်-အမှန်အတိုင်း ပြောဆိုလေ့ရှိသော ရဟန်းမျိုးသာ -
သည်မျှမကသေးပါ -
ဤရဟန်းသည်-
ငါတို့၏ကြိုက်နှစ်သက်သော စကားများကို လက်ခံ၍သာ ပြောဆိုခဲ့ပါ၏။ ဘာမဆို ငါတို့ကို အသိလည်းပေးပါ၏။ ဘာမဆိုငါတို့နှင့်သာတိုင်ပင်ပါ၏။
ငါတို့ကလည်း --- ဤရဟန်းပြောသမျှစကား ၊လုပ်သမျှ အမှုအားလုံး သဘောတူလျက်ကသာ --- ဤသို့များ ဝိုင်းဝန်းကန့်ကွက်လာခဲ့ပြီးအံ့- ထိုနောက်လိုက်များကိုလည်း မြင်ကုန် ၊ ကြားကုန်သော ရဟန်းတို့က ရှေးအတိုင်းပင် ---
က။ ပထမ အသင်းမခွဲရန် စကားဖြင့်ဖျောင်းဖျ။
ခ။ မရသော် သိမ်ထဲနှစ်ပါးတွဲ ၊ သုံးပါးတွဲခေါ်၍
ကံပြုပေးကြရမည်။
ထိုသို့ -
နူတ်ဖြင့် ၊ ကမ္မဝါဖြင့် နှစ်ကြိမ်တိတိကြိုးစားကြပါသော်လည်းသူတို့၏ အယူဝါဒ မစွန့်ချကြပါသော်ကား - ထိုရဟန်းများလည်း သံဃာဒိသိသ် ဒဏ်သားခန်းတန်းသာကြွပေရော့။

www.dhammaransi.com



ဤ၌ -

နှိပ်ကွပ်ကံပြုရာဝယ်-နှိပ်ကွပ်ခံဘက်က လေးပါး ၊ လေးပါးထက် လွန်နေခဲ့သော - ကံပြုမှုကို နှောင့်ယှက်ကြမည်ကေန်ဖြစ်၍သံဃာ အစား ဝဂ်ခေါ် အုပ်စုမျှဖြစ်စေရန် ၊ သိမ်တွင်းသို့ တစ်ပါး တည်း၊နှစ်ပါးတစ်တွဲ ၊ သုံးပါးတစ်တွဲ လီ၍ ၊ လီ၍ခေါ်သွင်းကာ ကံပြုပေးကြရခြင်းပင်။

ကြွင်းအမိပ္ပါယ်တို့ကား အထက်ကအတိုင်း။

**ပဉ္စာနန္တရိယ ကံတွင်းဆင်း သံဃာသင်းခွဲမှုကြီး**

ဤ**သံဃ** ဘေဒကကံသည် ရဟန်း၌သာထိုက်၏ဟု ဆရာ မြတ်တို့ ဆုံးဖြတ်တော်မူကြ၏။ ကမ္မဝါဖြင့် ကံပြုခံရသည်ကိုရည်၍-

ထိုဆရာမြတ်တို့သည်ကား-

ပိဋကတ်တော်နှံ့စပ် **ကျမ်းတတ်များချည်းဖြစ်**ကြရကား ထိုဆုံးဖြတ်ချက်ကို ငါတို့မကန့်ကွ**က်ဝံ့ပြီ**။ ဤ၌ငါတို့သဘောထား တင်ပြခွင့်သာတုန်း တင်ပြလို၏။ ဆန္ဒရှိစိဖြစ်လကွဲ ၊ မဖြစ်ပယ် လှန်ကြပါကုန်။

အထက်ပါသိက္ခာပုဒ်နှစ်ခုစလုံး၌ပင်-

က။ သံဃဘေဒက ။

ခ။ သံဃဘေဒကကံဟူ၍ နှစ်မျိုးတွေ့ရပါသည်။

ထိုတွင် သံဃဘေဒကကား ညီညွတ်လျက်ရှိသောသံဃာအား မညီ မညွတ်ဖြစ်လာစေရန် ဖန်တီး၍ အုပ်စုခွဲယူမှုတည်း။သံဃဘေဒ ကကကံကား- ထိုအမှုကိုအထင်အရှား ပြုမူခြင်းတည်း။

www.dhammaransi.com



ထိုထင်ရှားစွာ ပြုမူရာ၌လည်း-
က။ ၄င်းတို့ကိုယ်တိုင်ပြုခြင်း
ခ။ သံဃာကနှိပ်ကွပ်၍ပြုခြင်း ဟူ၍နှစ်မျိုးပင်တွေ့ရပါမည်။
ထိုတွင်-
သံဃာများကံပြုမပေးမီကပင် ၄င်းတို့ကိုယ်တိုင် အုပ်စုဖွဲ့ကာ ဥပုသ်ကံခွဲပြုခြင်း ၊ အခြားကံကြီး ၊ ကံငယ်များခွဲပြုခြင်းများသည်သံဃဘေဒကကံထိုက်စေသော ကိုယ်တိုင်ပြုကိုအထင်အရှားပြုမူပြသခြင်းများတည်း။

တစ်ဖန်ထိုအဆင့်မရောက်မီ သံဃာကကြိုတင်ဟန့်တားသောအားဖြင့် စကားသုံးကြိမ် ၊ ကမ္မဝါသုံးကြိမ်တို့ဖြင့် ကံပြုပေးခြင်းများသည်ကား သံဃဘေဒကကံထိုက်ပြီဖြစ်ကြောင်း ထင်ရှားစေခြင်းတည်း။

ထိုအချက်များကိုထောက်ဆ၍-
သံဃာ၏ကံပြုမှုသည် သံဃဘေဒကကံထိုက်ကြောင်း ထင်ရှားစေရုံမျှသာဖြစ်ပြီ ၊ ၄င်းတို့ တစ်ယူသန်သင်းခွဲမှုကံကို မစွန့်လွှတ်ခြင်းက အဓိကဖြစ်နေပါသည်ကို တွေ့ကြရပါမည်။
ထို့ကြောင့် ယင်းသံဃဘေဒကကံအရာသည်-
သိမ်တွင်းခေါ်ကာ နိဂ္ဂဟခေါ် နှိပ်ကွပ်ကံပြုသည်ဖြစ်စေ ၊ မပြုသည်ဖြစ်စေ ပါပိစ္ဆာဉာဏ်လည်း မှန်မည် သို့မဟုတ် သံဃာနှင့်ဝါဒပြိုင်လိုဟန်လည်းမှန်မည်။ဝါဒလည်းစင်ပြိုင်ဖြစ်နေပြီဆိုက လူဖြစ်စေ၊ ရှင်ဖြစ်စေ သံဃဘေဒကကံကြီး ထိုက်သင့်တော့သည်သာ။
ဤသိက္ခာပုဒ်များ၏ အစီအရင်များသည်ကား-

www.dhammaransi.com



က။ ရဟန်းသည် သာသနာတော်၏ အမာခံဖြစ်နေသည်က တစ်ကြောင်း။

ခ။ ရဟန်းနှိပ်ကွပ်ရာ၌ သိမ်နှင့် ကမ္မဝါသည်သာ အဓိက ဖြစ်နေသည်က တစ်ကြောင်း -များကြောင့် နှိပ်ကွပ်ပုံ ပြထားခြင်းမျှသာ သိမ်၊ ကမ္မဝါမပါသဖြင့် လူတို့မှာ ဤသံဃဘေဒကကံကြီး မထိုက်ဟူ၍ ဆိုလိုခြင်းကားမဟုတ်ပြီ။

ကံကြီးငါးပါးတို့တွင် အခြားကံကြီးများဝယ် လူရော ရှင်ပါ ရောထွေးပါနေကြသည်ကို သတိပြုရမည်။

## ငါတို့ကြားဘူးခဲ့သော ကံကြီးပေါက်စ

ဤ၌-

ငါတို့ စစ်ကိုင်းအရှေ့ပရက္ကမချောင်နေစဉ်တုန်းက ကြားဘူးခဲ့သော အဖြစ်အပျက်ကလေး တင်ပြလို၏။

သာသနာတော်ဝယ် နေ-လကဲ့သို့ ထင်ရှားတော်မူသော မထေရ်ကြီးနှစ်ပါးတို့သည် ညီအစ်ကိုရင်းတစ်မျှ ချစ်ခင်တော်မူကြ၏။

၁။ စာသင်စဉ်ကာလတုန်းကလည်း မကွဲမကွာအတူသာ။

၂။ တောထွက်ရာကာလ၌လည်း မကွဲမကွာအတူသာ။

၃။ ဆရာ့ထံမှောက်သွားရောက်၍ ကမ္မဋ္ဌာန်းနည်းခံရာ၌လည်း မကွဲမကွာ အတူသာ။ သို့ဖြစ်ပင်လျှင်-

၄င်းတို့သိက္ခာဓါတ်များ အရောင်တောက်သလောက် ရှေးဘုန်း ရှေးကံ များကလည်း ပေါက်ရောက်လာကြရာ ပရိသတ်များ စည်း

www.dhammaransi.com



ကားလာပြီ။ ထိုအခါ-
ညောင်ပင်ကြီးက ရုက္ခစိုးလာစမြဲအတိုင်း
ပြင်ပပရိသတ်များနှင့် အတွင်းပရိသတ်များလည်း ပါမြဲအတိုင်း ထိုနှစ်ပါးတို့သို့ မိမိတို့၊ မိမိတို့ကြည်ညိုရာတွင် ဝင်ရောက်ခိုလှုံလာကြ၏။ ထို့နောက်- တစ်ဖက်ခေါင်းဆောင်သည် မိမိဆရာကို အကြည်ညိုလွန်ကာ သဒ္ဓါ ပျက်လျက် တဏှာဘက်ကူစက်သွားပြီး အလွန်အကျွံအမွန်းတင်တော့၏။ ကျန်တစ်ဖက်ကလည်း ထိုအတိုင်းပင်။

နောက်သော်-အုပ်စုခြင်းအတိုက်အခံဖြစ်လာကြပြီ။ ထိုနောက် မိမိတို့ဆရာအလေးပေးပြီး တစ်ဖက်ဆရာကိုကား ဝေဖန်ပုတ်ခတ်လာကြတော့ပြီ။ ကျန်တစ်ဖက်ကလည်းနည်းတူ။ ထို့နောက်သော်-မခံနိုင်လွန်ရကား မိမိတို့ဆရာထံ ဝင်ရောက်လျှောက်ကြရာ ဟင်-ဒီလိုလား။ နှစ်ပါးစလုံးဖြစ်လာကြပြီ။ တစ်ဆက်တည်း တစ်ပါးသည် တစ်ပါး၏နောက်ကြောင်း ငယ်ကျိုးငယ်နာများ ဖေါ်ကုန်ကြပြီ။ ထို့နောက်တွင်ကား- အလွန်ချစ်ခင်တော်မူကြသော ယင်းမထေရ်ကြီး နှစ်ပါးတို့သည် ဥပုသ်ကံမှ အတူမပြုကြတော့။ အခြားကံကြီးကံငယ်များကား ဝေလာဝေး။ နောက်ဆုံးပျံလွန်တော်မူသည်အထိ အခေါ်အပြောလုံးဝမရှိကြတော့ပြီ။ ထိုဖြစ်ရပ်၌ သီလဝန္တ မထေရ်ကြီးနှစ်ပါးဖြစ်ကြပြီး တစ်ဖက်-တစ်ဖက်တွင် ရဟန်းတော်နောက်လိုက်ရဟန်းများ တစ်ပါးစ-နှစ်ပါးစမျှသာ ရှိကြလေ၏။ အကယ်တိတိဆယ်လီ၊

www.dhammaransi.com



ရာလီများအထိ နောက်လိုက်များပြားနေလျှင် ကားထိုနောက်လိုက်များလည်း လက်သဲဆိတ်လက်ထိပ်မခံသာ ဖြစ်တော်မူကြမည်မှာလည်း ဧကန်ပင်။ သံဃာအသွင်မှ အုပ်စု အသွင်သို့ဆောင်ကြမည်မှာလည်း ဧကန်ပင်။

ထိုသို့ဖြစ်ရခြင်း၏ မူလအစသည် လူမှုလူအများသာ။

ထိုလူများ၌လည်း-

က။ သင်းခွဲထုတ်ဆောင်သံဃာနှင့် လူချင်းစင်ပြိုင်ထောင်ရန်ဆန္ဒမရှိသည်မှာ ဧကန်။

ခ။ ရဟန်းအဖြစ်မထင်ဖို့တ်ရှား လူသားချည်းဖြစ် နေကြသည်မှာလည်း ဧကန်။

သို့ကြောင့်၄င်းတို့ကို သင်းခွဲရာရောက်မရောက် ဦးစွာစီစစ်သင့်ကြသည်။ သံဃာကွဲပြားခြင်းက အဓိကလော၊ လူ့အဖြစ်၊ ရှင်အဖြစ်ကအဓိကလော စီစစ်သင့်ကြသည်။ ထို့နောက် လူသားများ သံဃဘေဒကကံထိုက်မထိုက် ၊ စီစစ်သင့်ကြပါသည်။

ဤကားသံဃာ့ဘေဒကကံနှင့် ပတ်သက်သောမှတ်စု။

၁၂။ ရဟန်းဖြစ်နေပါလျက်က-

အတူနေရဟန်းကောင်းတို့က ဝိနည်းလမ်းကြောင်းပြ၍ဆုံးမကြပါသည်ကိုမနာခံလိုသဖြင့်မချေမငံပြန်လှန်ပြောဆိုခဲ့သော်-

www.dhammaransi.com



ဆိုဆုံးမခက် ထိုရဟန်းပျက်ကိုလည်း-

က။ မြင်ကြရာ၊ ကြားကြရာ **ရဟန်းမြတ်တို့က** ပထမနှုတ်ဖြင့် ဖျောင်းဖျနား‌ချ။

**ခ။ မရသော် သိမ်တွင်းသွင်းကာ ဉာတ်ကမ္မဝါ**တို့ဖြင့်ကံပြုကြရမည်။

**ဉာတ်ကမ္မဝါ**ဖြင့် သုံးကြိမ်ဆုံးသော်မှ သူ့ဝါမစွန့်ချသော်ကား- ထိုရဟန်းလည်း သံဃာဒိသိသ်ဒဏ်သားခန်း တန်းသာကြွပေရော့။

ဆိုဆုံးမခက် ရဟန်းပျက်ဟူသည်-

က။ ရဟန်းကောင်းတို့က သိက္ခာပုဒ်ပြဆိုဆုံးမသည်ကို မနာခံခြင်း။

ခ။ အကြောင်းအကျိုးပြ ကြည်ညိုစရာ အဝဝဖြင့် ဆုံးမသည်ကို မနာခံခြင်း။

ထိုနှစ်ခင်းတင်းလင်းရှိသော ရဟန်းမျိုးကိုဆိုလို၏။ သီတင်းသုံးဖော် ဟူသည်-

**ရဟန်း** ၊ **ရဟန်း**မ ၊ သာမဏေ ၊ သာမဏေမ ၊ သိက္ခာမာန် **ပေါင်းငါးဦး**။

**မှတ်ချက်** ။ ။ သိက္ခမာန် ( အကျင့်လိုလားသူ ) ဟူသည် ကျောင်းတွင်းမှီခိုလျက် လူတို့၏ငါးပါးသီလတွင် အဗြဟ္မ၊ ဝိကာလဘောဇန နှစ်ပါးတိုးပြီးကျင့်နေသော ပိတ်ဖြူဝတ် (ပိတ်ညိုဝတ်၊ လူဝတ် ) ယာဂီများပင်။

ထိုအတူနေ သီတင်းသုံးဖော်တို့ ကျင့်အပ်သည့် ဝိနည်းသိက္ခာပုဒ်

www.dhammaransi.com



များနှင့် ကျင့်ဝတ်များကိုကား သဟာဓမ္မိက သိက္ခာပုဒ်များဟုခေါ်၏။ ထိုသဟာဓမ္မိက သိက္ခာပုဒ်များအရ ဆုံးမပါသည်ကို မနာခံသော်-ကာ။ ပထမ - ငါ့ရှင် ဤသို့မဆိုသင့်၊ သင့်ကိုယ်သင်လည်း အဆုံးမ ခံရဟန်းအဖြစ်ခံယူပါ။ သင်ကလည်း အခြားရဟန်းများ အပြစ် တွေ့က ဆုံးမပေးပါ။ ထိုသို့ အပြန်အလှန်ဆုံးမ၍ အပြန်အလှန် အပြစ်ကင်းစင်သင့်အမြင်ပင်မဟုတ်လော။ ဤနှယ် ဖျောင်းဖျ စကားဖြင့် နားချပေးကြရမည်။ မရပေကပ်မြဲပေကပ်နေသော်ကား

**နောက်ဆုံး-**

**ခ။ သိမ်ထဲသို့** အတင်းဆွဲခေါ် ဉတ်ကမ္မဝါဖြင့် သုံးကြိမ်ပြောဆို **ကြရမည်။**

ကမ္မဝါသုံးကြိမ်မဆုံးမီဝန်ချက အာပတ်မသင့်သေး။

ခ။ ကမ္မဝါသုံးကြိမ်ဆုံးသော်မှ ဝန်မချက အာပတ်သင့်စေရပြီ။ ကမ္မဝါစာဖြင့် အမှုစကား ပြောဆိုရလေတိုင်း ဤထုံးတမ်းချည်း မှတ်ယူရမည်။ ကမ္မဝါပြီးဆုံးပြီးနောက် . ဝန်ချ-ချ ၊ မချ-ချ အာပတ်သင့်ရတော့သည်။

ဤကား ဒုဗ္ဗဇ သိက္ခာပုဒ်၏မှတ်စု။

၁၃။ ရဟန်းဖြစ်ပါလျက်-

ရွာနိဂုံးစပ် အနီးအပါးအရပ်သို့ မှီကပ်လှုံခိုကာ-

www.dhammaransi.com



က။ ဒါယကာ ၊ ဒါယကာမများ၏ သဒ္ဓါအထက်ကိုလည်း ဖျက်စီးပစ်နေ၏။

ခ။ သဒ္ဓါပျက်ကြောင်း မကောင်းသောအကျင့်ယုတ်ကိုလည်း ကျိုးကုတ်နေ၏။

ထိုရဟန်း၏ -

- မကောင်းကျင့်ယုတ် အလုပ်လုပ်နေပုံကိုလည်း မြင်နေကြရ၊ ကြားနေကြရပြီ။

- ရဟန်းဖျက်ဆီးထားသဖြင့် ပျက်နေသော သဒ္ဓါပျက်မများ ကိုလည်းမြင်နေကြရ ၊ ကြားနေကြရပြီ။

ထိုရဟန်းကိုမြင်ကုန် ၊ ကြားကုန်သော ရဟန်းတို့က-

ထိုအပြစ်ပြစကား ပြောကြား၍ ဤနေမြဲနေရာမှ နှင်ထုတ် ကြရမည်။ ဤမှာနေခြင်းဖြင့် အကျိုးထက် အပြစ်များမည်ကို ဝေဖန် ပြောကြားကြရမည်။

ထိုသို့ ဝေဖန်ခြင်း ၊ နှင်ထုတ်ခြင်းများကို မနာခံသည့်ပြင်

၁။ ရဟန်းများသည် ဆန္ဒာဂတိလိုက်ကာ ကြိုက်-ကြိုက်သလို ဘက် လိုက်နေကြသည်။

၂။ ဒေါသာဂတိလိုက်ကာ မကြိုက်-မကြိုက်သလိုပင် ဘက်လိုက် နေကြပြန်သည်။

၃။ မောဟာဂတိလိုက်ကာ မသိ-မသိ**သည်အလိုက်** ဘက်လိုက် နေကြပြန်သည်။

www.dhammaransi.com



၄။ ဘယာဂတိလိုက်ကာ ကြောက်ရသူ-ကြောက်ရသူအလိုက် ဘက်လိုက်နေကြပြန်သည်။အာပတ်တူခြင်းဖြစ်ပါလျက်က-အချို့ကိုသာနှင်ထုတ်ပြီး အချို့ကိုကား နှင်မထုတ်ကြချေ။ ဤသို့ပင် စောဒကခံ ပြန်လှန်ကာ စကားတက်လာကြသော်-ငါ့ရှင်တို့ ဤလို မပြောကြပါကုန်လင့်- ရဟန်းတို့သည် မည်သည့်အဂတိတရားကိုမျှ မလိုက်စားကြပါ။ငါ့အရှင်တို့လုပ်ရပ်ကား အာပတ်တူ အခြားများကဲ့သို့-အာပတ်သင့်ရုံမျှမဟုတ် သဒ္ဓါဖျက်ဆီးမှုကြီးပါ-ပါဝင်နေပါချေ၏။ ထိုလုပ်ရပ်နှင့် ရလာဒ်ကိုအားလုံးလျှင် မြင်နေရ၊ ကြားနေရပြီဖြစ်၍ ဤ၌မနေသင့်ကြတော့ပြီ။ ဤသို့ ပြောဆို ၊ ဖျောင်းဖျနားချ။ မရသော် သိမ်အတွင်းသွင်း ကံပြု။ ကံပြုနေလျက်ကမှ မိမိအပြစ်ဝန်မချသော်ကား ကံဆုံးသည်နှင့် ထိုရဟန်းများလည်း သံဃာဒိသိသ်ဒဏ်သားခန်း တန်းသာကြွပေရော့။

ဤ၌ မှီခိုမှုဟူသည်- မြို့ရွာ၊ နိဂုံးများမှီ၍ ပစ္စည်းလေးပါး အလှူခံစားကြခြင်းပင်။

ကုလအမျိုးအစားဟူသည်-ဆင်းရဲသားမျိုး ၊ ကုန်သွယ်လယ်လုပ်မျိုး၊ ရဟန်းပုဏ္ဏားမျိုး၊ မင်းမျိုး ထိုလေးမျိုးရှိ ယောကျာ်း၊ မိန်းမများပင်။ ဖျက်ဆီးမှုကားမိမိပေးကမ်းမှုကြောင့် ထိုအမျိုးတို့သည်ပေးသောရဟန်းဆိုတစ်မျိုး၊ မပေးသောရဟန်းဆိုတစ်ဖုံး

www.dhammaransi.com



ခွဲခြားဆက်ဆံနေတော့ခြင်းများတည်း။

**မှတ်ချက်။** ။ သဒ္ဓါစစ်သည် အကျင့်ဂုဏ်ကိုသာယုံ၏။ သဒ္ဓါပျက်သည်ကား အကျင့်ဂုဏ်ကိုကျော်ပုဂ္ဂိုလ်အပေါ် လိုလားသော အမျှော်ဖြင့်သာယုံ၏။

## ရဟန်း၏သဒ္ဓါဖျက်လက်နက်များ

သစ်သီး(သစ်ရွက်စသည်) ပေးခြင်း ၊ ပန်းပေးခြင်း ၊ နံ့သာမှုန့်ပေးခြင်း ၊ ဆပ်ပြာခဲ ( ဆပ်ပြာတောင့်စသည် ) ပေးခြင်း၊ သစ်ဝါးပေးခြင်း ၊ဒန်ပူ (သွားတိုက်ဆေး၊ သွားတိုက်တံ)စသည်ပေးခြင်း ၊ စေရာခရီးသွားပေးခြင်း ၊ ဆေးဝါး ဓာတ်စာပေးခြင်းပေါင်းရှစ်မျိုး ။

ရဟန်းမရှာမှီးကောင်းသောအကျင့်များမှာ အထက်ပါရှစ်မျိုးတို့အပြင်-

၁။ ဓါတ်ရိုက် ၊ ဓါတ်ဆင်ပေးခြင်း။

၂။ ယတြာချေပေးခြင်း။

၃။ မြေကြြန်အတတ်ဟောခြင်း။

၄။ လယ်ယာအတတ်ဟောခြင်း။

၅။ အင်္ဂဝိဇ္ဇာအတတ်ဟောခြင်း။

www.dhammaransi.com



၆။ နက္ခတ်အတတ်ဟောခြင်း။
၇။ ဆွမ်းနှင့်တစ်ကွ စားဘွယ်များပေးကျွေးခြင်း။
၈။ မျက်နှာသစ်ရေ ( သောက်သုံးရေများ ) ထည့်ပေးထားခြင်း။
၉။ ကလေးထိန်းပေး ( ချော့မြှူပေး ) ခြင်း ။
၁၀။ သူတစ်ဖက်သို့မြှောက်ပင့်ပြောခြင်း။
၁၁။ မိမိကိုယ်ကိုနှိမ့်ချပြောခြင်း။
၁၂။ ပဲဟင်းကဲ့သို့ အဖတ်မတင်စကားပြောခြင်း။
၁၃။ ပိယဝါစာ တီတီတာတာပြောခြင်း။
နောက်တိုးဆယ့်သုံး ပေါင်းနှစ်ဆယ့်တစ်။

ထိုအမှုများကိုပြုလျက်က ဆွမ်း ၊ သင်္ကန်း ၊ ကျောင်းစသည်အသက်မွေးဝမ်းကျောင်းမှုပြုခြင်းသည် သာသနာတော်အတွက်မလုပ်အပ်သော အသက်မွေးမှုများပင်ဖြစ်ရာ ထိုအရာများဖြင့်ပစ္စည်း ၊ လာဘ်လာဘမရှာမှီးကောင်း အကယ်တိတိ-ရှာမှီး၍ရခဲ့သော် - ရှာမှီးသူ(မိမိ)သာမကသာသနာဝင်အားလုံးပင်မသုံးကောင်း။

ရဟန်းရှာမှီးကောင်းသောအကျင့်များမှာ
- စတုပါရိ သုဒ္ဓိသီလခေါ် ပါတိမောက္ခသံဝရ ဝိနည်းကြောင်း မစောင်းစေခြင်း ။

www.dhammaransi.com



- ဣန္ဒြိယသံဝရိမျက်စိစသည်စောင့်စည်းခြင်း။
  အာဇီဝ ပါရိသုဒ္ဓိအသက်မွေးဝမ်းကျောင်းစင်ကြယ်စေခြင်း။
  ပစ္စယသန္နိဿိတပစ္စည်းသိုထားမှုကျွမ်းနှီးလိမ္မာခြင်း။

ထိုလေးပါးလျှင် အရင်းရှိသောသိက္ခာသုံးပါး အဆင့်ဆင့်ကျင့်ပွားမှု သီလသည်သာတည်း။

ရဟန်းတို့၏ မညှိုးပန်းသည့် သီလဝိသုဒ္ဓိပင်တည်း၊

မိန်းကလေးတို့၏ မညှိုးပန်းသည် အပျိုရည်မပျက်စေခြင်းပင် တည်း။ . . . သို့ကြောင့်မိမိလိုအပ်နေသော အရာဝတ္ထုများကို-

- ကာယဝိညတ် - ခြေဟန် ၊ လက်ဟန် ၊ ခေါင်းငြိတ် ၊ခေါင်းခါမှုဖြင့် အသိပေးခြင်း မပြုသင့်။
- ဝစီဝိညတ် - လိုရာရာခေါင်းစီးတပ် ပါးစပ်ဖွင့်၍သိစေခြင်း မပြုသင့်။

**မှတ်ချက်။** ။ ထိုနှစ်ခင်း အလျဉ်းမပါ ( ဖိတ်ထားသူဆွေမျိုးသော် မှထိုနှစ်မျိုးဖြင့်အသိမပေးက အကောင်းဆုံး ) ပဲ။ မိမိသီလကိုအာရုံ ပြု၍ စိတ်ဖြင့်ညွတ်ကစိတ်စင်ကြယ်မှုလျှင်အရင်းရှိသော သီလ ရှင်ကြယ် သူများအဖို့ စိတ်နှလုံးအလိုတောင့်တတိုင်း ပြီးစီးတော့ သည်သာ။

**မဲညစ်နေလျှင် ရတနာအရာမဝင်**

ရဟန်းအဖို့ သီလဖြင့် ရှာမှီးခြင်းသည်သာ ရှာမှီးကောင်း

www.dhammaransi.com



သော အသက်မွေးဝမ်းကျောင်းမည်၏။ ၄င်းကိုမိမိသာမက သာသနာတစ်ခု လုံးသုံးထိုက်၏။ လူ့သူများ၏ **သဒ္ဓါလည်းမညှိုး** ပန်းအရာရောက်စေတော့၏။

အတိုချုပ်မှာ-**ရဟန်းသည်** လူပေါင်း-ပေါင်း၍ **လူကိုခင်မင်**အောင် မပြုအပ်၊ ပြု**သော် လောကမှာအမြတ်ဆုံးဟူသော** ရတနာမဖြစ် တော့ပြီ။ ရဟ**န်းတစ်**ပါးအဖို့ စိတ်**အညစ်အကြေး** ကင်းဝေး စင်ကြယ်စေသောသီလဖြင့်သာ ရဟန်းလိုပေါင်း၍ ရဟန်းအပေါ် ကြည်ညိုစေပုံမျိုး၊ ရဟန်းထားသောမေတ္တာမျိုးဖြင့်သာ ရှာမှီးရမည်။

ယုတ်မာသော အကျင့်ဆိုးမည်သည်-

မိမိအားခင်မင်သူလူများလာပါက ပေးရန် ၊ ကမ်းရန် သစ်ပင်စိုက် ၊ ရေလောင်းစသည်များပင်။ ရဟန်းဖျက်ဆီးထားသဖြင့် ပျက်စီးနေသောဒကာ ၊ ဒကာမတို့မည်သည် မပေးမကမ်းသော သီလဝန္တ ရဟန်းကောင်းမြင်လျှင်မရှိသတော့ခြင်း ၊ ဆွမ်းခံလိုသော်မှ ဆွမ်းမလောင်းတော့ခြင်း ၊ စသည်များပင်။

အာပတ်တူချင်းဖြစ်လျက်က ဘက်လိုက်နှင်သည် စွပ်စွဲခြင်းမှာ-က။ ဤသစ်သီး ၊ ပန်းစသည် ပေးကမ်းမှုကလည်း ဒုက္ကဋ်။

ခ။ နိဒါန်း၌ဆိုခဲ့ပြီး အပြစ်ထိမ်ချန်မှု စသည်များကလည်း ဒုက္ကဋ်ပင်။

www.dhammaransi.com



ထိုသို့ အာပတ်ချင်းတူပါလျက်က ဤပစ္စည်းပေးမှု စသည့်ဒုက္ကဋ်ကိုသာ နှင်ရမလား စောဒကတက်လာခြင်းပင်။

ဒုက္ကဋ်ချင်းတူသော်လည်း အခြားဒုက္ကဋ်တို့မှာ တစ်ချက်နှင့်ပင်ပြီး၏။ ဒကာ၊ ဒကာမတို့ သဒ္ဓါကိုလည်း မဖျက်ဆီးတတ်။

ဤ သစ်သီးပေးမှုစသည်ဒုက္ကဋ်ကား မည်သည့်ကာလမျှ ဆုံးတော့မည်လည်းမဟုတ်၊ လူသူတို့၏သဒ္ဓါကိုလည်း **အမြဲဖျက်**ဆီးနေဦးမည်သာ။ သို့ကြောင့် ဤဒုက္ကဋ်သမားရဟန်းပျက်ကိုသာ နှင်ထုတ်ကြရသည်။

အကယ်တိတိ-လူဆွယ်၊ လာ**ဘ်ဆွယ် ( သစ်သီး** ၊ပန်းလက်ဆောင်ပေးမှု )ရဟန်းသည် ရဟန်း**တို့က ထိုသို့** အကျိုးအကြောင်းပြောပြပါသည်ကို နားလည်းသဘော**ပေါက်ပြီး** ‌ကျေကျေအေးအေး ထွက်ခွာသွားလျှင် နှင်ထုတ်မှု ( ပဗ္ဗာဇနိယ ) ကံပြုဖို့မလို ။ ထိုရဟန်းလည်း ထိုအပြစ် ဒေသနာကြားရုံမျှဖြင့် **ပြီးစီးသည်**။

နှင်ထုတ်မှုကံပြုပြီးမှ ထွက်ခွာသွားရပါသော်ကား-**ထိုအပြုခံထားသောကံ** ငြိမ်းစေရန် **ဆိုင်ရာဝတ်များ** သီးခြားကျင့်ရဦးမည်။ အာပတ်လည်းသင့်ဦးမည်။

သီးခြားကျင့်ရပုံဝတ် ဆိုင်ရာရှာကြည့်။

**မှတ်ချက်**။ ။ ထိုကံငြိမ်းအေးပြီး၍ ရဟန္တာဖြစ်သွားသော်မှ ထိုဖျက်ဆီးထားသောအလှူရှင်တို့၏ အလှူကိုမခံယူကောင်းတော့ပြီ။

www.dhammaransi.com



## နှစ်ပြစ်ထပ်သက္ခာပုဒ်

နောက်ထပ်တစ်ကံ ကျန်သေး၏။ ရဟန်းကောင်းများအပေါ် ဘက်လိုက်ကြသည် စွပ်စွဲထားသောအယူစွန့်ရန်ကံ။ ၄င်းကို အထက်ကသိက္ခာပုဒ်အတိုင်း အယူစွန့်ရန်။

က။ ပထမ ဤသို့မစွပ်စွဲရန် စကားဖြင့်ဖျောင်းဖျ။

ခ။ မရသော် သိမ်ထဲသွင်း ဉတ်ကမ္မဝါတို့ဖြင့်-ကံပြု။ ကမ္မဝါမဆုံးမီ ဝန်ချတောင်းပန်သော် သံဃာဒိသိသ်မသင့်သေး။

ကမ္မဝါဆုံးပြီးမှဆိုလျှင်ကား သံဃာဒိသိသ် သင့်ပြီ။

ဤသိက္ခာပုဒ်၌ အထူးမှတ်ဘွယ်မှာ-

က။ အပြစ်ကလည်း နှစ်ပြစ်ထပ် ၊ဒုက္ကဋ် ၊ သံဃာဒိသိသ်။

ခ။ ကံကလည်း နှစ်ကံထပ် နှင်ထုတ်မှုကံ ၊ အယူစွန့်ရန်ကံ ။

ဤသည်တို့မှာအခြားသံဃာဒိသိသ် (ဉတ်ကမ္မဝါပါ-မပါ )များနှင့် မတူသောအချက်များပင်။

ဤကား ကုလဒုသက သိက္ခာပုဒ်၏မှတ်စု။

အရှင်တို့ ဘုရားတပည့်တော်သည်-

သံဃာဒိသိသ် ၁၃ ပါး (ချက်ချင်းသင့်- ၉ပါး ၊ သိမ်သွင်းလေးပါး)

www.dhammaransi.com



တို့ကိုအကျဉ်းသရုပ် ထုတ်နုတ်ပြခဲ့ပြီးပါပြီ။ထိုအာပတ်များ နှင့်ပတ်သက်၍ အရှင်တို့ကိုမေးပါအံ့- ဘယ့်နှယ်လဲ အရှင်တို့သည် ထိုအာပတ်များမှကော စင်ကြယ်ကြပါရဲ့လား (သုံးကြိမ်)ဤသို့ ဘုရားတပည့်တော် သုံးကြိမ်မေးပါလျက်က-အရှင်တို့ ဆိတ်ဆိတ်နေပုံကိုထောက်၍ အရှင်တို့သည်ဤအာပတ်များမှလည်း စင်ကြယ်သူများဖြစ်ကြကြောင်း ၊တပည့်တော်သံဃာ့ကိုယ်စား အသိအမှတ်ပြုလိုက်ပါပြီဘုရား။

ဤကား သံဃာဒိသိသ်ဆိုင်ရာမှတ်စု။

## ၄။ အနိယတ အခန်း

၁။ အကြောင်းရပ်ဟန်းသည်-

မာတုဂါမနှင့် အဖေါ်ကင်းရှင်း တစ်ဦးချင်း -မေထုန်ပြုခွင့်ရသည်အထိ ဆိတ်ကွယ်သောအရပ်ဝယ်နေအံ့။

ထိုရဟန်း၏နေထိုင်ပုံကို - ယုံကြည်လောက်သောစကားရှိသူ ဥပါသိကာမက

က။ ပါရာဇိကအာပတ် သို့မဟုတ် ဝတ္ထုကြောင်းဖြင့်ဖြစ်စေ၊

ခ။ သံဃာဒိသိသ်အာပတ် သို့မဟုတ် ဝတ္ထုကြောင်းဖြင့်ဖြစ်စေ၊

ဂ။ ပါစိတ်အာပတ် သို့မဟုတ် ဝတ္ထုကြောင်းဖြင့်ဖြစ်စေ၊

ထိုသုံးမျိုး တစ်မျိုးမျိုးဖြင့်ပင် ပြောဆိုစွပ်စွဲခဲ့သော်-

www.dhammaransi.com



အနေအထိုင်မတတ်သော ထိုရဟန်းကလည်း-

ထိုသုံးမျိုး တစ်မျိုးမျိုးဖြင့်ပင် ဝန်ခံမှုပြုရ၏။

ဤအမှုသည် ဥပါသိကာမ၏ စွပ်စွဲချက် ၊ ရဟန်း၏ဝန်ခံချက် ထိုနှစ်ချက် ဆက်စပ်ပြီးမှသာ ဆုံးဖြတ်ရသောကြောင့် မည်သည့် အာပတ်သင့်သည်ဟူ၍ အမြဲမမှတ်အပ်။

အာနိယတဟူသည် ပုံသေကားချပ်အမြဲအာပတ် မတပ်ထိုက်သော သိက္ခာပုဒ်ဟု ဆိုလို၏။ အာပတ်သင့်သိက္ခာပုဒ်မျိုးမဟုတ်။ သင့်ပြီး အာပတ်ဆုံးဖြတ်ပုံပြ သိက္ခာပုဒ်မျိုး ဟုဆိုလိုသည်။

က။ ပါရာဇိကအားပတ်သည် ပါရာဇိက ပထမသိက္ခာပုဒ်အရ၊

ခ။ သံဃာဒိသိသ်သည် သံဃာဒိသိသ်၏ ဒုတိယ သံသဂ္ဂ ၊

ဂ။ ပါစိတ်သည် နောက်လာမည့် ပါစိတ်အခန်းက အစေလက ဝဂ်ရတော သိက္ခာပုဒ်အရ-

ထိုသုံးမျိုးတို့ကို ပြုကျင့်နေပုံဖြင့် စွပ်စွဲခြင်းအာပတ်တပ်၍ စွပ်စွဲခြင်းများသည် အာပတ်နှင့်ဝတ္ထုကြောင်းများပင်။မေထုန်ပြုခွင့်ရ ဆိတ်ကွယ်ရာအရပ်ဟူသည်-နံရံ ၊ အခန်းစသည်ကာ ဆီးလျက် ရှိသော မျက်စိကွယ်ရာအရပ် များပင်။ယုံကြည်လောက်သော စကားရှိသော ဥပသိကာ မဟူ သည်-အရိယာဇာတ်တွင်းသို့ ရောက်နေပြီးသော ဥပါသိကာမကို ဆို၏။

မှတ်ချက် ။ ။ ၄င်းသည် မုသားလုံးဝမသုံးတော့ပြီ။ သံဃာအား

www.dhammaransi.com



**မကြည်ညိုရာ၌** တမင်ဖျက်ဆီး ( စွပ်စွဲ ) မှုလည်းမပြုတော့ပြီ။ ဤ၌ ဝတ္ထုကြောင်းအရဝိသာခါနှင့် ဥဒါယီတို့ကိုရည်၍ အရိယာ ဥပါသိကာမ ဆိုထားသည်။ ဝိပဿနာဉာဏ်စဉ်ဝင်ပြီး မာတုဂါမ၊ သီလဝန္တ မာတုဂါမများနှင့်နည်းတူ ဥပသကာ များလည်း ပါရမည် သာလ။

မာတုဂါမအရ - မွေးစမှမိန်းမအားလုံးပါဝင်သည်။

အဖော်အရ - ယောက်ျားအဖော် မပါမှုကိုသာရည်သည်။

**မှတ်ချက်** ။ ။ မိန်းမဖော်မည်သည် မေထုန်မှုကဲ့သို့ ပြစ်မှုကြီး များကို စိတ်ဝင်စားခြင်း၊ **အားကျခြင်း** အားကြီး တတ်ပြီး ဖုံးကွယ် ပေးလေ့ ရှိတတ်သောကြောင့် ( မဖော်သောကြောင့် ) အဖော်မ မည်။

ဤသိက္ခာပုဒ်၏ ဆိုလိုရင်းမှာ-

က။ ဥပသိကာမပြောတိုင်းလည်း မဆုံးဖြတ်ရ၊ မျက်စိမှားကောင်း မှားနေမည်။

**ခ။** ရဟန်းဝန်ခံတိုင်းလည်း မဆုံးဖြတ်ရ ၊ လျော့လျော့ပေါ့ပေါ့ ဝန်ခံတောင်းဝန်ခံမည်။

ဝိနိစ္ဆယဝန်ဆောင်တို့ ( ကွယ်ရာအခင်း ဆုံးဖြတ်ရခြင်း ဖြစ်သော ကြောင့် ) ချိန်ဆတိုင်းထွာမှုဉာဏ် ဝင်ဆန့်ကာ ဆုံးဖြတ်ပေးရ ခြင်းပင်။

www.dhammaransi.com



**မှတ်ချက်** ။ ။ ဥပသိကာမစွပ်စွဲတိုင်း မဆုံးဖြတ်ပဲ၊ကာယကံရှင် ရဟန်း၏ဝန်ခံသောအတိုင်ဆုံးဖြတ်ရမည်ဟုကျမ်း စာကဆိုထား၏ ထိုစကား ဘုရားလက်ထက်တော်ကာလတုန်းကကိုက်၏။ ရဟန်းမှန် ဇကန်ဝန်ခံမြဲ ကြောင့်။ ဤခေတ်၌ကား ကိုက်ကောင်းမှ ကိုက်တော့မည်။ဝိနယပါရဂူတို့စဉ်းစားရန်အချက်တည်း။

ဤကား ပထမအနိယတ သိက္ခာပုဒ်၏ မှတ်စု။

၂။ နေရာကား မေထုန်အမှုပြုခွင့်သာစေသည်အထိ အဖုံး အကွယ် မရှိ၊ ရည်းစားစကားပြောသာရုံနှစ်ဦးချင်းလွတ်လပ်စွာ နေသာရုံ လေးသာ-

အကြင်ရဟန်းသည် ဤသို့သော နားဆိတ်ကွယ်ရာအရပ် ဝယ် မာတုဂါမနှင့် အဖော်ကင်းရှင်း တစ်ဦးချင်းနေအံ့။

ထိုအနေမတတ်သောရဟန်းကို-

ယုံကြည်ထိုက်သော စကားရှိသူ ဥပသိကာမသည်-

က။ သံဃာဒိသိသ်အာပတ် သို့မဟုတ် ဝတ္ထုကြောင်းဖြင့် ဖြစ်စေ

ခ။ ပါစိတ်အာပတ် သို့မဟုတ် ဝတ္ထုကြောင်းဖြင့်ဖြစ်စေ ၊ စွပ်စွဲအံ့- ဝန်ခံမည့်ရဟန်းကလည်း ထိုနှစ်ချက် တစ်ချက်-ချက်ဖြင့်သာ ဝန်ခံရမည်။

ဤသိက္ခာပုဒ်လည်း-

www.dhammaransi.com



မည်သည့်အာပတ်ဟူ၍ ယတိပြတ်သတ်မှတ်၍ မရချေ။
ဤ၌ကား မိန်းမဖော် ၊ ယောကျ်ားဖော် နှစ်ဖက်လုံးကင်းခြင်းပင်။
က။ သံဃာဒိသိသ်၌-ကာယသံသဂ္ဂ-လက်ကုတ်လက်တို့မှုလောက်၊
ဒုဋ္ဌုလ္လဝါစာ-ရည်းစားစကားပြောမှု ၊ ထိုနှစ်မှု တစ်မှုမှုဖြစ်ခြင်း။
ခ။ ပါစိတ်၌လည်း ဘိက္ခုနောဝါဒဝဂ် ရဟောနိသဇ္ဇ သိက္ခာပုဒ်ရ
အစေလကဝဂ်- ရဟောနိသဇ္ဇ သိက္ခာပုဒ်အရ ထိုနှစ်မှု တစ် မှုမှု
ဖြစ်ခြင်း မျှသာထူး၏။ နားကွယ်ရာအရပ်ကို ၁၂ တောင်ထွာ
ဟင်းလင်းပြင်ဟု ဆုံးဖြတ်၏။ သို့ကြောင့် ကာယသံသဂ္ဂဝယ်
ဖက်ရမ်း၊ နမ်းရှုံ့သည်အထိ၊ ကျောသပ်၊ ခေါင်းသပ် ဖြစ်စရာမမြင်
ခြေတို့ လက်တို့မျှလောက် ဖြစ်ရန်ရှိသေးသတည်း
**မှတ်ချက်** ။ ။ မိန်းဖော်သည် ဤကိစ္စမျိုးကျ မြိန်ရေရှက်ပြေ
ပြောပြတတ်ရာ ဤတွင် အဖော်မပါ၌ မိန်းမပါယူရသည်။
ကြွင်းအဆုံးအဖြတ်များ အထက်သိက္ခာပုဒ်နှင့်မထူးပြီ။
- ပါရာဇိက ၊ သံဃာဒိသိသ် ၊ ပါစိတ်ဆုံးဖြတ်ချက်များလည်း
သူ့ဆိုင်ရာအခန်းက ဆုံးဖြတ်ပြခဲ့ပြီးပြီ။
ဤကား အနိယတ သိက္ခာပုဒ်၏ မှတ်စု။
နိဂုံး မထူးတော့၍ မပြပြီ။

www.dhammaransi.com



## နိသဂ္ဂိပါစိတ် အခန်း-၁ ။ စီဝရဝဂ်

၁။ သင်္ကန်းကိစ္စလည်းပြီးစီးနေပြီ။ ကထိန်အာနိသင်လည်း ပျက်ပြယ်ပြီးဖြစ်နေပြီ။ ထိုအချိန်ဝယ် အဓိဋ္ဌာန်တင် သင်္ကန်းမှတစ်ပါး အပိုထားလိုသောရဟန်းသည် ထိုသင်္ကန်းပိုများကို အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ အလွန်ဆုံး ဆယ်ရက်အထိထားနိုင်သည်။ ထို့ထက်ကျော်လွန်၍ထားထိုရဟန်း- သင်္ကန်းကိုလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

## သင်္ကန်းဆိုသည်မှာ-

ဤသိက္ခာပုဒ်ဝယ်-

**သင်္ကန်းကိစ္စ** ၊ ကထိန်ကိစ္စ ၊ အဓိဋ္ဌာန်ဝိကပ္ပနာကိစ္စ ၊ နိသဂ္ဂိကိစ္စ လေးမျိုးပါဝင်နေလေရာ တစ်ခုချင်းရှင်းမှရတော့မည်။ စကားလက်ဝင်သည်။

စီဝရ - ကြာရှည်စွာ ရှာမှီးမှပြည့်စုံတတ်သောကြောင့်

စီဝရ=သင်္ကန်း

မှတ်ချက် ။ ။ ရှေးခေတ်က တစ်ထွာစ ၊ တစ်တောင်စ အသစ်အဟောင်း စုပေါင်းရှာဖွေပြီးမှသာ သင်္ကန်း တစ်ထည်ဖြစ်ပေါ်လာရသည်။ ဤခေတ်လို အဆင်သင့်မဟုတ်။

www.dhammaransi.com



သက်န်းပမာဏ-

ကိုက်တောင်ခေါ် လက်သမားတောင်အားဖြင့် အလျားတစ်တောင် အနံတစ်ထွာမှစ၍ သင်္ကန်းလျာ ( သင်္ကန်းလောင်း ) ခေါ်ရပြီး သင်္ကန်းအရာဝင်ပြီ

က။ ဧကသီနှင့်နှစ်ထပ်သင်္ကန်းကြီးများ၌- အလျား ၅တောင်ထွာ၊ အနံ ၄ တောင်ထွာ ပြည့်လျှင် ဧကသီ - ဒုကုဋ်ခေါ်ရပြီ။

ခ။ သင်းပိုင်၌ကား- အလျား ၅ တောင်ထွာ ၊ အနံ ၂ တောင် ၁မိုက်ပြည့်လျှင် သင်းပိုင်ခေါ်ရပြီး။

**မှတ်ချက်** ။ ။ ကိုယ်တိုင်ချုပ်ရိုးဝတ်ရုံလိုသည့်သင်း**ပိုင်**၊ ဧကသီ အတိုင်းအထွာများကျလျှင်ကား ကိုယ်ပိုင်ဝတ်ရုံမည့် သာမဏေ၊ ရဟန်းများသည် မိမိတို့လက်တိုင်းဖြင့်သာ တိုင်းထွာ ကြရသည်။ ကိုက်တောင်နှင့်မဟုတ်ပြီ အမည်များကား

က။ ကိုယ်ပိုင်အဖြစ် တစ်ထည်တည်းသာရှိရမည်ကို ရည်၍

ဧကစ္စ- ဧကသီ။

ခ။ သင်္ကန်းတစ်ထည်ဖြစ်ဖို့အရေး ခက်ခဲလွန်းလှ၍

ဒုကုဋ်= နှစ်ထပ်သင်္ကန်းကြီး။

ဂ။ **ခန္ဓာကိုယ်အတွင်းထားအဖြစ်ဝတ်ရ၍**

**အန္တ**ရဝါသက=သင်းပိုင်။

အထက်ကဆိုခဲ့ပြီး သင်္ကန်း အတိုင်းသာ ရဟန်းပုနှင့် ငါးနှစ်သား၊ဆယ်နှစ်သားသာမဏေလေးများ ဝတ်ရုံခဲ့ရသော်

www.dhammaransi.com



ကြည်ညိုဖွယ် မဆောင်နိုင်တော့ပြီ။

**မှတ်ချက်** ။ ။ ထိုသုံးထည်တို့သာ တစ်ထည်စီ အဓိဋ္ဌာန်တင်ရသည်။ ကျန်တို့ကား အရံအဖြစ် ၊ လှူရန်အဖြစ် ဝိကပ္ပနာသို့မဟုတ် ပရိက္ခာရစောဠ အဖြစ် ထိန်းသိမ်းထားခွင့်ရှိသည်။ ကိုယ်ပိုင် တစ်မျိုးနှစ်ထည်မရှိရပြီ။ သင်္ကန်းလျာဝင် သင်္ကန်းစ၊ မိုးရေခံ ၊ အမာလွှမ်း၊ မျက်နှာသုတ်ပုဝါ စသည်များကား ဝိကပ္ပနာနှင့် ပရိက္ခာရစောဠအဖြစ်သာ ထားနိုင်သည်။

## သင်္ကန်းကိုးမျိုး

သင်းပိုင် ၊ ဧကသီ ၊ ဒုကုဋ် ၊ အိပ်ရာခင်း ၊ မျက်နှာသုတ်ပုဝါ ၊ သင်္ကန်းလျာစများ ၊ နိသီဒိုင် (နေရာထိုင်အခင်း ) မိုးရေခံ ၊ အမာလွှမ်း ပေါင်းကိုးမျိုး။

**မှတ်ချက်** ။ ။ မိုးရေခံကား မိုးရေခံ ၊ ရေချိုးရင်း ၊ မိုးရေသိုလှောင်ရာ၌ ဝတ်ရသည့်သင်္ကန်း။ အမာလွှမ်းကား အနာပေါက်သောအခါ ပြည်စသည်များ အခြားမပေကျံရန် ၊ ယင်စ သည့် အန္တရာယ် မပြုနိုင်ရန် ဖုံးလွှမ်းထားသော သင်္ကန်းပင်။

အထက်ပါ ကိုးမျိုးစလုံး အလျားတစ်တောင်၊ အနံတစ်ထွာ ပြည့်မှစ၍ သင်္ကန်းအမည်ရနေကြပြီ။ သင်္ကန်းဟူ၍ဆိုရပြီ။

**မှတ်ချက်**။ ။ ရဟန်းသည်ကိလေသာကို တစ်ကယ်သတ်ဖြတ်ပစ်နေမှ၍အမည်ရ၏ သို့ထက် သိမ်ဝင်ကမ္မဝါဖြင့် ရဟန်းဟူ၍

www.dhammaransi.com



သမုတ်လိုက်သည်နှင့် ရဟန်းအမည်ခံယူထိုက်ပုံပမာ အမြဲဝတ် ရုံနိုင်လောက်သော တိစီဝရိက်များမှမဟုတ် ကျန်ခြောက် မျိုးလည်း သင်္ကန်းဟူ၍ပင်။

## သင်္ကန်းအဖြစ် သုံးစွဲခွင့်ရှိသော ရက်ချည်အမျိုးအစားများ

၁။ ခေါမ ------------- ( ခေါမတိုင်းဖြစ်ချည် )
၂။ ကပ္ပသိက --------- ( ဝါချည် )
၃။ ကောသေယျ ------- ( ပိုးချည် )
၄။ ကမ္ဗလ ------------ ( သာမွေးချည် )
၅။ သာဏ ----------- ( ပိုက်ဆံလျှော်ချည် )
၆။ ဘင်္ဂ --------------- ( ဘန်ချည် - ဂုံနီ - သို့မဟုတ် အထက်ပါငါးမျိုး ရောရာချည် )

အထက်ပါချည်တို့သည် သင်္ကန်းလျာစချုပ်ရာ၌ သုံးနိုင်သော ချည် များပင်။

ဤကား သင်္ကန်းဆိုင်ရာ မှတ်စု။

## ၂ ။ ကထိန်ဆိုသည်မှာ

ကထိန- ( ကထိန် ) ခင်းခြင်းဟုအဓိပ္ပါယ်ရသည်။
က။ သင်္ကန်းတစ်ထည်ပြည့်မှီရန် ပိတ်စများကို ဆိုင်းငံ့နေရသည်

www.dhammaransi.com



ကတစ်ကြောင်း၊
ခ။ ထိုသက်န်းစ လက်ခံရာမှ နောက်ထပ်ထိုကျောင်းဝယ်ထပ်ပေး ရမည့် **အချိန်ဆိုင်းငံ့နေရသည်ကတစ်ကြောင်း** ၊
ထိုသို့ **ကျောင်းဝယ်အနေခိုင်မြဲစေရန်** လမ်းခင်းထားခြင်းဖြစ်၍ မိန်းမ၊ယောကျ်ားနှစ်ဦး စေ့စပ်ထားသည့်ပမာကို ကထိန (ခင်းခြင်း) ဆို၏။

## ကထိန်ခွင့်ပြုချက်နှစ်မျိုး

၁။ ဘုရားလက်ထက်တော်ကာလတုန်းက များသောအားဖြင့် ရဟန်းတို့သည် အရည-ရုက္ခမူလခေါ်တော၊ သစ်တစ်ပင်အောက်၌ သာနေလေ့ရှိ၏။ သို့သော်မိုးကျလာလျှင်မနေနိုင် ထိုအခါ မိုးခိုရန် ရွာအနီးအပါး ကျောင်းများသို့ပြောင်းရွှေ့ကြရ၏။ ဗုဒ္ဓဘာသာ ဝင်ရွာမှန်သမျှ တစ်ရွာတစ်ကျောင်းဆောက်ထားမြဲပင်။ ထိုစဉ် ရဟန်းတော်သည်တောမှထွက်ခဲ့၍ရွာသို့အဝင် အခြား ရဟန်းများ မရောက်သေးသောရွာကျောင်းသို့အစဉ်အတိုင်း ကပ်ရောက်မိုးခို ရ၏။ ၎င်းကိုပင်ဝါကပ်သည် ၊ ဝါဆိုသည်ဆိုရ၏။
**မှတ်ချက်** ။ ။ အစဉ်အတိုင်း ( ယထာသန္တတိ )ဟူသည် အရှေ့ မှအနောက်သို့ ( စသည် ) **ခရီးထွက်လာခဲ့သော်** ပထမရွာ ၊ ပထမ ကျောင်း အကယ်တိတိ**ရဟန်း ရောက်**နေနှင့်လျှင် ဒုတိယ ယင်း၌လည်းရောက်နှင်နေပြီးဖြစ်လျှင်တတိယ စသည်ကိုဆို၏။

www.dhammaransi.com



သို့ကြောင့် ယမန်နှစ်ကဟိုရွာ ၊ သည်နှစ်သည်ရွာ ၊ နောက်နှစ် တစ်ခြား စသည်တို့ဖြစ်နေတော့ရာ ရွာပိုင်၊ ဒကာပိုင်အမြဲမရှိ ဘုန်းကြီးပိုင် ဘုန်းကြီးကိုင်လည်းအမြဲမရှိ။

ယခုနှစ်မိုး သည်ရွာ၊ သည်သံဃာ ဝါလာကပ်ပြီ ထိုသံဃာ ကား အကျင့်လည်းသန့်၏။ ဥပမိရုပ်တော်ကလည်း သန့် **ခန့်၏။** အဟောအပြောကလည်း ကောင်း၏။ ဒကာတို့ကြည်ညိုမဆုံး-

ဤတွင်ထုံးစံအတိုင်းဆိုက မိုးကင်း၍ သီတင်ကျွတ် လျှင်မိမိ နှစ်သက်ရာတော တောင်တို့သို့ ပြန်ဝင်ပြီ။ သို့သော် ဒကာ တို့က မဝင်စေလိုသေး ၊ ဖူးမဝ ၊ နာမဝ အားမရကြသေး။

ထို**အခါ** သင်္ကန်းစ တစ်တောင်စ ၊ နှစ်တောင်စ စသည် တို့ကိုလှူ**ဒါန်းကြပြီး နောက်**လေးသ (ဆောင်းလေးလ) ဤ၌ ဆက် လက်**သီတင်းသုံးရန် ပန်ကြား**ကြတော့မည်။ လက်ခံခဲ့သော နောက် ထပ်ထို**ကျောင်း**ဝယ် **ဆောင်း**လေးလနေပေးရပြန်သည်။ သို့ကြောင် ထိုသင်္ကန်း**စ**သည် သ**င်္ကန်းအ**တွက် ၊ ကျောင်းအတွက် ကြောင့်ကြ စိုက်ရာ၏ လမ်းခင်းတည်း။ ယင်းသည်ပင်ကထိန်**တည်း။**

၂။ နောက်တစ်မျိုးမှာ-

သင်္ကန်းပါးရှားသော ရဟန်းတော်**များကို သနား**တော်မူ သောကြောင့် ကထိန်ခင်းကိစ္စပေါ်လာရသည်။

**မှတ်ချက်** ။ ။ ဘုရားလက်ထက်တော်ကလတုန်းက အဓိဋ္ဌာန်

www.dhammaransi.com



တင် တိစီဝရိက်(သင်းပိုင်၁၊ ဧကသီ၁၊ ဒုကုဋ်၁) ကိုယ်ပိုင်သုံးထည်မှ တစ်ပါးအခြားအပိုမထားကြသောကြောင့်ပင်။

ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့သည် ဘုရားထံ သို့အခြား ဒေသမှ ကြွအ လာ သင်္ကန်းတော်များနွမ်းရဲ စုပ်ငြိစွာဖြင့် လာကြ ရသည်ကို မြင်တော် မူ၍ သနားတော်မူ ကာဤကထိန်ခင်းခြင်း ကစ္စ ခွင့်ပြုတော်မူခဲ့၏။

ရဟန်းတော်များ စုဝေးသီတင်းသုံးရာ ကျောင်းတစ် ကျောင်းသို့သင်္ကန်းလှူလိုသော ဒကာတစ်ဦးဦးပေါ်ပေါက်၍ လာအံ့။ ထိုအခါ-

ထိုသင်္ကန်းကို အကြီးဆုံးသံဃာကလက်ခံယူ၏

ပြီးသော်သံဃာ စည်းဝေးစေပြီး အနွမ်းပါးဆုံးသံဃာကို ရွေး၍ ပေးအပ်ခြင်းပင်လျှင် ကထိန်ခင်းခြင်းတည်း။

**မှတ်ချက်** ။ ။ ပုရိမဝါ (လက်ဦးဝါလ ) ၌ ဝါကပ်ရဟန်း ကိုသာ ရွေးအပ်ခွင့်ရှိသည်။

## ကထိန်ခင်းပုံအစီအရင်

က။ သင်္ကန်းခံယူခြင်း ။ ။ ဒါယကာတို့က မထေရ်ကြီးထံ ချဉ်း ကပ်၍ -

ဣမံ စီဝရံ သံဃဿ ဒမ္ဘိ

www.dhammaransi.com



ဣမိနာ စီဝရေန ကထိနံ အတ္ထရထ---
ဤသင်္ကန်းကို ( သုံးထည်ဖြစ်က ဤသင်္ကန်းတို့ကို ) ကထိန်
အလို့ငှာ သံဃာအားပေးလှူပါ၏။
ဤသင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါကုန်ဘုရား။
ဤသို့လျှောက်ထား၍ သံဃာအကြီးအကဲထံလှူ တစ်ဖက်ကလက်ခံ။
ခ။ ကထိန်ထိုက်ရာ ရဟန်းရွေးချယ်ကြခြင်း။

ထိုနေ့ ချက်ချင်းပြီးစည်းဝေးကာ အနွမ်းပါဆုံးသံဃာအား
ရွေးချယ်။

မှတ်ချက် ။ လက်ခံရမှ ရက်လွန်သော်ကထိန်းသိုးဖြစ်တော့၍
ကထိန်မခင်းနိုင်တော့။

ဂ။ ကထိန်သင်္ကန်းပေးအပ်ခြင်း။

ပေးအပ်ခြင်းခံရသောရဟန်းသည်-

က။ အနွမ်းပါးဆုံးလည်းဖြစ်ရမည်။

ခ။ ကထိန်၏မာတိကာရှစ်ပါးကိုလည်း နားလည်းထားရမည်။

ထိုအင်္ဂါနှစ်ချက်နှင့် ပြည့်စုံသောရဟန်းကို သိမ်သို့ခေါ်၍သံဃာ
ငါးပါး စသည်များက ဉာတ်ကမ္မဝါဖတ်၍ ပေးအပ်။
ဃ။ အသစ်ရ အဟောင်းစွန့်ရခြင်း။

ကထိန်သင်္ကန်းလက်ခံရသော ရဟန်းသည် အသစ်သည်
တစ်ထည်ဖြစ်စေ (အဟောင်းလည်းထိုအလိုက်) နှစ်-သုံးဖြစ်စေ

www.dhammaransi.com



(၄င်းအထိဆိုကလည်း **၄င်းအလိုက်**။) မိမိဝတ်မြဲ သက်န်းကို ပစ္စုဒ္ဓိုရ် ( စွန့်ချခြင်းအမှု ) **ပြုရမည်။**

၁။ သင်းပိုင်အသစ်ရက သင်းပိုင်အဟောင်းကို-

ဣမံ အန္တရ ဝါသကံ ပစ္စုဒ္ဓရာမိ ဆို၍စွန့်

ဤသင်းပိုင်အဟောင်း တစ်ဖန်ထုတ်လွှတ် စွန့်ချပါ၏။

၂။ ဧကသီ**သစ်**ရက ဧကသီဟောင်းကို

**ဣမံ** ဥတ္တရာ သဃံ ပစ္စုဒ္ဓရာမိ ဆို၍စွန့်။

၃။ ဒု**ကုဋ်** **အ**သစ်ရကလည်း လက်ရှိဒုကုဋ်ဟောင်းကြီးကို

**ဣမံ** သဃာဋိ ပစ္စုဒ္ဓရာမိ **ဆို၍စွန့်။**

**မှတ်ချက်** ။ ။ အပ်နှင်းမှုသာ ဉာတ်**ကမ္မဝါ ပါ**နေ၍ သိမ်တွင်းဝင် ပြုလုပ်ရသည်။ ကျန်အစီအရင်တို့ကား ဘယ်နေရာ မဆိုပြုနိုင် ခွင့်ရှိ၏။

၄။ ကပ္ပဗိန္ဒု ထိုးရခြင်း

ထိုသက်န်းသည်-

က။ ရဟန်းလက်သို့ရောက်ပြီး **သက်န်းမှန်းသိသာ**ရန်၊

**ခ။ ရဟ**န်းကိုင် ( ရဟန်းအသုံး**အဆောင်** ) သက်န်းမှန်း**လည်း** **သိသာ**ရန် တစ်ထောင့်ထောင့်ဝယ် **ကပ္ပဗိန္ဒု** ခေါ် ၀-လုံး **သင်္ကာန်** ရေးထိုးရမည်။

မှတ်ချက်။ ။ ကပ္ပဗိန္ဒုသည် ကမ္မာ့အက္ခရာဆို၏။ ၄င်းတို့မှာ-

www.dhammaransi.com



၁။ ဥဒေါင်းတို့၏ မြီးကွက်ဆံ၌ စ- အက္ခရာ
၂။ ဒိုင်းငါးရံ့တို့၏ မြီးကွက်ဆံ၌ ဓ- အက္ခရာ
၃။ လယ်ပုဇွန်လုံးတို့၏ ကျောကုန်း၌ ဗ- အက္ခရာ
၄။ လှူဝံတို့၏ချက်မ၌ ဝ-အက္ခရာပင်။
ထိုတွင်-
၁။ ကောက္ကသံဂုဏ် ဘုရားလက်ထက်ရှိသာဝကများက စ- အက္ခရာ အမှတ်အသား။
၂။ ကောဏာဂုံ ဘုရားလက်ထက်ရှိ သာဝကများက ဓ- အက္ခရာ အမှတ်အသား။
၃။ ကဿပ ဘုရားလက်ထက်ရှိ သာဝကများက ဗ-အက္ခရာ အမှတ်အသား။
၄။ ဂေါတမဘုရားလက်ထက်ရှိငါတို့က ဝ- အက္ခရာအမှတ်အသား။ အသီးသီးရေးထိုးစေကြသည်ဆို၏။ ဝ- လုံးပြည်ထိုး ကွက်လပ် မထားရ။

၈။ သက်န်းသစ် ( ကိုယ်ပိုင်အဖြစ် ) အဓိဋ္ဌာန်တင်ရခြင်း-
ထိုသက်န်းကို မိမိပိုင်အဖြစ် အဓိဋ္ဌာန်တင်ရမည်။
တင်ပုံမှာ-
သင်္ပိုင် - ဣမံ အန္တရ ဝါသကံ အဓိဋ္ဌာမိ။
ဧကသီ - ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။

www.dhammaransi.com



ဒုကုဋ္ဌ - ဣမံ သယ်ာဋ္ဌိံ အဓိဋ္ဌာမိ။ ( ၃ ခေါက် )

မှတ်ချက် ။ ။ တစ်မျိုးတစ်ထည်ထက်မပိုရ ၊ ထိုအဓိဋ္ဌာန်တင် သင်္ကန်းများ မိမိနှင့် ညဥ့်ကင်း၍ ထားခွင့်မရှိ။ စစ်ထွက်ဝတ်စုံ သို့မှတ်။

ဆ။ ခင်ကျင်းခြင်း။

သင်္ပိုင် - ဣမိနာ အန္တရ ဝါသကေန ကထိနံအတ္ထရာမိ။

ဧကသီ - ဣမိနာ ဥတ္တရာ သယ်ေန ကထိနံ အတ္ထရာမိ

ဒုကုဋ္ဌ - ဣမာယ သယ်ာဋ္ဌိယ ကထိနံ အတ္ထရာမိ

( ၃-ခေါက်စီ )

မှတ်ချက်။ ။ ၄င်းကိုလျှင် ခင်းသည်ဟု အဆိုပြုကြသည်။ ထိုသို့ဆိုလိုက်လျှင်ပင် ပေးအပ်ခံရပြီးရဟန်း အခင်းမြောက်သွားပြီ။ ခင်းကျင်းမှု - သီတင်ကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်း လပြည့်ထိ တစ်လမျှသာ။

ဇ။ အနုမောဒနာပြုခြင်း -

ကြွင်းသံဃာများ ကထိန်အာနိသင်ခံယူလိုသော် အနုမောဒနာပြုကြရမည်။ ကြွင်းသံဃာများ အနုမောဒနာပြုနိုင်ရန် ကထိန်ခံရဟန်းသည်-

အတ္ထတံ အာဝုသော သံဃဿ ကထိနံ။

www.dhammaransi.com



ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ

ဟူ၍တောင်းပန် ( ၃ ခေါက် )

အတ္ထတံ ဘန္တေ သံဃဿ ကထိနံ

ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ - (၃ ခေါက်)

ကျန်သံဃာများ။

ဤသို့လျှင်ဝမ်းမြောက်ကြောင်းအမှု အနုမောဒနာပြုကြသော် ကြွင်းသံဃာများလည်း ကထိန်အာနိသင် ရသွားကြပြန်သည်။ ဤ၌ ကထိန် သက်န်းခံထိုက်သူ၊ အာနိသင်ခံထိုက်သူ နှစ်ဖက်စလုံး တို့သည် ပုရိမ ဝါမှ ကျွတ်သူများချည်းသာ

**မှတ်ချက်** ။ ။ ပုရိမ ဝါ -ဝါဆိုလပြည့်ကျော် (၁) ရက်နေ့၊ ဝါဆိုသူမူမှတ်။ ယင်းနေ့သည် မိုးဥတု၏ ဦးဆုံးနေ့ဖြစ်၍ ပုရိမ ဝါခေါင် လပြည့်ကျော်(၁)ရက်ကား ထိုမှ အပြန်အားဖြင့် ပစ္ဆိမ (နောက်ကပ်ဝါ) ဆိုသူမှတ်။

**မှတ်ချက်**။ ။ အနုမောဒနာပြုသူများလည်း ပုရိမဝါ(လက်ဦးဝါလ) မှ ဝါကျွတ်လာသော ရဟန်းများသာဖြစ်ရမည်။ အတူနေ သာမဏေများပင် အနုမောဒနာပြုက သက်န်းစသည်ခံယူခွင့်ရကြသည်။

ဤကား ကထိန်ခင်းခြင်း၏ မှတ်စု။

## ကထိန်အာနိသင် ငါးမျိုး

၁။ ကထိန်အာနိသင်ရ-ရဟန်းသည်ကထိန်တော်(တပေါင်းလပြည့်

www.dhammaransi.com



အထိ) အတွင်း ဤသိက္ခာပုဒ်၏ အပြစ်မှလွတ်သည်။ အပိုများကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲထားနိုင်သည်။
၂။ လာမည့် ဒုတိယသိက္ခာပုဒ်၏ အပြစ်မှလည်း ကင်းလွတ်သည်။
၃။ သုဒ္ဓပါစိတ်ခန်း ဘောဇနဝဂ် ဂဏသိက္ခာပုဒ်၏ အပြစ်မှလည်း ကင်းလွတ်သည်။
၄။ သုဒ္ဓပါစိတ်ခန်း ဘောဇနဝဂ် ပရမ္ပရသိက္ခာပုဒ်၏အပြစ်မှ လည်းလွတ်သည်။
၅။ သုဒ္ဓပါစိတ်ခန်း အစေလကဝဂ် စာရိတ္တသိက္ခာပုဒ်၏ အပြစ်မှ လည်းလွတ်သည်။
မှတ်ချက်။ ။ အပြစ်မှ ကင်းလွတ်သည်ဆိုသော်လည်း- ကင်းလွတ်နိုင်လောက်သော သင်္ကန်းစ ကြောင့်ကြစိုက်ရမှုကိစ္စ၊ သင်္ကန်းစ အလှူခံကိစ္စ ၊ သင်္ကန်းချုပ်ဆိုးမှုကိစ္စ ၊ သင်္ကန်းစစောင့် ဆိုင်းနေရခြင်း ကိစ္စမျိုးရှိမှသာကင်းလွတ်မည်။ ကထိန်အာနိ သင်သည်ကထိန်လျှာ သင်္ကန်းကိစ္စနှင့်သာ သက်ဆိုင်စေရမည်။ ယခုခေတ်သင်္ကန်းကိစ္စ ကြောင့်ကြစိုက် စရာမလိုသော ချုပ်ဆိုးပြီး များ ဖြစ်နေကြ၍ဆင်ခြင်လေ။

အမှတ်စဉ် ၃၊ ၄၊ ၅၊ သုဒ္ဓပါစိတ်ခန်းရှိခြင်းချက် များတွင်စီဝ ရဒါနသမယော၊ စီဝရကာရသမယောသင်္ကန်းလှူချိန် ချုပ်ဆိုးချိန် များသာပါဝင်သည်။ သို့ကြောင့် ကထိန်၏ စီဝရပလိ

www.dhammaransi.com



ဗောဓ ၊ အာဝါသပလိ ဗောဓ နှစ်ပါးတို့တွင် စီဝရပလိဗောဓ (သင်္ကန်းကြောင့်ကြစိုက်ရမှု )သာ ·တိုက်ရိုက်ပါနေသဖြင့် ယခုခေတ်အာနိသင်များ ရ- မရ ၊ ပညာရှင်များဆင်ခြင်ကြပါကုန်။

## ကထိန်မာတိကာ ရှစ်ပါး

၁။ တိုက်တာမှထွက်ခွာသွားခြင်း။

ကထိန်အာနိသင်ရ-ရဟန်းသည် ပြီးစီးပြီးသင်္ကန်းကိုယူ၍ မိမိတိုက်တာမှ အခြားသို့ တပေါင်းလပြည့်မတိုင်မီ အပြီးထွက်ခွာသွားသော် ကထိန်အာနိသင် ရုပ်သိမ်းပြီးသားဖြစ်သွားပြီ။

၂။ သင်္ကန်းကိစ္စပြီးပြေခြင်း။

ကထိန်အာနိသင်ရ-ရဟန်းသည် မပြီးစီးသေးသော သင်္ကန်းစကို ယူ၍ မိမိတိုက်တာမှ အခြားသို့ တပေါင်းလပြည့်မတိုင်မီ အပြီး ထွက်ခွာသွား၏။ အခြားရောက်၍ သင်္ကန်းချုပ်ဆိုးမှု ပြီးစီးသွားသော် ကထိန်အာနိသင် ရုပ်သိမ်းပြီးသားပင်။

၃။ ဆုံးဖြတ်ချက်ချခြင်း။

ကထိန်အာနိသင်ရ-ရဟန်းသည် သင်္ကန်းလည်း ချုပ်ဆိုးမည်၊မိမိတိုက်တာကိုလည်း ပြန်လာမည်ဟု (တပေါင်းလပြည့် မတိုင်မီ)ထွက်ခွာသွားပြီး၊ ပြင်ပရောက်လေမှ သင်္ကန်းကိုလည်းမချုပ်ဆိုးတော့၊ တိုက်တာကိုလည်း မပြန်တော့ ဆုံးဖြတ်သော် ကထိန်အာနိသင်ရုပ်သိမ်းပြီးသားပင်။

www.dhammaransi.com



၄။ ကထိန်သင်္ကန်း ပျောက်ဆုံးသွားခြင်း။

ကထိန်အာနိသင်ရ-ရဟန်းသည် အထက်ကအတိုင်း ထွက်သွားပြီးနောက် တိုက်ပြင်ရောက်သွားပြီး ကာလတွင် သင်္ကန်းလည်းပျောက်၏။ မပြန်ပြီဟုလည်း ဆုံးဖြတ်၏ ကထိန်အာနိသင် ရုပ်သိမ်းပြီးသားပင်။

၅။ ကမ္မဝါဖြင့် အာနိသင် ရုပ်သိမ်းပြီ ကြားခြင်း။

ကထိန်အာနိသင်ရ-ရဟန်းသည် အထက်ကအတိုင်း ထွက်သွား၏၊တိုက်တာ ပြင်ပရောက်နေစဉ် တိုက်ဝယ် အကြောင်းကိစ္စ ရှိလာ၍သံဃာများက ကထိန်အာနိသင် ရုပ်သိမ်းကြောင်း ကမ္မဝါဖြင့် ရွတ်ဖတ်လျက်က နှုတ်တော်မူကြ၏။ ထိုသတင်း ထိုရဟန်းသည်ကြား၏၊ ကြားသည်နှင့် အာနိသင် အလိုလို ပြယ်ပြီးသားပင်၊တိုက်တာပြန်လာရန် အာသာရှိသေး သော်လည်း ကထိန်အာနိသင်ကား မရှိတော့ပြီ။

၆။ ကမ္မဝါဖြင့် ရုပ်သိမ်းရာ၌ ကိုယ်တိုင်ပါဝင်ခြင်း။

ကထိန်အာနိသင်ရ-ရဟန်းသည် အထက်ကအတိုင်း ထွက်သွား၏။ ပြင်ပရောက်နေဆဲ၌ပင် သင်္ကန်းချုပ်ဆိုးမှုကိစ္စ ပြီးစီး၏။ တိုက်တာသို့လည်း ပြန်လာခဲ့၏။ ထိုစဉ် ကထိန်နှုတ်ရန် အကြောင်း ပေါ်လာ၍ သံဃာတို့ ကကမ္မဝါဖြင့် နှုတ်တော်မူကြ၏။ နှုတ်ရာ၌ မိမိလည်းပါ၏၊ ကမ္မဝါပြီးသည်နှင့် ကထိန်အာနိသင် ပြယ်သွားပြီ။

၇။ သင်္ကန်းစ ရလိမ့်နိုးဖြင့် ပြင်ပသို့ ထွက်ခဲ့ခြင်း။

www.dhammaransi.com



ကထိန်အာနိသင်ရ-ရဟန်းသည် အရပ်တစ်ပါး၌ သင်္ကန်းတစ်ထည်ပြည့်မီရန် သင်္ကန်းစ ရနိုးဖြင့် ထွက်သွား၏။ မပြန်ပြီဟု လည်းဆုံးဖြတ်ထား၏။ ပြင်ပသို့ ရောက်သော်လည်း မျှော်လင့်ထားသော သင်္ကန်းစကားမရပြီ၊ မရဟုလည်း ဆုံးဖြတ်သောကြောင့် အသာလည်းပြတ်သွား၏။ ကထိန်အာနိသင် ရုပ်သိမ်းပြီးသား ဖြစ်သွားပြီ။

၈။ တပေါင်းလပြည့်ရောက်သဖြင့် သက်တမ်းကုန်ဆုံးသွားခြင်း-

ကထိန်အာနိသင်ရ-ရဟန်းသည် သင်္ကန်းစရနိုးဖြင့် ပြင်ပသို့ထွက်သွားရာ ၊ ချုပ်လုပ်ပြီးစီး၍ တိုက်တာသို့ လည်းပြန်လာ၏။သို့သော် တပေါင်းလပြည့်သွားတော့ရာ အာနိသင်ကား အလိုလိုပျယ်သွားပြီ။

**မှတ်ချက်** ။ ။ အထက်ပါရှစ်မျိုးကိုပင် မာတိကာရှစ်ပါးအကြား တစ်ပါးပါးဖြင့်ကထိန်အာနိသင်နှုတ်ခြင်းဟုဆိုလိုသည်။

## ကထိန်အာနိသင်ခံထိုက်သည့် အင်္ဂါရှစ်ပါး

၁။ လက်ဦးပြုဘွယ်ကိစ္စကိုလည်း သိပိုင်ထားရမည်။

၂။ ပစ္စုဒ္ဓိရ်အကြောင်းကိုလည်း သိပိုင်ထားရမည်။

၃။ အဓိဋ္ဌာန်အကြောင်းကိုလည်း သိပိုင်ထားရမည်။

၄။ ခင်းမှုဟူသော အတ္ထာရအကြောင်းကိုလည်း သိပိုင်ထားရမည်။

၅။ မာတိကာရှစ်ပါး၏အကြောင်းကိုလည်း သိပိုင်ထားရမည်။

www.dhammaransi.com



၆။ ပလိဗောဓနှစ်ပါး၏အကြောင်းကိုလည်း သိပိုင်ထားရမည်။
၇။ ဥဒ္ဒါရနှစ်ပါး၏ (ကထိန်နုတ်ခြင်း)အကြောင်းကိုလည်း သိပိုင်ထားရမည်။
၈။ကထိန်၏အာနိသင်ငါးပါးအကြောင်းကိုလည်းသိပိုင်ထားရမည်။
မှတ်ချက်။ ။ သိပိုင်ဟူသည် ကျွမ်းကျင်ရသည်ကိုဆို၏။
ထိုတွင် ပြုဘွယ်ကစ္စဟူသည်-
သင်္ကန်းစကို ဖွပ်လျှော်ရခြင်း ၊ ပဋ္ဋခန်း ၊ သတ္တခန်းမျဉ်းချခြင်း။ ၎င်းအတိုင်းဖြတ်ခွဲရခြင်း။ ပြီးသော် တဲအပ်ဖြင့်တွဲပေးထားရခြင်း။ ချုပ်ရခြင်း ။ ဆိုးရခြင်း။ ကပ္ပဗိန္ဒုထိုးရခြင်း --- ခုနှစ်ပါး။
မှတ်ချက်။ ။ အဆင်သင့်ရနေသောခေတ်၌ ကပ္ပဗိန္ဒုထိုးမှုတစ်ခုမျှသာ။ ကြွင်းခုနှစ်ချက်တို့ကား နောက်၌ရှင်းခဲ့ပြီးပြီ။

ဤကားကထိန်ဆိုင်ရာမှတ်စု။

## သင်္ကန်း အဓိဋ္ဌာန်

သင်္ကန်းများအဓိဋ္ဌာန်တင်ပုံ နောက်၌ပြခဲ့ပြီးပြီ။
ဤ၌ အဓိဋ္ဌာန်ခေတ် အဓိဋ္ဌာန်ကျကြောင်းခေတ်ကို သာ ပြတော့မည်။ အဓိဋ္ဌာန်ခေတ်- သင်္ကန်းကိုးထည်တို့တွင်တိစီဝရိက်ခေါ် ကိုယ်ပိုင် သင်္ကန်သုံးထည်တို့သည် လက်သန်း၏လက်သဲခွံလောက် ပေါက် ပြကအဓိဋ္ဌာန်ကာလကုန်ဆုံး၏။မိုးရေခံ

www.dhammaransi.com



သက်န်းသည် မိုးလေး လကုန်တော် အဓိဋ္ဌာန်ခေတ်ကုန်၏။ ဝိကပ္ပနာပြန်၍ နောင်သုံးရန် သိမ်းထား။ကြွင်းလေးမျိုးတို့ကား အဓိဋ္ဌာန်ကျကြောင်း အင်္ဂါများ နှင့်ပြည့်စုံနေသည်နှင့် အဓိဋ္ဌာန်ခေတ်ကုန်၏။ အဓိဋ္ဌာန်ကျပြီး ဖြစ်တော့၏။

## အဓိဋ္ဌာန်ကျကြောင်း ကိုးပါး

၁။ ထိုသက်န်းများ (တစ်မျိုးမျိုး)ကို သူတစ်ပါးတို့ သို့ပေး စွန့်လိုက်သော်အဓိဋ္ဌာန်ပျက်ပြီ။အဓိဋ္ဌာန်နားသည်ကျသည်အတူတူ။

၂။ သူတစ်ပါးတို့၏ လုယက်တိုက်ခိုက်ရာ နောက်ပါသွားလည်း ပျက်ပြီ။

၃။ ရင်းနှီးသူတို့က မိမိမပေးဘဲလျက်က ယူသွားလျှင်လည်း ပျက်ပြီ။

၄။ သက်န်းရှင်က ဘိက္ခုနီဖြစ်ခဲ့သော် လူဝတ်လဲသည်နှင့်ပျက်ပြီ။

၅။ သက်န်းရှင်က ဘိက္ခုဖြစ်ခဲ့သော် သိက္ခာချသည်နှင့်ပျက်ပြီ။

၆။ သက်န်းရှင်တို့သေဆုံးသွားခဲ့သော် ပျက်ပြီ။

၇။ သက်န်းရှင်တို့ မိန်းမအသွင်မှ ယောကျ်ားအသွင် ၊ တစ်ဖန် ယောကျ်ားကလည်း ယောကျ်ားအသွင်မှ မိန်မအသွင်သို့ အတွင်း လိင်များပြောင်းသွားလျှင်လည်းပျက်ပြီ။

၈။ မိမိပိုင်သက်န်းများကို ပစ္စုဒ္ဓိုရ်ပြုလိုက်လျှင်လည်းပျက်ပြီ။

၉။ တိစီဝရိတ်တို့မှာ လက်သန်း၏ လက်သဲခွံမျှပေါက်သွားသော် ပျက်ပြီ။

www.dhammaransi.com



## သင်္ကန်းဝိကပ္ပနာ

ဝိကပ္ပနာဟူသည် မိမိသင်္ကန်းအဖြစ် မစွဲလမ်းနိုင်ရန် အထူးပြု ထားခြင်းကိုဆို၏။

မှတ်ချက်။ ။ ဤဝိကပ္ပနာပြုမှုသည် ကိုယ်ပိုင်သုံးထည်မှတစ်ပါး အပိုထားသိုသော ရဟန်းများအတွက် သင်္ကန်းကို မှီ၍ အာလယ မဖြစ်စေရန်တစ်ဦးဦးကို ပိုင်ရှင်အဖြစ် လက်လွှဲအမည်ခံခိုင်းထားပြီ ထိုအမည်ခံသူ၏ဆန္ဒအရ **သိမ်းဆည်း**ပေးထားရဟန်ပမာ အထူး ပြုထားခြင်းပင်။

ဝိကပ္ပနာပြုပုံမှာ-

သင်္ကန်းပိုကိုယူ၍ ဝိနည်းမိုရ်ထံဖြစ်စေ၊ အခြားတစ်ပါးပါးထံဖြစ်စေ သွားရောက်-

ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ - ၁ - ထည်

ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ - အများ။

ဤသင်္ကန်းကို အရှင့်အား အထူးပြုပါ၏။ ဟူ၍ပင်။

ဝိကပ္ပနာပြန်ပုံ-

မယှံ သန္တကံ ပရိဘုဥ္ဇဝါ ဝိဿဇ္ဇေဟိဝါ

ယထာ ပစ္စယံ ကရောဟိ။

ပိုင်ရှင်ထံမှ လက်ခံပြီးသောသူက အထက်ပါအတိုင်းဆို၍ ပြန်လည် ပေးအပ်ရမည်။ ၎င်းကိုပင်ဝိကပ္ပပြန်သည်ဟုဆိုသည်။ ငါပိုင်ပစ္စည်း

www.dhammaransi.com



ကိုသုံးလိုသုံး ၊ စွန့်လိုစွန့် သင်ကြိုက်သလိုပြုပေတော့ ဟူ၍ပင်။

**မှတ်ချက်** ။ ။ ရဟန်းထံမှမဟုတ် သီတင်းသုံးဖော်ငါးဦးတစ်ဦးဦး ထံမှာပင် ဝိကပ္ပနာပြုနိုင်သည်။

## အခိဋ္ဌာန် ဝိကပ္ပနာပြုခွင့်ရ သက်န်းများ

သင်္ကန်းကိုးထည်တို့တွင်

၁။ တိစီဝရိတ် ကိုယ်ပိုင်သုံး-သုံးထည်ကားအဓိဋ္ဌာန်သာတင်ရမည် ဝိကပ္ပနာမပြုရ။

၂။ နိသီဒိုန် သင်္ကန်းလည်း အဓိဋ္ဌာန်သာ ဝိကပ္ပနာမရှိ။

၃။ အိပ်ရာခင်းလည်း ၎င်းအတိုင်း။

၄။ အိပ်ယာခင်းလည်း ၎င်းအတိုင်း။

၅။ ပရိက္ခာရာတေဠ ၎င်းအတိုင်း။

၆။ မိုးရေခံ - မိုးလေးလအဓိဋ္ဌာန် ကျန်အချိန်ဝိကပ္ပနာ။

၇။ အမာလွှမ်း - အမာပေါက်ချိန် အဓိဋ္ဌာန် ကျန်အချိန်ဝိကပ္ပနာ

**မှတ်ချက်** ။ ။ နိသီဒိုန် ၊ မိုးရေခံ ၊ အမာလွှမ်း ဤသုံးထည်တို့ကား ယခုခေတ် မတွေ့ကြရတော့။ဝိကပ္ပနာမှုသည် မိမိသုံးထက်ပိုလ သည်များကိုသာ ပြုရမြဲ။

www.dhammaransi.com



## ပရိက္ခာရာတေဠအဖြစ် အဓိဋ္ဌာန်တင်လိုသော်

ပရိက္ခာရာတေဠဟူသည်-
ကိုယ်ပိုင်အသုံးအဆောင်များပင်ဖြစ်ကြပြီး မိမိထားလိုသမျှ ထားခွင့် ရှိသော အရာများပင်ဖြစ်၍ တိစီဝရိက် စသည်များ လည်း ပါဝင်၏။ ၎င်းတို့မှာ သပိတ်အိတ် ၊ ဘိနပ်အိတ် ၊ လက်သုတ်ပုဝါ လက်ကိုင်ပုဝါ စသည်များမှသည် အရုံထား သက်န်းကိုးထည် တို့ပါဝင်၏။ သင်းပိုင် ၊ ကေသီ ၊ ဒုကုဋ်အမည်မထည့်တော့ပဲ အသုံးအဆောင်ဟူသောအမည်ဖြင့်သာ တင်ထားခြင်းပင်။ ထိုသို့ အမည်ထူးမတပ်ပဲတင်ထားသော် ဝိကပ္ပနာပြုဖို့ပင်မလို။ ထိုအထည်များစွာပင်တစ်ခါတည်း ဆိုတင်ကလည်း ပြီးစီးသည်။ တင်ပုံမှာ-
ဣမံစီဝရံ ပရိက္ခာရာတေဠ အဓိဋ္ဌာမိ ---- တစ်ထည်။
ဣမာနိ စီဝရာနိ ပရိက္ခာရတေဠာနိ အဓိဋ္ဌာမိ ---- အများ
**မှတ်ချက်** ။ ။ ကိုယ်သုံးတိစီဝရိက်ကစ၍ သက်န်းအားလုံး ဤနည်းဖြင့် တင်က အများအစားပင်တင်နိုင်ပြီ။ သို့သော် ကိုယ်သုံး တိစီစရိတ်များကိုကား နောက်ကဆိုခဲ့ပြီးအတိုင်း အဓိဋ္ဌာန်တင် ခြင်းက ပို၍သင့်လျော်သည်။

အကယ်၍ သူ့အမည်နှင့်သူဆိုပါက တိစီဝရိက် ၊နိသီဒိုန်၊ မိုးရေခံ ၊ အမာလွှမ်း ထိုခြောက်မျိုးတို့သည်ကား တစ်ထည်စီမျှသာ

www.dhammaransi.com



တင်ခွင့်ရပြီး တစ်ထည်ပျက်မှ ထိုတစ်ထည်စွန့်၊ ပစ္စုဒ္ဒိုရ်ပြု နောက် အသစ်တစ်ထည်အဓိဋ္ဌာန်ထပ်တင်၍သုံးရမည်ဤသို့တင်နည်း နှစ်မျိုး အကျိုးသွားနှစ်ခုသတိပြုလေ။

က။ပရိက္ခရာတေဋ္ဌနှင့်တင်ကအားလုံးအများအစားတင်ထားနိုင်၏။

ခ။ သူ့အမည်နှင့်သူတင်က ခြောက်မျိုးကား တစ်ထည်စီသာ၊

မှတ်ချက် ။ ။ ခြောက်မျိုးကား တိစီဝရိက်၊ နိသီဒိုရ်၊ မိုးရေခံ၊ အမာလွှမ်း။

ဤကား အဓိဋ္ဌာန်ဝိကပ္ပနာများ၏ မှတ်စု။

၄။ နိသဂ္ဂိကိစ္စ-

ဤသိက္ခာပုဒ်အရ-သင်္ကန်းကိစ္စလည်းပြီး၊ ကထိန်နုတ်ပြီး လည်းဖြစ်နေသော် အပိုအလျှံသင်္ကန်းများ အဓိဋ္ဌာန်၊ ဝိကပ္ပနာမပြု ပဲ၁၀ရက်ထက်ကျော်လွန်အောင်ထားကနိသဂ္ဂိပါစိတ်သင့်တော့မည်။

## သင်္ကန်းလည်းစွန့် အပြစ်လည်းကုစား

ဤသိက္ခာပုဒ်အရ ( နောက်မျာ်းလည်းနည်းတူ ) အစီအရင်မှာ-

က။ ပဌမ သင်္ကန်းစွန့်။

ခ။ ထို့နောက် ဒေသနာကြား၊ ဒေသနာကြားပုံ အခြားမှာရှာရှု။

သင်္ကန်းစွန့်ရပုံမှာ-

ဣဒံမေစီဝရံ ဒသာဟ တိက္ကန္တံ နိသဂ္ဂိယံ

ဣမာဟံ အာယသ္မတော နိသဇ္ဇါမိ ---- ၁ ထည်

www.dhammaransi.com



ကြမာနိ စီဝရာနိ ဒသာဟာတိက္ကန္တ နိသဂ္ဂိယာနိ

ကြမာနိ အဟံ အာယသ္မာတော နိသဇ္ဇာမိ --- အများ

ဤသို့ဆိုကာ - ပေးစွန့် ၊ ပြီးဒေသနာကြား-

ထို့နောက် လက်ခံသောရဟန်းကလည်း

ကြမံစီဝရံ အာယသ္မာတော ဒမ္မိ ---- ၁ထည်

ကြမာနိ စီဝရာနိ အာယသ္မါတော ဒမ္မ --- အများ

ထိုသို့ဆိုကာပြန်လည်ပေး ၊ ပြီးအဓိဋ္ဌာန်ဝိကပ္ပနာပြု။

အကယ်တိတိ-ပါဠိလိုမဆိုတတ်ခဲ့သော်-

အရှင်ဘုရား-

တပည့်တော် ဤသင်္ကန်း(ဤသင်္ကန်းများ) ၁၀ရက်လွန်မြောက်

သွားသဖြင့် နိသဂ္ဂိ ထိုက်နေပါသည်။ ဤသင်္ကန်းကို

အရှင်ဘုရားအား တပည့်တော်စွန့်ပါ၏ - ဟုဆို၍ပေးစွန့်။

ဤကား ပထမ ကထိန သိက္ခာပုဒ်ဆိုင်ရာမှတ်စု။

၂။ သင်္ကန်းကိစ္စ လည်းပြီးစီးနေပြီ ကထိန်အာနိသင်လည်း ရုပ်သိမ်းပြီးဖြစ်နေပြီ။ရဟန်းသည် တိစီဝရိက်သင်္ကန်းနှင့် တစ်ညဥ့် မျှကင်းကွာနေအံ့။ထိုရဟန်း-သင်္ကန်းလည်းစွန့်၊ ပါစိတ်အာ ပတ်လည်းသင့်စေ။ အထက်ပါသိက္ခာပုဒ်ကဆိုခဲ့ပြီး။ သင်္ကန်းကိစ္စ၊ ကထိန်ကိစ္စ (စီဝရ ပလိဗောဓ၊ အာဝါသပလိဗောဓ) နှစ်မျိုးစလုံး ပြီးဆုံးပြီးနောက် မိမိကိုယ်ပိုင် ဝတ်ရုံရန်အတွက်အဓိဋ္ဌာန်တင်ထား

www.dhammaransi.com



သော တိစီဝရိုက်သုံးထည် တစ်ထည်ထည်နှင့် ညဉ့်ကင်းမနေရ။ တစ်ညဉ့်ကင်းလျှင် အာရုဏ်တက်သည်နှင့်အာပတ်သင့်၏။

**မှတ်ချက်** ။ ။ ရဟန်းဝိနည်းအရာ၌ ညဉ့်ကိုအာ ရုဏ်ဖြင့် ဆုံးဖြတ်မြဲပင်။ညဉ့်ကင်းသော်လည်း ဂိလာနဖြစ်နေ၍ သံဃာထံ တပည့်တော်သင်္ကန်းများသယ်ဆောင်ရန် အင်အားမရှိပါသဖြင့် ထိုသုံးထည် တစ်ထည်ထည်မှ ကင်းခွင့်ပြုကြပါရန် ပန်ကြား ထားသောကြောင့်သံဃာကင်းခွင့်ပြုကြောင်း သမ္မုတိပေး ( အသိ အမှတ်ပြု ) ထားသောရဟန်း အာပတ်မသင့်။

## သင်္ကန်းထားခဲ့နိုင်သောနေရာများ

ရဟန်းသည်

ဂိလာနဖြစ်နေ၍ ကုသရန်အရပ်တစ်ပါးသို့ သွားလိုလတ်သော်- အောက်ပါနေရာများ ( လုံခြုံသည့်နေရာများ ) ဝယ် မိမိမနိုင်သော သင်္ကန်းထားခွင့်ပြုထားသည်။ ၄င်းတို့မှာ-ရွာ၊ ရိုးရိုးအိမ်၊ ဘဏ္ဍာ တိုက်၊ ပြဿဒ်၊ ရိုးရိုးပြဿဒ် (ပြဿဒ်ကတုံး) ၊ လှေ၊ လှည်း၊ ပြအိုး၊ လယ်ကွင်းတဲ ၊ ကောက်နယ်တလင်းတဲ၊အရာမ်ကွင်း၊ လွင်ပြင်၊ သစ်ပင်၊ ကျောင်း၊ **တန်ဆောင်** ပေါင်းတစ်ဆယ့်ငါး။

နသင်္ဂိစွန့်ပုံ-

ကြွဒ်မေဘန္တေ စီဝရံ **ရတ္တိဝိပ္ပ** ဝုတ္ထံ နိသဂ္ဂိယံ

www.dhammaransi.com



ဣမာဟံ အာယသ္မာတော နိသဇ္ဇမိ --- တစ်ထည်

ဣမာနိ စီဝရာနိ မေဘန္တေ ရတ္တဝိပ္ပဝုတ္ထံ နိသဂ္ဂိယာနိ

ဣမာနိ အဟံ အာယသ္မာတော နိသဇ္ဇမိ ---

နှစ်ထည်သုံးထည် မြန်မာလို-

အရှင်ဘုရား-

တပည့်တော်၏ ဤသင်္ကန်း ( ဤသင်္ကန်းများ) သည် ညဥ့်ကင်းလျက်ဖြစ်နေပါသဖြင့် နိသဂ္ဂိထိုက်နေပါပြီ။ သို့ကြောင့်-ဤသင်္ကန်း (ဤသင်္ကန်းများ) ကို အရှင်ဘုရားအားစွန့်ပါ၏။ဆို၍အပ်ပြီး ဒေသနာကြား ၊ ထို့နောက်လက်ခံရဟန်း**ကလည်း** အထက်က အတိုင်း ပြန်ပေး။

နိသဂ္ဂိမထိုက်ရန်စောင့်ရှောက်နည်း-

မိမိထားခဲ့ရာနေရာဒေသ ၊ မိမိထားခဲ့သောသင်္ကန်းကိုမှန်းလျက်က အရုဏ်မတက်မီ ပစ္စုဒ္ဓိုရ်ပြုပြီး အဓိဋ္ဌာန်ပြန်တင်ထားက နိသဂ္ဂိ မထိုက်။

ဤကား ဒုတိယကထိနသိက္ခာပုဒ်၏ မှတ်စု။

၃။ သင်္ကန်းကိစ္စကလည်းပြီးဆုံးနေပြီ-

ကထိန်အာနိသင်ကလည်း ရုပ်သိမ်းပြီးဖြစ်နေပြီ။ ထိုအချိန်ဝယ် ရဟန်းသို့ အခါမဲ့သင်္ကန်းလာရောက်လှူဒါန်းခဲ့ချေသော်-

ရဟန်းသည် အလိုရှိက ခံယူနိုင်သည်။ -ခံယူပြီးသည်နှင့်ချက်ချင်း

www.dhammaransi.com



( ၁၀ ရက်အတွင်း ) အပြီးအစီး ပြုလုပ်ရမည်။

အကယ်တိတိ-

ကဲ။ အလျှုခံထားပြီး သင်္ကန်းစကလည်း အထည်ပြည့်မချုပ်လောက်၊

ခ။ နောက်ထပ်ရရန်လမ်းစကလည်း မျှော်လင့်ချက်ရှိသေးဆိုလျှင်-

ထိုရရန်လေးကိုမျှော်တွေးလျက်က-

တစ်လအထိ ( အဓိဋ္ဌာန်-ဝိကပ္ပနာမပြုပဲ ) ထားနိုင်သေးသည်။

တစ်လကျော်သော်ကား မျှော်လင့်ချက်ရှိရှိ၊ မရှိရှိ မထားရတော့။

ထားခဲ့သော်- ထိုရဟန်းသင်္ကန်းလည်းစွန့် ၊ ပါစိတ်အာပတ်လည်း

သင့်စေ။

## ကထိန်ခေတ်သည် သင်္ကန်းကာလ

ကထိန်အာနိသင်မရခဲ့သော်-

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်းဆောင်မုန်းလပြည့်အထိ

တစ်လ။ရခဲ့သော်-တပေါင်းလပြည့်နေ့အထိ ၅လထိုကထိန် ကာလ

သည်ပင် သင်္ကန်းကာလမည်၏။

သို့ကြောင့်-

www.dhammaransi.com



အခါမဲ့သင်္ကန်းဟူသည်-

တပေါင်းလပြည့်ကျော် ၁ ရက်မှ နောက်သီတင်းကျွတ်လပြည့်နေ့အထိ ၇ လအတွင်းအလှူခံ၍ရသော သင်္ကန်းစကိုသာဆို၏။

**မှတ်ချက်။** ။ အာနိသင်မရလေသူ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှစ၍ နောက်တင်းသီကျွတ်လပြည့်နေ့ထိ၁၁- လဖြစ်ပေလိမ့်မည်။

ရသူသော်မှလည်း သင်္ကန်းကလည်းချုပ်ဆိုးပြီးသား အပြီးအစီး ကထိန်အာနိသင်ခံရာကျောင်းမှလည်း အပြီးထွက်ခွာခဲ့ပြီးပြီဆိုက ထိုအချိန်မှစတင်ကာ နောက်သီတင်းကျွတ်လပြည့်အထိ ၁၁ လ၊ ၁၀လ စသည်ဖြစ်ပေလိမ့်မည်။

**အခါမဲ့ရခဲ့လျှင်**

- ဒါယကာတို့၏စေတနာငဲ့သောကြောင့်ဖြစ်စေ၊
- မိမိကိုယ်နှိုက်ကပင် မပြည့်စုံသေးသောကြောင့်ဖြစ်စေ၊

ထိုကထိန်ခေတ် မဟုတ်ရာကာလအတွင်း-

ရလှာသောသင်္ကန်းစဖြစ်ခဲ့လျှင် ရ-ရချင်း ပရိက္ခရာဘေဥ္စအဓိဋ္ဌာန်သော်လည်းကောင်း၊ ဝိကပ္ပနာသော်လည်းကောင်း ပြုထား။

အကယ်တိတိ-

သင်္ကန်းအဖြစ်ချုပ်ဆိုးပြီးမှသာ အဓိဋ္ဌာန်ဝိကပ္ပနာပြုမည်ဟုကြံရွယ်ထားလေသူဖြစ်က

ပထမကထိနသိက္ခာပုဒ်၏ခွင့်ပြုချက်အရ ၁၀ ရက်အတွင်း

www.dhammaransi.com



အပြီးအစီးချုပ်ဆိုးပြီး အဓိဋ္ဌာန်ဝိကပ္ပနာတစ်ခုခုတင်။ထိုဆယ်ရက်အတွင်း(တပေါင်းလပြည့်ကျော် ၁၀ ရက်အတွင်း)သော်မှ သင်္ကန်းစများက တစ်ထည်လောက်ရရန် လိုသေးဆိုက နောက်ထပ်ဆယ်ရက်နှစ်ပြန်စာ ရက်နှစ်ဆယ်တိုးမြှင့်ထားနိုင်သေး။ (တာကူးလပြည့်နေ့အထိ ထားခွင့်ရှိသေး။)ထို့ထက်ကျော်လွန်ကာ အဓိဋ္ဌာန်ဝိကပ္ပနာမပြုပဲထားမိကသင်္ကန်း ကိုလည်းစွန့်ရတော့မည်။ပါစိတ်အာပတ်လည်းသင့်တော့သည်။

စွန့်ပုံ - ဣဒံမေ ဘန္တေ စီဝရံ မာသာတိက္ကန္တံ နိသဂ္ဂိယံ၊

ဣမာဟံ အာယာသ္မာတော နိသဇ္ဇာမိ -- ဆို၍စွန့်။

ဒေသနာကြားပုံ၊ ပြန်လည်ပေးပုံတို့ကား အထက်နှင့်အတူတူ-

၄။ အကြွင်ရဟန်းသည်-

ဆွေမျိုးမတော်သူ ဘိက္ခုနီမအား သင်္ကန်းဟောင်းကို

က။ လျှော်ဖွပ်မှုလည်းခိုင်းအံ့၊

ခ။ သို့မဟုတ် ဆေးဆိုးမှုလည်းခိုင်းအံ့၊

ဂ။ သို့မဟုတ် ထုနှက်၊ ဆုပ်နယ် မှုလည်းခိုင်းအံ့၊

ထိုရဟန်း သင်္ကန်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

### အထက်ဆွေခုနှစ်ဆက်၊ အောက်မျိုးခုနှစ်ဆက်

* က။ အထက်ဆွေခုနှစ်ဆက်တို့မှာ-

အဘ၊အဘိုး၊ဘေး၊ဘီ၊ဘင်၊ဘောင်၊ဘော ပေါင်းခုနှစ်ဆက်။

www.dhammaransi.com



**မှတ်ချက်။** ။ အဘ၊ အဘိုးစသည်များနှင့် သားဆက်မကင်းကြ လေသော အမိ၊ အဖွား စသည်များပါယူ။

၁။ အောက်မျိုးခုနှစ်ဆက်တို့မှာ-

သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆတ် - ပေါင်းခုနှစ်ဆက်။

**မှတ်ချက်။** ။သား၏မယားနှင့် (သမီး၏လင်စသည်လည်းနည်းတူ) ထိုမယားဘက်၊ လင်ဘက်တို့မှ ဆက်သွယ်လာသော သူတို့သည် ( ယောက္ခ၊ ယောက္ခမစသည်တို့သည် )

မျိုးစာရင်းဝယ်မပါချေ----

အထက်ပါဆွေဆက်၊ မျိုးဆက်မဟုတ်လေသူများကို မိမိ၏ သက်န်းဟောင်း လျှော်၊ ဖွပ်၊ ထုထောင်း၊ အဆိုးမခိုင်းအပ်။

- လျှော်ဖွပ်ခိုင်းက နိဿဂ္ဂိပါစိတ်အာပတ် တစ်ပြစ်၊
- ထုထောင်းခိုင်းကလည်း တစ်ပြစ်၊
- ဆိုးရည်အဆိုးခိုင်းကလည်း တစ်ပြစ်ပင်။

**မှတ်ချက်။** ။ ထိုသုံးမျိုးစလုံးခိုင်းလျှင် တစ်မှုမှာသာ နိဿဂ္ဂိပါစိတ် အာပတ်၊ ကျန်နှစ်မှုဒုက္ကဋ်၊ နှစ်မျိုးခိုင်းလျှင် တစ်မှုနိဿဂ္ဂိပါစိတ်၊ တစ်မှု ဒုက္ကဋ်သာ။

သက်န်းဟောင်းဟူသည်-

တစ်ကြိမ်မျှဝတ်ရုံဘူးလျှင် အဟောင်းဆိုရ၏။ ယုတ်စွအဆုံး ပခုံးတင်၊ ခေါင်းအုံး တစ်ကြိမ်မျှပြုလုပ်ဘူးလျှင်ပင် အဟောင်း စာရင်းဝင်သွားပြီ။

www.dhammaransi.com



၅။ အကြင်ရဟန်းသည်-

ဆွေမျိုးမတော်သော ဘိက္ခုနီမလက်မှ သက်န်းကိုခံယူအံ့-ထိုရဟန်း သင်္ကန်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

✱ ရဟန်းမတို့သည် ရဟန်းများလောက် လာဘ်လာဘမပေါများရှာကြ။ သို့ကြောင့် ငဲ့ညှာသောအားဖြင့် ၎င်းတို့ထံမှ အလှူမခံကောင်း၊ လှူသော်မှလည်း မယူကောင်း၊ ယူသော် ဤသိက္ခာပုဒ်အရ အပြစ်ထိမည်။

**မှတ်ချက်။** ။ သင်္ကန်းချင်းလဲလှယ်ပါရန် လျှောက်ထားလာကလဲလှယ်ကောင်း၏။

အကယ်တိတိ ထိုဘိက္ခုနီမ( ရဟန်းမ) က လာဘ်လာဘပေါများလှသဖြင့် လှူလိုသော်မှ လှူ၊ သာမဏေတို့ကတစ်ဆင့်သာလှူရမည်ဆို၏။ ယခုခေတ် ဘိက္ခုနီမ အထင်အရှားမရှိ၊ သီလရှင်များသာရှိတော့သည်။ ၎င်းတို့နှင့်လည်းဤသို့သာဆက်ဆံသင့်သည်။

ဤကား စီဝရ ပဋိဂ္ဂဟ သိက္ခာပုဒ်မှတ်စု။

၆။ အကြင်ရဟန်းသည်-

ဆွေမျိုးမတော်သော အိမ်ရှင်၊ အိမ်ရှင်မများသို့ သင်္ကန်းတောင်းယူအံ့။

ထိုရဟန်းသင်္ကန်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

✱ ဤ၌-သင်္ကန်းဟုဆိုသော်လည်းပိတ်တို၊ ဖျင်စမှသည်အဝတ်အားလုံးပါဝင်၏။

www.dhammaransi.com



တောင်းရာ၌လည်း သင်္ကန်းမှသာမဟုတ် အခြားပစ္စည်းများလည်း ဆွေမျိုးမတော်သူ့ထံ၊ ဖိတ်ကြားထားသူ မဟုတ်သူ့ထံ ကာယ ဝိညာတ်၊ ဝစီဝိညာတ် ကိုယ်လှုပ်နှုတ်ဖွင့်မတောင်းကောင်း။ နောက်၌လာလတ္တံ့။

**မှတ်ချက်။** ။ခိုးသူစသည်တို့ လုယက်ခံရသောအခါမျိုး၊မီးလောင်၊ ခြကိုက်သဖြင့်ပျက်စီးသွားသောအခါမျိုးဆိုက မည်သူ့မဆို တောင်း ကောင်း၏။

အကယ်တိတိ လူနေအိမ်ခြေမနီး၍ တောင်းစရာမရှိသော် လုံးတီးကားမသွားကောင်း၊ ကိုယ်တိုင်သစ်ခက်၊ လျှော်များချိုးယူပြီး အဝတ်ကဲ့သို့တွဲစပ်ကာ ဝတ်၍သာသွားရမည်။

ဤကား အညာတက ဝိညာတ္တိ သိက္ခာပုဒ်၏မှတ်စု။

၇။ ထိုအလုယက်ခံ၊ အဖျက်ခံရဟန်းကို-

ဆွေမျိုးမတော်ကြကုန်သော အိမ်ရှင်၊ အိမ်ရှင်မများက သင်္ကန်း များဖြင့် အလှူခံပါရန် ဖိတ်ကြားလာခဲ့သော်-

သင်းပိုင်၊ ကိုယ်ရုံထက်ပိုမယူရ၊ ယူခဲ့သော်-

ထိုရဟန်း - ထိုအပိုယူသင်္ကန်းလည်းစွန့် ပါစိတ်အာပတ်လည်း သင့်စေ။

✳ က- သင်္ကန်းသုံးထည်ဖြင့်ခရီးလှည့်လည်စဉ် ထိုသုံးထည်စလုံး အလုအယက်ခံရမှ သင်းပိုင်၊ကိုယ်ရုံနှစ်ထည်သာ အလှူခံ ကောင်းသည်။

www.dhammaransi.com



ခ- သင်းပိုင်၊ ကိုယ်ရုံနှစ်ထည်ဖြင့်သာ လှည့်လည်ရာ ယင်းနှစ်ထည် စလုံးပါသွားလျှင်လည်းသင်းပိုင်၊ ကိုယ်ရုံ နှစ်ထည်သာ အလှူခံကောင်းသည်။

ဂ- စကတည်းက တစ်ထည်တည်းဖြင့်လှည့်လည်ရာ ထိုတစ်ထည် ပါသွားလျှင်လည်း သင်းပိုင်၊ ကိုယ်ရုံ နှစ်ထည်သာ အလှူခံကောင်းသည်။

မည်သည့်သင်္ကန်းပျက်ပျက် ဤသင်းပိုင်၊ ကိုယ်ရုံတစ်စုံထက် ပိုမယူရ။

**မှတ်ချက်။** ။ ဆွေမျိုး၊ ဖိတ်ကြားထားသူများက လာလှူသော်ဒွိစုံ ထက်ပိုသော်လည်း အပြစ်မရှိ။

ဤကား တတုတ္တရိ သိက္ခာပုဒ်၏မှတ်စု။

၈။ ငါတို့မိသားစုသည်-

ဤသင်္ကန်းဖိုးဖြင့် သင်္ကန်းဝယ်ပြီး ဤရဟန်းသို့သွားရောက်လှူကြပါအံ့-

ဤသို့ကိုင်ပင်သံ သတင်းကြားဖြင့်ပင် အကြင်ရဟန်းသည်-

ဆွေမျိုးမတော်သော အိမ်ရှင်၊ အိမ်ရှင်မတို့ထံသို့ ပင့်ဖိတ်ထားခြင်း မရှိပဲ - ဒါယကာတို့-

ငါတောင်းပန်ပါ၏။ နည်းနည်းလောက်စဉ်းစားကြစမ်းပါ။ သင်တို့ လက်ဝယ်ရှိသင်္ကန်းဖိုးဖြင့် ဤလိုသင်္ကန်းမျိုးကိုဝယ်၍ ငါ့အား ဖုံးလွှမ်းပေးစေချင့်ပါ၏။

www.dhammaransi.com



ဤသို့ အကောင်းစားရလိုရေးကို မျှော်တွေး၍ သွားရောက်စီမံအံ့။ ထိုရဟန်း သင်္ကန်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

✳ ဤသိက္ခာပုဒ်သည်-

ဆွေမျိုးမတော်သော ဒါယကာ၊ ဒါယိကာမနှစ်ဦး ၄င်းတို့ဖာသာ ထိုရဟန်းအတွက်ရည်စူးပြီး သင်္ကန်းဖိုးစုကာ တိုင်ပင်သံကို ကြားရသဖြင့် မိမိဖာသာသွားရောက်စီမံမှုကို တားမြစ်သော သိက္ခာပုဒ်ပင်။

**မှတ်ချက်။** ။ယခင်ကပင် တပည့်တော်တို့ အရှင်ဘုရားအတွက် သင်္ကန်းဖိုးစုနေပါပြီ၊ ကြွရောက်စီမံပါ၊ ဖိတ်ကြား ဘူးထားလျှင် အပြစ်မရှိ။ ရည်မှန်းထားသောသင်္ကန်းဖိုးထက် နည်းရန်၊သက်သာရန်အကြံဖြင့် မဖိတ်ကြားပဲသွားရောက်စီမံကလည်း အပြစ်မရှိ။ မိမိနှင့်ဆွေမျိုးတော်သဖြင့် မိမိသုံးလိုရာ မိမိနှင့်လိုက်ဖက်ရာများကို သွားရောက်စီမံပေးကလည်း အပြစ်မရှိ။

ဤကား ပထမ ဥပက္ခဋ သိက္ခာပုဒ်မှတ်စု။

၉။ ဒါတိယ နှစ်အိမ်ထောင်သည်-

သင်္ကန်းဘိုးများ ကိုယ်စီကိုယ်ငှ စုဆောင်းကြပြီးလျှင် ဤရဟန်းသို့ သွားရောက်လှူဒါန်းကြပါအံ့။

အကြင်ရဟန်းသည်-

ဆွေမျိုးမတော်စပ်သော ထိုနှစ်အိမ်ထောင် အိမ်ရှင်၊ အိမ်ရှင်မများ

www.dhammaransi.com



ထံသို့စီမံပါရန် ပင့်ဖိတ်ထားခြင်း အလျဉ်းမရှိပါပဲ ဒါယကာတို့- သင်တို့လက်ဝယ်ရှိ သင်္ကန်းဘိုးအသီးသီးကို တစ်ပေါင်းတည်းပြုပြီး ဤလိုသင်္ကန်းမျိုးဝယ်ပြီး ငါ့အားဖုံးလွှမ်းလျှင် ကောင်းမည်ဟုထင်ပါ၏။ ငါ့အားဖုံးလွှမ်းရန်လည်း ငါတိုက်တွန်း၏။

ဤသို့အကောင်းစားရရေးကို မျှော်တွေးကာ သွားရောက် **စီမံအံ့**။ ထိုရဟန်း သင်္ကန်းရလာသော် သင်္ကန်းလည်းစွန့် ပါစိတ် အာ**ပတ်**လည်းသင့်စေ။

* အထက်သိက္ခာပုဒ်က မိသားစုတစ်စုတည်းကို သွား**ရောက်** ညှဉ်းပြီး၊ ဤသိက္ခာပုဒ်က မိသားစုနှစ်စုထံ သွားရော**က်ညှဉ်းဆဲ** ခြင်းပင်။

**မှတ်ချက်**။ ။ ညှဉ်းဆဲခြင်းမှာ ငွေအပိုကုန်ကျစေလိုခြင်း၊ စိတ်မသက်သာစေခြင်းများပင်။ ဉာတိပဝါရိတ(ဆွေမျိုး၊ဖိတ်ကြားထားသူ)မဟုတ်သမျှ သင်္ကန်းမှမဟုတ်အခြားကျောင်းစသည်များ သွားရောက်ကာ ဤသို့စီမံမိလျှင်လည်း ဤသိက္ခာပုဒ်များအရ အပြစ်မလွတ်။ မိမိ၏မိသားစုများဖြစ်ခဲ့ပါမူ ဤသို့ သွားရောက်ကာ အထူးစီမံပါသော်လည်း သဒ္ဓါပန်းညှိုးနိုင်စရာ အကြောင်းပေါ်၍ အပြစ်လွတ်သည်ဆို၏။

ငါတို့၏အယူမှာ မိမိ၏မိသားစုဝင် ဆွေမျိုးဖြစ်စေ၊ ဖိတ်ကြားထားသူဖြစ်စေ၊ တစ်စိမ်းတစ်ရံစာဖြစ်စေ ရဟန်းသည် ဒါယကာတို့ အလိုလိုဖြစ်ပေါ်လာသော စမ်းရေပမာသဒ္ဓါကိုသာ

www.dhammaransi.com



ရမြဲဖြစ်ရာ ကာယဝိညာတ်၊ ဝစီဝိညာတ်လွတ်လေကောင်းလေထင်မိ၏။

ဤကား ဒုတိယ ဥပက္ခ သိက္ခာပုဒ်မှတ်စု။

၁၀။ ရဟန်းကိုရည်စူးလျက်က-

မင်းကဖြစ်စေ၊ မိဖုရားနှင့်အမတ်များကဖြစ်စေ၊ ပုဏ္ဏားများက

ဖြစ်စေ၊ အိမ်ရှင်(အိမ်ရှင်မ)များကဖြစ်စေ-

အမောင် ဤသင်္ကန်းဘိုးဖြင့်သင်္ကန်းဝယ်ယူပြီး

ဤရဟန်းသို့ သွားရောက်လှူဒါန်းပါချေ။

ဤသို့ မင်းချင်းစသည်တို့ကို စေခိုင်းအံ့။

ထိုသူကလည်း သင်္ကန်းဘိုးယူပြီး ထိုရဟန်းထံချဉ်းကပ်ခါ

အရှင်ဘုရား-

ဤသင်္ကန်းဘိုးသည်အရှင်ဘုရားအတွက်ရည်စူး၍ယူလာသည်ဖြစ်ရာ ဤသင်္ကန်းဘိုးကိုအလှူခံစေချင်ပါသည်ဟု လာရောက်လျှောက်အံ့။

ထိုရဟန်းသည်-ထိုတမန်ကို

ငါ့ရှင် ဒါယကာ-ငါတို့ကား သင်္ကန်းဘိုးအလှူမခံ သင်္ကန်းကိုသာ အလှူခံ၏။ ဤသို့ပြောဆိုသင့်သည်။

တစ်ဖန် ထိုတမန်ကလည်း တစ်ဆင့်တက်လာကာ-

အရှင်ဘုရားတို့အားဝတ်ကြီးဝတ်ငယ်ပြုစုနေသူတစ်ဦးတစ်ယောက်များရှိပါသလား၊ ဤသို့မေးလျှောက်ခဲ့သော်-

www.dhammaransi.com



သက်နှ်းအလိုရှိသောရဟန်းဖြစ်ပါက -
အနီးရှိ ဝေယျာဝစ္စပြုလေ့ရှိသော အရာမ်စောင့်ကိုဖြစ်စေ၊ဥပသကာကိုဖြစ်စေ ရည်ညွှန်း၍ ငါ့ရှင်ဒါယကာ-
ဤသူကား ငါတို့၏ဝေယျာဝစ္စပြုနေကျ ဒါယကာပေတည်း။ဤသို့ကားညွှန်ကြားကောင်း၏။
ထိုတမန်သည်လည်း-
ထိုဝေယျာဝစ္စပြုလုပ်တတ်သူ ဒါယကာထံသွားရောက်ပြီးအကျိုးအကြောင်းပြောပြီးသော် ရဟန်းထံပြန်လှည့်လာကာ-
အရှင်ဘုရား-
အရှင်ဘုရားသည် ဝေယျာဝစ္စဒါယကာကို ညွှန်ပြခဲ့ပြီးပါပြီ။တပည့်တော်သည်လည်း ထိုဝေယျာဝစ္စဒါယကာကို သညာအမှတ်ပေးထားခဲ့ပြီးပါပြီ။
အရှင်ဘုရားသည်-
သင့်လျော်ကပ်ရာအခါ၌ ထိုဒါယကာထံချဉ်းကပ်တော်မူပါ။ထိုဒါယကာကလည်း အရှင့်အား သင်္ကန်းဖြင့်ပင်ဖုံးလွှမ်းပေးပါအံ့။
ဤသို့လျှောက်ကြားအံ့-
ရဟန်းတို့ သင်္ကန်းအလိုရှိသောရဟန်းသည် ထိုသင်္ကန်းဘိုးလက်ခံထားသူဒါယကာထံ -
ငါ့ရှင်ဒါယကာ ငါသည်သင်္ကန်းဘိုးအလိုရှိ၏။
က။ ဤသို့ တစ်ကြိမ်မှနှစ်ကြိမ်၊ နှစ်ကြိမ်မှသုံးကြိမ်အထိ
တောင်းနိုင်၊ သာယာနိုင်၏။ မရခဲ့သော်-

www.dhammaransi.com



ခ။ လေးကြိမ်မှငါးကြိမ်၊ ငါးကြိမ်မှခြောက်ကြိမ် မြောက်သည်ထိ သင်္ကန်းရမှုကိုရည်ညွှန်းလျက်က နှုတ်ဟမမြွက် ငြိမ်သက်သက် သွားရောက် ရပ်ပြနိုင်၏။
ထိုသုံးကြိမ်တောင်း၊ ခြောက်ကြိမ်ရပ်အတွင်း သင်္ကန်းကိစ္စပြီးစီး လျှင်ကောင်း၏။ အပြစ်မရှိသေး။ ထို့မှကျော်လွန်မှပြီးစီးစေသော်ကား-
ထိုရဟန်း သင်္ကန်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

အကယ်၍ သင်္ကန်းကိစ္စမပြီးစီးခဲ့ချေသော်-
ထိုသင်္ကန်းဘိုးလှူထားလေသူ ပိုင်ရှင်ဒါယကာထံသို့ကိုယ်တိုင် လျှင်သွားရောက်၍ဖြစ်စေ၊ တမန်စေလွှတ်၍ဖြစ်စေ
✱ အလှူရှင်တို့ သင်တို့သည် ဤရဟန်းကို ရည်ညွှန်း၍ သင်္ကန်းလှူရန်စေလွှတ်ခဲ့ပြီ။ထိုရဟန်းအတွက်တစ်စုံတစ်ရာအကျိုး ခံစားခွင့် မရပါချေ။
သင်တို့သည် မိမိတို့သင်္ကန်းဘိုးပြန်လည်ရရှိရန်အားထုတ်ကြပါကုန်။ သူတစ်ပါးလက် အလကားသက်သက် အဆုံးရှုံးမခံကြပါကုန်လင့်။ ဤသို့ သွားရောက်အကြောင်းကြားရမည်။

ထိုသို့ လူလွှတ်၍ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ သွားရောက် အကြောင်း ကြားခြင်းသည် ဤသင်္ကန်းကိစ္စ မပြီးစီးရာ၌ ရဟန်းတို့ ပြုကျင့်ရမည့်ဝတ္တရားတည်း။

www.dhammaransi.com



✷ ဤသိက္ခာပုဒ်သည်-
ရဟန်းများနှင့်မအပ်စပ်သော ရွှေ၊ ငွေ စသည်လာလှူခဲ့သော် ဆောင်ရွက်ရန် အစီအမံများကို ညွှန်ကြားသောသိက္ခာပုဒ်ပင်။

**မှတ်ချက်။** ။ ထိုစီမံမှုသည်လည်း အစွေကစီဝရကဲ့သို့ အဆောတလျှင်၊ရှောင်တခင် ကိစ္စမျိုးကြုံမှုသာ။ တမင်သက်သက်ဆိုပါက နောက်လာမည့် ဇာတရူပရဇတသိက္ခာပုဒ်နှင့် ကွင်းစွပ်ခံရဦးမည်။ ဤသိက္ခပုဒ်၏ဝတ္ထုကြောင်းကိုလည်း လေ့လာဦး။
ဤသိက္ခာပုဒ်၏ဝတ္ထုကြောင်းမှာ သာဝတ္ထိနေအမတ်ကြီး သူကိုယ်တိုင်ကျောင်းမလာနိုင်လောက်သော အရေးကြီးကိစ္စ**ရှိနေ၍** တမန်ငွေပေးပြီး သင်္ကန်းဝယ်လှူရန် မှာကြားထား**ခြင်းပင်ဖြ**စ်၏။ သင်္ကန်းဝယ်ချိန်မျှမရတော့၍ ---
လာမည့်ပတ္တဝဂ်ရှိ အစွေကသိက္ခာပုဒ်သည်လည်း သာဝတ္ထိနေအမတ်ကြီးပင် စစ်ထွက်ရအံ့ဆဲဆဲအချိန် ကျောင်းမလာနိုင်၍ အိမ်ပင့်လှူခြင်းပင်။
အထက်ပါသိက္ခာပုဒ်နှစ်ခုတို့ကို နှိုင်းယှဉ်လေ့လာသော်--
က။ ကိုယ်တိုင်မလာနိုင်လောက်သော အရေးကြီးကိစ္စကြောင့် တမန်လွှတ်လှူစေခြင်း။
ခ။ ကိုယ်တိုင်မလာနိုင်လောက်သော အရေးကြီးကိစ္စကြောင့်အိမ်ပင့်ခြင်း။
ဤမျှသာကွာ၏ နှစ်ခုစလုံးရှောင်တခင်ကိစ္စချည်းသာ။

www.dhammaransi.com



ဤ၌ငါတို့သိစေလိုသည်မှာ ဒါယကာတို့အဝေးမှ၊ အနီးမှ နေကျောင်းသို့လာစဉ် ပစ္စည်းမပါ ငွေသာပါသဖြင့် လှူကြရာ လိုရာသုံးပါလျှောက်။ ထို့နောက် ကပ္ပိယညွှန်းပါလျှောက်ပြီး ငွေအပ်ကြ၏။ ကျောင်းသို့ကိုယ်တိုင်လာမှာဖြစ်ကြ၏၊ လမ်းကြုံမှာဖြစ်၏။ ၎င်းကိုကပ္ပိယညွှန်းရာ၌ လာမည့်ဇာတရူပ ရဇတ၏---

၁။ ကိုယ်တိုင်ခံယူခြင်း--

၂။ သူတစ်ပါးခံယူစေခြင်း--

၃။ စိတ်ဖြင့်သာယာခြင်း(အနီးထား၊ အနီးပေး အတူတူ) ထိုသုံးချက်တို့နှင့်ငြိ-မငြိ သုံးသပ်စေလိုခြင်းပင် အရှင်ကောင်းတို့ ဝေဖန်ကြလေကုန်----။

စီမံပုံများလည်း ပါဠိတော်၏ အထက်ပါမြန်မာပြန် ကြည့်ရှုမှုနှင့် သိသာနိုင်လောက်ပြီ။

## ရဟန်းတို့အတွက် ကပ္ပိယ၊ အကပ္ပိယများ

၁။ ရွှေခဲ၊ ငွေခဲ၊ ဒင်္ဂါးတံဆိပ်ထုထားသော ရွှေပြား၊ ငွေပြား၄မျိုး။

၂။ စပါးခုနှစ်မျိုး( ဆန်၊ ဂျုံ၊ ဖူးပြောင်း၊ နှံစားပြောင်း၊ လူး၊ ဆပ်၊ သလေး၊ )နှင့် ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ လယ်၊ ယာ၊ ဥယျာဉ် အရာမ် စသည်များ။

၃။ ပတ္တမြားနီ၊ ပတ္တမြားပြောက်၊ မြ၊ ခရုသင်း၊ သလင်း၊ ပတ္တရွဲ စသည်များ။

၄။ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးနှင့် ရဟန်းသုံးပရိက္ခာများ။

www.dhammaransi.com



ဤသို့ လေးမျိုးရှိချေရာ-

က။ အမှတ်(၁) ရွှေ၊ ငွေ စသည်လက်ခံမိက ---- နိဿဂ္ဂိပါစိတ်။

ခ။ အမှတ်( ၂-၃ ) စပါးစသည်၊ ပတ္တမြား စသည်များလက်ခံမိက ဒုက္ကဋ်။

ဂ။ အမှတ် (၄). ကျောင်း၊ သင်္ကန်း စသည်များသာအပြစ်မှ လွတ်ကင်းသည်။

**မှတ်ချက်။** ။ လွတ်ကင်းသည်ဆိုသော်လည်း သူ့ဆိုင်ရာဝိနည်းများနှင့် လျော်ညီမှသာ။

ဤသိက္ခာပုဒ်သည် မအပ်သောသင်္ကန်းဘိုးငွေလှူဒါန်းလှာသည်ကို ပယ်မြစ်စေပြီး သင်္ကန်းကိုသာလက်ခံနည်း နိဿယည်း ပေးထားခြင်းပင်။

**ကပ္ပိယကလည်း တစ်ကျိပ်ရှိ၏**

ထိုမအပ်ရာမှအပ်ရာသို့ ပြုပြင်ပေးရသည့် ကပ္ပိယကာရက( မအပ်သည်ကို အပ်အောင်ပြုပြင်ပေးတတ်သူ ) များမှာ-

က။ ရဟန်းကိုယ်တိုင်ညွှန်ပြလေသူ ---- လေးဦး။

ခ။ တမန်ကိုယ်ညွှန်ပြသွားသူလည်း --- လေးဦး။

ဂ။ ရဟန်းနှင့်တမန်ကြား သူ့ဖာသာညွှန်ပြသူက --- နှစ်ဦး။ ပေါင်း ၁၀ ဦး။

ထိုတွင် ရဟန်းညွှန်းလေးယာက်မှာ-

၁။ မိမိရှေ့ရှိ အရာမ်စောင့်သီတင်းသည်တစ်ဦးဦးညွှန်ပြ၍ လက်ခံစေခြင်း။

၂။ မျက်ကွယ်ရှိကပ္ပိယထံ ညွှန်ပြအပ်ခဲ့၊ ထို့နောက် တစ်ဖန်အပ်

www.dhammaransi.com



ပြီးပါကြောင်း တမန်အား ပြန်ကြားစေခြင်း။
၃။ မျက်ကွယ်ရှိကပ္ပိယထံ ညွှန်ပြအပ်ခဲ့၊ ထို့နောက် လူကြုံဖြင့်အပ် ပြီးပါကြောင်း တမန်အား ပြန်ကြားစေခြင်း။
၄။ မျက်ကွယ်ရှိကပ္ပိယထံညွှန်ပြရာ တမန်ကအပ်နှံပါမည် လိုသောအခါ အလှူခံပါလေဟု တမန်ကပင်ညွှန်ကြားသွားခြင်း။ ပေါင်းလေးဦး။

တမန်လေးယောက်မှာလည်း-
၁။ ကိုယ်စားလည်ကို ရှေ့ရောက်ခေါ်လာခဲ့ပြီး ဤသူ့ထံအလှူခံပါ ဟုပြောကာ ငွေအပ်နှံသွားခြင်း။
၂။ ကိုယ်စားလည်ကို မျက်ကွယ်ထားခဲ့ပြီး မည်သူ့ထံငွေအပ်နှံ ထားခဲ့ပါသည် လိုသောအခါ လိုရာရာ သွားရောက်အလှူခံ ပါဟုအကြောင်းကြားလာခြင်း။
၃။ ကိုယ်စားလည်လည်းမျက်ကွယ်ထားမိမိလည်းမလာပါဘဲလျက် ကမည်သူ့ထံငွေအပ်နှံထားပါသည်လိုသောအခါလိုရာရာ ထိုသူ့ ထံသွားရောက်အလှူခံပါဟု တစ်ဆင့် တမန် လွှတ်အကြောင်း ကြားစေခြင်း။
၄။ ကိုယ်စားလည်သို့ ငွေမအပ်မီကပင် မိမိကအလျှဉ်လာပြီး မည်သူ့ထံငွေအပ်နှံထားပါမည် လိုသောအခါ လိုရာရာ သွား ရောက်အလှူခံပါဟု လျှောက်ကြားသွားခြင်း။ ပေါင်းလေးဦး။

**မှတ်ချက်။** ။ **အထက်ပါ**တို့ကိုထောက်၍သက်နိုးဘိုးမျှသာ မဟုတ်အခြားစာအုပ်ဘိုး၊ ခဲတံဘိုးများပါ ဤအတိုင်းကျင့်ရမည် ဆို၏။

www.dhammaransi.com



မည်သူမျှမညွှန်းသူနှစ်ယောက်မှာကား-

၁။ အလှူရှင်ကငွေ (ရွှေ) စသည်လှူပြီး ကပ္ပိယရှိပါသလား - မေးလေရာ ရဟန်းက ဘာတစ်ခုမျှမဟပဲလျက်က ၄င်းကိုယ်တိုင်ကျွန်တော်ထံအပ်ခဲ့ပါ၊ ကျွန်တော်ကပ္ပိယပါပြောကာလက်ခံ၏။လှူသူကလည်း ၄င်းထံငွေအပ်နှင်းခဲ့ပါသည်။ အပ်စပ်ရာရာ ၄င်းထံအလှူခံပါ မပြောသူတစ်ယောက်။

၂။ ငွေလှူလိုသူကပင်၄င်းကိုယ်တိုင်ကလည်း ရဟန်း၏မျက်ကွယ်ရှိ ကျွန်တော်ကပ္ပိယပါ ဆိုသူထံ ငွေအပ်နှံခဲ့ပြီး ရဟန်းထံပြန်လည် အကြောင်းမကြားဘဲထားခဲ့သည်ကတစ်ယောက် ပေါင်းနှစ်ယောက်။

ထိုဆယ်ယောက်တို့တွင်-

က။ ရဟန်းညွှန်းလေးယောက်ကိုကား ဤသိက္ခာပုဒ်အတိုင်းပြုကျင့်။

**ခ။ တမန်ညွှန်းလေးယောက်ကိုကား** မေဏ္ဍကသိက္ခာပုဒ်လာအတိုင်း **ပြုကျင့်။**

ဂ။ **ကြားပွဲစားကပ္ပိယကိုကား** အညာတကသိက္ခာပုဒ်များအတိုင်းသာပြုကျင့်။

**မှတ်ချက်။** ။ **ဤသိက္ခာပုဒ်၏**ကျင့်နည်းမှာ-

၁။ သုံးကြိမ်အထိ **ဝစီဝိညာတ်ခေါ်** နှုတ်ဖွင့်တောင်း-တောင်း။

၂။ ခြောက်ကြိမ်အထိ **ကာယဝိညာတ်ခေါ်** ကိုယ်ဟန်ပြ ဖြင့်သာပြတောင်း-တောင်း။

၃။ မရသော် အလှူရှင်ထံ ကိုယ်တိုင် သို့မဟုတ် လူလွှတ်ကာအကြောင်းကြားပေးရခြင်းပင်။

www.dhammaransi.com



**မှတ်ချက်**။ ။ အကြောင်းမကြားပါကဝတ္တရားပျက်ကွက်မှုဖြင့် ဒုက္ကဋ်ထိမည်။

ကပ္ပိယထံ သင်္ကန်းစသည် အပ်စပ်ပစ္စည်းတောင်းရာ၌-

ငါ့ရှင်ဒါယကာ-ငါ့အားသင်္ကန်းပေးပါ သို့မဟုတ် ငါ့ဖို့သင်္ကန်းသွားဝယ်ချေပါ။ ဤသို့ကားမတောင်းကောင်း တောင်းမိလျှင်နိဿဂ္ဂိအာပတ်ထိဦးမည်။ အထက်ပါ ပါဠိတော်မြန်မာပြန်အတိုင်း ငါသင်္ကန်းလိုအပ်နေပြီ၊ သို့မဟုတ် ငါ့အား သင်္ကန်းလိုအပ်နေ၏။ ဤသို့သာ တောင်းကောင်း၏။

အကယ်တိတိ ငွေလက်ခံထားသူကပ္ပိယက-

ဤငွေများကိုဘယ်ထားရပါမည်လဲ လျှောက်ကြားလာခဲ့သော်ကား ဘယ်မှာသွားထား၊ ဘယ်မှာလုံခြုံ၏။ မည်သည့်စကားမျှမသင့်ချေ။ ပြောသင့်သည်ဟုကြံမိလျှင် ဝိနည်းလက်တစ်လုံးခြား ရိုက်ခြင်းသာ။ ငွေရှိမှန်းသိ စိတ်သာယာမိမည်ကား (ဤခေတ်ဝယ်) ဧကန်---

ဤကား ရာဇသိက္ခာပုဒ်၏ မှတ်စု။

## ဖန္ဒက လောမဝဂ်

၁။ အကြွင်ရဟန်းသည်-

ပိုးခြည်နှင့်ရောသောအခင်းကို-

မိမိကိုယ်တိုင်လည်းမပြုရ၊ သူတစ်ပါးကိုလည်းမခိုင်းရ။ ကိုယ်တိုင်ပြု၍လည်းကောင်း၊ သူတစ်ပါးစေခိုင်း၍လည်းကောင်း ရခဲ့သော် ထိုရဟန်း အခင်းကိုလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

www.dhammaransi.com



* **အခင်းဟူသည်-**

မြေပြန့်ပြူးသောအပေါ်ဝယ် သိုးမွေးနှင့်ပိုးချည် သို့မဟုတ်အခြား စသည်များနှင်ပိုးချည်သူ့အမျိုးအစားအတိုင်း အညီအညွတ်ပြုပြီး သော်စေးကပ်သော ကစီရည်များဖြင့်လောင်းကာ ဖိကြိတ်ပေး ရသောကြောင့်အခင်းဆို၏။

**မှတ်ချက်။** ။ အိပ်ရာခင်းရန်အတွက်အခင်းမျိုး၏ အမည်မဟုတ် အိပ်ရာခင်း၊ ခေါင်းအုံး၊ မျက်နှာကျက်၊ ကန့်လန့်ကာ အမျိုးမျိုးပင် သုံးနိုင်သော အထည်မျိုးပင်မျက်နှာကျက်၊ ကန့်လန့် ကာအတွက် ဆိုက (အနာပတ္တိ) အာပတ်မသင့်ဆို၏။

က။ ကိုယ်တိုင်ပြုပြု သူတစ်ပါးခိုင်းခိုင်း --- နိသဂ္ဂိပါစိတ်။

ခ။ သူတစ်ပါးကခိုင်းသဖြင့် ပြုလုပ်ပေးက --- ဒုက္ကဋ်။

ဂ။ သူတစ်ပါးပေးသဖြင့် မိမိရယူကလည်း --- ဒုက္ကဋ်ပင်။

ဆဗ္ဗဂ္ဂီတို့ ပိုးခြံသွားရောက်ကြကာ ပိုးချည်တောင်းပြီး အခင်းပြုလုပ်ကြရမှ ပေါ်ပေါက်လာသောသိက္ခာပုဒ်ဖြစ်၍သာ အခင်း ဆိုထားသည်။

ယင်းကဲ့သို့ပိုးချည်များ အလျှုခံပြီး-

သက်န်းအဖြစ်ခိုင်းသော်လည်းကောင်း၊ နေရာထိုင်ခင်းအဖြစ်ခိုင်း သော်လည်းကောင်း၊

အခြားအသုံးအဆောင်များအဖြစ်ခိုင်းသော်လည်း ကောင်း၊ ဝတ္ထုကြောင်းရှိ ပိုးသတ္တဝါများအပေါ် မညှာတာမှုကို ဆင်ခြင်ပါကမအပ်သည်သာ။

ဤကား ကောသိယသိက္ခာပုဒ် မှတ်စု။

www.dhammaransi.com



၂။ အကြွင်ရဟန်းသည်-

အခြားမဖက် သိုးမွေးနက်သက်သက်ချည်းဖြင့် အခင်းပြုလေ၊ ပြုစေအံ့။ ထိုရဟန်း အခင်းလည်းစွန့်ပါစိတ်အာပတ်လည်းသင့်စေ။

* သိုးမွေးချည်သက်သက်ကား ဟုတ်နေပြီ။

သို့သော် အခြားသိုးမွေးဖြူစသည် မရောဘဲ အမဲရောင်သက်သက် ချည်းပြုလေ၊ ပြုစေကလည်း နိသဂ္ဂိအာပတ်ပင်။

မှတ်ချက်။ ။ အမဲသက်သက်အခင်းမျိုးကား ကာမဘောဂီ ခံစားလျက်ရှိသော လင်နေ၊ မယားထားတို့အိပ်ခန်းများ၌အသုံးများ သောကြောင့်။

ဤကား သုဒ္ဓကာဠက သိက္ခာပုဒ်၏ မှတ်စု။

၃။ အခင်းသစ်ပြုလိုသောရဟန်းသည်-

က။ သိုးမွေးအနက်က - နှစ်ဆ၊

ခ။ သိုးမွေးအဖြူက - တစ်ဆ၊

ဂ။ သိုးမွေးအညို အရွေ ရောရာကတစ်ဆ အမျှထားလျက်ကသာ ပြုလေ၊ ပြုစေရမည်။ ထိုအမျိုးအစားအတိုင်း မပြုကျင့်သော် ထိုရဟန်း အခင်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

* ဤ၌ အထူးသတိပြုစရာမှာ-

အခင်းပြုလုပ်ရန် သိုးမွေးများကို ချိန်စဉ်ကပင် ဤညွှန်ပေးချက် အတိုင်းပြုရမည်။

အနက်ကတစ်ဆ အဖြူနှင့်ရောရာများက သုံးဆဖြစ်နေသော် အပြစ်မရှိ။ အနက်များမှု တားမြစ်လိုရင်းဖြစ်၍ အနက်ကနှစ်ဆ

www.dhammaransi.com



**ထက်**ပိုလာခဲ့လျှင်သာ ဤသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်သင့်မည်။
**မှတ်ချက်**။ ။နိဿဂ္ဂိ ထုံးစံအတိုင်းစွန့် ဒေသနာကြားပြီးပြန်ပေး
**ဖြစ်**သော်လည်း အထက်ပါအခင်းများကား ပြန်လည် ရလာသော်
**အခင်း**အဖြစ်မသုံးအပ်၊ သုံးလျှင်ဒုက္ကဋ်။မျက်နှာကျက်၊ ကန့်လန့်ကာ၊
**ဘုံ**လျှိုလောက်သာသုံးခွင့် ရှိတော့သည်။

ဤကား ဒွေဘာဂ သိက္ခာပုဒ် မှတ်စု။

၄။ အထက်ကအတိုင်း အခင်းသစ်ပြုစီရင်ပြီးသော ရဟန်းသည်
ခြောက်နှစ်ပတ်လုံး ထိုအခင်းကို ဆောင်ထားနိုင်ရမည်။
အကယ်တိတိ ခြောက်နှစ်မပြည့်မီအတွင်း သမ္မုတိမရပဲ ---
ထိုအခင်းကို စွန့်၍ဖြစ်စေ၊ မစွန့်ပဲလျက် သက်သက်ဖြစ်စေ
အခင်းသစ်
တစ်ခု ပြုလေ၊ ပြုစေအံ့။
ထိုရဟန်း ထိုအခင်းသစ်လည်းစွန့် ပါစိတ်အာပတ်လည်း သင့်စေ။
* ဤသိက္ခာပုဒ်မှာ-
မိမိအတွက် အခင်းသစ်ပြုလုပ်ခြင်းကို တားမြစ်လိုရင်းဖြစ်၍-
အခင်းမရှိသေး၍ဖြစ်စေ၊သူတစ်ပါးတို့ကအကူအညီတောင်း၍ဖြစ်
စေ၊ပြုလုပ်ပေးကောင်း၏ဟု ဆိုသည်။
**မှတ်ချက်**။ ။ မိမိအတွက်လည်းမိမိပရောဂလုံးဝမပါပဲ သူ
တစ်ပါးတို့ကလာရောက်လှူဒါန်းလာလျှင် အလှူခံကောင်းသေးဆို
၏။ ထိုလှူဒါန်းခြင်းသည်အခြားဒါယကာဒါယိကာမတို့၏
အလိုလိုလှူမှုသာဖြစ်သင့်၏။ အကူအညီတောင်း ရဟန်းကနှစ်

www.dhammaransi.com



ထည်ပြုလုပ်ခိုင်းပြီး တစ်ထည်ကို အလိုက်သိစွာ ဆရာစားပေးမှု နှင့်မဆိုင်သင့်။

တစ်ဖန် ဂိလာနရဟန်းသည်-

ဆေးဝါးခါတ်စာအလို့ငှာ အခြားသို့သွားလိုပြီး ထိုအခင်းကိုသယ် ဆောင်နိုင်လောက်အောင် အင်အားမရှိတော့ရှာသဖြင့်-

သံဃာ့ထံ အခင်းသစ်ပြုလုပ်ခွင့် သမ္မုတိတောင်း သံဃာကလည်း အခင်းသစ်ပြုလုပ်ခွင့် သမ္မုတိပေးခဲ့သော်

ထိုဂိလာနရဟန်း ရောက်လေရာအရပ်မှပင် ( ခြောက်နှစ်မပြည့် မီအတွင်း ) အခင်းသစ်ပြုလုပ်က ဤသိက္ခာပုဒ်က ချွင်းချက်ပေး ထားသည်။ ပြုလုပ်ကဤသိက္ခာပုဒ်ဖြင့် နိသဂ္ဂိပါစိတ်မထိုက်လေ။

ဤကား ဆဗ္ဗသ သိက္ခာပုဒ်မှတ်စု။

၅။ နိသီဒိုန် အခင်းသစ်ပြုလုပ်လိုသောရဟန်းသည်-

အခင်းဟောင်းဘက် အပျက်ပြရန်အလို့ငှာ-

ထိုအခင်းဟောင်း၏ အနားဝန်းကျင်မှ ဘုရားရှင်၏တစ်ထွာမျှကို ယူ၍ အခင်းသစ်ပြုရာဝယ် ထည့်သွင်းပြုလုပ်အပ်၏။မပြုခဲ့သော် ထိုရဟန်း နိသီဒိုန်အခင်းသစ်လည်းစွန့် ပါစိတ်အာပတ်လည်း သင့်စေ။

* နိသီဒိုန်ဟူသည်-

ထိုင်သောနေရာ၌အသုံးပြုသော ( ယခုခေတ်တစ်ယောက်ထိုင် ကော်ဇောကဲ့သို့သော ) အခင်းဖြစ်ပြီး အနားသား မြိတ်ဆာပါ အခင်းမျိုးပင်။

www.dhammaransi.com



ဝတ္ထုကြောင်းမှာ- ရဟန်းတော်တို့သည်အရည်ကင် ရိက္ခမူမူတင် ဆောင် ရဟန်းလောက်ကိုသာ ဘုရားရှင်အဖူးတွေ့ခံသည် ကြားရသဖြင့် ၎င်းတို့လည်းဖူးတွေ့ခွင့်ရရန် တောထွက်ကြ၏။ နေရာထိုင်အခင်းများကိုကား ကျောင်းဝယ်ဖရိုဖရဲထားပစ်ခဲ့ကြ ၏။ ဘုရားရှင်ကျောင်းစဉ်လှည့်လည်သောအခါတွေ့ရသဖြင့် ပညတ်ခြင်းပင်။

သို့ကြောင့် အဆင်းပျက်ရန်အလို့ငှာဟူသည်-

က။ အခင်းဟောင်းအပျက်စာရင်း ပြလိုက်ခြင်းသည် အဓိကဖြစ်၏။

ခ။ သဒ္ဒါဖြင့်လှူထားသောပစ္စည်း သုံး၍ရတန်သမျှ သုံးစေလိုခြင်း သည်လည်းပါ၏။

မှတ်ချက်။ ။ ဘုရားရှင်၏ တစ်ထွာဆိုသော်လည်း သုံး၍ရနိုင်သမျှ ဖြတ်တောက်ယူရမည်သာဖြစ်၏။ အဟောင်းလည်းဆွေးရိနေပြီ ဖြစ် တစ်ထွာလောက်မျှယူ၍ မရသော်အပြစ်မရှိ။ဤသိက္ခာပုဒ် အရ နိသဂ္ဂိမထိုက်။

အကယ်တိတိ အခင်းဟောင်းက တစ်ထွာမျှမက အများ အစားကောင်းနေသဖြင့် ပိုမိုသုံးစွဲကလည်း အပြစ်မရှိနိသဂ္ဂိမထိုက်။ ဤအခင်းများကား ချည်ထည်များမဟုတ်ကြ သိုးမွေးကော်ဇော များသာဖြစ်ရာ ယင်းသိုးမွေးများကိုတစ်စစီခွာ၍အသစ်နှင့်ရောစပ် သုံးကလည်း ရနိုင်သည်သာ။

ဤကား နိသီဒန အခင်းမှတ်စု။

www.dhammaransi.com



၆။ ခရီးလှည့်သွားလျက်ရှိသောရဟန်းအား-
သိုးမွှေးများအလှူခံ၍ ရလာငြားအံ့။ထိုသိုးမွှေးများကိုဆောင်မည့်သူ ဒါယကာမပါသော်-
သုံးယူဇနာအထိ မိမိကိုယ်တိုင် ကိုယ်ထိလက်မြောက် **ဆောင်နိုင်၏**။
**သုံးယူဇနာအထိ ခရီးကျွံ**လာသော်ကား-
**ကြားဝင်ဆောင်မည့်သူ ရှိ**သည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ **ဆောင်ခွင့်** မရှိ။ **ဆောင်ခဲ့သော် ထို**ရဟန်း သိုးမွှေးများလည်းစွန့် **သိုးမွှေးနှင့်** အမျှလည်း ပါစိတ်**အာပတ်** သင့်စေ။

✱ ဝတ္ထုကြောင်းမှာ ရဟန်းတော်တစ်ပါးသည် ဒေသစာရီ ခရီးလှည့်လည်ရင်းက သိုးမွှေးများအလှူခံရလာ၏။ (မိုင်လေးဆယ်ကျော်) အကွာအဝေးမှ မိမိနေရာ သာဝတ္ထိအရောက် ခြေလျင်ခရီး အတိုင်းပခုံးထမ်း၍တစ်မျိုး၊ ခေါင်းရွက်၍တစ်ဖုံ ခါးစောင်းတင်ကာ တစ်နည်းတို့ဖြင့် သယ်လာရာမြင်သူတိုင်းက
-သိုးမွှေးကုန်သည်ကြီး ဘယ်ကသယ်လာပြီးဘယ်သွားရောင်းမှာလဲ
-သိုးမွှေးကုန်သည်ကြီးအရင်းဘယ်လောက်အမြတ်ဘယ်လောက်လဲ ဤသို့ လှောင်ကြ၊ ပြောင်ကြကုန်ရာ တစ်လမ်းလုံး ရှက်ရှက်နှင့်ငုံ့ခံလာခဲ့ရ၏။ ကျောင်းသို့ရောက်သည်နှင့် ကဲ-သည်သောက်ထုပ်ငါ့ကို အရှက်ခွဲဦးဆိုကာ ကြမ်းပြင်သို့ ပစ်ပေါက်ချလိုက်ရာမှ ပေါ်ပေါက်လာသော သိက္ခာပုဒ်ပင်။

**မှတ်ချက်**။ ။ ဆုံးဖြတ်ရာ၌ မှန်ကန်တိကျရန်ရည်၍ ဤ၌ဝတ္ထုကြောင်း ဖော်ပြခြင်းသာ။

www.dhammaransi.com



ငှင်းသိုးမွေးများကို လျှော်ဖြင့်တွဲ၍ဖြစ်စေ၊ အဝတ်အထည်ပြုလုပ်၍ ဖြစ်စေ-

- အထက်ပါဝတ္ထုကြောင်းက ပုံစံကြီးအတိုင်း သယ်လာပါက ကဲ့ရဲ့ ခံရမည်သာ။
- ကိုယ်တိုင်လက်ခံပြီးယူလာလာ၊တစ်ဆင့်ဖြစ်ဖြစ်ဤပုံစံ အတိုင်းဆို မသင့်လျော်သည်သာ။
-သုံးယူဇနာအတွင်းခေါက်တုံ့ခေါက်ပြန်ဆိုကသာ၍ပင်မသင့်လျော်။ သွားလိုသောနေရာရောက်လေမှ တစ်ဖန်မနေလို၍ ပြန်သယ် လာလျှင်လည်း မသက်သာ။

အထက်ပါတို့သည်မူလဝတ္ထုကြောင်းကိုမှီ၍ ဖြစ်ပေါ်လာသော ကျမ်းတို့၏အဆုံးအဖြတ်အင်္ဂါရပ်များအပေါ်(ရှေ့နေစကားဖြင့်ပြော ရသော်) ကပ်ဖဲ့ဖဲ့ယူခြင်းမျိုးသာ။

ဝတ္ထုကြောင်းအင်္ဂါထဲမှာ သုံးယူဇနာယူခွင့်ရသည့်တိုင် သုံး ယူဇနာမဆိုထားဘိ တစ်မိုင်၊ နှစ်မိုင်ခရီးသည်ပင်ဤမျှများပြား သော သိုးမွေးများကို ကိုယ်တိုင်သယ်လာက သမကာသာရုပ္ပမဖြစ်။

ထိုသုံးယူဇနာသယ်ခွင့်သည် လူတို့မျက်စေ့နောက်လောက် သောအရေအတွက်မျိုးမဟုတ်က သင့်တော်၏။ ယာဉ်၊ ရထားများ **နှင့်ဆိုကလည်း** အများတို့မမြင်သာခြင်း၊ရဟန်းတစ်ပါး၏အမူအရာ **မပျက်စီးခြင်း**များကြောင့်သင့်တော်သေး၏။

**သို့တစေလည်း** ငါတို့ခေတ်ဝယ် သာသနာ့ခေတ်ဦး တုန်းက များဂဒိုမဟုတ်တော့ပဲ အဆင်သင့်ချည်းဖြစ်နေ၍ အပိုမဝေဖန်တော့ပြီ။

www.dhammaransi.com



ဤကား ဇဋ္ဌကလောမ သိက္ခာပုဒ်မှတ်စု။

၇။ အကြင်ရဟန်းသည်-

ဆွေမျိုးမတော်သော ဘိက္ခုနီမအား သိုးမွေးများကို

က။ လျှော်ဖွပ်ခိုင်းခြင်း။

ခ။ ဆေးဆိုးခိုင်းခြင်း။

ဂ။ အရှုပ်အထွေးများကို အဖြေခိုင်းခြင်းအမှုပြုအံ့-

ထိုရဟန်း သိုးမွေးများကိုလည်းစွန့် သိုးမွေးနှင့်အမျှ အာပတ်လည်း သင့်စေ။

* သိုးမွေးများကို လျှော်ဖွပ်ခိုင်းစေခြင်းက ဒုက္ကဋ်။ လျှော်ဖွပ်ပြီးသော် သိုးမွေးများကား နိသဂ္ဂိ၊ ရဟန်းကားပါစိတ်။

**မှတ်ချက်။** ။ ဆေးဆိုးရာ၌လည်း ခိုင်းမှုကဒုက္ကဋ်၊ ပြီးလျှင်နိသဂ္ဂိ ပါစိတ်။ဤသို့ခိုင်းမှုတစ်မှုလျှင် အပြစ်တစ်ခုနိသဂ္ဂိတစ်ခုချည်းပင်။

ဤကား ဇဋ္ဌကလောမ ဓောပနသိက္ခာပုဒ် မှတ်စု။

၈။ အကြင်ရဟန်းသည်- ရွှေ၊ ငွေကို

က။ ကိုယ်တိုင်သော်လည်း ခံယူအံ့။

ခ။ သူတစ်ပါးသို့လည်း ခံယူစေအံ့။

ဂ။ အနီး၌ ချသွားသည်မှုကိုလည်း သာယာအံ့။

ထိုရဟန်း ထိုရွှေ၊ ထိုငွေကိုလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

✡ ✡ ✡ ✡ ✡

www.dhammaransi.com



## မိန်းမနှင့်ငွေ မြေနှင့်ငွေကား

* ရွှေ၊ ငွေများနှင့်ရဟန်းတော်တို့အကြားဘုရားရှင်၏သဘောထားသည် သိက္ခာပုဒ်၏မြန်မာပြန် လေ့လာရုံမျှဖြင့်သိသာနိုင်လောက်ပြီ။

ဘုရားရှင်သည် ၎င်းငွေ (ရွှေ) ကို အချို့နေရာ၌ မိန်းမနှင့် တန်းတူထားကာ ရှုတ်ချတော်မူ၏။ အချို့နေရာများ၌အဆိပ်ပြင်းထန်သောမြွေနှင့်တန်းတူထားကာရှုတ်ချတော်မူ၏။သို့ကြောင့်-

ရဟန်းတို့ကိုလည်း ငွေ (ရွှေ ) နှင့်ပါတ်သက်လာလျှင်-

၁။ ယူခြင်း ( ကိုယ် )

၂။ ယူစေခြင်း ( နှုတ် )

၃။ သာယာစေခြင်း ( စိတ် )

ကံသုံးစုံ အကုန်အပိတ်ခိုင်းထား၏။

**မှတ်ချက်။** ။ အခြားအခြားသိက္ခာပုဒ်တော်များ၌ ကိုယ်၊ နှုတ်နှစ်ခုမျှသာတားမြစ်၏။ဤ၌ မနောပါ-ပါနေသည်ကိုသတိပြု-

၎င်းငွေ( ရွှေ ) တို့အစား ရဟန်းအသုံးအဆောင်များဖြင့် ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး လိုလေသေးမရှိ ဖန်ဆင်းပေးထားပြီးဖြစ်ခဲ့၏။ ငွေသည်ကာမဂုဏ်အမျိုးမျိုး ဖန်ဆင်းပေးနိုင်စွမ်းရှိသော တန်ခိုးသိဒ္ဓိရှင်ကြီးပင်ဖြစ်ရာ ကာမဂုဏ်ပယ်ရသော ရဟန်းတော်တို့၏ရန်သူအစစ်သာ။

ဤမှာခေတ်ရှိ ဒါယကာ၊ ဒါယိကာမအများစုသည်-ကာ။၎င်းတို့အမွန်အမြတ်ထားရာငွေဖြင့်ရဟန်းအားပူဇော်သည်လည်းရှိ၏။

www.dhammaransi.com



ခ။ ဤသိက္ခာပုဒ် မသိနားမလည်သဖြင့် ပူဇော်သည်လည်းရှိ၏။
ဂ။ ရဟန်းများကိုယ်တိုင်ကပင် ငွေတရားဟောသဖြင့် ပူဇော်သည်
လည်းရှိ၏။

အထက်ပါအချက်များကြောင့် ယနေ့ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမအများစုသည်ကား ရဟန်းအား ငွေပေးပေါင်းသင်းနေသည်နှင့် တူနေတော့၏။

ထိုမသိသော ဒါယကာ၊ ဒါယိကာမများကို-
ဤသိသော သံဃာတော်များက ရှင်းလင်းပြတော်မူကြပါကုန်-
မသိသူ၏ အကျင့်ဖျက်ဆီးမှု၊ သိသူ၏ အကျင့်ပျက်စီးမှုမှ လွတ်ရန်တည်း။

နသဂ္ဂီငွေစွန့်နည်း။

အဟံဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ
ဣဒံမေ ဘန္တေ နိသဂ္ဂိယံ
ဣမာဟံ နိသဇ္ဇာမိ။ ။

အရှင်ဘုရား-
တပည့်တော် ငွေ ( ရွှေ ) ကိုခံယူခဲ့မိပါပြီ။
ဤငွေ ( ရွှေ ) များ နိသဂ္ဂီထိုက်လျက်ရှိပါပြီ။
ဤငွေ ( ရွှေ ) များကို တပည့်တော်စွန့်ပါ၏။ -- မြန်မာပြန်

## စွန့်ခြင်းပြပြင် သံဃာအားအကျိုးများ၏

ထိုကဲ့သို့ စွန့်ချပြီးသော်-
ကပ္ပိယကာရကတို့က ကောက်ယူပြီးထိန်းသိမ်းထားတော့။

www.dhammaransi.com



ထိုကပ္ပိယတို့က မည်သည့်ပစ္စည်းသည် သံဃာအတွက်**အစ်ပါသလဲ၊** လျှောက်ထားခဲ့သော် သံဃာအတွက်အသုံးလိုသော ပစ္စည်းညွှန်းရမည်။ ထိုပစ္စည်း-

မူလကာယကံရှင်ရဟန်းကား သုံးခွင့်မရတော့။

သံဃာတော်များကား သုံးခွင့်ရကြပေသေး၏။

ငွေအလှူခံမိသူမာလကာယကံရှင် ရဟန်းခမျာမှာ၊ပစ္စည်းဝေစုရ-ရဟန်း၊ သာမဏေတို့ကတစ်ဆင့်ပေးသော်မှ လက်မခံကောင်း။

ထိုငွေဖြင့် သစ်ပင်စိုက်ထားသော် အရိပ်မျှဝင်မခိုကောင်း-

ထိုငွေဖြင့်ဝယ်ထားသော မီးရောင်ဖြင့် စာမျှပင်မကြည့်ကောင်း၊ မချကောင်း။

အထက်ပါတို့ကိုလေ့လာသော်-

ငွေအလှူခံမှုအတွက်မည်မျှပညတ်ထားကြောင်းသိနိုင်လောက်ကြပြီ။

ကာမစိုး တန်ခိုးသဒ္ဒိရှင်ငွေအား အားကိုးအားထားမထားရကြောင်း

သိနိုင်လောက်ကြပြီ။

ဤကား ဇာတရူပ ရဇတ သိက္ခာပုဒ်၏မှတ်စု။

၉။ အကြင်ရဟန်းသည်-

ရွှေ၊ ငွေများဖြင့်ဆွယ် ပစ္စည်းဖြင့်ဖလှယ်မှု အထူးထူးပြုအံ့-ထိုရဟန်း ဖလှယ်ပစ္စည်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

✱ ပြီးခဲ့သောသိက္ခာပုဒ်ကား ငွေအလှူခံမှု။

www.dhammaransi.com



ဤ**သိက္ခာ**ပုဒ်ကား ထိုငွေဖြင့် ရဟန်းချင်းငွေနှင့်ပစ္စည်းလဲလှယ်မှု သို့**မဟုတ်** ရဟန်းချင်း အရောင်းအဝယ်လုပ်မှု။

ဤ၌ **နာနာ**ပ္ပကာရက ဟူသည်-

က။ လက်ဝတ်ရတနာအဖြစ် ပြုလုပ်ထားပြီးသော ရွှေငွေများ၊

ခ။ လက်ဝတ်ရတနာ မပြုလုပ်ရသေးသော ရွှေငွေများ၊

ဂ။ ပြုလုပ်ပြီးတစ်ဝက်၊ မပြုလုပ်ရသေးတစ်ဝက်ရှိ ရွှေငွေများသုံးမျိုး။

ရဟန်းတစ်ပါးအတွက် အကပ္ပိယ ( ရဟန်းနှင့်မအပ်စပ်သောအကပ္ပိယ) သုံးမျိုးတို့ကို နောက်ကပင်ပြခဲ့ပြီ။ --- ထိုတွင်

၁။ ရွှေခဲ၊ ငွေခဲ၊ အသပြာ တံဆိပ်ပြား လေးမျိုးကား နိသဂ္ဂိဝတ္ထု။

၂။ ပတ္တမြား၊ ပတ္တမြားပြောက် စသည်ရတနာများကား ဒုက္ကဋ်ဝတ္ထု။

ဤသို့ အထက်၌ခွဲဝေပြခဲ့ရာ-

ရဟန်းသည်-

က။ ထိုနိသဂ္ဂိ၊ ဒုက္ကဋ်ပစ္စည်းများဖြင့် အခြားရဟန်းထံမှ သပိတ်၊ သင်္ကန်း စသည့်ကပ္ပိယပစ္စည်းများဖြင့် လဲလှယ်ခြင်း။

ခ။ မိမိထံမှ သင်္ကန်း၊ သပိတ်စသည် ကပ္ပိယပစ္စည်းများဖြင့်တစ်ဖက်ရဟန်းထံမှ ရွှေငွေစသည့် နိသဂ္ဂိ၊ ဒုက္ကဋ် အကပ္ပိယများကိုလဲလှယ်ခြင်း။

ထိုနှစ်မျိုးစလုံး မိမိလက်ဝယ်ရောက်က အကပ္ပိယချည်းဖြစ်သွားပြီ။ တစ်ဖက်ရဟန်းမှာလည်း ၎င်းလက်ဝယ်ရောက်မှန်သမျှ အကပ္ပိယချည်းသာ။

မစင်ထဲ ဆွမ်းရောရာ၌ မစင်ရောဆွမ်းပါပျက်သကဲ့သို့သာ။

www.dhammaransi.com



သို့ကြောင် ရဟန်းချင်းအရောင်းအဝယ် အလဲအလှယ်မလုပ်ကောင်း။

## ဘုန်းကြီးပျံနှင့်ဤသိက္ခာပုဒ်

ဘုန်းတော်ကြီးပျံလွန်တော်မူရာ၌-

ကျန်ရဟန်းတော်များက (တစ်ဖက်က သိက္ခာကြီး-ကြီးသလို) လှူရန်၊ တန်းရန်များ ၊ မဏ္ဍပ်ကန္နားများဖြင့် ဝိုင်းဝန်းလေ့ရှိကြရာ ဤသိက္ခာပုဒ်အရ ဆင်ခြင်သင့်၏။

မှတ်ချက်။ ။ အချို့ဒေသများ၌ လူအသုဘပွဲများကဲ့သို့ ရဟန်းများချည်း ဖဲကစားသည်ကိုပင် ငါတို့မျက်မြင်တွေ့ရဘူး၏။ ငါတို့ဥပဇ္ဈယ်ဆရာ မင်းကုန်းမဟာတောရကျောင်းကြီးဆရာတော် ဦးသုနန္ဒသည် ထိုကိစ္စ အထူးရှောင်ကြဉ်တော်မူသွား၏။ ၎င်းထက်သိက္ခာကြီးဆရာတော်၏ ဘုန်းကြီးပျံပွဲများ၌သော်မှလည်း ထိုသို့ လူတို့အကူလိုက်နည်းပမာမျိုး မပြုကျင့် ဤသိက္ခာပုဒ်အရ အလဲအလှယ်ဖြစ်အံ့စိုးမည်ကို ရှုမျှော်ဟန်ရှိ၏။

မှတ်ချက်။ ။ စွန့်နည်းကား အထက်ကအတိုင်းစွန့် ပစ္စည်းဖြစ်သော်လည်းငွေပွားပစ္စည်းဖြစ်နေသောကြောင့်-

၁၀။ အကြင်ရဟန်းသည်-

ရွှေငွေပစ္စည်းများဖြင့် ရောင်းဝယ်မှုအထူးပြုအံ့-

ထိုရဟန်း ဝယ်ခဲ့ပစ္စည်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

www.dhammaransi.com



က။ အထက်**သိက္ခာပုဒ်ကား** ရဟန်းချင်းအလဲအလှယ် အရောင်းအဝယ်လုပ်မှု။

ခ။ ဤသိက္ခာပုဒ်**ကား** လူတို့နှင့်အလဲအလှယ် အရောင်းအဝယ်ပြုလုပ်မှု။

**ဈေးသည်**၊ ပွဲစား စသည်လူတို့နှင့် မိမိဘက်ကလည်း အပ်စပ်သောသက်န်းစသည် ၊ တစ်ဖက်ကလည်း အပ်စပ်သောသပိတ်စသည် ဖြစ်စေကာမူ မလဲလှယ်သည်သာ အပြစ်အစင်ကြယ်ဆုံး။ မိမိသည် (ငါသည်)လူတို့ထက် အမြင့်မြတ်ဆုံးရဟန်းတစ်ပါး ဤသို့နှလုံးသွင်းဆင်ခြင်ကာ အထူးရှောင်ကြဉ်လေ။

**ဂိုဏ်း၊ ပုဂ္ဂိုလ်၊ သံဃာတို့ပင် မအပ်တော့သောအရာများ**

၁။ စတုတ္ထပါရာဇိကလာ ဝါကြွားမှုဖြင့် ရလာသောပစ္စည်းများ။

၂။ သံဃာဒိသိသ်-ကုလဒူသက-လာ အနေသနဖြင့် ရလာသောပစ္စည်းများ။

၃။ ဤသိက္ခာပုဒ် သုံးမျိုးလာ ငွေအလှူခံပစ္စည်း ဖလှယ်ရာမှရလာသောပစ္စည်းများ။

ထိုသုံးမျိုးတို့သည်-

မိမိတစ်ပါးတည်းသာမက သာသနာဝင်အားလုံးပင် မအပ်**စပ်ပြီ။**

ဤကား ကာယဝိက္ကယ သိက္ခာပုဒ်မှတ်စု။

www.dhammaransi.com



## ၃။ ပတ္တဝဂ်

၁။ ရဟန်းသည်မိမိလက်သုံးသပိတ်တစ်လုံးမှပိုလျှံသောသပိတ်များကိုအဓိဋ္ဌာန်ဝိကပ္ပနာမပြုပဲ ဆယ်ရက်အထိသာထားခွင့်ပြုသည်။ ဆယ်ရက်မှလွန်သော်-
ထိုရဟန်း သပိတ်လည်းစွန့် ပါစိတ်အာပတ်လည်း သင့်စေ။
**မှတ်ချက်။** ။ ဤသိက္ခာပုဒ်သည် စီဝရဝဂ်ပထမကထိနသိက္ခာပုဒ်နှင့်အဓိပ္ပါယ်တူ။

### သပိတ်ကိုးလုံး

၁။ ဆွမ်း၊ ဆွမ်းဟင်းစုံရောရာ သုံးပြည်သားထည့်၍ ဟောက်နေသေးလျှင်အကြီးဆုံးသပိတ်။
၂။ ၎င်းအတိုင်းထည့်၍ အနေတော်ဖြစ်နေလျှင် အကြီး၏အလတ်သပိတ်။
၃။ ၎င်းအတိုင်းထည့်၍ မောက်သွားလျှင်ကား အကြီး၏ အငယ်ဆုံးသပိတ်သာ။
ဤသုံးလုံးတို့ကို ဥက္ကဋ္ဌ အမျိုးအစားခေါ်သည်။
၄။ တစ်ဖန် ဆွမ်း၊ဆွမ်းဟင်း ရောရာစုံ သုံးခွက်သားထည့်၍ ဟောက်နေသေးလျှင် အလတ်၏အကြီးဆုံးသပိတ်။
၅။ ၎င်းအတိုင်းထည့်၍ အနေတော်ဖြစ်နေလျှင် အလတ်စား၏အလတ်သပိတ်။
၆။ ၎င်းအတိုင်းထည့်၍ မောက်သွားလျှင်ကား အလတ်စား၏အသေးဆုံးသပိတ်။

www.dhammaransi.com



ဤသပိတ်သုံးလုံးတို့ကို မဇ္ဈိမက အမျိုးအစားခေါ်သည်။
၇။ တစ်ဖန်လည်း ဆွမ်း၊ ဆွမ်းဟင်းရောရာစုံ သုံးစလယ်သားထည့်
 ၍ ဟောက်နေသေးလျှင် အငယ်စား၏ အကြီးဆုံးသပိတ်။
၈။ ၎င်းအတိုင်းထည့်၍ အနေတော်ဖြစ်နေလျှင်အငယ်စား၏အ
 လတ်သပိတ်။
၉။ ၎င်းအတိုင်းထည့်၍ မောက်သွားလျှင်ကား အငယ်စား၏အ
 သေးဆုံးသပိတ်။
ဤသပိတ်သုံးလုံးတို့ကို ဩမက အမျိုးအစားခေါ်သည်။
ထိုကိုးလုံးတို့တွင်-
က။ ဥက္ကဋ္ဌအမျိုးအစား၏ အကြီးဆုံးသပိတ်။ (အမှတ် ၁ သပိတ်)
ခ။ ဩမကအမျိုးအစား၏ အသေးဆုံးသပိတ်။(အမှတ် ၉ သပိတ်)
ထိုနှစ်လုံး ရဟန်းများမသုံးကောင်း ပယ်ရမည်။ အဓိဋ္ဌာန်တင်ကာ ကိုယ်ပိုင်မသုံးအပ်။ ပစ္စည်းထည့်ရုံသာအပ်၏။ ဆွမ်းမခံကောင်း။
မှတ်ချက်။ ။ ထိုပဋ္ဌမအကြီးဆုံး နဝမမြောက် အသေးဆုံးနှစ်ခု အတွင်းရှိ ကြွင်းသပိတ်အမျိုးအစား(ခုနှစ်မျိုး)များသာ အဓိဋ္ဌာန် ဝိကပ္ပနာမပြန်ပဲ ဆယ်ရက်လွန်အောင်ထားမိကဤသိက္ခာပုဒ်အရ အပြစ်သင့်သည်။
က။ အဓိဋ္ဌာန်တင်ပုံ-
 ဣမံ ပတ္တံ အဓိဋ္ဌာမိ
ဤသပိတ် မိမိကိုင်သပိတ်အဖြစ် စိတ်ဝယ်ရည်မှတ် မြဲမြံစွာ သုံးသပ်ပါ၏။

www.dhammaransi.com



**ခ။** ဝိကပ္ပနာပြန်ပုံ-

ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ --- ဆို၍အပ်။

မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိသဇ္ဇေဟိဝါ

ယထာပစ္စယံ ကရောတု ဆိုကာ လက်ခံသူကပြန်လည်အပ်။

ဂ။ သပိတ်ဟောင်း ပြန်လည်စွန့်လိုသော်-

ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ - ဆို၍စွန့်။

**မှတ်ချက်။** ။ အဓိပ္ပါယ်များ၊ သက်န်းများ၊ အဓိဋ္ဌာန်တင်ပုံ၊ ဝိကပ္ပနာ ပြန်ပုံ၊ ပစ္စုဒ္ဓိုရ်ပြုပုံအတိုင်းသိ စွန့်ရာ၌လည်း သက်န်း နည်းတူပင်။

- အဘယံ ဘန္တေ ပတ္တော ဒသာဟာတိက္ကန္တော နိဿဂ္ဂိယော
- ဣမာဟံ အာယသ္မာတော ဒမ္မိ ။ ဆိုရုံသာ လက်ခံသူကလည်း သက်န်းကအတိုင်း။
- အဓိဋ္ဌာန်ကျကြောင်း ကိုးပါး၌လည်း-

 သက်န်းအဓိဋ္ဌာန်ကျကြောင်းများနှင့် နည်းတူ။

အဓိဋ္ဌာန်တင်သက်န်းဝယ် လက်သန်း၏လက်သဲခွံအပေါက်ဖြစ်ပြီး ဤ၌ ဆန်တို့တွင်အသေးဆုံးဖြစ်သော ဆတ်-ဆန်တစ်လုံးဝင်သာက အဓိဋ္ဌာန်နားပြီး သပိတ်အရာမဝင်တော့။

မြေသပိတ်အတွက် အောက်၌လာလတ္တံ့။

✪ ✪ ✪ ✪ ✪

www.dhammaransi.com



**အခိဋ္ဌာန်သပိတ်၌ စောင့်ရှောက်ရမည့် ရဟန်းဝတ္တရာများ**

အောက်ပါတို့သည်-

အဓိဋ္ဌာန်သပိတ်၌ ရဟန်းစောင့်ရှောက်ရမည့် ဝတ္တရားများပင်။

၁။ ရေမစင်သေးသောသပိတ် သိမ်းမထားရ။

၂။ နေမလှန်းပဲလည်း သိမ်းမထားရ။

၃။ နေပူခြစ်ခြစ်တောက်ထဲ၌လည်း ကြာမြင့်စွာမထားရ။

၄။ ကြမ်းတမ်းသော မြေကြမ်းခင်းများအပေါ် သပိတ်ခြေမပါပဲ မထားရ။

၅။ ဆင်စွယ်ကောက်၊ **သမင်ချို** စသည်များ၌လည်း ချိတ်ဆွဲမထား ရ။

**မှတ်ချက်။** ။ အမှတ်၁၊ ၂ တို့ကား ဟင်းနံ့မပျောက်၍၊၃ ကား ကွဲအက်တတ်၊ ကွာတတ်၍၊ ၄ ကားပွန်းပဲ့တတ်၍၊ ၅ကားပြုတ်ကျကွဲတတ်လှ၍

၁။ အုတ်တိုက်တို့၏ အတွင်းစွန်း၊ **အပြင်စွန်း**(နှုတ်ခမ်း)တို့အပေါ်၌လည်း တင်မထားရ။

၂။ စားသုံးရာဝယ် တင်ပလ္လင်ထက် ရင်ခွင်တွင်းဖက်၍လည်းမစား ရ။

၃။ စားသုံးရာဝယ် ခြေပေါ်တင်၍လည်း မစားရ။

၄။ ထားရာဝယ် ထီး၊ အမိုးပေါ်၊ ကုတင်၊ ထိုင်ခုံတို့အပေါ်တွင် မထားရ။

www.dhammaransi.com



**မှတ်ချက်။** ။ ရှေးကတိုက်တာများ အောက်ခံအခြေတောင့်ရန် နံရံထက် တစ်ပေမျှစီပို၍ အတွင်းစွန်း၊ အပြင်စွန်းထုတ်လေ့ရှိ၏။ ၎င်းတို့အစွန်း သပိတ်တင်ထားကလည်းကျ၍ကွဲတတ်သည်။ စားသုံးစဉ်ခြေခွင်ပေါ်တင်၍လည်းကောင်းတင်ပလ္လင်ထက်တင်၍လည်း ကောင်း၊ ရင်ခွင်တွင်းထား၍လည်းကောင်း စားသုံးက မသင့်လွန်း။ ထားစဉ် ထီးအမိုး ပေါ်ဆိုက လျှောကျမည်။ ကုတင်၊ ထိုင်ခုံဆိုက လည်းအိပ်ရာ၊ နေရာထက်ဖြစ်နေ၍ မသင့်တော်လွန်း။

၁။ စားသုံးပြီးသော်-

ပလုပ်ကျင်းရေ၊ လက်ဆေးရေနှင့် အရိုးဖတ် စသည်များ သပိတ်ထဲ မထည့်ရ။ သပိတ်ဖြင့်ပြင်ပသို့ မသယ်ဆောင်ရ။

၂။ သပိတ်လက်ကိုင်လျက်က တံခါးကို ကျန်လက်တစ်ဖက်ဖြင့် မတွန်း၊ မဖွင့်ရ။

**မှတ်ချက်။** ။ ပလုပ်ကျင်းရေ စသည်များ သပိတ်ထဲထည့်က ဘုရားသပိတ် ဖြစ်သည် ကတစ်ကြောင်း၊ မိမိစားခွက်ကိုထွေးခံ ပမာ မလုပ်သင့်သည်တို့က တစ်ကြောင်းတို့ကြောင့် မသင့်တော် လွန်း။သပိတ်ကိုလက်တစ်ဖက်ဖြင့်ကိုင်ထားစဉ် တံခါးကို တွန်းမည်၊ ဖွင့်မည်ဆိုကသပိတ်လွတ်ကျတတ်၍ စောင့်ရှောက်ရသည်။သပိတ် အိတ်တွင်း သွင်းပြီးလျက်က ပခုံး၌ လွယ်ထားစဉ်ဆိုကလွတ်ကျ ဘွယ်မရှိ။

www.dhammaransi.com



အထက်ပါ မလုပ်ရ၊ မသင့်စသည် အားလုံးတို့ကိုပြုကျင့်မိခဲ့သော် ဒုက္ကဋ်အာပတ်ချည်းပင်။
ဤကား အဓိဌာန်( လက်ကိုင် ) သပိတ်၌ စောင့်ရှောက်ရမည့် တာဝန်များ။

## ရဟန်းအပ်၊ မအပ်သောခွက်အမျိုးအစားများ

ပတ္တသည် သပိတ်အားလုံးမှမဟုတ် ခွက်အားလုံးကိုပင်ဟောရာ- အောက်ပါတို့သည် ရဟန်းအတွက် အပ်၊ မအပ် ခွက်အမျိုးအစား များပင်-

က။ ကြေးနီ၊ သံ၊ မြေတို့နှင့်ပြုလပ်ထားသော ခွက်မှန်သမျှ- ရဟန်းသာမဏေတို့ကိုယ်ပိုင်အဖြစ် သုံးခွင့်၊ စားခွင့်ရှိသည်။

ခ။ သစ်သားခွက်၊ ရွှေခွက်၊ ငွေခွက်၊ ပတ္တမြားစီခြယ်ခွက်၊ ကြောင်မျက်ရွဲစီခြယ်ခွက် စသည် ရတနာတန်းဝင်ခွက်များကား လုံးဝ သုံးခွင့်၊ စားခွင့်မရှိ။

ဂ။ ဖလ်စစ်ခွက်၊ ချက်ကျောက်ဖန်ခွက်၊ စဥ့်ခွက်၊ ကြေးဖြူ၊ သံဖြူ သတ္တုခွက်၊ ကြေးဝါခွက်တို့ကား သံဃိက သို့မဟုတ် လူ့ဥစ္စာ ဖြစ်မှသာ သုံးအပ်၏။ ကိုယ်ပိုင်(ပုဂ္ဂလိက) အဖြစ်ကား သုံးခွင့်၊ စားခွင့်မရှိ။

ဃ။ အိုးဖြင့်၊ ဘူးဖြင့်၊ ဖက်ခွက်ဖြင့်၊ ပလပ်စတစ်၊ စက္ကူထုပ်ဖြင့် တို့ကား ယာယီခရီးသွားဟန်လွှဲသာ သုံးခွင့်ရှိသည်။ အမြဲသုံးခွင့် မရှိ။

www.dhammaransi.com



**မှတ်ချက်။** ။ သစ်၊ ဝါး၊ နှီးတို့ဖြင့် ပြုလုပ်ထားသောခွက်များသည် အောက်တန်းလွှာ ဆင်းရဲသားသုံးခွက်များဖြစ်နေကြ၍။ ရွှေခွက် စသည်တို့ကား ဘုရင်သုံးခွက်များဖြစ်နေကြ၍ ကြေးဝါ၊ စဥ့်၊ ဖက်တို့ကား လူအများသုံးဖြစ်နေကြ၍ အိုးလိုက်၊ ခွက်လိုက်၊ ဘူးလိုက်တို့ကား ရဟန်းနှင့်အမြင် မတော်လွန်းလှ၍။

ထိုမှ အလွတ်ဖြစ်သော-

ကြေးနီခွက်၊ သံခွက်၊ မြေခွက်(ယခုခေတ် ကြွေခွက်မျိုးသာ) ရဟန်းသုံး ခွက်များအဖြစ် သတ်မှတ်၏။

**မှတ်ချက်။** ။ သပိတ်အဖြစ်သုံးရာ၌သံနှင့်မြေသာပါ၏။ ကြေးနီမပါဝင်ကြေးနီသည်မီးဖုတ်သော် မဲနက်သောအရောင် မထွက်လာသောကြောင့်။

**အဓိဋ္ဌာန်မြောက်သော သပိတ်ဖြစ်စေလို့သော်**

၁။ ဖုတ်သားလည်းကောင်းရမည်။ ( ကျက်ရမည်။ )

၂။ အဆင်းလည်းမဲနက်နေရမည်။

၃။ အဖုအထစ်မသက် ချောညက်နေစေရမည်။

အထက်ပါသုံးချက်တို့နှင့် ပြည့်စုံမှသာ အဓိဋ္ဌာန်အရာဝင်သည်။

ထိုတွင်-

၁။ ဖုတ်သားကျက်ရန်ကို-

  က။ မြေသပိတ်ဖြစ်ခဲ့သော် မီးနှစ်ကြိမ်ဖုတ်။

  ခ။ သံသပိတ်ဖြစ်ခဲ့သော် မီးငါးကြိမ်ဖုတ်။

ဤကား မူလအဋ္ဌကထာအာဘော်။

www.dhammaransi.com



ကင်္ခါအဋ္ဌကထာ (ပါတိမောက်ဖွင့်အဋ္ဌကထာ)၌ကား မီးဖုတ်ရမည့်အရေအတွက် ဖော်မပြတော့ပဲ သမဏသာရုပ္ပနပက္ကံ ဟုသာပြ၏။ ရဟန်းများနှင့်လျော်ကပ်သော ကျက်မှုသည်သာလိုရင်းဟု ဆိုလို၏။

ထိုအဆိုနှစ်စလုံးပင်အထက်ပါအင်္ဂါသုံးချက်ကိုလျှင် ရည်ညွှန်း၏။ သာမဏသာရုပ္ပက္ကံ ဖြစ်လိုသော် မြေနှစ်ကြိမ်၊ သံငါးကြိမ် ဖုတ်မှသာဖြစ်မည်။
မြေနှစ်ကြိမ်၊ သံငါးကြိမ်ဖုတ်ပြီးလျှင်လည်း သာမဏ သာရုပ္ပက္က ဖြစ်တော့သည်သာ။
မှတ်ချက်။ ။ ဤမှာခေတ် ယိုးဒယားမှ ထိုးဖောက်ဝင်ရောက်လျက်ရှိသော စတီး (အဖြူ)သပိတ်များ ရဟန်းများ နှင့်အပ်၊ မအပ် စီစစ်ကြပါကုန်။

၂။ အဆင်းသည် ညိုမှောင်သောအရောင်ပေါ်က သပိတ်အရာ ဝင်ပြီ။
၃။ သံသပိတ် ဆတ်ဆံတစ်စေ့ဝင်စာ အပေါက်ဖြစ်လာ၍ အဖာအထေးများလာလေသော် -
မြေသပိတ် အအက် ကြိုးတုပ်လွန်းများသဖြင့် အဖုအထစ်၊ အဖာအထေးများလာလေသော်-ချောညက်မှုမရှိတော့ ပစ္စုဒ္ဓိုရ်ပြု၍ အနားပေးလိုက်တော့။

ဤကား ပတ္တ သိက္ခာပုဒ်မှတ်စု။

www.dhammaransi.com



၂။ အကြွင်ရဟန်းသည်-

အဓိဋ္ဌာန်သပိတ်၏ ကြိုးလျှင်နှောင်ဖွဲ့ ငါဖွဲ့**မပြည့်**သေးပဲ လျက်က သပိတ်သစ်တောင်းယူ အလှူခံအံ့။

ထိုရဟန်း သပိတ်သစ်လည်းစွန့် ပါစိတ်**အာပတ်လည်းသင့်**စေ။

* ဤ၌ မြေသပိတ်အက် ဖွဲ့တုပ်ရာဝယ်-

က။ နှုတ်ခမ်း၏အောက် လက်နှစ်သစ်လော**က်ကနေ တစ်**ဖွဲ့တုပ်။

ခ။ နှုတ်ခမ်း၏အောက် လက်လေးသစ်လောက် တစ်ဖွဲ့တုပ်။

ဂ။ နှုတ်ခမ်း၏အောက် လက်ခြောက်သစ်လောက် တစ်ဖွဲ့တုပ်။

ဃ။ နှုတ်ခမ်း၏အောက် လက်ရှစ်သစ်လောက် တစ်ဖွဲ့တုပ်။

င။ နှုတ်ခမ်း၏ ချန်ထားခဲ့သောလက်နှစ်သစ်အား တစ်ဖွဲ့စာ။

ထို့ထက် အအက်ကြောင်းဘက်ကာ တိုးသွားသော် လိုက်တုပ်ဖို့မလို။

တုပ်နည်းများ-

အထက်နှုတ်ခမ်း၏ ထူသောနေရာ လက်**နှစ်သစ်ပလပ်၍ငှင်း** အောက်မှစတင်ကာ

- ပထမ စူးငယ်ဖြင့်ဖောက်၊
- ထို့နောက် ချည် သို့မဟုတ် သင်လျှော် သို့မဟုတ်ကြေးနန်းသေး ဖြင့်တုပ်ဖွဲ့။
- ထို့နောက် သစ်စေး စသည်တို့ဖြင့် ဖာထေးသုတ်လိမ်း။

သုံးလိုသောအခါ စူးပေါက်ကြောင့် အဓိဋ္ဌာန်ကျသွားပြီဖြစ်၍ ထပ်မံ အဓိဋ္ဌာန်တင်ပြီးသုံး။ နောက်ဆက်အက်များလည်း **နည်းတူ။**

**မှတ်ချက်။** ။ အက်ကြောင်း ကဆိုခဲ့ပြီးအတိုင်း **တစ်ကြောင်း**

www.dhammaransi.com



ဆွဲမဟုတ်တော့ပဲ လမ်းကြောင်းများစွာဖြစ်နေ**ခဲ့သော်** **အ**ထက်ပါ လက်နှစ်သစ်တစ်ဖွဲ့ကျန်းဖြင့်ဖွဲ့သဖြင့်ငါးဖွဲ့ပြည့်**မြောက်** နောက်ထပ်ကွဲအက်စရာလမ်းစပြနေသေးလျှင် အမိဌာန်ချ၍ရပြီ။ အမိဌာန်တင်-ချ ပြခဲ့ပြီး။

**သံ**သပိတ်ကားမအက်၊ ပေါက်ရုံသာ။ ထိုအပေါက်များ ဆတ်ဆံ**တစ်**စေ့ဝင်သာရုံ ငါးပေါက်ပြည့်က ငါးဖွဲ့ နောက်ပေါက်လာလျှင် အမိဌာန် ချ။

ငှင်းသံသပိတ် ဖာထေး**နည်း**မှာ-

က။ သံမှုံ့သိပ်ထည့်၍ဖာထေးခြင်း။

ခ။ သံခဲထည့် နှစ်ဖက်ညှပ် စို့ရိုက်ဖာထေးခြင်း။

ဂ။ သံပြားဝိုင်းကပ်၍ဖာထေးခြင်း။

**မှတ်ချက်**။ ။ ထိုသို့ဖာထေးရာမှ အဖုအထစ်ဖြစ်လာပြီး မချောညက်ခဲ့လျှင်၊ **အပေါ**က်များလာလျှင်၊ တစ်ပေါက်တည်းဖြစ်သော်လည်း ကျယ်လာလျှင်အမိဌာန်ချ။သံသပိတ်၌ ငါးဖွဲ့က အဓိကမဟုတ်။ မချောညက်ခြင်းကအဓိကသာ။

သပိတ်စွန့်ပုံ-

- အယံမေ ဘန္တေ ပတ္တော ဦနပဉ္စ ဗန္ဓနေန ပတ္တေန စေတာပိတော နိဿဂ္ဂိယော
- ဣမာဟံ သံဃဿ နိဿဇ္ဇာမိ --- သံဃာ့အထံ၌သာစွန့်။

☆ ☆ ☆ ☆ ☆

www.dhammaransi.com



## သပိတ်စွန့်ပွဲ ခြိမ့်ခြိမ့်သဲ ကောနိုပ်ကွပ်နည်း

ငါးဖွဲ့မပြည့်သေးပဲ တောင်းသောရဟန်းသည်-

ငှင်းတောင်း၍ရလာသောသပိတ်ကို သံဃာ့ပရိသတ် အလယ်၌စွန့်
ထိုစဉ်-ပတ္တဂါဟက (သပိတ်များကို အဆင့်ဆင့်ပေးရသူ)
သမ္မုတိရ-ရဟန်းကငှင်း**သပိတ်ကို**မြှောက်ကာ၊ မြှောက်ကာဖြင့်
ဤသပိတ်သည်- အ**ကြီးဆုံးမထေ**ရ်နှင့်သာ ထိုက်တန်လှပါသည်။
အကြီးဆုံးမထေရ်ကြီးလက်ခံပါရန်(သပိတ်ကောင်းပုံ ချီး
မွမ်းခန်းဖွင့်လျက်က)တိုက်တွန်း၊ မထေရ်**ကြီးကလက်**ခံခဲ့သော်--
တစ်ဖန် မထေရ်ကြီးကစွန့်ချလိုက်သော **ငှင်းကိုင်သ**ပိတ်ကိုလည်း
ထိုနည်းအတိုင်းချီးမွမ်းခန်းဖွင့် ဖွင့်ပြီးအဆင့်ဆင့်တိုက်တွန်း၍
ပေးအပ်။

နောက်ဆုံး မည်သူမျှမလိုချင်တော့သော သပိတ်ကျမှ-
ငါ့ရှင်ရဟန်း-
သည်သပိတ်ကို မကွဲအက်မချင်း ဆောင်ထားရမည်။ အမိန့်ထုတ်
ကာ ထိုတောင်းယူလာသော ရဟန်းအားပေးအပ်ရမည်။
ဤသည်မှာ
ဤသိက္ခာပုဒ်အရ စွန့်န**ည်း၊ ပေး**နည်းများ၏ ကျင့်စဉ်သစ် - ပင်။

**မှတ်ချက်**။ ။ မ**ထေရ်ကြီး**ကလက်မခံသော် အောက်-
အောက်သံဃာများအဆင့်ဆင့်တိုက်တွန်း၍ပေးအပ်။ မည်သူကမျှ
လက်မခံခဲ့သော်ကား ကာယက်ရှင်သို့သာ အထက်ပါအတိုင်း ပြော
ဆိုပေးရမည်။စာထဲပါ၍ပြဆိုရ၏။ ဤအတိုင်းကျင့်သည်ကို မတွေ့

www.dhammaransi.com



ရဘူး၍ ရေးအားမရှိလှ။
ဤကား ဦနပဋ္ဌ ဗန္ဓန သိက္ခာပုဒ်မှတ်စု။

၃။ အကြင် ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်းလဲရည် ငါးမျိုး
တို့ကား ဂိလာနရဟန်းတို့ ခုနှစ်ရက်ထားသုံးရ၊ လျှက်ရသော
သတ္တာဟကာလိကများပင်။
အကြင်ရဟန်းသည်-
ထိုဆေးအရာဝင် ငါးမျိုးတို့ကို ခုနှစ်**ရက်ထက်**အလွန်သိုမှီးထားအံ့။
ထိုရဟန်း သိုမှီးပစ္စည်းများလည်းစွန့် **ပါစိတ်အာ**ပတ်လည်းသင့်စေ။
* ဂိလာနအမျိုးအစား-
အားနည်းရောဂါ၊ ပိန်လှီရောဂါ ( သွေးအားနည်းရောဂါ ) လေနာ
ရောဂါ ၎င်းတို့ကိုပင် ဂိလာန ( နာမကျန်း ) ဆိုရ၏။
**မှတ်ချက်**။ ။ ဤခေတ်ရဟန်းတော်တို့ အဖြစ်များသောအစာအိမ်
ရောဂါ ( လေနာရောဂါ**ကြီးများ** ) လည်းပါဝင်သည်။

## သုံးစွဲပုံ

၎င်းကို စတုမဓုအဖြစ် နေတွင်ချက်၍လည်းကောင်း၊ ၎င်းချည်းသက်သက်လည်း**ကောင်း၊ နေ့**-ည ခုနှစ်ရက်အထိ သုံးကောင်း၏။ ဆေးအရာဝင်သဖြင့် **ဆွမ်းစသ**ည်များနှင့်ရော၍ မစားသင့်။

www.dhammaransi.com



ထိုငါးမျိုးတို့တွင်-

❐ ထောပတ်၊ ဆီဦး နှစ်မျိုးကား- အပ်သောအသားရှိသောကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည်တို့၏ နို့မှဖြစ်သောကပ္ပိယဝတ္ထုများပင်။ မအပ်သော အသားရှိသောဆင်၊ မြင်းစသည်တို့၏နို့မှဖြစ်သော ဆီဦး၊ ထောပတ်များကားဒုက္ကဋ်ဝတ္ထုများတွင်ပါဝင်၏။မသုံးရပြီ။

❐ တေလဆီ- နှမ်းဆီ(ပဲဆီ )၊ မုံညှင်းဆီ၊ ကြက်ဆူဆီ၊ သားဆီ (ဝံဆီ၊ ငါးဆီ၊ လပိုင်ဆီ၊ဝက်ဆီ၊ မြည်းဆီ) များပင်။

❐ မဓုပါနိတ - ပျားရည် - တင်းလဲ ပျားကြီးရည်၊ ပျားငယ်ရည်၊ ကြံရည် (ကြံဖြစ်သကာရည်၊ သကြားရည်)ထန်းရည် ( ထန်းမှဖြစ်သောသကာရည် ) များပင်။

အထက်ပါတို့ကို-

က။ ရောဂါထသောကာလ အရည်၊ အခဲ အားလုံးအပ်၏။

ခ။ ရောဂါမထသောကာလ အရည်သက်သက်မျှသာ။

သုံးရမည်မှာလည်း ခုနှစ်ရက်အရက်အတွင်းသာ ထို့ထက်အလွန် မထားအပ်ချေ။

ဤကား ဘေသဇ္ဇ သိက္ခာပုဒ်မှတ်စု။

၅။ အကြွင်ရဟန်းသည်-

နွေလနောက်ဆုံး တစ်လလုံးလုံး မိုးရေခံသင်္ကန်းစ ရှာခွင့်ရ၏။ ထိုနောက်ဆုံးလ၏ ပက္ခတစ်ဝက် နောက်ဆယ်ရက်ကား မိုးရေခံ သင်္ကန်းမျိုးချုပ်ဆိုးခွင့် ကာလများတည်း။

www.dhammaransi.com



**အကယ်တိတိ**-

ထိုရက်များမတိုင်မီအတွင်း ရှာမှီးခြင်း၊ ချုပ်ဆိုးခြင်းအမှု သူပြုအံ့။ ထိုရဟန်းထိုမိုးရေခံသင်္ကန်းလည်းစွန့်ပါစိတ်အာပတ်လည်း သင့်စေ။

* နောက်ဆုံးနေ့တစ်လကား-

က။ နယုန်လပြည့်ကျော် တစ်ရက်နေ့မှ ဝါဆိုလပြည့်အထိပင် နောက်ဆုံးနေ့ပက္ခကား-

ခ။ ဝါဆိုလဆန်းတစ်ရက်နေ့မှ ဝါဆိုလပြည့်အထိပင်။ထိုတွင်-

က- အမှတ်ပြုကာလတွင်သာ မိုးရေခံသင်္ကန်းစ ရှာကြံကြရ၏။

ခ- အမှတ်ပြုကာလတွင်သာ **ချုပ်ဆိုးမှုကိစ္စ** ဆောင်ရွက်ကြရ၏။

ရှာမှီးပုံ-

က- ကာလောဝဿိက **သာဋိကာယ**---လှူနေကြများထံရှာမှီးနည်း။

ခ- ဒေထမေဝဿိက **သာဋိက** စီဝရံ---ဉာတိ၊ ပဝါရိက များထံ ရှာမှီးနည်း။

က။ မိုးရေခံသင်္ကန်း အချိန်တန်ပြီ။(က-အမှတ်ပြု ပါဠိ၏အဓိပ္ပါယ်)

ခ။ ငါ့အား မိုးရေခံသင်္ကန်း လှူကြကုန်။ (ခ-အမှတ်ပြု ပါဠိ၏ အဓိပ္ပါယ်)

မှတ်ချက်။ ။ ချုပ်ဆိုးပုံပမာဏ ရတနဝဂ် သုတ္တပါစိတ်၌လာမည်။

ရဟန်းသည်-

အထက်ပါ ခွင့်ပြုချက်ကာလမတိုင်မီ ကြိုတင်၍တောင်းလျှင် ရလာသဖြင့် ချုပ်ဆိုးဝတ်လျှင် နိသဂ္ဂိထိုက်ပြီ။

ဤကား ဝဿိက သာဋိကမှတ်စု။

www.dhammaransi.com



၅။ **အကြွင်ရဟန်း**သည်-
ရဟ**န်းတစ်ပါး**ပါးကို ကိုယ်တိုင်သင်္ကန်းပေးပြီးကာမှ-
က- **စိတ်ဆိုး**၍ဖြစ်စေ၊
ခ- စိတ်အလိုကျ ဖြစ်မလာ၍ဖြစ်စေ၊ကိုယ်တိုင်သော်လည်းကောင်း၊
သို့မဟုတ် ကိုယ်စားသော်လည်းကောင်းလုလေ၊ လုစေအံ့။
ထိုရဟန်း လုရသင်္ကန်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

✱ ရဟန်းတစ်ပါးအား အမျှော်အမြင်ဖြင့် သင်္ကန်းပေးလိုက်ရာ-
ထိုရဟန်းကား မိမိထင်သလိုဖြစ်မလာခဲ့ပြီ။
ထိုအခါ ဒေါသထွက်မည်။ အားမလိုအားမရလည်းဖြစ်မည်။**ထိုစိတ်**
ဖြင့်တောင်း၊ မရသော်လု နိသဂ္ဂိမှုမြောက်သွားပြီ။

**မှတ်ချက်**။ ။ **သင်္ကန်းမှတစ်**ပါး အခြားပေးပြီးပြန်လုယူသော်၊သာမ
ဏေထံမှ ပေး**ပြီးသင်္ကန်း** စသည်ပြန်လုယူသော် ဒုက္ကဋ်။
လုယူရာ၌လည်း မိမိပိုင်စိတ်ထင်ဖြင့်လုယူမှသာ နိသဂ္ဂိ။
အကယ်တိတိ သူပိုင်အမှတ်ဖြင့် လုယူ၍ရလာသော်တန်ဘိုး
အလိုက်ပါရာဇိက စသည်ကျဦးတော့မည်။
ဤကား အစ္ဆိန္နဝရ၏ မှတ်စု။

✲ ✲ ✲ ✲ ✲

www.dhammaransi.com



၆။ အကြင်ရဟန်းသည်-
ကိုယ်တိုင်လျှင် ချည်များတောင်း စုဆောင်းလျက်ကရက္ကန်း
သမားတို့ဖြင့် သက်န်းရက်လုပ်စေအံ့-
ထိုရဟန်း သက်န်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။
* ဤ၌ သက်န်းဟုဆိုလေသမျှ အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော
အရာချည်းပင်။
ထိုသက်န်းစများရက်လုပ်စဉ်-
က။ အလျားတစ်တောင်၊ အနံတစ်ထွာ မပြည့်မီတိုင်း ဒုက္ကဋ်များ
ချည်းသာ။
ခ။ အလျားတစ်တောင်၊ အနံတစ်ထွာ ပြည့်-ပြည့်လာလေတိုင်း
နိသဂ္ဂိများချည်းသာ။
ဤကား သုတ္တဝိညတ္တိ မှတ်စု။

၇။ ရဟန်းသို့ရည်စူး၍-
သဒ္ဓါသာရင်း ဆွေဆက်မျိုးချင်း မဟုတ်လေသူ အိမ်ရှင်၊အိမ်ရှင်မ
တို့သည် ရက္ကန်းသမားများဖြင့် သက်န်းစရက်လုပ်နေကြလေပြီ။
ထိုရည်ညွှန်းခံရဟန်းသည်-လိုသလိုစီမံပါရန် ဖိတ်ကြားထားခြင်း
အလျဉ်းမရှိပါပဲလျက်ကရက္ကန်းသမားတို့အလုပ်လုပ်ရာ ရက္ကန်းရုံ
သို့သွားရောက်၍ငါ့ဒကာတို့-ဤသက်န်းသည်ငါ့ဘို့ရည်စူး၍
ရက်လုပ်နေကြသည် ဖြစ်ရာ
သင်တို့သည်-

www.dhammaransi.com



- အလျှားရှည်ရှည်ရက်လုပ်ပေးကြစမ်းပါ။
- အနံလည်းပြန့်ပြန့်ရက်လုပ်ပေးကြစမ်းပါ။
- ပိတ်ပိတ်သည်းသည်း ထူထဲနေပါစေ။
- အနားသားများလည်းညီညွတ်ပါစေ။
- ဖောက်ချည်၊ တိုင်ချည် အသွားအလာလည်း မှန်ပါစေ။
- အနားသားညီရန် နှပ်ကန်လည်းညီပါစေ။
-ချည်မွေးမသီး၊ ဘီးဖီးလည်း မလွတ်ပါစေနှင့်

ငါတို့ကလည်း-
ငါ့ဒကာများကို နည်းနည်းပါးပါး ထပ်ပိုးလေးများ ပေးနိုင်တန်ကောင်းပါ၏။ ဤသို့စီမံအံ့၊ စီမံပြီးနောက်လည်း-
အနည်းဆုံး ဆွမ်းခဲဘွယ်မျှပင် သွားရောက်ပေးအံ့။
ထိုရဟန်း ထိုသက်န်းရလျှာသော် သက်န်းလည်းစွန့် ပါစိတ်အာပတ်လည်း သင့်စေ။
* ဤသို့သွားရောက်စီမံရာမှာ ဒကာတို့မှန်းထားသည်ထက်ချည်ပိုကုန်သော် နိဿဂ္ဂိ။

မှတ်ချက်။ ။ ထပ်ပိုးပေး၊ မပေးကား အဓိကမဟုတ်၊ချည်ပိုကုန်မှုသာ အဓိက။

ဤကား မဟာပေသကာရ သိက္ခာပုဒ်မှတ်စု။

www.dhammaransi.com



၁၀။ သက်န်းကာလ သီတင်းကျွတ်လပြည့်ရောက်ဖို့ကား ၁၀ ရက်မျှ လိုသေးသည်။ ထိုရက်များအတွင်း ရဟန်းအားအဆောတလျင် သင်္ကန်းရလှာငြားအံ့။

ရဟန်းသည်ဤသင်္ကန်းကား အဆောတလျင်သင်္ကန်းဟု အသိအမှတ်ပြုလျက်က အလျှုခံနိုင်၏။ ပြီးသော် သင်္ကန်းကာလ မပြီးဆုံးမချင်း အဓိဋ္ဌာန်ဝိကပ္ပနာမပြုန်ပဲလည်း ထားနိုင်သေး၏။

ထို့ထက်အလွန်အဓိဋ္ဌာန်ဝိကပ္ပနာမပြန်ပဲ ထားမိလျှင်ကား ထိုရဟန်း သင်္ကန်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

**အဆောတလျင် ပုဂ္ဂိုလ်လေးဦး**

၁။ ခရီးထွက်မည့်ဆဲဆဲလူ -- အသက်အန္တရာယ်စိုးရိမ်ဘွယ်ရှိသည်။
၂။ ကိုယ်ဝန်ဆောင်မိန်းမ -- အသက်အန္တရာယ်စိုးရိမ်ဘွယ်ရှိသည်။
၃။ နာမကျန်းပုဂ္ဂိုလ် -- အသက်အန္တရာယ်စိုးရိမ်ဘွယ်ရှိသည်။
၄။ ရုတ်တရက်သဒ္ဓါတက်လာသူ -- ၎င်း၏ထူးကဲသောသဒ္ဓါ အလေအလွင့်ဖြစ်မသွားရန်။

မှတ်ချက်။ ။ အထက်ပါလေးဦး တစ်ဦးဦးက သီတင်းကျွတ်လပြည့်ရန် ၁၀ ရက်အလို ရုတ်တရက်လာရောက်၍ဖြစ်စေ၊ ပင့်၍ဖြစ်စေ လှူဒါန်းသောသင်္ကန်းသည်အစ္စေက(ရှောင်တခင်) သင်္ကန်းဆိုရ၏။ ဤသိက္ခာပုဒ်ကသီတင်းကျွတ်လဆန်း ၅ ရက်နေ့ရသော သင်္ကန်းလည်းဖြစ်မှ ရုတ်တရက်ကိစ္စလည်းဖြစ်မှ ခွင့်ပြုသည်။

ဤကား အစ္စေကစီဝရ သိက္ခာပုဒ်မှတ်စု။

www.dhammaransi.com



၉။ အကြွင်တောမှီရဟန်းသည်-
က- ဝါတွင်းသုံးလလုံးလည်း ဝါမကျိုးပေါက်ခဲ့၊
ခ- မိမိမှီရာတောကလည်း ခိုးသူစသောဘေးနှင့်မဝေးလှ။
ထိုအခြေအနေသို့ဆိုက်နေသော် တန်ဆောင်မုန်းလပြည့်နေ့အထိ သင်္ကန်းသုံးထည်၊ တစ်ထည်ထည် ရွာတွင်းသို့သွားရောက် ပေးပို့ထားနိုင်သည်။
အခြားဒေသသို့ ကိစ္စတစ်စုံတစ်ခုဖြင့်သွားရသော်မှလည်း ခြောက်ညဥ့်အထိ ထိုသင်္ကန်းနှင့်ကင်း၍နေခွင့်ရှိသည်။
ထို့ထက်အကျော် ရက်လွန်သွားခဲ့သော်-
ထိုတောမှီရဟန်း သင်္ကန်းလည်းစွန့်၊ ပါစိတ်အာပတ်လည်းသင့်စေ။
*က။ သာသင်္ကေ --- ကျောင်း၏အနီးအပါးဝယ် ခိုးသားတို့ဖြတ်သွားဖြတ်လာရှိနေလျှင် သင်္ကန်းအတွက် စိတ်မချရသော သာသင်္ကေဒေသ-ယုံမှားစရာဒေသပင်။
ခ။ သပ္ပဋိဘယ-- မိမိရှေ့မှာပင် လုယူတိုက်ခိုက်နေကြပါသည်ကို တပ်အပ်တွေ့မြင်နေရလျှင်သပ္ပဋိဘယဒေသ-ဘေးရန်ရှိဒေသဖြစ်နေပြီ။
**မှတ်ချက်။** ။အထက်ပါနှစ်ချက်နှင့်ပြည့်စုံမှသာ အပိုတစ်ထည်ကို မိမိဆွမ်းခံနေကျရွာ ထားခွင့်ရှိသည်။

ထားရာကာလကားသီတင်းကျွတ်လပြည့်ကျော်တစ်ရက်မှတန်ဆောင်မုန်းလပြည့် တိုင်အောင်သာ။
ထားခွင့်ရတောမှီရဟန်းကား ဝါကျိုး၊ ဝါပေါက်ကင်းသော တောမှီရဟန်းဖြစ်မှသာ။

www.dhammaransi.com



ဤကား သာသက်သိက္ခာပုဒ် မှတ်စု။

၁၀။ အကြောင်းရပ်ဟန်းသည်-

သံဃာသို့ ရည်စူးထားပြီးမှန်းသိလျက်က ယင်းသံဃိကလာဘ်ကို မိမိသို့ညွှတ်စေအံ့- ထိုရဟန်း သက်န်းလည်းစွန့် ပါစိတ်အာပတ်လည်းသင့်စေ။

*** စေတနာလက်ပြောင်းလက်လွှဲ မလုပ်အပ်သောအရာများ**

က။ ဤတိုက်သံဃာသို့ညွှတ်ပြီးကို အခြားတိုက်သံဃာနှင့်စေတီသို့ လက်လွှဲသောအားဖြင့် မညွှတ်ကောင်း။ ညွှတ်စေသော် ဒုက္ကဋ်။

ခ။ အခြားတိုက်သံဃာသို့ ညွှတ်ထားသော ( ရည်စူးထားသော ) ပစ္စည်းကို ဤတိုက်သံဃာနှင့် စေတီသို့မညွှတ်ကောင်း၊ ညွှတ်စေသော် - ဒုက္ကဋ်။

ဂ။ စေတီသို့ညွှတ်ထားသော ပစ္စည်းကို အခြားစေတီသို့လည်းကောင်း၊ သံဃာသို့လည်းကောင်း၊ ဂိုဏ်း၊ ပုဂ္ဂိုလ်သို့လည်းကောင်း လွှဲပြောင်းမညွှတ်ကောင်း ညွှတ်စေသော် ဒုက္ကဋ်ပင်။

**မှတ်ချက်။** ။မည်သည့်နေရာလှူလျှင် ကောင်းပါမည်နည်း အကြံတောင်းခံလာသော်ကား မိမိသဘောကျရာ အကြံပေးနိုင်သည်။

က။ သံဃိကလာဘ် မိမိသို့မညွှတ်ကောင်း ညွှတ်စေသော် ဤသိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်။

www.dhammaransi.com



ခ။ သံဃိကလာဘ် သူတစ်ပါးသို့ မည္ဝတ်စေကောင်း ညွတ်စေသော်
နောက်လာမည့်သိက္ခာပုဒ်အရ ပါစိတ်။
ဤကား ပရိဏတ မှတ်စု။

## စွန့်ခြင်း ပြစ်ထိ နိသဂ္ဂိ

ဆိုခဲ့ပြီး သိက္ခာပုဒ်ပေါင်း သုံးဆယ်လုံးတို့ကား-

ပစ္စည်းစွန့်ရ ပါစိတ်အာပတ်လည်း အပြစ်ကျသောကြောင့် နိသဂ္ဂိ ပါစိတ်ဟုခေါ်၏။ ကလေးနားရွက်ဆွဲ ဒဏ်ပေးနည်းဆိုရ၏။

စွန့်ပုံမှာ-

အရေးကြီး၍ မသိမဖြစ်သော သက်န်း၊ သပိတ်မျှလောက်သာပြသ ထား၏။ အခြားတို့လည်း ၎င်းကိုနည်းမှီး၍ဖြစ်စေ၊ သိက္ခာပုဒ် ဘာသာပြန် လိုရင်းကောက်ချက် ကိုင်လျက်ကဖြစ်စေ၊ ပါဠိ-မြန်မာ နှစ်သက်ရာဖြင့် စွန့်ချ၊ ဒေသနာကြားပြီး-ပြန်အပ်လေ။

ဥပမာ- ဤနောက်ဆုံးသိက္ခာပုဒ် ပရိဏတ ညွတ်စေခြင်း လိုရင်း ကိုင်လျက်က-

အရှင်ဘုရား-

ဤသင်္ကန်း ( ဤလာဘ် ) သည် သံဃာသို့ညွတ်ပြီးမှန်းသိလျက်က တပည့်တော်အား ညွတ်စေမိပါသဖြင့် နိသဂ္ဂိထိုက်နေပါပြီ။ ထိုသင်္ကန်း အရှင်ဘုရားအားစွန့်ပါ၏ ဟူ၍ပင်။

ပါဠိလို-

ဣဒံမေဘန္တေ သံဃိကလာဘံ အတ္တနော ပရိဏတံ နိသဂ္ဂိယံ ဣမာဟံ အာယသ္မတော ဒမ္မိ ဟူ၍ပင်။

www.dhammaransi.com



## ထိုအားလုံး ကျဉ်းချုံးမေးဦးမည်

* အရှင်တို့ တပည့်တော်သည် နိဿဂ္ဂိပါစိတ် သုံးဆယ်မျှတို့ကို အကျဉ်းပြသပြီးခဲ့ပါပြီ၊ ယခု အရှင်တို့ကိုမေးစစ်ပါတော့မည်။

❐ဘယ့်နှယ်လဲ - ဤသိက္ခာပုဒ်များမှ စင်ကြယ်ကြပါရဲ့လား---

သုံးကြိမ်မေး

သုံးကြိမ်မေးသော်လည်း အရှင်တို့ ဆိတ်ဆိတ်နေပုံကိုထောက်၍ ဤသိက္ခာပုဒ်များမှလည်း စင်ကြယ်ကြောင်းတပည့်တော် အသိအမှတ်ပြုလိုက်ပါပြီဘုရား။

ဤကား နိဿဂ္ဂိပါစိတ်ဆိုင်ရာ မှတ်စုံများ။

## ၆။ သုဒ္ဓပါစိတ်စန်း

### ၁။ မုသာဝါဒဝဂ်

(၁) အကြွင်ရဟန်းသည်-

မဟုတ်မှန်းလျှင် ကိုယ်ပင်မြင်လျက် တမင်လှည့်စား
ပြောဆိုငြားအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

### မုသားစုနှစ်မျိုး

၁။ ချာန်၊ မဂ်၊ ဖိုလ် တကယ်မရမှန်းသိလျက် လိမ်လည်ပြောမှု။ ပါရာဇိကဖြစ်---

၂။ တစ်ဖက်သို့ ပါရာဇိကဖြင့် မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှု။ သံဃာဒိသိသ်ဖြစ်---

www.dhammaransi.com



၃။တစ်ဖက်သို့ သံဃာဒိသိသ်ဖြင့် မဟုတ်မမှန်လုပ်ကြံစွပ်စွဲမှုပါစိတ်
ဖြစ်---
၄။ တစ်ဖက်သို့ အောက်အာပတ်ငါးမျိုးတို့ဖြင့် မဟုတ်မမှန်လုပ်ကြံ
စွပ်စွဲမှု။ ဒုက္ကဋ်ဖြစ် ---
၅။ ချာန်၊ မဂ်၊ ဖိုလ်ရ အဖြစ် တိုက်ရိုက်မပြောပဲ သွယ်ဝိုက်ကာ
တစ်ဖက်သား နားလည်အောင်ပြောမှု။ ထုလ္လစည်းဖြစ် ---
၆။ ထိုသို့သွယ်ဝိုက်ပြောရာ၌တစ်ဖက်ကနားမလည်လျှင်ဒုက္ကဋ်ဖြစ်-
၇။ဤသိက္ခာပုဒ်အရပေါက်ကရလေးဆယ် လိမ်လည်စကားပြော
ကြားမှု။ ပါစိတ်ဖြစ် ---
**မှတ်ချက်။** ။ နှုတ်ထွက်မှမဟုတ် ခြေဟန်လက်ဟန်ပြခြင်း၊စာရေး
ပြခြင်းများလည်း မုသားအရာချည်းသာ။
ဤကား မုသာဝါဒ မှတ်စု။

(၂) အကြင်ရဟန်းသည်-
သူတစ်ပါးအားဆဲရေးတိုင်းထွာ အယုတ်တမာပြောဆိုအံ့။
ထိုရဟန်း
ပါစိတ်အာပတ်သင့်စေ။
မှတ်ချက်။ ။ ရဟန်းအားဆဲလျှင်ပါစိတ်၊ အခြားသို့ဆဲလျှင်ဒုက္ကဋ်။

**ဆဲရေးရာ၌ အသုံးပြုသောအရာဝတ္ထုများ**

၁။ ဇာတိ - အမျိုးဇာတ်ကိုင် ချိုင်လျက်ကဆဲရေးခြင်း။
၂။ နာမ - အမည်တပ်လျက်က ဆဲရေးခြင်း။

www.dhammaransi.com



၃။ ဂေါတ္တ - အနွယ်ကိုင် ချိုင်လျက်က ဆဲရေးခြင်း။
၄။ ကမ္မ - တစ်ဖက်သား၏အလုပ်အကိုင်ကို ထိပါးပုတ်ခတ် ဆဲရေးခြင်း။
၅။ သိပ္ပ - တစ်ဖက်သား၏ အတတ်ပညာကို ထိပါး ပုတ်ခတ် ဆဲရေးခြင်း။
၆။ အာဗာဓ - တစ်ဖက်သား၏အနာရောဂါကို ထိပါးပုတ်ခတ်ဆဲ ရေးခြင်း။
၇။ လိင် - တစ်ဖက်သား၏ ပုံသဏ္ဍာန်အချိုးကျမကျကို ထိပါးပုတ် ခတ်ဆဲရေးခြင်း။
၈။ ကိလေသ - တစ်ဖက်သား ဖြစ်လေ့ရှိသော ကိလေသာကိုထိ ပါးပုတ်ခတ် ဆဲရေးခြင်း။
၉။ အာပတ္တိ - တစ်ဖက်သား၏ အပြစ်ကိုဖော်ပြ၍ ဆဲရေးတိုင်း ထွာခြင်း။
၁၀။ အက္ကောသ - မိမိ၏အင်္ဂါဇာတ်ဖြင့် တိုင်းထွာ၍ဆဲရေးခြင်း။ ပေါင်းဆယ်မျိုး။

**မှတ်ချက်။ ။**
၁။ ဆင်းရဲသား၊ စဏ္ဍာလ စသည်- ၂။ ဂမျင်းမသား ခင်မောင်သန်း စသည်- ၃။ ဗမာမျိုး၊ ရှမ်းမျိုး စသည်- ၄။ တံငါမျိုး စသည်- ၅။ စုန်းမျိုးဟဲ့ စသည်- ၆။ အနူမျိုးဟဲ့ စသည်- ၇။ တစ်ဖက် ကန်းလေး စသည်- ၈။ ရာဂအိုးလေး စသည်- ၉။ လူသတ်သမား၊ ထောင်ထွက် စသည်- ၁၀။ နင့်အမေဂရိုး၊ -- လိုပဲ စသည်များဖြင့်

www.dhammaransi.com



တစ်ဖက်ပါတို့ဖြင့်-(က) စိတ်ဆိုး၍ဆဲသော် ပါစိတ်။
(ခ) ပြောင်လှောင်လို၍ဆဲသော် ဒုဗ္ဘာသိတ။
(မကောင်း-ကောင်းပြောမှု)
(ဂ) ၄င်းဆယ်ပါးမှ အလွတ်ဖြင့်ဆဲသော် ဒုက္ကဋ်။

ထိုသို့ဆဲရာ၌လုံ့ဖြင့်ထိုးသလောက် နားမခံနိုင်သောကြောင့် ဩမသဆိုရ၏။

**မှတ်ချက်။** ။ သိက္ခာပုဒ်များ၌ ဒုဗ္ဘာသိအာပတ်သင့် သိက္ခာပုဒ်များဟူ၍ သီးခြားမရှိ။ ယင်းသည်ပြောင်လှောင်လိုစိတ်ဖြင့်ဆဲရေးတိုင်းထွာခြင်း၊ ထေ့အငေါ့ပြောဆိုခြင်းများ၌သင့်စေသော အာပတ်မျိုးမျှသာ။

ဤကား ဩမသဝါဒ မှတ်စု။

၃။ အကြြင်ရဟန်းသည်-
ရဟန်းနှစ်ပါး စိတ်ဝမ်းကွဲပြားသွားစေရန် ဂုံးချောစကား ပြောကြားအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

✱ ရဟန်းတစ်ပါးသည် ရဟန်းတစ်ပါး၏ကွယ်ရာဝယ်-
အထက်ပါဆဲနည်း (၁၀) ပါး တစ်ပါးပါးဖြင့်ဆဲရေး၏။ ယင်းကိုကြားသောရဟန်းက မှတ်သားလာခဲ့ပြီး အဆဲ၊ အတိုင်း ခံရလေသူနောက်တစ်ပါး အား သွားရောက်ပြောကြားသော်-
က။ ၄င်းတို့နှစ်ပါးလည်း စိတ်ဝမ်းကွဲပြားသွားစေ၊
ခ။ မိမိအားလည်း ခံရလေသူ ရဟန်းကကျေးဇူးတင်စေ။

www.dhammaransi.com



ထိုသို့ ရည်စူးသော ဂုံးချောစကားဖြစ်၍ ပေသုည အမည်ရ၏။

**မှတ်ချက်။** ။ အခြားဘိက္ခုနီ၊ လူ၊ သာမဏေများကို ဂုံးချောမိက ဒုက္ကဋ်။

ဤကား ပေသုည မှတ်စု။

၄။ အကြွင်ရဟန်းသည်-

လူသာမဏေများနှင့်အတူ ဗုဒ္ဓဟောပြ ပါဠိဓမ္မများကို သံပြိုင်ရွတ်ဆိုအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

ဘုရားဟောပါဠိတော် ( အဋ္ဌကထာ-ပါ) များကို လူ၊သာမဏေတို့နှင့်အတူ မရွတ်ဖတ်ရ။ ယုတ်စွာ့အဆုံး စာပေကျမ်းဂန်ပို့ချခြင်းများပင်မပြုရ။ ပြုမိသော်ပါစိတ်။

ဝတ္ထုကြောင်းမှာ-

ဆဗ္ဗဂ္ဂီတို့ လူတို့ကို သွားရောက်စာပေပို့ချမှု။

ထိုသို့ပို့ချသဖြင့် ရဟန်းအားအရိုအသေတန်မှု ဘုရားသားစစ်ရင်သွေးရင်နှစ်ဟူသော အမည်နှင့်မလိုက်လျောမှုများ ဖြစ်လာစေ၍။

**မှတ်ချက်။** ။ စာတို့တွင် ဝတ္ထုကြောင်းပေါ်မှီ၍ စာပေသာမပို့ချကောင်း၊ စာအတူပြန်ကောင်း၊ မိမိကလူသာမဏေထံ စာလိုက်ကောင်းသေးဟု ဖွင့်ပြ၏။ သံပြိုင်ဖြစ်နေလျှင်ကား မည်သည့်အရာမျှမကောင်း။

ဤကား ဝါစေယျ မှတ်စု။

www.dhammaransi.com



၅။ အကြွင်ရဟန်းသည်-

လူ၊ သာမဏေတို့နှင့် တစ်မိုးတည်း၊ တစ်ရံတည်းသောကျောင်းဝယ်အတူအိပ်အံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

* က။ တစ်မိုးကား -- ယခုမျက်မြင်အမိုးများပင်

ခ။ တစ်ရံကား -- ဂိုက်တောင်ဖြင့် တစ်တောင်ထွာမြင့်လျှင် အကာဖြစ်ပြီ။

ထိုအမိုး၊ ထိုအကာရှိ အဆောက်အဦများပေါ်လူ၊သာမဏေများနှင့်အတူမအိပ်ရ။

နှစ်ထပ်၊ သုံးထပ် အဆောက်အအုံများဝယ်-

က။ လှေကားသည် အတွင်းမှနေတပ်ထားသော် အထပ်များ၊ အခန်းများ မည်မျှကာခြားထားစေ၊ အမိုးတူ၊ ပြင်ပ-အကာတူ ဆက်လျက်ဖြစ်နေ၍ ဤသိက္ခာပုဒ်မှမလွတ်။

ခ။ လှေကားသည်ပြင်ပမှ သီးခြားတပ်မထားသော်ကား အမိုးတူ၊ အကာတူများ အဆက်ဖြတ်ထားသည့်ပမာဖြစ်နေ၍ ဤသိက္ခာပုဒ်မှလွတ်၏။

**မှတ်ချက်။** ။ သုံးညဥ့်အထိ လူသာမဏေတို့နှင့် အတူအိပ်ခွင့်ရသည်ဆိုသော်လည်း သီတင်းသုံးဖော်တွင်အပါအဝင်ဖြစ်သောသာမဏေ၊ ကျောင်းသားစသည်အတူနေများလောက်သာ။

ဤကား သဟသေယျ မှတ်စု။

✡ ✡ ✡ ✡ ✡

www.dhammaransi.com



၆။ အကြောင်းရဟန်းသည်-

မာတုဂါမနှင့် တစ်မိုးတစ်ရံတည်းကျောင်းဝယ် အတူအိပ်အံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

အထက်သိက္ခာပုဒ်က လူ၊ သာမဏေအထီးများနှင့် အိပ်မှု။

ဤသိက္ခာပုဒ်က မာတုဂါမ အမများနှင့်အိပ်မှု။

**မှတ်ချက်။** ။ ဤသိက္ခာပုဒ်နှစ်ခုစလုံး အစိတ္တကခေါ် စိတ်မပါသော်လည်း အပြစ်မလွတ်သော သိက္ခာပုဒ်ချည်းဖြစ်ရာ မိမိက ၄င်းတို့ရှိမှန်းမသိ၍ အိပ်မိသော်လည်း အပြစ်မလွတ်။၄င်းတို့က မိမိရှိမှန်းမသိ၍ အိပ်မိသော်လည်းအပြစ်မလွတ်။ အိပ်မည်ကြံသော် ၄င်းတို့ရှိမရှိဂရုစိုက်၊ တံခါးပိတ် လုံခြုံမှအိပ်။လူ၊ သာမဏေအထီးများနှင့်ကား သုံးသဉ့်အထအိပ်ခွင့်ရသေး။ မာတုဂါမများနှင့်ကား လုံးဝအိပ်ခွင့်မရ။ မာတုဂါမတွင် မေထုန်လောက်သော (နောက်ကပြခဲ့ပြီး) တိရစ္ဆာန်မများလည်း ပါဝင်သည်။ အိမ်မြှောင်စသည်တို့ကားမေထုန်မလောက်။

ဤကား ဒုတိယ သဟသေယျ မှတ်စု။

ထ ထ ထ ထ ထ

www.dhammaransi.com



၇။ အကြင်ရဟန်းသည်-
မာတုဂါမအား တရားဟောရာ၌ စကားခြောက်ခွန်းထက်မပိုစေရ။ ထိုထက်ပိုသော် ထိုရဟန်းပါစိတ်အာပတ်သင့်စေ။
* တရားဟောရာဝယ်-
က။ ဂါထာဖြင့်ဟောသော် တစ်ပိုဒ်ဆုံးလျှင်တစ်ခွန်း။
ခ။ စကားပြေ၊ ပါဠိဖြင့်ဟောသော် တစ်ဝိဘတ်ဆုံးလျှင် တစ်ခွန်း။
သို့ကြောင့် ခြောက်ခွန်းဟူသည်-
ဂါထာ၌ခြောက်ပိုဒ်၊ စကားပြေ၌ခြောက်ဝါကျသာ။ ထိုထက် အက္ခရာတစ်လုံးမျှပိုသွားလျှင်ပင် အာပတ်သင့်စေပြီ။
မှတ်ချက်။ ။ ၄င်းတို့ဘာပြောနေကြသည်၊တရားကဘာ ကိုဆိုလိုသည်သိနားလည်သော ယောကျ်ားတစ်ဦးပါက ဟောလို သလောက် ဟောနိုင်ပြီဟူ၏။

သိက္ခာပုဒ်မူလပညတ်ကား မာတုဂါမအားတရားဟောမှု ဖြစ်ရာ တစ်ခွန်းမေးတစ်ခွန်းပြောမှာသာသင့်၏။ ဝန်းကျင်အထင် လွဲခြင်းများမှ လွတ်ကင်းရန်ရည်သန် ပညတ်ခြင်းပင်။
ဤကား ဓမ္မဒေသနာ မှတ်စု။

၈။ အကြင်ရဟန်းသည်-
ဈာန်အကြောင်း၊ မဂ်အကြောင်း၊ ဖိုလ်အကြောင်းဟူသော မိမိ အတွင်းရေးကို လူ၊ သာမဏေအားပြောကြားအံ့။ ဟုတ်မှန်သော် ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

www.dhammaransi.com



**မှတ်ချက်။** ။သာသနာ့ဝယ်တစ်ကယ်အားထုတ်နေသူများ အတုယူ အားကျလာအောင် ဟောပြခြင်းမျိုးကား အပြစ်မရှိချေ။ သို့မဟုတ်က သူမေးလည်းမပြောရ၊ ကိုယ်ကလည်းသွားမပြောရ။

## ချက်ချင်းသိမှ ထိမည့်စလုပ်များ

အောက်ပါတို့သည် နားထောင်သူတစ်ဖက်သား ချက်ချင်း သိမှ ကျရောက်မည့်အရာများပင်။

၁။ သက္ခာချရာ၌ နားထောင်သူချက်ချင်းသိမှသာ သိက္ခာကျ၏။

၂။ စတုတ္ထပါရာဇိက - ဈာန်၊ မဂ်မရပဲဝါကြွားမှု။ နားထောင်သူ ချက်ချင်းသိမှ ပါရာဇိကကျ၏။ (ဘာပြောသည်၊ဘာကိုဆိုလိုသည်ကိုလည်း သိမှ)။

၃။ သံဃာဒိသိသ် ဒုဋ္ဌုလ္လဝါစာ - (ရည်းစားစကားပြောမှု) တစ်ဖက် နားထောင်သူချက်ချင်းသိမှ သံဃာဒိသိသ် အာပတ်သင့်မည်။

၄။ သံဃာဒိသိသ် အတ္တကာမ (မေထုန်အလှူခံမှု) --- ထိုနည်းတူ။

၅။ သံဃာဒိသိသ် ဒုဋ္ဌဒေါသ - တစ်ဖက်သား ပါရာဇိကဖြင့်မတရား စွပ်စွဲမှု --- ထိုနည်းတူးစွာပင်။

၆။ ဤသိက္ခာပုဒ်အရ ဈာန်၊ မဂ်ပြောကြွားမှု ---- နားထောင်သူ တစ်ဖက်သား ချက်ချင်းနားလည်(သိ)မှသာ ပါစိတ်အာပတ် သင့်သည်။

ဤကား ဘုတာရောစန မှတ်စု။

www.dhammaransi.com



၉။ အကြင်ရဟန်းသည်- အခြားရဟန်းတစ်ပါး၏ ကိလေသာပြင်း စိတ်ရှုန့်ရင်းရာမှဖြစ်သောပြစ်မှုမျိုးကိုလူ၊ သာမဏေအားပြောကြား အံ့။ ထိုရဟန်း ပါစိတ်အာပတ် သင့်စေ။

* ဒုဋ္ဌုလ္လအာပတ်ဟူသည်-

စိတ်ရှုန့်ရင်း ကြမ်းတမ်းလာရာမှထဖြစ်လေ့ရှိသောပါရာဇိကနှင့် သံဃာဒိသိသ် အာပတ်များကိုဆို၏။

ဤသိက္ခာပုဒ်အရကား သံဃာဒိသိသ်အာပတ်များကိုသာယူရ တော့၏။ပါရာဇိကကား လွန်ကျူးပြီးကတည်းကရဟန်းဘဝမှ နှုတ်ထွက်သွားရပြီးဖြစ်သောကြောင့် သူတစ်ပါးတို့သို့ တစ်ဆင့် ဖောက်သည်ချမရတော့။

ပြောရာဝယ်-ဦးအာဋ္ဌဝကသည် ဘာလုပ်မိလို့ဘာပြစ်ဒဏ်ခံနေရ သည် ဟူ၍ လွန်ကျူးမှုနှင့်အပြစ်ကျ (အာပတ်) တွဲဘက်ပြောမှသာ ပါစိတ်။

က။ဦးအာဋ္ဌဝက--သုတ်လွှတ်မှုပြုကျင့်နေသည်ပါစိတ်မသင့်သေး။
ခ။ ဦးအာဋ္ဌဝက -- ဒဏ်သားခံနေရသည် --ပါစိတ်မသင့်သေး။
ဂ။ ဦးအာဋ္ဌဝက -- သုတ်လွှတ်မှုဖြင့်-ဒဏ်သားခံနေရသည်။ ပါစိတ်သင့်ပြီ။

**မှတ်ချက်။** ။ထိုအပြစ်မျိုး ကျူးလွန်လေ့ရှိသဖြင့်နောင်ကြဉ် ရန်လူတို့ရှေ့ပြောခွင့်ရ-ရဟန်းကပြောလျှင်ကား ပါစိတ်မသင့်။ ဤကား ဒုဋ္ဌုလ္လရောစန မှတ်စု။

www.dhammaransi.com



၁၀။ အကြင်ရဟန်းသည်-

မြေကိုတူးလေ--တူးစေအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

* မြေအမျိုးအစားများ-

၁။ သုဒ္ဓပထဝီ --- မြေသားချည်းသက်သက်ရှိသောမြေ။

၂။ မိဿပထဝီ --- မြေနှင့်ကျောက် စသည်ရောရာမြေ။

၃။ ပုဥ္စပထဝီ ----- နောက်မှစုပုံထားသောမြေ။ပေါင်းသုံးမျိုး။

ထိုတွင်-

**အမှတ်(၂)၌** မြေကထက်ဝက်ကျော်ပြီး ကျန်ကျောက်ခဲ၊ အိုးခြမ်းပဲ့ စသည်တို့ကနည်းနေလျှင် မတူးဆွအပ်။

အမှတ်(၃)၌ ပုံထားသောမြေ မိုးတစ်ခါစွတ်အစိုဓါတ်ပျံ့သည်အထိ ခံရပြီးနောက် သုံးလကြာညောင်းသွားလျှင် မတူးဆွအပ်။

**မှတ်ချက်။** ။ဤအမှတ်(၃)အရ လွင်ပြင်ရှိခြတောင်ပို့များနှင့် ပန်းပင်စိုက်ပန်းအိုးများမှ မြေများလည်းပါဝင်သည်။

အထက်ပါမြေများကို ကိုယ်တိုင် သို့မဟုတ် သူတစ်ပါးအား ခိုင်းစေကာ တူးဆွခြင်း၊ ပေါက်ခွဲဖျက်ဆီးခြင်း၊ မီးတိုက်ခြင်း၊ ခြေ၊ လက်၊ တုတ် တို့ဖြင့်ခြစ်ခြင်းအမှုပြုမိပါက ပါစိတ်။

ဤကား ပထဝီခန မြေတူးဆွခြင်း မှတ်စု။

ဏ ဏ ဏ ဏ ဏ

www.dhammaransi.com



## ၂။ ဘူတဂါမဝဂ်

၁။ အကြှင်ရဟန်းသည်-
ကြီးပွားပြီး၊ ကြီးပွားဆဲမြက်သစ်ပင်အပေါင်းကိုဖျက်ဆီးအံ့။
ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

### ဘူတဂါမ်နှင့် ဗီဇဂါမ်

* ကျ မျိုးစေ့တို့မှပေါက်ရောက်ပြီးသော သစ်ပင်အပေါင်းသည် ဘူတဂါမ်။
ခ။ သစ်ပင်အဖြစ်ပေါက်ရောက်ရန် မျိုးစေ့များကားဗီဇဂါမ်။

### ဗီဇဂါမ်ငါးမျိုး

၁။ မူလ-အမြစ်သည်ပင်-မျိုးစေ့ဖြစ်သောအပင်မျိုး -ထန်းမြစ်စသည်။
၂။ ဖလု-အဆစ်သည်ပင်-မျိုးစေ့ဖြစ်သောအပင်မျိုး-ကြံစသည်။
၃။ ခန္ဓ- ပင်စည်သည်ပင်- မျိုးစေ့ဖြစ်သောအပင်မျိုး-ကိုင်းကူးစိုက်နိုင်သည့်အပင်များ။
၄။ အဂ္ဂ -အညွန့်သည်ပင်-မျိုးစေ့အရာတည်သောအပင်မျိုး -အညွန့်ချိုးစိုက်နိုင်သည့်အပင်များ။
၅။ ဗီဇ - အစေ့သည်ပင် - မျိုးစေ့အရာတည်သောအပင်မျိုး ။ ပေါင်းငါးမျိုး။

www.dhammaransi.com



ထိုတွင်-

က။ အမြစ်ရောအညွှန့်ပါထွက်ပြူလာကာ - ဘုတဂါမ် သစ်ပင် အရာဝင်ပြီ။

ခ။ အမြစ်သာထွက် အညွှန့်မထွက်သေးက - ဗီဇဂါမ် -မျိုးစေ့ အရာဝင်ပြီ။

ရဟန်းသည်-

(က) မျိုး**စေ့**ငါးမျိုး တစ်မျိုးမျိုး**ကို မီး**ဖုတ်မည်၊ လှော်မည်စသည် ဖြင့်**ဖျက်**ဆီးသော် (ရေ**အိုးကပ်**-ရေညှိအပါအဝင်) ဒုက္ကဋ်။

(ခ) အပင်အဖြစ်ထင်ရှားလာပြီးဖြစ်သောသစ်ပင်၊နွယ်အားလုံး ကို ခုတ်ခြင်း၊ ခွဲခြင်း၊ ဖျက်ခြင်း၊ မီးတိုက်ခြင်း စသည်ပြု လုပ်သော် -- ပါစိတ်။

## ကပ္ပိငါးမျိုး

ကပ္ပိဟူသည် မအပ်သည်ကို အပ်စပ်ရန် ကြံဖန်ပေးခြင်းပင်သို့မ ဟုတ် ရဟန်းအတွက်လူတို့က ဝင်ရောက်ဖျက်ဆီးပေးရမှုတည်း။ ၎င်းတို့မှာ-

၁။ မီးတိုက်ပေးခြင်း။ ကပ္ပိယတာဝန်

၂။ ဓါးဖြင့်ခုတ်ပေးရခြင်း။ ။

၃။ လက်သည်းဖြင့်ဆိတ်ဖြတ်ပေးရခြင်း။ ။

၄။ အစေ့ထုတ်ပေးရခြင်း။ ကပ္ပိယမကူလည်းရ၏။

www.dhammaransi.com



၅။ ဗီဇဂါမ်မပြောက်သေးသော အသီးနှမျှားကိုသာရှာကြံ ကပ်ရခြင်း။( ကပ္ပိယမပါလည်းရ၏။ ) ငါးမျိုး။

**မှတ်ချက်။** ။အမှတ် ၄၊ ၅ တို့ကား မူလကပ္ပိယ(အပ်ပြီးသားများဖြစ်၍)လှူ၊ သာမဏေတို့ကို အကူတောင်းရန်မလို--။

## ကပ္ပိပုံ

ထိုကပ္ပိငါးမျိုး တစ်မျိုးမျိုးဖြင့် ပြုလုပ်ရမည့်သူက-မိမိပြုလုပ်မည့် ပစ္စည်းကို**အဆင်**သင့်ကိုင်ထားစဉ် -- ရဟန်းက-

ကပ္ပိယံ ကရောဟိ(မအပ်-အပ်အောင်ပြုလုပ်လိုက်တော့ဆိုပေး)

ကပ္ပိယံ ဘန္တေ(အပ်စပ်အောင်ပြုလုပ်ပြီးပါပြီဘုရား-ဟုလျှောက်)

**မှတ်ချက်။** ။ပါဠိလိုဆိုရုံမျှသာ လူကထိုသို့ပြော၊ ပြောလုပ်-လုပ်ပေး ဤကား ဘူတဂါမ မှတ်စု။

၂။ အကြွင်ရဟန်းသည်-

ရဟန်းတစ်ပါး၏အစစ်အမေးကို လီးလွဲ၍ သံဃာကိုစိတ်ဆင်းရဲစေအံ့။ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

* ရဟန်းအပြစ်သင့်နေ၍ သံဃာဖြင့်ခုံဖွဲ့စစ်ရာ-

က။ မေးစစ်သည့်အရာကို မဖြေလျှင် သို့မဟုတ် ထိုအမေးကိုပင် တစ်ကြော့ထပ်၍ ကပ်မေး-မေးနေလျှင် ပါစိတ်။

ခ။ ဘာမေးမေး မပြောတော့ပဲ ဆိတ်ဆိတ်နေလျှင်လည်း ပါစိတ်ပင်။

www.dhammaransi.com



* သံဃာအလယ်ဝယ် ဝိနည်းမိုရ်က
  ငါ့ရှင် - သုတ်လွှတ်မှုပြုကျင့်သည် (သို့မဟုတ်) သံဃာဒိသိသ်
  သင့်နေသည် မဟုတ်လော - မေးသော် - ဘယ်သူသင့်သလဲ
  တစ်ဖန်-

သင်သင့်နေသည်-ပြောသော် - ဘယ်အပြစ်သင့်သလဲ - တစ်ဖန်
သံဃာဒိသိသ် အာပါတ်ပဲ - ဘယ်တော့ကသင့်သလဲ -- စသည်-
စသည် ထပ်ဖျက်-ဖျက်ခြင်းများပင်။ တစ်ဖန်-
ထိုသို့မေးစစ်သည်ကို မပြောပဲ ဆိတ်ဆိတ်နေကာ ပေကျင့်-ကျင့်
ခြင်းများပင်။

ဤကား အညဝါဒက ဝိဟေသက မှတ်စု။

၃။ အကြွင်ရဟန်းသည်-
သမ္မုတိရ-ရဟန်းအား ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်းအမှု တစ်ခုခု
ပြုမူအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**သမ္မုတိရ-ရဟန်းများ**

၁။ ဆွမ်းစသည်များ၌ အလှည့်ကျစေလွှတ်ခွင့်ရ ဘတ္တုဒ္ဒေသက
ဆွမ်းညွှန်းရဟန်း။

၂။ သစ်သီး စသည်များ၌ ဝေဖန်ပေးခွင့်ရ(ဖလဘာဇက) သစ်သီး
ခွဲတမ်းချခွင့်ရ - ရဟန်း။

၃။ ကျောင်းနေ့ရာများ၌ ဝေဖန်ပေးခွင့်ရ (ပညတ္တာသန ) နေရာ
ချခင်းရဟန်း။

www.dhammaransi.com



၄။ ဝိနည်းဆုံးဖြတ်ရာများ၌ ဆုံးဖြတ်ခွင့်၊ စစ်ခွင့်ရ (ဝိနယဓရ) ဝိနည်းမိုရ်ရဟန်း။

**မှတ်ချက်။** ။ ထိုရဟန်းတော်ကြီးများသည် အနည်းဆုံးဝါတော် (၂၀) ရ များဖြစ်ကြပြီး ဓမ္မကထိက သမ္မုတိရ အင်္ဂါရှစ်ချက်နှင့် ပြည့်စုံသူများချည်းသာ။

(က) ထိုသမ္မုတိရများမကောင်းကြောင်း တိုက်ရိုက်ပြောဝေဖန်က ဥဇ္ဈာပနက ပါစိတ်။

(ခ) ထိုသမ္မုတိရများမကောင်းကြောင်း စောင်းမြောင်းဝေဖန်က ခိယ္ယနက ပါစိတ်။

သမ္မုတိမရသောရဟန်းနှင့် လူ၊ သာမဏေများ၏ သတင်းကိုမဟုတ် မမှန်လုပ်ကြံ၍ပြောသော် ဒုက္ကဋ်၊ ဟုတ်မှန်နေသော်ကားအပြစ်မရှိ။

ဤကာ ဥဇ္ဈာပနက ခိယ္ယနက မှတ်စု။

၄။ အကြွင်ရဟန်းသည်-

သံဃာပိုင် (သံဃိက)ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှို၊ခတ်အခင်း တစ်ခုခုကိုလွင်တီးခေါင်ဝယ်ခင်းလေ၊ ခင်းစေပြီးပြန်သော အခါဝယ်-

က။ ကိုယ်တိုင်လည်းပြန်မသိမ်းဆည်းခဲ့။

ခ။ သူတစ်ပါးကိုလည်း သိမ်းဆည်းရန်မမှာကြားခဲ့။

ဂ။ တာဝန်ခံများကိုလည်း ပြန်မည့်အကြောင်းမပန်ကြားခဲ့။

ထိုရဟန်း နေရာအရပ်မှ ခဲတစ်ကျခရီးလွန်လျှင်ပင် ပါစိတ်အာပတ် သင်စေ။

www.dhammaransi.com



၁။ မဥ္စ - ညောင်စောင်းဟူသည် ခုတင်(ခုနှင်)ကိုဆို၏။
၂။ ပီဌ - အင်ပြင်ကား စားပွဲ၊ ကုလားထိုင်၊ ထိုင်ခုံများပင်။
၃။ ဘိသိ - ဘုံလျှိုကား အစာသွတ်ထားသောမွေ့ရာ (ဆိုဖာ၊အိပ်စရာ၊ ထိုင်စရာ) များပင်။

**မှတ်ချက်။** ။ ရဟန်းများနှင့်ဥပုသ်သည်များသည် မွေ့ရာမှာဝယ် အဝတ်စအစာ၊ အုန်းဆံဖတ်အစာ၊ သစ်ရွက်အစာမျိုးသာအပ်၏။ လဲမှို့စသည်တို့ကားမအပ်။

၄။ ကောစ္ဆံ - ခတ်အခင်းကား အလယ်သိမ်စေပြီး **အထက်အောက်** ကျယ်ကား၍ အထက်တစ်ဖက်၌သာ သားရေ၊ **ကြိမ်တစ်ခုခုဖြင့်** ဖွဲ့ကျက်ထားသော ထိုင်စရာတစ်မျိုးမျိုးပင်။ ဘုရားအောက်ခံ ပလ္လင်ပုံမျိုးဆို၏။

အထက်ပါသံဃိကပစ္စည်းများ လွှင်ပြင်ပြစ်ထားခဲ့ပါက ပျက်စီးစေတတ်သောကြောင့် မထားခဲ့ရ၊ ထားခဲ့သော် ပါစိတ်။

ဤကား ပထမ သေနာသန မှတ်စု။

၅။ အကြွင်ရဟန်းသည်-

သံဃိကကျောင်းပေါ်ဝယ် သံဃိကအခင်းများကို ခင်းကျင်း အသုံးပြုပြီးလျှင် ပြန်သောအခါဝယ်-

က။ ကိုယ်တိုင်လည်း မသိမ်းဆည်းခဲ့။
ခ။ သူတစ်ပါးကိုလည်း မသိမ်းဆည်းခိုင်း။
ဂ။ ကျောင်းစောင့် စသည်များကိုလည်း ပြောမသွား။

ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

www.dhammaransi.com



## ရဟန်းသုံးအခင်းဆယ်မျိုး

၁။ ဘိသိ --- ဘုံလျှို( ဖုံမွေ့ရာ၊ ဆိုဖာ စသည်)

၂။ စိမိလိကာ --- အခင်းကြမ်း(သမံသလင်းထက်ခင်းသောဖယောင်းပုဆိုးမျိုး)

၃။ ဥတ္တရတ္ထရဏ --- အပေါ်လွှမ်းအခင်း (အိပ်ရာခင်းမျိုး)

၄။ ဘူမတ္ထရဏ --- မြေအခင်း (သင်ဖြူးဖျာ၊ နှီးချောဖျာ စသည်)

၅။ ကဋ္ဌက --- ဖျာကြမ်း (နှီးကြမ်း၊ ထန်းရွက် စသည်ဖြင့်ပြုလုပ်သောဖျာ)

၆။ စမ္မခဏ္ဍ --- သားရေခင်း၊ သားရေနယ်ကိုဆိုလိုသည်။

၇။ နိသီဒန ---- နိသီဒိုန် - နေရာထိုင်ခင်းပင်။

၈။ ပစ္စတ္ထရဏ ---- သီးခြားအခင်း၊ ကော်ဇော စသည်။

၉။ တိဏသန္ထာရ ---မြက်အခင်း၊ မြက်များကို ဖွဲ့ကျက်ထားသောအခင်း။

၁၀။ ပဏ္ဏသန္ထာရ--သစ်ရွက်အခင်း၊ သစ်ရွက်များကို ဖွဲ့ကျက်ထားသောအခင်း။

**မှတ်ချက်။** ။ အထက်ပါဆယ်မျိုး တစ်မျိုးမျိုးသောသံဃာပိုင်ပစ္စည်းကိုသုံးပြီး မသိမ်းခဲ့၍ ခြ စသည်တို့ဖျက်ဆီးခံရသော်ကျောင်းရောအခင်းပါပျက်စီးနိုင်သောကြောင့်ပညတ်သည်။

ထိုသို့မသိမ်းခဲ့၊ မသိမ်းစေခဲ့ အကြောင်းမကြားခဲ့ပဲသွားရာ အရာမ်ဥပစာလွန်သည်နှင့် ပါစိတ်သင့်သည်။

ဤကား ဒုတိယသေနာသန မှတ်စု။

www.dhammaransi.com



၆။ အကြွင်ရဟန်းသည်-
သံဃိကကျောင်းဝယ် ထ-မသွားစေသင့်သော ရဟန်းဟူ၍သိလျက်ကပင်-
အကျဉ်းအကျပ်ဒဏ်မခံနိုင် - သင်းထွက်သွားလိမ့်မည်အကြံဖြင့် ရှေ့ရောက်ရဟန်းအနီး ချဉ်းကပ်ပြီးထိုင်အံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

## ထမသွားထိုက်စေသူသုံးဦး

၁။ မိမိထက်သိက္ခာ၊ ဝါကြီးသောရဟန်း
၂။ နာမကျန်းဖြစ်နေသော ဂိလာနရဟန်း
၃။ သံဃာအတွက် ကျေးဇူးများသဖြင့် သီးခြားနေရာ
ပေးထားသော ရဟန်း။

**မှတ်ချက်။** ။ အနီးအပါးဟူသည် တစ်တောင့်ထွာဝန်းကျင်ပင်။ ထိုင်ရုံမျှမဟုတ်၊ အိပ်လျှင် ထိုင်တစ်ချက်၊ အိပ်တစ်ချက် ပါစိတ်နှစ်ချက်။ အထိုင်အထများသလောက် ပါစိတ်များထပ်မည်။ ၎င်းအနီးနေရာ ဝင်ခင်းလျှင်ပင် ဒုက္ကဋ်။
ဤကား အနုပခဇ္ဇ မှတ်စု။

www.dhammaransi.com



၇။ အကြွင်ရဟန်းသည်-

စိတ်ဆိုးခြင်း၊ စိတ်အလိုမကျခြင်းကြောင့် ရဟန်းအချင်းချင်း သံဃိကကျောင်းမှ နှင်လေ၊ နှင်စေအံ့။ ထိုရဟန်း ပါစိတ်အာပတ် သင့်စေ။

## နှင်ထုတ်ပိုင်ခွင့်များ

၁။ ခိုက်ရန်ဖြစ်တတ်**သော** ရဟန်းနှင့် ၎င်း၏ပရိက္ခာများကို သံဃိကကျောင်းတိုက် တစ်တိုက်လုံးမှပင် နှင်ထုတ်နိုင်သည်။

၂။ အလဇ္ဇီရဟန်း၊ သာမဏေများ၊ အဆုံးမ-ခက်ရဟန်း သာမဏေ များ မိမိနေရာ သံဃိကကျောင်း တစ်ကျောင်းမှသာနှင်ထုတ် နိုင်သည်။

**မှတ်ချက်။** ။ တရားသဖြင့်နေပါလျက်က မိမိသဘောမကျ၍နှင် ထုတ်ခြင်းကိုသာ ဤသိက္ခာပုဒ်က အာပတ်ဖြင့်တားမြစ်ထားသည်။ ဤကား နိက္ကဍ္ဍန မှတ်စု။

၈။ အကြွင်ရဟန်းသည်-

သံဃိကကျောင်း၏ အထက်ထပ် ကြမ်းမခင်းရသေးသော အပေါ်ဝယ်-

ဘောင်တွင်ခြေတပ်စွပ်ရုံမျှ စွပ်ထားသော ကုတင်၊ ကုလားထိုင်များ ပေါ်သို့ ဖိထိုင်၊ ဖိအိပ်မပြုလုပ်ရ။ လုပ်သော် ထိုရဟန်းပါစိတ် အာပတ်သင့်စေ။

www.dhammaransi.com



**မှတ်ချက်။** ။ ဘောင်ထွင်း၍ ခြေတပ်ထားသောခြေထောက်များသည် ပြုတ်ကျနိုင်၏။ အောက်ထပ်နေရဟန်းတို့ ဦးခေါင်း ပေါ် ကျရောက်စေပြီး ဒဏ်ရာအနာတရဖြစ်နိုင်၏။ သို့ကြောင့် ပညတ်သည်။

ခြေထွင်းဘောင်တပ် ပြုတ်ကျဘွယ်မရှိအပ်၏။

အောက်ထပ်သည် လူနေနိုင်လောက်သောအမြင့်ရှိမှသာ မရှိသော်ကျလည်းအပြစ်မရှိ။

ဤကား ဥပရိဝေဟာသ မှတ်စု။

၉။ အကြွင်**ရဟန်းသည်**-

ကျောင်းဆောင်ခန့်ထည် ကြီးကြီးပင်တည်ဆောက်လိုလတ်သော်-

က။ တံခါးဘောင်၏အနီးအပါးအရပ်ဝယ်ဝယ် အင်**တေ**

မြေညက်များအထပ်ထပ်အခါခါ လိုသလို သု**တ်လိမ်း**

နိုင်ခွင့်ရှိသည်။

ခ။ အမိုးကိုကား သုံးခါထက်မထပ်ရ။ စိမ်းစိုသော ကောက်ပဲ

သီးနှံများရှိရာအရပ်မှလည်း သွား**ရောက်**မစီစဉ်ရ။

**အမိုး**ကလည်း ထိုထက်ပိုခဲ့သော်-

ကောက်ပဲသီးနှံခင်း အတွင်းမှနေ၍လည်း ညွှန်ကြားခဲ့သော်-

ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

ꩤ ꩤ ꩤ ꩤ ꩤ

www.dhammaransi.com



**ကျောင်းအမျိုးအစား**

၁။ ဥလ္လိတကုဋ္ဋိ = **အင်္ဂတေ မြေကျင်များ အတွင်းဘက်ကသာသုတ်လိမ်းထား**သောကျောင်း။

၂။ အဝလိတ္တကုဋ္ဋိ = အင်္ဂတေမြေကျင်များ အပြင်ဘက်ကသာသုတ်လိမ်းထားသောကျောင်း။

၃။ ဥလိတ္တာဝလိတ္တာကုဋ္ဋိ = အတွင်းအပြင်နှစ်ဘက်စလုံးသုတ်လိမ်းသုတ်လိမ်းထားသောကျောင်း။

ပေါင်းသုံးမျိုး။

ထိုသုံးမျိုး **တစ်မျိုးမျိုး**ဆောက်စေရာဝယ်-

(က) တံခါးဘောင်အနီးအပါးသည် တံခါးအဖွင့်အပိတ်ဒဏ်ခံနိုင်ရည်ရှိရန် အထပ်ထပ်သုတ်လိမ်းခွင့်ပြုသည်။
ကျန်သောနံရံစသည်များ**ကား** မည်မျှဟူ၍ သတ်မှတ်ချက်မရှိ။

(ခ) အမိုးမိုးစေရာဝယ် သုံးခါထပ်အထိသာခွင့်ပြုသည်။ လွန်က ပါစိတ်။

(ဂ) စီမံရာ၌ ကောက်ပဲသီးနှံခင်းများ အတွင်းကနေ၍ညွှန်ကြားမိသော် ပါစိတ်။

ဤကား မဟာလ္လက ဝိဟာရ မှတ်စု။

❦ ❦ ❦ ❦ ❦

www.dhammaransi.com



၁၀။ အကြြင်ရဟန်းသည်-

ရေပျော်ပိုးများ ကျင်လည်ကျက်စားနေသည်ကိုသိလျက်က ထိုပိုးရှိရေကို-
မြက်၊ သစ်ပင်၊ ရေပြင်ပေါ်သို့ သွန်လေ၊ သွန်စေအံ့- ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**ဆုးပက်ပမာ မြေ မြက်နှင့်ပိုးသတ္တဝါ**

က- မြေမြက်များအပေါ်သို့ ပိုးရှိရေလောင်းက ပိုးများသေနိုင်သည်။
ခ- ပိုးရှိရေများထဲသို့ မြေ၊ မြက်ထည့်ကလည်း ထိုနည်းလည်း ကောင်းသာ။

သို့ကြောင့်-

က- ရေနည်းပိုးနေအတွင်းသို့လည်း မြေမြက်များမစွန့်ချရ။ ပါစိတ်။
ခ- မြေပြင်၊ မြက်ခင်းများပေါ်သို့လည်း ပိုးရှိရေများ မသွန်ရ။ ပါစိတ်။

**မှတ်ချက်။** ။ ကာမဘောဂီ ခံစားလျက်ရှိသော လူ့ဘဝ၏စိတ် အနေအထားကား သတိလည်းကင်းမဲ့လှ၏။ တစ်ဖက်သို့ ညှာတာ ထောက်ထားခြင်းလည်းအလျဉ်းမရှိ။ ကာမအာရုံကြောမျော လျက်ကစုန်ဆင်းနေရသောကြောင့်-

www.dhammaransi.com



ထိုလူသားများအဘို့ ငါသည် ပထမဖြစ်၏။
ထို့နောက် ငါ့သား၊ ငါ့မယားများဖို့သာ ညှာတာထားတော့၏။ ရဟန်းကား ထိုသို့မဟုတ်ပြီ။ အတ္တဒိဋ္ဌိ အငြိမ့်မှုမခံလေပဲ-

- အသေးအမွှားပိုးလေးများမှသည်ဆင်ကောင်ကြီးအထိ။
- အပါယ်လေးဘုံသားများမှသည် ဗြဟ္မာဘုံသားအထိ။

မိမိနှင့်တစ်တန်းတည်းအတူထားသော စိတ်ရင်းတင်းတင်းရှိရ၏။ သတိလက်နက်မဲ့လည်း မဖြစ်စေရ။ အမှုမဲ့အမှတ်မဲ့သည် ရဟန်းနှင့်ဆန့်ကျင်ဘက်။

ဤဝိနည်းသိက္ခာပုဒ်များသည် ကာမဘောဂီခံစားခဲ့ကြသော လူ့ဘဝရှိလူ့အသိများကို ပြောင်းပြန်လှန်ပစ်ရန် စိတ်ထိန်းကျောင်းပေးနေသော အကျင့်များချည်းသာ မှတ်ရမည်။
( စကားညှပ် )

ဤကား သပါဒါက မှတ်စု။

www.dhammaransi.com



## ဘိက္ခုနောဝါဒဝဂ်

၁။ အကြောင်းရပ်ဟန်းသည်-

သမ္မုတိမရပဲ ဘိက္ခုနီမများကို ဩဝါဒမပေးရ။ ပေးခဲ့သော် ပါစိတ်အာပတ်သင့်စေ။

## ဓမ္မကထိကအရည်အချင်း

၁။ သီလ။ ။ ဝိနည်းကျင့်ဝတ်နှင့်တစ်ကွ သီလလေးမျိုးစုံလုံခြုံခြင်း။

သို့မှသာ အများတို့ယုံကြည်အားထားမှုကို ရစေမည်။

၂။ ဗဟုသုတ။ ။ **ပရိယတ်၊** ပဋိပတ် နှံ့စပ်မှုရှိခြင်း။**သို့**မှသာဩ**ဝါဒတို့၏စရိုက်**အလိုက် ပြုပြင်**ပေးနိုင်**မည်။

၃။ သွာဂတ။ ။ ဥဘ**တောဝိဘင်း** ခေါ် ဘိက္ခု၊ **ဘိက္ခုနီ ပါတိ**မောက်အရ ဆောင်ထားနိုင်ခြင်း။သို့မှသာ သူ့ဘက်ရှိကိုယ့်ဘက်ရှိကျင့်ဝတ်များကို သိနားလည်မည်။

၄။ သုဝါစက။ ။ တည်ငြိမ်လေးခန့် စကားသန့်ချည်းကိုသာပြောကြားလေ့ရှိခြင်း။

သို့မှသာ ဘုတ်-ကျီးရိုသေ၊ ကျီး-ဘုတ်ရိုသေ ပမာရှိမည်။

၅။ ပိယ ။ ။ **အ**များထု၏ချစ်ခင်**လေးစား**မှုကို ခံယူရရှိခြင်း။**သို့**မှသာပုဂ္ဂိုလ်ခင်**ရာမှ တရား**မင်ရာသို့ပို့ဆောင်နိုင်မည်။

www.dhammaransi.com



၆။ ပဍ္ဍုပလ။ ။နှုတ်အာရင်း**လင်းအသံ**ပီပြင်ခြင်းနှင့်ပြည့်စုံခြင်း။ သို့မှသာ နာကြား**သူများနား**လည်ကာ လိုရာညွှန်း ဆိုနိုင်မည်။

၇။ နာဠပန္န။ ။ လူ့ဘဝတုန်းက ဘိက္ခုနီနှင့်ကိုယ်ချင်းထိ ဖက်ရမ်း နမ်းရှုံ့ မှု စသည်များနှင့်သိက္ခမာန်၊ဥပသကာ မများ လိင်ချင်းထိ မေထုန်မှု မပြုကျင့်ဘူးခြင်း သို့မှသာ အမဲသားကြိုက်သူ နွားမြင်လက်ညှိုးထိုး ပမာမှုကင်းလွတ်မည်။

၈။ ဝီသ-တိ။ ။ သိက္ခာတော်ရှိ၍ **နှစ်ဆယ်**တင်းတင်းရှိခြင်း။ သို့မှသာ လေးဆ**ယ်အရွယ်** ထိုမှဘက် ဓမ္မတာ သွေးသား ငြိမ်ငြိမ်**သက်**သက်ရှိမည်။

အထက်ပါ အင်္ဂါရှစ်ချက်နှင့်ပြည့်စုံမှသာ ဘိက္ခုနီတို့ကို ဩဝါဒပေးနိုင်သည့် သမ္မုတိရသည်။ လူပရိသတ်များ၌လည်း နည်းတူ။

ဤကား ဩဝါဒ မှတ်စု။

၂။ သမ္မုတိရ-ရဟန်းဖြစ်သည့်တိုင်-

နေဝင်သွားပြီးနောက် ဘိက္ခုနီတို့ကို ဩဝါဒမပေးရ။

ပေးခဲ့သော် ပါစိတ်အာပတ်သင့်စေ။

မှတ်ချက်။ ။ ဘိက္ခုတို့ကတောကျောင်းနေ၊ **ဘိက္ခုနီမတို့က မြို့တွင်း၊** ရွာတွင်း သို့မဟုတ် ရွာနီးနေများသာ ဖြစ်ကြရာ ကျောင်းပြန်ခက်ခဲ ကြ၍-

www.dhammaransi.com



ဤကား အတ္တင် မှတ်စု။

၃။ အကြောင်ရဟန်းသည်-

ဘိက္ခုနီမတို့နေရာကျောင်းများသို့ သွားရောက်ဩဝါဒပေးအံ့။

ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ ကံပြုရန်၊ တရားနာရန်အတွက်မသွားနိုင်မလာနိုင်လောက်အောင် နာမကျန်းနေကသွားရောက်၍ ဩဝါဒပေးခွင့်ရှိသည်။

ယခုကာလ ဘိက္ခုနီမ (ဝိနည်းထိန်း၊ သိမ်ဝင်ရဟန်းမ) များထင်ရှားမရှိတော့ရာ သီလရှင်များကိုသာ ဤသို့ဆက်ဆံသင့်တော့၏။

ဤကား ဘိက္ခုနုပဿယ မှတ်စု။

၄။ အကြောင်ရဟန်းသည်-

မထေရ်ကြီးများသည် ပစ္စည်းလာဘ်လာဘရလိုမှုဖြင့် ဘိက္ခုနီမများကို ဆုံးမနေကြခြင်းသာ --- ဤသို့ ကဲ့ရဲ့စွပ်စွဲအံ့။

ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ သမ္မုတိမရသော ရဟန်းကိုစွပ်စွဲက ဒုက္ကဋ်။ရဟန်းဘဝတုန်းက သမ္မုတိရထားပြီး သာမဏေဘဝပြောင်းသွားလေသူနှင့် သမ္မုမရ သာမဏေများကို စွပ်စွဲမိကလည်း ဒုက္ကဋ်ပင်။

ဤကား အာမိသပေတု မှတ်စု။

www.dhammaransi.com



၅။ အကြောင်ရဟန်းသည်-

ဆွေမျိုးမတော်သူ ဘိက္ခုနီမအား သင်္ကန်းပေးအံ့-

ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ အချင်းချင်းလဲလှယ်ရာ၌ အပြစ်မရှိ။ သင်္ကန်းဟု ဆိုသော်လည်း အဓိဋ္ဌာန် ဝိကပ္ပနာလောက်သောပိတ်တို့၊ ဖျင်စများ ပါ-ပါဝင်သည်။

ဤကား စီဝရဒါန မှတ်စု။

၆။ အကြောင်ရဟန်းသည်-

ဆွေမျိုးမတော်သော ဘိက္ခုနီမ၏သင်္ကန်းကို ကိုယ်တိုင်မူလည်း ချုပ်ပေးအံ့။ သူတစ်ပါးကိုမူလည်း ချုပ်ပေးစေအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ ချုပ်ပေးရာဝယ် အပ်တစ်ချက်-တစ်ချက်နှုတ်တိုင်း နှုတ်တိုင်းလျှင် ပါစိတ် တစ်ချက်ကျ တစ်ချက်ကျသင့်မည်။ ဆရာခိုင်း၍ တပည့်ရဟန်းချုပ်ပေးရာထိုတပည့်မှာလည်း အပြစ်မကင်း။

ဤကား စီဝရ ဝိသဗ္ဗနမှတ်စု။

၇။ အကြောင်ရဟန်းသည်-

တစ်ဦးနှင့်တစ်ဦးချိန်း၍ ဘိက္ခုနီမနှင့် ခရီးအတူသွားအံ့။

ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

www.dhammaransi.com



## ချိန်းသွားမှုဖြစ်သောခရီး

က။ အဖော်ကုန်သည်များနှင့်တွဲသွားမှုဖြစ်မည့်ခရီး နိမနှင့်ချိန်းသွားက အပြစ်မရှိ။

ခ။ ခိုးသားဓားပြတို့ သွားလာလှုပ်ရှားနေသော လမ်းခရီးဖြစ်လျှင်လည်း နည်းတူ။

ဂ။ ခိုးသားဓားပြတို့ လုယက်ပုံကြံတွေ့နေရသော လမ်းခရီးမျိုးဖြစ်လျှင်လည်း နည်းတူ။

အထက်ပါအချက်များကင်းမဲ့နေသော လမ်းခရီးမျိုးဖြစ်ခဲ့သော် တစ်ရွာနှင့်တစ်ရွာအကူးပင်သော်မှ နိမနှင့် ချိန်းမသွားရ။ ပါစိတ်။

ဤကား သံဝိဒါနမှတ်စု။

၈။ အကြောင်ရပာန်းသည်-

စုန်ဆန်ခရီး လှေတစ်စီးတည်း ဘိက္ခုနီမနှင့်ချိန်းမစီးရ။ စီးခဲ့သော် ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

မှတ်ချက်။ ။ တစ်ဖက်ကမ်းကူးခေါ် အခိုက်အတန့်စီးကားအာပတ်မသင့်။

ဤကား နာဝါဘိရုဟန မှတ်စု။

၉။ အကြောင်ရပာန်းသည် -

လူထက်အလျှင် ဘိက္ခုနီစီစဉ်ပေးသောဆွမ်းကို သိလျက်နှင့် စားအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

www.dhammaransi.com



* ဒေဝဒတ် လာဘ်ရှားချိန်တွင် ၄င်း၏အသင်းအပင်း ဘိက္ခုနီတို့အား လူတို့ကိုနှိုးဆော်ပေးကာ အချက်ခိုင်းပြီး လိုက်လံစားသုံးမှုပင်။ ထိုသို့စီမံပေးရာ၌ ဘိက္ခု၏ဆွေမျိုးဖြစ်သူအားလည်းကောင်း၊ နိမ၏ဆွေမျိုးအားလည်းကောင်း ထိုနိမသွားရောက်စီမံက အပြစ်လွတ်၏။ ဆွေလည်းမတော် မျိုးလည်းမသက်သူတို့ထံ သွားရောက်စီမံပေးသည်ကို ( ချက်ပြုတ်ခိုင်း ) သည်ကို သိလျက်နှင့်စားသုံးမှပါစိတ်သင့်၏။

ဤကား ပရိပါစိတ မှတ်စု။

၁၀။ အကြင်ရဟန်းသည်-

ဘိက္ခုနီမနှင့်နှစ်ယောက်ချင်း အများနားကွယ် မကြားလွယ်ရာ၌ အတူနေအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ နံရံ စသည့်အကာအကွယ်ကားမရှိ။ သို့သော်အများမကြားလောက်ရာတစ်ဆယ့်နှစ်တောင်ထွာအလွန်တွင်နှစ်ဦးတည်းနေလျှင် ပါစိတ်။

ဤကား ရဟောနိသဇ္ဇ မှတ်စု။

## ဘောဇနဝဂ်

၁။ အကြင်ရဟန်းသည်-

မနာဖျားပဲလျက်က အများဘို့ရည်မှတ် စတုဒိသာဘတ်ကိုတစ်နေ့ထက်အလွန်သွားရောက်စားအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင်စေ။

www.dhammaransi.com



မှတ်ချက်။ ။ အာဝါသလပိဏ္ဍာဟူသည်-နယ်လေးရပ်တို့မှခရီးသည်များအတွက် မည်သူမဆိုစားသုံးနိုင်ရန်စီစဉ်ထားသောစတုဒိသာဆွမ်းကိုဆို၏။ရှေးခေတ်က စတုဒိသာဇရပ်များဝယ်ထားလေရှိ၏။ပိဏ္ဍာဆိုသော်လည်း ဘောဇဉ်အားလုံးပါဝင်၏။

နာမကျန်းဟူသည်-

ယူဇနာခရီးဝက်လောက်မျှ မသွားလာနိုင်သူကိုဆို၏။

ဤကား အာဝါသထ ပိဏ္ဍာ မှတ်စု။

၂။ အကြွင်ရဟန်းသည်-

မအပ်သောနည်းဖြင့် ရလှာသောဆွမ်းကို ဂိုဏ်းဖွဲ့စားအံ့။ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မအပ်သောနည်း အပ်သောနည်းနှစ်မျိုး**

အုန်းနို့ခေါက်ဆွဲစားကြွပါ၊ မုန့်ဟင်းခါးစားကြွပါ၊ငါးခြောက်ဖုတ်စားကြွပါစသည်အမည်ဖေါ်လျှောက်၍ ဘောဇဉ်ငါးပါးတစ်ပါးပါးဖိတ်ကြားလျှင် မအပ်တော့ပြီ။

ရဟန်းအားပင့်ဖိတ်လျှင် ဆွမ်း၊ ဆွမ်းဟင်းအမည်တပ်ဖိတ်ကြားရသည်။

ဥပမာ- အုန်းနို့ခေါက်ဆွဲဆွမ်းဘုဉ်းပေးပါ၊ အသားဆွမ်းဟင်း (အသီးဆွမ်းဟင်း) ဆွမ်းဟင်းဘုဉ်းပေးရန်ကြွပါ။ စသည်ဖိတ်မှသာအပ်သည်။

www.dhammaransi.com



ဂိုဏ်းဟူသည် လေးပါးမှစ၍အထက်ရှိ ရဟန်းများစုဝေး စားသုံးခြင်းကိုဆို၏။ ဥပုသ်ပြုဂိုဏ်းကဲ့သို့ လေးပါးအောက်မဟုတ်။

မှတ်ချက်။ ။ ထိုသို့ ဘောဇဉ်ငါးပါးတို့ကို သူ့ဆိုင်ရာနာမည်များ စာရင်းတင်၍ ရဟန်းများဘက်ကလည်း အလှူမခံကောင်း၊ ဒကာ တို့ဘက်ကလည်း မဖိတ်မန်ကောင်း။

က။ နာမကျန်းနေသောအခါမျိုးဝယ် ထိုသို့ဖိတ်သော်လည်းစားအပ် ၏။

ခ။ သင်္ကန်းစမလောက်င၍ အလှူခံသွားရာအခါ--- နည်းတူ။

ဂ။ သင်္ကန်းစများချုပ်ဆိုးရာအခါ--- နည်းတူ။

ဃ။ ခရီးရှည်ရှည်သွားနေရသာအခါ--- နည်းတူ။

င။ လှေ၊ သင်္ဘော(ရထား) စသည်တို့အပေါ်ရောက်နေသောအခါ နည်းတူ။

စ။ ဆွမ်းလောင်းပါးရှား ဆွမ်းခံတို့ဘက်ကသာ များပြားနေသော အခါ--- နည်းတူ။

ဆ။ ရဟန်းအချင်းချင်း ဆွမ်းပင့်ကျွေးလေသောအခါ -- နည်းတူ။

ဤကား ဂဏဘောဇဉ် မှတ်စု။

၃။ အကြောင်ရဟန်းသည်-

ဆွမ်းပင့်ဖိတ်ချက် တစ်အိမ်မှတစ်အိမ် ကူးစက်၍စားအံ့။

တိုရဟန်း ပါစိတ်အာပတ်သင့်စေ။

www.dhammaransi.com



မှတ်ချက်။ ။ ဒါယကာတစ်အိမ်မျှမက နှစ်အိမ်၊ သုံးအိမ် စသည် တစ်နေ့တည်းအပင့်ဆုံလေရာအစဉ်အတိုင်းမဟုတ်ပဲ ကြိုက်ရာ လိုက်၍စားသုံးခြင်းကိုဤသိက္ခာပုဒ်ကတားမြစ်သည်။

နာမကျန်း၊ သင်္ကန်းစအလှူခံ၊ ချုပ်-ဆိုးများနှင့်တိုက်ဆိုင် နေပါက နီးစပ်ရာ၊ ကြုံရာသို့လက်ဦးဝင်စားလည်း အပြစ်မရှိ။

✷ အရေးတကြီးဖြစ်နေ၍-

မိမိမသွားနိုင်၍ဖြစ်စေ၊ နောက်ပင့်ဒကာက ပို၍အရေးကြီး ကိစ္စရှိနေ၍ဖြစ်စေ၊ အစဉ်ကျော်၍လိုက်လိုသော် ထိုလက်ဦးပင့် ဆွမ်းကို ရဟန်းတစ်ပါးပါးအား လွှဲအပ်ခဲ့ရမည်။ ၄င်းကို ဆွမ်း ဝိကပ္ပနာဆို၏။

## ဆွမ်းဝိကပ္ပနာ

မယှံ ဘတ္တ ပစ္စာသံ တုယှံဒမ္မိ
ငါ၏ဆွမ်းဘတ်မျှော်လင့်ဘွယ်ကို သင့်အားပေးပါ၏။ ---ဟူ၍
ဤကား ပရမ္ပရဘောဇဉ် မှတ်စု။

၄။ အိမ်ကပ်ရဟန်းကို-

အိမ်ရှင်များက မုန့်ဆွမ်းအလှူခံပါရန် ဖိတ်ကြားခဲ့သော်- သုံးသပိတ်ထက် အလွန်ကျွံမခံရ။ ခံခဲ့သော် ပါစိတ်အာပတ် သင့်စေ။

www.dhammaransi.com



* အိမ်ကပ်ရဟန်းဟူသည်-လမ်းအတိုင်းမသွားဘဲ အိမ်စဉ်လှည့်တက် ဆွမ်းခံလျက်နေသောရဟန်းပင်။
- သုံးသပိတ်ဟူသည်-
ဆွမ်းခံရဟန်း သုံးပါးထက်ပို၍ ဝင်မခံရသည်ကို ရည်ညွှန်း၏။
- မုန့်ဟူသည် လက်ဆောင်ပေးရန်မုန့်၊ လမ်းရိက္ခာမုန့်များပင်။

**မှတ်ချက်။** ။ မည်သည့်မုန့်မဆို ထို့ထက်လွန်ကမသင့်လွန်း၊သီးခြားလောင်းမျိုးမဟုတ်လျှင်-

## ကျင့်ရမည့်ဝတ္တရား

က။ ပထမရဟန်းကဝင်ရောက်အလှူခံ ထို့နောက် လမ်းသို့မဟုတ် အိမ်ဝ-ဝယ်တစ်ပါးပါးတွေ့ပါက မိမိအလှူခံခဲ့ပြီးပြီ၊ နောက်ထပ်နှစ်ပါးမျှသာ အလှူခံခွင့်ရှိတော့သည်။သတိပေးခဲ့။

ခ။ တစ်ဖန် ဒုတိယရဟန်းအလှူခံပြီး ပြန်ထွက်အလာ လမ်းသို့မဟုတ် အဝင်ဝ နောက်တစ်ပါးတွေ့ပါကမိမိဒုတိယမြောက်အဖြစ်အလှူခံခဲ့ပြီးပြီ။ နောက်ထပ်တစ်ပါးမျှသာအလှူခံခွင့်ရှိတော့သည်သတိပေးခဲ့။

ဂ။ တစ်ဖန် ထိုတတိယရဟန်းအလှူခံပြီး ပြန်ထွက်အလာတွင် နောက်ထပ်ရဟန်းများနှင့်ဆုံခဲ့သော် မသွားနှင့်တော့ သုံးပါးပြည့်သွားပြီ သတိပေး။

❒ ဝတ္ထုကြောင်းမှာ ခရီးသွားမည့်သမီး မုန့်ကျော်နေရာတွင် မိခင်က ဆွမ်းရပ်သံဃာတစ်ပါးအား လောင်းလှူမိရာမှ တစ်ပါးပြီးတစ်ပါး အလိုက်မသိဝင်ရောက်အလှူခံမှု---

www.dhammaransi.com



**မှတ်ချက်**။ ။ မိမိသပိတ်တွင်းတွင်းသို့ တစ်ပါး**စာမျှမက** **အများ** အပြားပိုလျှံနေက ထိုအိမ်ရှင့်အနီးအပါးရှိ ကျောင်း**များသို့**ဝင်၍ ဝေဖန်သောအား **လှူ၍ထားခဲ့**။ ငါတို့ ခေတ် သပိတ်အိုင်ဆရာ တော်ကားမုန့်**ဆွမ်းမျှမဟုတ်** အခြားဆွမ်း၊ဆွမ်းဟင်းတို့ကိုပါ ရွာကျောင်းသို့လှူခဲ့ပြီးမှမိမိအတွက်တစ်ပါးစာမျှ အလှူခံခဲ့ကာတော ကျောင်းသို့ ပြန်ကြွလေ့ရှိသည်ဆို၏။

ဤနည်းသည်သာ ဒါယကာတို့သဒ္ဓါ အလိုက်သိရာ ရောက်စေ သည်။

ဤကား ပဝမန္တ မှတ်စု။

၅။ အကြောင်ရဟန်းသည်-

မိမိဆွမ်းစားနေဆဲ သူတစ်ပါး လာရောက်ထည့်ပေးပါသည်ကို တော်ပြီပြောဆိုပြီးကာမှ ဆက်လက်၍စားသုံးအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**ပ‌ဝါရိတ်သင့် ရဟန်း**

၁။ မိမိကဆွမ်းစားနေဆဲလည်းဖြစ်မည်။

၂။ ပူဒါယကာ စသည်တို့ကချိုင့်၊ ဇလုံကိုင်လျက်သား မိမိ၏ ဟတ္ထပါသ်အတွင်းဝင်လာမည်။

၃။ ထည့်ရန်ဟန်ပြင် သို့မဟုတ် ထည့်ရမလားမေးစဉ်တားမြစ် လိုက်မည်။

www.dhammaransi.com



၄။ ဘောဇဉ်ငါးပါး တစ်ပါးပါးလည်းဖြစ်မည်။
၅။ ကိုယ် သို့မဟုတ် နှုတ်တို့ဖြင့်လည်းတားမြစ်မည်။
ဤငါးချက်ညီက ပဝါရိတ်သင့်၏။ ယနေ့အဖို့ နောက်တစ်ကြိမ် စားခွင့်မရှိ။

* စားဆဲဘောဇဉ် ဟတ်တွင်းဝင် ဆောင်စဉ်ကိုယ်နှုတ်မြစ်-ငါးပါး **မှတ်ချက်**။ ။ ဆွမ်းအတူစား ရဟန်း**တစ်ပါး**ပါးက ချိုင့်၊ ဇလုံ စသည်ကိုင်လျက်နှင့်ထည့်ပေးမည်ပြုစဉ်တားမြစ်ပါလျှင်လည်း ပါစိတ်သင့်၏။ နောက်တစ်ကြိမ်စားလိုလျှင် သူတစ်ပါးကျန်ဖြစ်မှသာ စားခွင့်ရှိတော့သည်။

## အတိရိတ် ဝိနည်းကံ

က။ ဘောဇဉ်များက ကပ္ပိသင့်ရာ ကပ္ပိပြီးဖြစ်စေရမည်။
ခ။ မိမိကိုယ်တိုင် အကပ်ခံပြီးလည်း ဖြစ်စေရမည်။
ဂ။ ဝိနည်းမိုရ်ရဟန်း၏ ဟတ္ထပါသ်အတွင်းလည်း ချဉ်းနင်းပြီးလည်းဖြစ်စေရမည်။
ဃ။ ဝိနည်းမိုရ်ရဟန်းဘက်သို့မြှောက်လျက် ညွှတ်လျက်လည်းထားရှိရမည်။
င။ ဝိနည်းမိုရ် (ဝိနည်းရှိသေသူ) ရဟန်းကလည်း ဣရိယာပုထ်မပျက် ထိုင်နေရမည်။
စ။ ရဟန်းလက်ဝယ်ရှိဘောဇဉ်များအနည်းငယ်ဖြစ်ဖြစ်စားသုံး၍ တော်ပြီပြောပေးရသည်။

www.dhammaransi.com



❒ ဤကား သူတစ်ပါးစားကြွင်းဖြစ်ရန် ပြုကျင့်ရပုံ။

**မှတ်ချက်**။ ။ ဤအတိုင်း ပြုကျင့်ရသည်ကို အတိရိတ်ဝိနည်းကံပြုကျင့်ရသည်ဟုခေါ်သည်။ ရဟန်းချင်းထည့်လိုလျှင် ထည့်လိုသူရဟန်းကလည်း ဘောဇဉ်ခွက်များ မကိုင်ဘဲ ဦးစွာမေးသင့်၏။ အထည့်ခံရဟန်းကလည်း နှုတ်ပေါ့ကိုယ်ပေါ့မပြုကျင့်မိစေရာ။

ဤကား ပထမ ပဝါရိတ မှတ်စု။

၆။ အကြွင်ရဟန်းသည်-

ပဝါရိတ်သင့်ရဟန်းမှန်းသိနေပါလျက်က စွပ်စွဲလိုသော စေတနာဖြင့် အတိရိတ်ဝိနည်းကံမပြုရသေးသော ခဲဘွယ်ဘောဇဉ်များဖြင့် စားရန်တိုက်တွန်းအံ့။ ထိုရဟန်းလည်း ပါစိတ်အာပတ်သင့်စေ။

**ဘောဇဉ်ငါးမျိုး**

၁။ ဆွမ်း

၂။ အသားဟင်း

၃။ ငါးဟင်း

၄။ ဆန်လုပ်မုံ့

၅။ ဂျုံလုပ်မုံ့ --- ပေါင်းငါးပါး။

ဆွမ်းခဲ - သားငါး - မုံ့နှစ်ပါး - ငါးပါးထိုဘောဇဉ် ----

www.dhammaransi.com



## ခဲဘွယ်တစ်ဆယ့်နှစ်မျိုး

အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊ နွယ်၊ အညှောက်၊ အပင်၊ အမြစ်၊ သစ်ဥ၊ အစေ့၊ အစေး၊ အမှုံ့ ----ပေါင်းတစ်ဆယ့်နှစ်မျိုး။ (ပင်+မြစ်+ဥ+ခေါက်၊ နွယ်-ညှောက်-ရွက်-ပွင့်၊ သီး-စေး-ဆင့်၊ မှုံ့နှင့်စေး ဆယ့်နှစ်)

**မှတ်ချက်။** ။ အမြစ်ကား ပဲမြစ်စသည်၊ ဥကားစိမ်းစားဥ စသည်၊ မှုံ့ကား ပဲမှုံ့ စသည်၊ စေးကား သကာ၊ တင်လဲ သကြားစသည် များနှင့်ပြုလုပ်ထားသောအရာယခုခေတ်ကပ်စေးနဲမျိုး။

အထက်ပါခဲဘွယ်ဘောဇဉ်များ စားနေဆဲ တော်ပြီတားမြစ်မိ၍ ပဝါရိတ်သင့်နေသောရဟန်းကို သိလျက်နှင့်စွပ်စွဲလို၍ တမင် အစားခိုင်းရာ၌ (စားသူမဟုတ်) ခိုင်းသူမှာ ပါစိတ်သင့်စေသော သိက္ခာပုဒ်ပင်။

ဤကား ဒုတိယပဝါရိတ မှတ်စု။

၇။ အကြွင်ရဟန်းသည်-

ခဲဘွယ်ဘောဇဉ်များကို နေလွဲပြီးနောက်စားသုံးအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

* ဝိကာလဟူသည်-

အစာကင်းရာကာလလည်းဖြစ်၊အထူးအားထုတ်ချိန်လည်း ဖြစ်သော နေ့(၁၂)နာရီနေမွန်းတည့်ပြီး နောက်မှသည် နောက်ရက်

www.dhammaransi.com



အရုဏ်မတက်မီ ကာလကိုဆို၏။

## ဤသုံးပါးဘုရားမကြိုက်၍

က။ ညစားစားသုံးကတဏှာရာဂများ ထကြွလာသည်က တစ်ကြောင်း၊

ခ။ အလုပ်များသည်ကတစ်ကြောင်း၊

ဂ။ အအိပ်ကြီးသည်ကတစ်ကြောင်းများကြောင့် ရဟန်း၊ သီလရှင်၊ ဥပုသ်သည်တို့ မစားရချေ။

ဤကား ဝိကာလမှတ်စု။

ဃ။ အကြင်ရဟန်းသည်-

ခဲဘွယ်ဘောဇဉ်များကို အပိုသိုလှောင်ကာသုံးစားနေအံ့- ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

## ခဲဘွယ်ဘောဇဉ်တို့ သိုမှီးရာ ကာလအပိုင်းအခြား

၁။ အထက်ကဆိုခဲ့ပြီး ခဲဘွယ်ဘောဇဉ်(နို့ရည်အပါအဝင်)များကို နံနက်အရုဏ်တက်မှ နေ့မွန်းတည့်အတွင်းသာ အကပ်ခံပြီးနောက် ထားခွင့်၊ သုံးခွင့်ရှိသည်။

၂။ မန်းကျည်းဖျော်ရည်၊ သံပုရာရည် စသည်ဆာလောင်မွတ်သိပ်မှုပြေပျောက်ရုံမျှသော အဖတ်မပါအရည်သက်သက်များကား နံနက်အရုဏ်တက်မှ နောက်တစ်ရက်အရုဏ်မတက်မီအထိ အကပ်ခံပြီးနောက်ထားခွင့်၊ သုံးခွင့်ရှိသည်။

www.dhammaransi.com



၃။ ဆေးအဖြစ်မှီဝဲရန် ခွင့်ပြုထားသော ထောပတ်၊ **ဆီဦး၊ ဆီ၊** တင်းလဲ၊ ပျားရည် - ငါးမျိုး(ထန်းလျက်၊ သကြား၊ သကြားလုံး အပါအဝင်) တို့ကား နံနက်အရုဏ်တက်မှနောက် ခုနစ်ရက်မြောက်အရုဏ်တက်အထိ တစ်ခါအကပ်ခံပြီး ထားခွင့် သုံးခွင့်ရှိသည်။

၄။ ဆေးများ၊ ဆေးအဖြစ်အသုံးဝင်သော ဆားနှင့်အမြစ် **အခေါက်** စသည်**များကား** တစ်ခါအကပ်ခံပြီး တစ်သက်လုံးထားခွင့် သုံးခွင့်ရှိသည်။

## မျိုးချင်းမတူ ရောရာ၌

ကာလတို၏သက်တမ်းနောက်သို့ ကာလရှည်များက လိုက်ရရိုး ထုံးစံရှိသည်။ ပုံစံများ -

က။ ဆွမ်း၊ ဆွမ်းဟင်း ကာလတိုနှင့် ကာလရှည်ထားခွင့်ရ ဆားရောလျှင် ကာလတိုဆွမ်းသက် ကာလတွင်းမှာသာစားသုံး။

ခ။ ဖျော်ရည်နှင့်ဆားရောလျှင်လည်း ဖျော်ရည်သက်မျှသာထား စားသုံး။

ဂ။ ထောပတ်စသည်များနှင့် ဆားရောလျှင်လည်း ထောပတ်အသက်မျှသာထားစားသုံး။

**မှတ်ချက်။** ။ ယမန်နေ့ကအကပ်ခံပြီးနှင့်သော ထောပတ်၊ ဆားစသည်များကို ယနေ့အကပ်ခံဆွမ်း၊ ဆွမ်းဟင်းစသည့်ဘောဇဉ် (ခဲဘွယ်) များနှင့်လည်းကောင်း၊ဖျော်ရည်များနှင့်လည်းကောင်း ရောနှောမိချေကနှစ်ခုစလုံးမအပ်ကြတော့ပြီ။ အထက်(က)(ခ)(ဂ)

www.dhammaransi.com



ပြ ရောနှောပုံကား ယနေ့အကပ်ခံချင်း တူရာကိုသာဆိုလိုသည်။

ဤကား သန္နိဓိ မှတ်စု။

၉။ အကြင်ရဟန်းသည်-

သူခပ်သိမ်းတို့မြတ်နိုးစဖွယ် အထူးတစ်လည်သော ဘောဇဉ် အသွယ်သွယ်ကို ကိုယ်ကျိုးအတွက် တောင်းစားအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**ပဏီတဘောဇဉ်များ**

ထောပတ်၊ ဆီဦး၊ ဆီ၊ ပျား၊ သကာ၊ ငါး၊ အသား၊ နို့ရည်၊ နို့ဓမ်း ပေါင်း ကိုးမျိုး။

အထက်ပါတို့ကို ၎င်းတို့စားသုံးမှသာ ပျောက်ကင်းမည့် ရောဂါမျိုးအထူးမရှိပဲ တောင်းယူမစားအပ်--- ပါစိတ်။

**မှတ်ချက်။** ။ ထောပတ်အဖြစ်ချက်ရာ၌ ပထမတက်လာသော နို့နှစ်ရည်ကို ဆီဦးခေါ်၏။ ပထမသားကျသောနွားမ၏နို့ရည်ကို နို့ဓမ်းခေါ်၏။

ဤကား ပဏီတ မှတ်စု။

၁၀။ အကြင်ရဟန်းသည်-

လူ၊ သာမဏေတို့ကပ်ထားခြင်းမရှိပဲ အဟာရတို့ကို စားသုံးအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

www.dhammaransi.com



## အကပ်စံနည်း

ရဟန်းထံသို့ဆောင်လာပြီ။ ရဟန်း၏နှစ်တောင့်ထွာအတွင်းလည်းချဉ်းနင်းမိပြီ။ အားအလယ်အလတ်ရယောက်ျားသားတစ်ဦးတည်း မ-ချီနိုင်လောက်သည့် အရာဝတ္ထုလည်းဖြစ်နေပြီ-ထိုသုံးချက်အညီတွင်

က။ အကပ်ခံသူဘက်မှ လက်၊ ခွက်တစ်ခုခုဖြင့်ခံယူ။

ခ။ ကပ်သူဘက်ကလက်၊ ခွက် ပစ်ပေါက်လျက် တစ်ခုခုဖြင့်လှူ။

မှတ်ချက်။ ။ လက်ချင်းနီးမှမဟုတ် ( လက်ဆက်ပေးမှမဟုတ် ) အထက်သုံးချက်နှင့်ညီနေလျှင် ပစ်ပေးလည်းရ၏။

ခွက်ဟူသည် သပိတ်ကစ ခွက်အားလုံး။

## အကပ်ပျက်

၎င်းတို့ကိုစွန့်လိုက်သော်လည်းကောင်း၊ သိက္ခာချသော်လည်းကောင်း၊ ပေးလိုက်သော်လည်းကောင်း၊ အလုခံရသော်လည်းကောင်း၊ သေဆုံးသော်လည်းကောင်း၊ ယောက်ျားမှမိန်းမအဖြစ်သို့လိင်ပြောင်းသွားသော်လည်းကောင်း အကပ်ပျက်သည် ( ခြောက်ပါး )။ ရေ၊ ဒါန်ပူတို့ကား အကပ်ခံနေစရာမလို။

ဤကား ဒွတ္တပေါဏ မှတ်စု။

✡ ✡ ✡ ✡ ✡

www.dhammaransi.com



## ၅။ **အစေလကဝင်**

၁။ အကြောင်းရပ်ဟန်းသည်-

က။ အဝတ်မပါသော တက္ကဒွန်းကိုဖြစ်စေ၊

ခ။ ရသေ့၊ ရသေ့မကိုဖြစ်စေ ---

မိမိကိုယ်တိုင် လက်ထိလက်ရောက် ခဲဘွယ်၊ ဘောဇဉ်များကိုပေး စွန့်အံ့။ ထိုရဟန်း ပါစိတ်အာပတ်**သင့်စေ**။

✷ ဝတ္ထုကြောင်းမှာ-

အာနန္ဒာသည် **ရသေ့မ** (ပရိဗ္ဗိဇ်မ) များကို မုန့်ဝေလေရာ တစ်ဦး၌နှစ်ခုထပ်ပါသွားသည်။ ၎င်းကို ကပ်လျက်နေ ရသေ့မလေးကမြင်သွားရာ လမ်းတွင် ထိုနှစ်ခုရ-ရသေ့မလေးကို အာနန္ဒာနှင့်ပေးစား၏။

နောက်တစ်ချိဝေရာတွင်လည်း ၎င်းအတိုင်းပင်နှစ်ခု ထပ်၍ ထိုရသေ့မလေးအလှည့်ဝယ်ပါသွားပြန်ရာ လမ်းရောက်ရောက်သည်နှင့်-

" ကဲ- ငါမပြောဘူးလား အဲဒါညီးကိုချစ်**နေလို့ပေး**တာသိလား "- စသည်ဖြင့် အားလုံးကဝိုင်း၍ပေးစားကြမှု။

သို့ကြောင့်သာသနာနှင့်မပတ်သက်သော ရသေ့၊ရသေ့မများ၊ သူတောင်းစားများကို ဝေငှလိုလျှင် ကိုယ်တိုင်မဝေငှရာ။

ဤကား အစေလက မှတ်စု။

www.dhammaransi.com



၂။ အကြင်ရဟန်းသည် ရဟန်းတစ်ပါးကို-

ငါ့ရှင် - ငါနှင့်လိုက်ခဲ့၊ ငါနှင့်အတူမြို့ရွာအတွင်းဝင်ဆွမ်းခံကြစို့။ ထိုမှနောက် ဆွမ်းခံအိမ်များသို့ရောက်သောအခါ အဖော်ရှေ့မှာ တုဂါမများနှင့် လွတ်လပ်စွာမတွေ့ရမည်ကိုရည်ညွှန်းလျက်က-

" ငါ့ရှင်ပြန်နှင့်တော့ - သင်ပါ - ငါ့မှာစိတ်မချမ်းသာပြီ " ထိုသို့ပြောဆိုကာ ပြန်လွှတ်လိုက်အံ့။ ထိုရဟန်း ပါစိတ်အာပတ် သင့်စေ။

**မှတ်ချက်။** ။ ဆွမ်းအမနှင့်ကျိစယ်ကာနေလိုခြင်း၊ စကားအတူ ပြော၍နေလိုခြင်းစသောမတော်အမှုပြုလို၍ပြန်လွှတ်က ဆွမ်းစသည်ပေးလိုက်သည်ဖြစ်စေ၊ မပေးလိုက်သည်ဖြစ်စေ ပြန်အလွှတ်ခံရသောရဟန်း ဥပစာလွန်ကပါစိတ်သင့်ပြီ။ သာမဏေ ပြန်လွှတ်လျှင်ကား ဒုက္ကဋ်။

ဤကား ဥယျောဇနာ မှတ်စု။

၃။ အကြင်ရဟန်းသည်-

ရာဂမကင်း ခင်ပွန်းချင်းတို့ အိပ်ရာအနီး သွားရောက် နေထိုင်မိအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

✱ ရာဂမကင်းသူဟူသည်- အနာဂါမ်အဆင့်မရောက်ကြသေးသူများပင်။

**မှတ်ချက်။** ။ မိမိတစ်ပါးတည်းမဟုတ်ရဟန်းအဖော်ပါကအာပတ် မသင့်ဆိုသေး၏။

ဤကား သဘောဇနမှတ်စု။

www.dhammaransi.com



၄။ အကြောင်ရဟန်းသည်-
မာတုဂါမနှင့် နှစ်ယောက်ချင်း
မျက်စေ့ကွယ်ရာအရပ်၌နေအံ့။
ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

၅။ အကြောင်ရဟန်းသည်-
မာတုဂါမနှင့်နှစ်ယောက်ချင်း နားကွယ်ရာအရပ်၌နေအံ့။
ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ အထက်သိက္ခာပုဒ်နှစ်ခုတို့သည် ---
အမှတ်(၄)ကား ပဌမ အနိယတသိက္ခာပုဒ်၏
အဆုံးအဖြတ်ပေးရာ သိက္ခာပုဒ်။
အမှတ်(၅)ကား ဒုတိယအနိယတသိက္ခာပုဒ်၏
အဆုံးအဖြတ်ပေးရာ သိက္ခာပုဒ်။

သို့ကြောင့် အနိယတ အဆုံးအဖြတ်အတိုင်းပင်သိ။
ဤကား ရယောနိသဇ္ဇတို့၏ မှတ်စု။

www.dhammaransi.com



၆။ အကြွင်ရဟန်းသည်-

ပင့်ဖိတ်ထားသောဆွမ်း လက်ခံလျက်က-
ဆွမ်းကိုစွမပြီးမီနှင့် ပြီးပြီးကာလဝယ် အခြားအိမ်များသို့ လှည့်လည်နေအံ့-
ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ အနီးအပါးရှိရဟန်း အကြောင်းကြားသွားသော် လည်းကောင်း၊ သင်္ကန်းကိုစွအလှူခံရန်၊ ချုပ်ဆိုးရန် အရေးတစ်ကြီးရှိ၍သော် လည်းကောင်းသွားက အပြစ်မရှိ။

ဤကား စာရိတ္တ မှတ်စု။

www.dhammaransi.com



၇။ အကြင်ရဟန်းသည်-

နာခြင်း၊ ဖျားခြင်း အလျဉ်းမရှိပဲ လေးလပတ်လုံးဖိတ်ကြားထား သောဆေးပစ္စည်းကို လေးလထက်အလွန် သွားရောက်အလှူခံအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ ထပ်မံဖိတ်ကြားထားလျှင် အလှူခံနိုင်၏။ အမြဲ ဖိတ်ကြားထားခဲ့လျှင်လည်း အလှူခံနိုင်၏။ ကာလအပိုင်းအခြား နှင့်ဖိတ်ကြားထားသည်ကို ကာလလွန်သွားရောက်အလှူခံလျှင် ဤသိက္ခာပုဒ်အရပါစိတ်။မိမိအား သီးခြားဖိတ်ကြားထားလျှင်ကား ဂိလာနမဟုတ်လည်းတောင်းနိုင်၏။

ဤကား ဘေသဇ္ဇ နိမန္တမှတ်စု။

၈။ အကြင်ရဟန်းသည်-

အကြောင်းမဲ့သက်သက် စစ်တပ်၏အတွင်းသို့သွားရောက်လျက် လည်ပတ်အံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ စစ်တပ်ဝယ်ဆွေမျိုးစသည်တို့နာမကျန်းဖြစ်နေ၍ သွားသော် အပြစ်မရှိ။ တပ်အင်္ဂါစုံမဟုတ်သောတပ်စိတ်၊တပ်ခွဲ မျှကိုသွားကြည့်က ဒုက္ကဋ်။

စစ်ထွက်တပ်ဟုဆိုခြင်းကား ဝတ္ထုကြောင်းအလိုက်ဆို၏။ စစ်မထွက်လည်း တပ်စခန်း၊ တပ်တန်းလျား စသည်များပင် မသွားအပ်။

ဤကား ဥယျုတ္တ မှတ်စု။

www.dhammaransi.com



၉။ အကြင်ရဟန်းသည်-

အကြောင်းကိစ္စကြောင့် စစ်တပ်အတွင်းသို့သွားရသော်လည်း သုံးည၌ထက်မပိုစေရ။ ပိုခဲ့သော် ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

၁၀။ အကြင်ရဟန်းသည်-

စစ်တပ်၏အတွင်း သုံးည၌မျှနေစဉ်ကာလအတွင်း-

က။ စစ်တက်ရာသို့လည်း သွားရောက်မကြည့်ရှုရ။

ခ။ စစ်ရေးပြ၊ စစ်ထွက်မိန့်ခွန်းပြောကြားရာသို့လည်း မသွားရ။

ဂ။ စစ်ဆင်ရာသို့လည်းမသွားရ။

ဃ။ တပ်ချထားရာတို့သို့သွားရောက်စစ်ဆေးရာ၌ လိုက်ပါမသွားရ။

အကယ်၍ လိုက်ပါသွားရောက်အံ့ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ မကျန်းမာ၍၊ ဘေးရန်ရှိ၍ သုံးည၌ထက်လွန်သွားသော် အပြစ်မရှိ။ မိမိသွားရာလမ်းနှင့် တန်းမတ်စွာဆုံနေ၍ ကြည့်မိလျှင်လည်းအပြစ်မရှိ။အကယ်တိတိမိမိတို့ထံ ကိစ္စရှိ၍ လာသည်ကို ကြည့်ရှုမိကလည်းအပြစ်မရှိ။ တမင်သက်သက် ရဟန်းတရားနှင့်ဆန့်ကျင်ဘက် စစ်တက်ရာသို့သွားခြင်းကို ပညတ်လိုရင်း။

ဤကား သေနာဝါသ ဥယျောဓိကတို့၏ မှတ်စု။

www.dhammaransi.com



## ၆။ သုရာပါနဝဂ်

၁။ အကြောင်ရဟန်းသည်-

သေအရက်ကိုသောက်သုံးအံ့-ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

သေငါးမျိုး-

၁။ ပိဋ္ဌသုရာ ---- ဆန်မှုန့်ဖြင့်ပြုလုပ်ထားသော သေရည်။

၂။ ပူပသုရာ ---- မုန့်ကိုပြုလုပ်သော သေရည်။

၃။ ဩဒနသုရာ --- ထမင်းကိုပြုလုပ်သော သေရည်။

၄။ ကိဏ္ဏပက္ခိတ္တသုရာ --- တဆေးမှုန့်ကိုခတ်၍ပြုလုပ်သောသေရည်။

၅။ သမ္ဘာရသံယုတ္တသုရာ --- ဖန်ခါးသီး၊ မုန်ညှင်းစေ့ စသည် ရောနှော၍ပြုရသောသေရည်။

မှတ်ချက်။ ။ ငါတို့ခေတ်၌ ထန်းရည်ကိုအခါးချိုးခံ၍ အခါးဖြစ်စေခြင်း။ ထမင်းကိုရေဖျော်ပြီးလှော်စာမှုံ့ဖြူး၍မူးယစ်စေခြင်း များနှင့်တူ၏။

### အရက်ငါးမျိုး

၁။ ပုပ္ဖါသဝ ---- သစ်မည်စည်ပွင့်၊ ထန်းပွင့်၊ အုန်းပွင့်၊ ပန်းပွင့် တို့ဖြင့်စိမ်၍ပြုရသောအရက်။

၂။ ဖလာသဝ --- ငှင်းအသီးတို့ကိုစိမ်၍ ပြုရသောအရက်။

၃။ မဓွါသဝ ---- သဗျက်သီး(စပျစ်သီး)ဖြင့်ပြုရသော အရက်။

၄။ ဂုဠာသဝ --- သကာ၊ တင်လဲ၊ ထန်းလျက်တို့ဖြင့် ပြုလုပ်ရသောအရက်။

www.dhammaransi.com



၅။ သမ္ဘာရသံယုတ္တာသဝ --- ပစ္စည်းအမျိုးမျိုးတို့ကိုစိမ်၍ ပြုလုပ်ရသောအရက်။

မှတ်ချက်။ ။ ငါတို့ခေတ်၌ပေါင်းတင်ပြီး ချေးခံရသောအရက်မျိုးစုံနှင့်တူ၏။

ငင်းတို့မှာ ထိုခေတ်ထိုအခါတုန်းက ဖြစ်သောပစ္စည်းများပင်။ ဤမှာဘက်ခေတ်တွင်ကား အမျိုးမျိုးတည်ထွင်ပြုလုပ်နေကြရာ မူးယစ်စေတတ်လျှင်မသုံးသင့်ပြီ။ အချဉ်ဖောက်၍လုပ်ထားသော ပေါင်မုန့်စသည်များနှင့် ဦးကျောက်ထုံထိုင်းစေသည့် ဆေးလိပ်များပါမအပ်ဟု ဆုံးဖြတ်ကြသည်။

ဤကား သုရာ မှတ်စု။

၂။ အကြင်ရဟန်းသည်-

ရဟန်းချင်းချင်းအား လက်ချောင်းများဖြင့် ကစားပေးရသော ကလိထိုးကစားနည်းဖြင့်ကစားအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

မှတ်ချက်။ ။ ရယ်မြူးလိုစိတ်ဖြင့် တုတ်စသည်တို့နှင့်ကစားလျှင် ဒုက္ကဋ်။

၃။ အကြင်ရဟန်းသည်-

ပျော်လိုစိတ်ဖြင့် ရေဝယ်ကစားအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

www.dhammaransi.com



မှတ်ချက်။ ။ ရေသည်ဖမျက်ပင်ဖြစ်ပစေ၊ ခြေရမ်း၍ကစားလျှင် ပါစိတ်။ လှေစီး၍ကစားလျှင်လည်းကောင်း၊ အိုးခွက်ရှိရေတို့ကို သွန်၍မှောက်၍ကစားလျှင်လည်းကောင်းဒုက္ကဋ်။ မကျန်းမာ၍၊ တစ်ဖက်ကမ်းသွားလို၍ကူးခတ်ရာ၌ကား အပြစ်မရှိ။

ဤကား ဥဒကဟာသမ္မေ မှတ်စု။

၄။ အကြွင်ရဟန်းသည်-

ရဟန်းချင်းက ဝိနည်းကြောင်းပြ ပြောသည်ကိုမရိုမသေပြုအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ---

**မရိုသေမှု နှစ်မျိုး**

* က။ ပုဂ္ဂိုလ်အပေါ် မရိုသေခြင်း။

ခ။ ဓမ္မအပေါ် မရိုသေခြင်း။

ထိုတွင် ရဟန်းက ဝိနည်းသိက္ခာပုဒ်အရ ပြောဆိုသည်ကို မရိုသေလျှင်ပင် ထိုနှစ်မျိုးစလုံး မရိုသေရာရောက်တော့သည်သာ။

မှတ်ချက်။ ။ ရဟန်းက သုတ်၊ အဘိဓမ္မာတို့ဖြင့် ပြောသည်ကို မရိုသေလျှင်ငှင်း၊ လူ၊ သာမဏေတို့က ဝိနည်း၊အဘိဓမ္မာတို့ဖြင့် ပြောသည်ကို မရိုသေလျှင်ငှင်းဒုက္ကဋ်။

ဤကား အနာဒရိယ မှတ်စု။

www.dhammaransi.com



၅။ အကြင်ရဟန်းသည်-

ရဟန်းအချင်းချင်းအားခြောက်လှန့်အံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ လူ၊ သာမဏေတို့ကိုခြောက်လှန့်က ဒုက္ကဋ်။

ဤကား ဘီသာပန မှတ်စု။

၆။ အကြင်ရဟန်းသည်-

မဖျားနာပဲလျက်က မီးလှုံလိုစိတ်ဖြင့် မီးကိုတောက်လေတောက်စေအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

* ဆီမီးထွန်းညှိခြင်း၊ သပိတ်ဖုတ်ခြင်း၊ ရေနွေးတည်ခြင်း၊ ဆွမ်းချက်ခြင်းများအတွက်မဟုတ်ဘဲ လှုံလိုစိတ်သက်သက်ဖြင့်မီးကို ကိုယ်တိုင်လည်းမပြုကောင်း၊ သူတစ်ပါးကိုလည်းမခိုင်းကောင်း-ပါစိတ်။

**မှတ်ချက်။** ။ လူသာမဏေတို့မွှေးပြီးမီး ဝင်လှုံက အပြစ်မရှိဆိုသေး၏။

ဤကား ဇောတိ မှတ်စု။

၇။ အကြင်ရဟန်းသည်-

တစ်ပက္ခအတွင်း ရေချိုးခြင်းအမှုပြုအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

www.dhammaransi.com



## ရေချိုးခွင့်ရ လနှင့်ကာလများ

၁။ နွေလ၏ နောက်ဆုံးတစ်လခွဲသည် အပူဆုံးလဖြစ်၍ အချိန် မရွေးချိုးနိုင်သည်။

၂။ မိုးလ၏ ဦးဆုံးတစ်လလည်း အအိုက်ဆုံးလဖြစ်၍ အချိန် မရွေးချိုးနိုင်သည်။

၃။ ရေချိုးမှသာ သက်သာပျောက်ကင်းမည့် အနာရောဂါဖြစ်က လည်း နည်းတူ။

၄။ ဝေယျာဝစ္စလုပ်ရ၍ မချိုးမဖြစ်လောက်အောင် အခြေအနေ ပေါ်နေကလည်း နည်းတူ။

၅။ အနည်းဆုံး ယူဇနာဝက်ကျော် ( ၆-မိုင်ခွဲကျော် ) ခြေလျင် သွားလျှင်လည်းနည်းတူ။

၆။ မုန်တိုင်းထ၍ မြူကျ၊ မိုးပေါက်မှန်ခံရလျှင်လည်း နည်းတူ။

**မှတ်ချက်။** ။အထက်ပါအချက်များကလွဲလျှင်လပြည့်၊လကွယ် နေ့များသာ ချိုးခွင့်ရှိသည်။

၈။ အကြွင်ရဟန်းသည်-

သင်္ကန်းအသစ်ရလှာခဲ့လျှင် စိမ်းညိုရောင်၊ ရွှံ့ညိုရောင်၊မဲညို ရောင် ထိုသုံးမျိုးတစ်မျိုးမျိုးဖြင့် ကပ္ပဗိန္ဒုထိုးရမည်။ မထိုးပဲ သင်္ကန်းသစ်ကိုဝတ်ရုံအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

www.dhammaransi.com



**မှတ်ချက်။** ။ ကပ္ပဗိန္ဒုထိုးပုံ ပထမကထိနသိက္ခာပုဒ်က ပြခဲ့ပြီးပြီ။ ဗိန္ဒုထိုးခြင်းဖြင့် ရဟန်းသင်္ကန်းမှန်းသိသာရန် ရဟန်းလက်ရောက်ပြီးမှန်းသိသာရန်ဖြစ်၍ အဆင်းဖျက်လိုက်ခြင်းဟုဆိုသည်။ အသစ်ဟူသည်ကြပ်ချွတ်မှမဟုတ်။ သူတစ်ပါးသင်္ကန်းဟောင်း (သာမဏေသင်္ကန်းဟောင်း) များခေတ္တယူ၍ ရေသန့်ပ်လုပ်ရာ၌ပင် မိမိလက်သို့အသစ်ရောက်ဖြစ်နေ၍ ဗိန္ဒုထိုးဝတ်ရမည်။

ဤကား ဒုဗ္ဗဏ္ဏ ကရဏ မှတ်စု။

၉။ အကြင်ရဟန်းသည်-

သီတင်းသုံးဖော်ငါးဦး တစ်ဦးဦးအား သင်္ကန်းဝိကပ္ပနာပြုစေပြီးနောက် ဝိကပ္ပနာမပြန်သေးပဲလျက်က ယူငင်သုံးစွဲအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ ဝိကပ္ပနာပြုနည်း၊ ပြန်နည်း၊ ပစ္စုဒ္ဓိုရ်ပြုနည်း ရှေ့က ပြခဲ့ပြီးပြီ။

ဤကား ဝိကပ္ပနာ မှတ်စု။

၁၀။ အကြင်ရဟန်းသည်-

ရဟန်း၏သပိတ်ကိုဖြစ်စေ၊ သင်္ကန်းကိုဖြစ်စေ၊ နိသီဒိုန်ကိုဖြစ်စေ၊ အပ်ကျည်ပူးကိုဖြစ်စေ၊ ခါးပန်းကြိုးကိုဖြစ်စေ ဝှက်လေ၊ ဝှက်စေအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ ရယ်မြူးလိုစိတ်ဖြင့်ပင်မဝှက်ရ။ ဤမှတစ်ပါးသပိတ်

www.dhammaransi.com



အိတ်စသည်ကိုလည်းကောင်း၊ လူသာမဏေတို့ပစ္စည်းကိုလည်းကောင်း ဝှက်ထားသော် ဒုက္ကဋ်။

ဤကား စီဝရပနိဓါန မှတ်စု။

## ၅။ သပါဏကဝဂ်

၁။ အကြောင်းရပ်ဟန်းသည်-

သေစေလိုသောစေတနာဖြင့် သတ္တဝါကို အသက်မှခွင်းချအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ---

မှတ်ချက်။ ။ ပါဏအရ တတိယပါရာဇိက-က လူကိုယူခဲ့ပြီးဖြစ်၍ ဤဌတိရိစ္ဆာန်ကိုသာယူရတော့မည်။ တိရိစ္ဆာန်သတ်က ပါစိတ်ဟူ၏။

ဤကား သ-ပါဏက မှတ်စု။

၂။ အကြောင်းရပ်ဟန်းသည်-

ပိုးပါသောရေကို သိလျက်နှင့်သောက်သုံးအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

မှတ်ချက်။ ။ အထက်သိက္ခာပုဒ်က တိရိစ္ဆာန်အားလုံးပါပြီးဖြစ်၍ ဤဌရေပျော်ပိုးနှင့် မြေနေအသေးအမွှားပိုးများကိုသာယူ။

ဤသိက္ခာပုဒ်အရ သောက်ခြင်းနှင့်တကွ လက်ဆေး၊ ခွက်ဆေး၊ ခြေဆေး၊ လက်ဆေးခြင်း၊ ချိုးခြင်း၊ ပက်ဖျန်းခြင်း စသည် အားလုံးပါဝင်သည်။

ဤကား ဒုတိယ သ-ပါဏကမှတ်စု။

www.dhammaransi.com



၃။ အကြင်ရဟန်းသည်-

ဝိနည်းဓမ္မကံနှင့်အညီ ငြိမ်းပြီးအဓိကရုဏ်းမှန်းသိလျက်က တစ်ဖန်ကံပြုရန်လှုံ့ဆော်အံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ ဝိနည်းမိုရ်နှင့်တစ်ကွ ရဟန်းအားလုံးတို့ကဓမ္မကံ ထုံးအတိုင်း စီရင်ဆုံးဖြတ်စဉ်ဝယ် မိမိဘက်ကအင်အားနည်းပါး၍ ငုံ့ခံလာခဲ့ရပါသည်ကို တစ်ဖန်အင်အားကောင်းသောအခါ အတိုက်အခံပြုရန်ထပ်မံ၍ကံပြုစေလိုသောစေတနာဖြင့်လှုံ့ဆော်ခြင်း မျိုးပင်။

ဤကား ဥက္ကောဋနမှတ်စု။

၄။ အကြင်ရဟန်းသည်-

ရဟန်းတစ်ပါး၏ ကြီးလေးသာအပြစ်ကို ဖုံးဖိပေးအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ ဒုဋ္ဌုလ္လအာပတ်ဟူသည် သံဃာဒိသိသ်အာပတ်ကို ဆိုသည်။ ထိုအာပတ်သင့်ရဟန်း ရှက်မည်စိုး၍၊ မိမိရိုသေရသူဖြစ်၍၊ ကြောက်ရွံ့၍ဖုံးဖိပေးထားလျှင် ဖုံးဖိပေးထားသောရဟန်း တိုင်းအပြစ်မလွတ်ကြ။ တစ်ပါးသို့ပြော၏။ သို့သော်ဘယ်သူ့ကိုမှ မပြောလိုက်ပါနှင့်ဟုဖုံးပြော-ပြောကလည်းအပြစ်မလွတ်။ အခြား

www.dhammaransi.com



သေးငယ်သောအာပတ်များနှင့် သာမဏေများ၏အပြစ်ဖုံးထားပေး
က ဒုက္ကဋ်။

ဤကား ဒုဌုလ္လ ပဋိ စ္ဆာဒမှတ်စု။

၅။ အကြွင်ရဟန်းသည်-

သိလျက်သားနှင့် အသက်နှစ်ဆယ်မပြည့်သူကို ရဟန်းခံပေးအံ့။
ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

က- ဥပဇ္ဈယ်ဆရာလုပ်သူကား ပါစိတ်အာပတ်သင့်စေ။

ခ- ဝန်ဆောင်သံဃာများကား ဒုက္ကဋ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ ၄င်း၏မိခင်မေး၍ ဆယ်လဖွားဆိုသော်

၁။ ဝမ်းတွင်းအောင်းကာလ ၁၀-လ

၂။ ပြင်ပရောက်ကာလ ၁၉နှစ်-၃လ=ပေါင်း၂၀နှစ်
ရေတွက်ရိုးရှိ၏။

## ရဟန်းဖြစ်နိုင်သော အညော်အချင်းများ

၁။ ဝတ္ထု၏ပြည့်စုံခြင်း-

ဝတ္ထုဟူသည် ရဟန်းလောင်းကိုပင်**ဆို၏။** ထိုရဟန်းလောင်း
သည်-

က။ မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်-နပုံး၊ ပဏ္ဍုပ်မဖြစ်စေရ။

ခ။ လူ့ဘဝက ရှင်ယောင်၊ ရဟန်းယောင်ဆောင်သည့် လိင်ခိုး၊
ထေရ်ခိုး မဖြစ်စေရ။

www.dhammaransi.com



**မှတ်ချက်။** ။ ဥပဇ္ဈာယ်မယူဘဲ ကိုယ့်ဖာသာကိုယ် သင်္ကန်းဝတ်ပြီး ရှင်အမည်၊ ရဟန်းအမည်ခံထားခြင်းကိုပင် လိင်ခိုး၊ထေရ်ခိုးဆို၏။

ဂ။ အခြားဘာသာသို့ ဘာသာဝင်အဖြစ်လက်ခံကျင့်သုံးနေသူလည်း မဖြစ်စေရ။

**မှတ်ချက်။** ။ ဘာသာခြားဖြစ်စေကာမူ သူ့ဘာသာကိုစွန့်လွှတ်၍ ဤရတနာသုံးပါးသာလျှင် လောကမှာအမြတ်ဆုံးအဖြစ် တကယ် ယုံရမည်။

ဃ။ လူယောင်ဆောင်ထားသော နတ်၊ နဂါး၊ ဂဠုန် စသည်များ လည်းမဖြစ်စေရ။

င။ အနန္တရိယ ကံကြီးထိုက်ပြီးသူလည်း**မ**ဖြစ်စေရ။

စ။ ဘိက္ခုနီ( သီလရှင်)များ၌ မေထုန်မှုဖြင့်ဖျက်ဆီးထားသူလည်း မဖြစ်စေရ။

ဆ။ ယောက်ျားလိင်၊ မိန်းမလိင် နှစ်မျိုးတွဲပါသူလည်း မဖြစ်စေရ။

အထက်ပါခုနှစ်ချက်နှင့်ကင်းမှ ရဟန်းခံခွင့်ရှိသည်။

အထက်ပါခုနှစ်မျိုးတို့သည် ဈာန်၊ မဂ်၊ ဖိုလ် ရနိုင်မည့်သူများ မဟုတ်ကြ၍-

၂။ သိမ်၏ပြည့်စုံခြင်း-

ရဟန်းဘွဲ့ ဝင်ရောက်ခံယူမည့်သိမ်ကလည်း သိမ်ပျက်(၁၁)လုံးထဲ မပါစေရ။ ၎င်းသိမ်ပျက်တို့မှာ-

၁။ အလွန်ကြီးသောသိမ်

၂။ အလွန်သေးသောသိမ်

www.dhammaransi.com



၃။ နိမိတ်ကျိုးသိမ်
၄။ အရိပ်ကိုနိမိတ်ပြုသောသိမ်
၅။ နိမိတ်စပ်သိမ်
၆။ နိမိတ်မပါသိမ်
၇။ သိမ်ပမှနေ၍ သမုတ်ထားသောသိမ်
၈။ မြစ်၌သမုတ်သိမ်
၉။ အိုင်၌သမုတ်သိမ်
၁၀။ သမုဒ္ဒရာပြင်၌ သမုတ်သိမ်
၁၁။ သိမ်ဟောင်းငုံ သမုတ်ထားသောသိမ် - ပေါင်း ၁၁လုံး

မှတ်ချက်။ ။ ထိုသိမ်မျိုးတို့အတွင်း ရဟန်းခံကလည်းရဟန်း မဖြစ်။

၃။ ပရိသတ်၏ပြည့်စုံခြင်း-

သံဃာ့ပရိသတ် အနည်းဆုံးဆယ်ပါးပြည့်ရမည်။ ငါးပါးနှင့် မသင့်။

မှတ်ချက်။ ။ မိမိ၏ လူ့ဘဝအသက်နှစ်ဆယ်ကို တစ်နှစ်တစ်နှစ် လျှင်တစ်ပါးကျဖြင့် စေတနာယှဉ်စပ်လျက်က သံဃာပရိသတ် နှစ်ဆယ်ပြည့်လျှင်အကောင်းဆုံး။ မရှိမဖြစ်၌သာ ဆယ်ပါးပြည့်ရမည် ဆိုရာ ခုအခါ ယင်းမရှိမဖြစ်၌ ဆယ်ပါးရရန်ခဲယဉ်းလှ၏။ ဤမြန်မာ ပြည်၌ကား လိုသလောက်လျှင်ရနေ၏။

www.dhammaransi.com



၄။ ဥာတ်၏ပြည့်စုံခြင်း

ကမ္မဝါဝန်ဆောင်တို့ သံယာအသိပေးဉာတ်ထား ရွတ်ဖတ်ရာ၌ ဗျဥ္ဇနဗုဒ္ဓိ- ၁၀ပါးမပျက်စေရ။ ၄င်းနှင့်အညီရွတ်ဖတ်မှုဉာတ်နှင့် ပြည့်စုံသည်ဆိုရ၏။

၅။ ကမ္မဝါ၏ပြည့်စုံခြင်း-ဗျဥ္ဇနဗုဒ္ဓိ ၁၀ ပါးနှင့်အညီပင်ဖြစ်ရမည်။

**ဗျဥ္ဇနဗုဒ္ဓိဆယ်ပါး**

၁။ သိထိလအက္ခရာများ ငါးလုံးစုတို့၏ ပ-တ-ပဉ် (က-ဂ-င)စ သည်များ။

၂။ ဓနိတအက္ခရာများ ငါးလုံးစုတို့၏ ဒု-စ (ခ-ဃ)စသည်များ။

၃။ ဒီဃသရများ အာ-အီ-ဦ-ဧ-ဩ ငါးလုံး။

၄။ ရဿ-သရများ အ-ဣ-ဥ သုံးလုံး။

၅။ သမ္ဗန္ဓ ပုဒ်အလိုက်စပ်တွဲရမည့် အက္ခရာများ တု-ဏှ-ဿ စ သည်။

၆။ ဝဝတ္ထိက ပုဒ်အလိုက်ဖြတ်၊ ခွဲရွတ်ရမည့် အက္ခရာများသော- တု-ဏှ-ဿ စသည်။

၇။ နိဂ္ဂဟိတ အသံနှိပ်၍ရွတ်ရမည့် အက္ခရာများ သေးသေးတင်ပါ အက္ခရာများ။

၈။ ဝိမုတ္တ အသံလွှတ်၍ရွတ်ရမည့် အက္ခရာများ အာ-သရပါအက္ခရာများ။

www.dhammaransi.com



၉။ ဂရ လေးလေးတွဲ့တွဲ့ရွတ်ရမည့် အက္ခရာများ ဒီဃသရငါး လုံးပါအက္ခရာများ။

၁၀။ လဟု ပေါ့ပေါ့ရွတ်ရမည့်အက္ခရာများ ရသ-သရပါ အသံတို အက္ခရာများ။

## ဤလေးခုသတိပြု

အထက်ပါဆယ်မျိုးတို့တွင်-

(က) လျော့လျော့ပေါ့ပေါ့ရွတ်ရမည့် သိထိလ အက္ခရာများကိုပြင်း ပြင်းရွတ်ဖတ်မိက ကံပျက်။

(ခ) ပြင်းပြင်းရွတ်ရမည့် ဓနိတအက္ခရာများကို ခပ်လျော့လျော့ ရွတ်ဖတ်မိကလည်း ကံပျက်။

(ဂ) ပိတ်ဆို့ရွတ်ဖတ်ရမည့် သေးသေးတင်အက္ခရာများကိုဖွင့်လွှတ် ရွတ်ကလည်း ကံပျက်။

(ဃ) ဖွင့်လွှတ်ရွတ်ရမည့်အက္ခရာများကို ပိတ်ဆို့ရွတ်ကလည်းကံ ပျက်။

ထိုမှကြွင်းသောခြောက်မျိုးတို့ကား အသံထွက်မှားလည်း ကံမပျက် သေး။

**မှတ်ချက်။** ။ ဗျည်း ၃၃ လုံးတို့တွင် ငါးလုံးအုပ်စုငါးခုနှင့် အုပ်စုမဲ့အက္ခရာ ရှစ်လုံးရှိရာ အုပ်စုဝင်များ၏ပထမ၊ တတိယ၊ ပဉ္စမအက္ခရာများနှင့်အုပ်စုမဲ့ယ-ရ-လ-ဝ-သ-ဟ-ဠ-အ ၄င်းရှစ် လုံးကားအပျော့စား ကျန်ဒု-စ များကား အပြင်းစားခွဲလေ။

## သိက္ခာတင် ပဥ္စင်

အထက်ပါ ဝတ်-နှုတ်-သိမ်-ကံ ပရိသံဟူသော အင်္ဂါ
ငါးချက်နှင့် ပြည့်စုံမှသာ ရဟန်းအရာဝင်သည်။
သို့ကြောင့် ဦးပဥ္စင် - ဦးပဥ္စင်း အမည်ရသည်ဟူလို ---
ထိုငါးချက်တစ်ချက်ချက်ချို့ယွင်းနေသော် ရဟန်းအရာမဝင်တော့။
ဤကား ဦးနဝိသတိ မှတ်စု။

၆။ **အကြင်ရဟန်းသည်-**
မှောင်ခိုကုန်သည်မှန်းသိလျက်နှင့် ချိန်း၍ခရီးထွက်အံ့။
ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။
သိသာလောက်ပြီ။ ဤကား ထေရအတ္ထ မှတ်စု။

၇။ အကြင်ရဟန်းသည်-
မာတုဂါမနှင့်ချိန်းလျက်ကခရီးထွက်အံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ မာတုဂါမအရ သီလရှင်၊ သာမဏေမ၊ သိက္ခမာန်မ (ယောဂီမ)များနှင့် သာမာန်လူမိန်းမများ အားလုံးပါဝင်နေလေရာ-

က - လူမိန်းမများနှင့်အတူကိုကား ဘုရားဖူးအဖြစ်ပင် လုံးဝသွားလာခွင့်မရှိ။

ခ - ကျန်မများနှင့်ကား ဘေးရန်မကင်းလမ်းဖြစ်နေက သွားခွင့်ရှိသေး၏။

ဤကား မာတုဂါမ သံဝိဓါန မှတ်စု။

www.dhammaransi.com



၈။ အကြွင်ရဟန်းသည်-

ဘုရားရှင်က အကြွင်မေထုန်အမှုပြုကျင့်က ဈာန်၊မဂ်၊ဖိုလ်တို့ကို အန္တရာယ်ပြုနိုင်၏ဟု ဟောကြားထားသော်လည်း-

ထိုမေထုန်အမှုပြုကျင့်ခြင်းဖြင့် ဈာန်၊ မဂ်၊ ဖိုလ်တို့မှ အန္တရာယ်မပြုနိုင်ပုံနည်းသစ် ငါတွေ့ရှိထားပြီဟုပြောအံ့။

ထိုရဟန်းကို-

မြင်ကြ၊ ကြားကြကုန်သောရဟန်းများက ထိုသို့မပြောကြားရန်တားမြစ်။

တားမြစ်၍မရသော် သိမ်ထဲသွင်း ကံပြုကြရမည်။

ကံပြု၍ကမ္မဝါမဆုံးမီ ၎င်းအယူစွန့်လွှတ်က အာပတ်မသင့်သေး။

ကမ္မဝါပြီးဆုံးသွားလျှင်တော့ကား-

စွန့်သည်ဖြစ်စေ၊ မစွန့်သည်ဖြစ်စေ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်။** ။ ဤသိက္ခာပုဒ်သည် သံဃာဒိသိသ် ဒုဗ္ဗဇနှင့်ပမာတူ၏။ သို့ကြောင့် အဆုံးအဖြတ်များ ထိုအတိုင်းပင်သိ။

ဤ၌အထူးမှာ ၎င်း၏စိတ်ကူးယဉ်အတွေးပင်။

က/- လူတို့သည် မေထုန်ခံစားရင်းက အရိယာဇာတ်သားဖြစ်သွားကြသေးသည်။

ခ/- ရဟန်းတို့လည်း သူတို့လိုကျင့် ပွင့်နိုင်၏။ တစ်ချက်။

က/- ရဟန်းတို့သည် ဖဲမွေ့ရာ စသည်များကို ပစ္စဝေက္ခဏာဖြင့်သုံးက အပ်သေး၏။

www.dhammaransi.com



ခ/- ဤမေထုန်ကိုလည်း ထိုနည်းအတိုင်းသုံးက အပ်ရမည်။
တစ်ချက်။

ထိုသို့ ရဟန်းကျင့်နှင့်လူကျင့်မကွဲပြားခြင်း၊ သက်မဲ့ဖဲမွေ့ရာအတွေ့နှင့် သက်ရှိ မ-အတွေ့ မကွဲပြားခြင်းကပင်အကြံအလွဲအများတည်း။

ဤကား အရိဋ္ဌ မှတ်စု။

၉။ အကြင်ရဟန်းသည်-

ထိုအယူများကြောင့် သံဃာမှနှင်ထုတ်ထားသော ထိုရဟန်းကို-

က။ ရဟန်းကောင်းအဖြစ်ပြန်လည်မသွင်းရသေးပဲ-

ခ။ ထိုရဟန်းကလည်း ၄င်းအယူမစွန့်လွှတ်သေးပဲ-

၁။ ထိုရဟန်းနှင့်အတူ ဆွမ်းစသည်အတူစား၊ တရားဆွေးနွေးမှုစသည်များ အတူပြုအံ့။

၂။ ထိုရဟန်းနှင့်ပင် ဥပုသ်၊ ပဝါရဏာ စသည်များလည်းအတူပြုအံ့။

၃။ ထိုရဟန်းနှင့်ပင် တစ်မိုး တစ်ရုံတည်းကျောင်း၌လည်းအတူအိပ်အံ့။

ထိုရဟန်းပျက်နှင့်တွဲဖက်နေသော ထိုရဟန်း ပါစိတ်အာပတ်အာပတ်သင့်စေ။

* အကျင့်ပျက်ရဟန်းသည် မာန်မာနလည်းကျ၊ ဆိုင်ရာကံငြိမ်းကျင့်ဝတ်လည်းကျင့်ပြီးသောအခါနှင်ထုတ်ထားသည့်ကံ ရုပ်သိမ်းပါရန် တောင်းပန်လာ၏။ ထိုအခါ သံဃာ့ဘောင်သို့ပြန်

www.dhammaransi.com



လည်သွတ်သင်းသောက်သည် ဩသာရဏကံ မည်၏။
ထိုသို့မသွင်းမီ-
ဆွမ်းအတူစားခြင်း၊ ပစ္စည်းတို့ဖြင့် ချီးပင့်မြှောက်စားခြင်းကား
အာမိသ သမ္ဘောဂ-
ပါဠိတော်အဋ္ဌကထာများသင်ယူမှု၊ ပို့ချမှုပြုက ဓမ္မသမ္ဘောဂ။
ဥက္ခိတက ရဟန်းမှန်းသိလျက်က ဥပုသ်ပဝါရဏာမှု အတူပြုက
သံဝါသ။
အကာအရံအခန်းကွဲသော်မှလည်း အမိုးတူကျောင်းဝယ် အတူနေ
သော် သဟသေယျ။
**မှတ်ချက်။** ။ ရဟန်းကောင်းစာရင်းပြန်မသွင်းရသေးစေကာမူ
အယူစွန့်လွှတ်ပြီးပြီဖြစ်ကြောင်းသိက အတူနေခွင့် စသည်ရပြီ။
အပြစ်မရှိ၊ ပါစိတ်မသင့်။
ဤကား ဥက္ခိတ္တ သမ္ဘောဂ မှတ်စု။

၁၀။ သာမဏေကလည်း-
ဘုရားရှင်သည် အကြင်မေထုန်မှုပြုက ဈာန်၊ မဂ်၊ ဖိုလ်တို့၏
အန္တရာယ်ကိုပြုတတ်၏ဟု ဟောထားခဲ့သော်လည်း-
ထိုမေထုန်အမှုပြုကျင့်လျက်ကပင် ဈာန်၊ မဂ်၊ ဖိုလ်များရနိုင်သော
နည်းကောင်း ငါလဲပဲ သိထားပြီးပြီဟုပြောအံ့-
ထိုသာမဏေကိုလည်း-မြင်ကုန်၊ကြားကုန်သောရဟန်းတို့က
ထိုသို့မပြောရန် တားမြစ်ကြရမည်။
သုံးကြိမ်တိုင်တားမြစ်၍မှ သူ့အယူမစွန့်လွှတ်သော်ကား-

www.dhammaransi.com



ငါ့ရှင်သာမဏေ-

ယနေ့မှစ၍ ငါတို့၏ဘုရားကို သင့်ဆရာပါဟူ၍ မစေညွှန်းနှင့်တော့။ သင်မှတစ်ပါး အခြားသာမဏေများကား- ရဟန်းများနှင့် သုံးည၌အထိ အတူအိပ်ခွင့်၊ နေခွင့်ရကြသေး၏။ သင့်မှာမူကား ထိုအခွင့်အရေးများမှလည်း ပျက်ပြားဆုံးရှုံးသွားပြီ။ ဟဲ့- ပြင်ပ**တစ်မီး** မောင်လူပြိန်း-

**သင်ကား** သွားလိုရာသွား- နားလိုရာနား၊ သင်ကြိုက်သလိုပင် ပြု**ချေ**တော့-

ထိုသို့မောင်းမဲလျက်က-

အကြင်ရဟန်းသည် ထိုသာမဏေပျက်ကိုလည်း-

အတူနေရန်သွေးဆောင်ခြင်း၊ မိမိအားလုပ်ကျွေးစေခြင်း အမှုပြုမိအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

**မှတ်ချက်**။ ။ အမိပ္ပါယ်များ အထက်ကနှင့်အတူတူ။

ဤကား နာသိတ သာမဏေရ မှတ်စု။

☆ ☆ ☆ ☆ ☆

www.dhammaransi.com



## ၈။ သဟာဓမ္မိကဝဂ်

၁။ အကြွင်ရဟန်းသည်-

ရဟန်းများက သီတင်းသုံးဖေါ်တို့၏ဥစ္စာ - ဝိနည်း ၊ သိက္ခာ ဖြင့်ဆုံးမသော်-

ငါ့ရှင့်တို့-

ငါသည် သင်တို့ထက်သာသော ဝိနည်းတတ်ရဟန်းအား မမေးမြန်း ရသေးသမျှကာလပတ်လုံး သင်တို့ပြောတိုင်းကျင့်လိမ့်မည်မဟုတ်။ ဤသို့သွယ်ဝိုက်၍ငြင်းဆိုအံ့။ ထိုရဟန်းပါ စိတ်အာပတ်သင့်စေ။

ရဟန်းတို့ - သိက္ခာလိုလားရဟန်းများသည်-

(က) - ကျင့်ဝတ်များကိုမသိ-သိအောင် ဆောင်ထားနိုင်ရမည်။

(ခ) - မသိချေသေး အကျင့်ဝေးက မေးမြန်းမှုလည်းပြုထားရမည်။

(ဂ) - သိပြီးသည့်နောက် အထာမပေါက်က အခေါက်ခေါက်လည်း ကြံတွေးရမည်။

ဤသို့ သိခြင်း၊ တွေးခြင်း၊ မေးခြင်း သုံးချက်သည်-ကျင့်လိုသော ရဟန်းများအတွက် မပျက်မကွက်ပြုရမည့် ဝတ္တရားများတည်း။

* မှတ်ချက်။ ။ ပြီးခဲ့သော သုရာပါနဝဂ် အနာဒရိယသိက္ခာပုဒ် က တိုက်ရိုက်ငြင်းဆန်မှုကို ပညတ်ပြီးဖြစ်၍ ဤဌာ်သွယ်ဝိုက်၍ ငြင်းဆန်ခြင်းပင်။

www.dhammaransi.com



ထိုသို့ ငြင်းဆန်ရာ၌-

(က) - ဝိနည်းလမ်းကြောင်းဖြင့်ဆုံးမသည်ကို သွယ်ဝိုက်ငြင်းဆန် ပါက ပါစိတ်။

(ခ) - သုတ္တန်၊အဘိဓမ္မာများဖြင့်ဆုံးမသည်ကို သွယ်ဝိုက်ငြင်းဆန် ပါက ဒုက္ကဋ်။

ဤကား သဟဓမ္မိက မှတ်စု။

၂။ အကြင်ရဟန်းသည်-

ပါတိမောက်ရွတ်ဆိုနေစဉ်-ငယ်သော၊ ငယ်သည်ထက် ငယ်သော ထိုသိက္ခာပုဒ်များကို ရွတ်ပြနေခြင်းဖြင့် ဘာအကျိုးရှိမည်နည်း။

(က) - ထိုသိက္ခာပုဒ်ကလေးများသည် သံသယကုက္ကစ္စဖြစ်စေရုံ မျှသာ။

(ခ) - ထိုသိက္ခာပုဒ်ကလေးများသည် စိတ်ပင်ပန်းစေရုံမျှသာ။

(ဂ) - ထိုသိက္ခာပုဒ်ကလေးများသည် စိတ်လေးဖင့်၍ တထင့်ထင့် ဖြစ်စေရုံမျှသာ။

ထိုသို့ သိက္ခာပုဒ်ကိုကဲ့ရဲ့အံ့-

ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

ထ ထ ထ ထ ထ

www.dhammaransi.com



**ခုဒ္ဒ - အနုခုဒ္ဒ**

* (က) -ပါရာဇိကမှထောက်သော် သံဃာဒိသိသ်နှင့်အောက်အာပတ်စုံသည် ခုဒ္ဒ (အငယ်)။

(ခ) -သံဃာဒိသိသ်မှ ထောက်သော် အောက်အာပတ်စုများသည် အနုခုဒ္ဒ (သေးငယ်)။

ထိုတွင်-

ထိုသေးငယ်သောသိက္ခာပုဒ်များကို-

(က) - ဆရာကပို့ချပေးနေသောအခါ-

(ခ) - တပည့်တောင်းပန်၍ရွတ်ပြနေသောအခါ-

(ဂ) - ရဟန်းတစ်ပါးပါးက စာပြန်**နေသော**အခါ-

ဃ- ပါတိမောက်ပြရဟန်းက ပါတိ**မောက်**ပြနေသောအခါ-

ထိုအာပတ်များလွန်ကျူးထားသောရဟန်းများ နားမခံသာရကား မရွတ်ဖတ်ရန် တားမြစ်မှုပင်။

**မှတ်ချက်**။ ။ ရဟန်း၏ရှေ့ အခြားသုတ်၊ အဘိဓမ္မာကိုဖြစ်စေ၊ လူ၊ သာမဏေများရှေ့ ပါဠိ၊ အဋ္ဌက**ထာအား**လုံးကို ဖြစ်စေ၊ ကဲ့ရဲ့မိက ဒုက္ကဋ်။

ဤကား သိက္ခာပဒ **ဝိဝဏ္ဏက** မှတ်စု။

၃။ အကြွင်ရဟန်းသည်-

လခွဲပက္ခတစ်ကြိမ်ကျ ပါတိမောက်ပြနေစဉ်-

ငါသည် ယခုမှသာ-

www.dhammaransi.com



ဤသိက္ခာပုဒ်များ ဤကျင့်ဝတ္တရားများသည် **သုတ်မှပင်** လာ၍ သုတ်မှာပင်အသုံးဝင်ကြောင်း ကောင်းကောင်းကြီး သိရပါ၏။

ထိုသို့ ယခင်ကမသိ ယခုမှသိသယောင်ဟန်ဆောင်ပြော ပြောနေသော် ထိုရဟန်းကို ပရိသတ်ထဲမှ တစ်ပါးပါးက-

ဤရဟန်းသည် ယခင်ကလည်း အကျယ်ပြပါတိမောက်ကို **တစ်**ကြိမ်မကနှစ်ကြိမ်၊ နှစ်ကြိမ်မကသုံးကြိမ်အထိ နာခံဘူးပြီး **ဟူ၍** သိရှိနေသော် ထိုရဟန်း မသိဟန်ဆောင်လည်း အာပတ်မှ **မလွတ်**ပြီ။သူ့ဆိုင်ရာအပြစ်ကိုလည်း ဝိနည်းအတိုင်းကုစားရမည်။ ဤ-မသိဟန်ဆောင်မှုကိုလည်း မောဟနကံ **တင်ခံရ**မည်။

ငါ့ရှင်-

သင်သည် ပါတိမောက်သံနာခံရာ၌ အကျိုးရှိရှိမနာခံလေ။

(က) - ထိုသင်ကား ခုကျိုး၊ နောင်ကျိုးများ မရနိုင်ကုန်။

(ခ) - ထိုသင်၏ လူ့ဘဝရခြင်းကား အရမတော်လေစွ။

ဤသို့လျှင် မောဟနကံတင်ရမည်။ တင်ပါလျက်ကမှ ဟန်ဆောင်**မြဲဟန်**ဆောင် နေသေးသော်ကား ထိုရဟန်း ပါစိတ် အာပတ်**သင့်စေ**။

❊ ❊ ❊ ❊ ❊

www.dhammaransi.com



## ထိုသိက္ခာပုဒ် အတိုချုပ်

* (က) ရဟန်းတစ်ပါးသည် မကြာမီကအပြစ်တစ်ခု ကျူးလွန်ထားမိသည်။
(ခ) ယနေ့ ဥပုဒ်နေ့ပါတိမောက်ပြနေစဉ် ထိုအပြစ်နှင့် ထိုသိက္ခာပုဒ်ထိပ်တိုက်တည့်ဝင်နေချေရာ ထိုအပြစ်ကို သံဃာ့ အလယ်၌ မုချဝန်ခံရပေတော့မည်။
(ဂ) ထိုသို့ ဝန်မခံလိုသောကြောင့် ယခုမှသိသယောင်ဟန်ဆောင်လိုက်သည်။
(ဃ) အခြားရဟန်းများက ထိုသိက္ခာပုဒ်နာကြားပြီးသားသိပြီးသားကို အတပ်သိနေကြပြီ။

ထို့ကြောင့် ဟန်ဆောင်လည်း ထိုလွန်ကျူးခဲ့ပြီးအပြစ်မှ မလွတ်တော့ပြီ။

အပြစ်မှမလွတ်သည့်အပြင်-

ဟန်ဆောင်မှုအတွက် ဒုက္ကဋ် အာပတ် ထပ်တိုး-တိုးဦးမည်။ဟန်ဆောင်မှုကိုရှုံ့ချခြင်း၊ မောဟနကံ အတင်ခံရဦးမည်။ တင်ပြီးသော်မှ ဟန်ဆောင်မြဲဟန်ဆောင်နေသော်ကား ပါစိတ်ဟူ၏။ မောဟနကံကား အထက်ကဆိုခဲ့ပြီးသော " ၄ါ့ရှင်မှအပိုင်း က-ခ များပင် " ။

ဤကား မောဟန မှတ်စု။

၄။ အကြင်ရဟန်းသည်-

အမျက်ထွက်ခြင်း၊ စိတ်အလိုမကျခြင်းကြောင့် ရဟန်းအချင်းချင်းအားရိုက်နှက်အံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

www.dhammaransi.com



(က) စိတ်ဆိုးခြင်း၊ စိတ်အလိုမကျခြင်းကြောင့် ရိုက်နှက်လျှင်ပါစိတ်။
(ခ) ဒဏ်ရာအနာတရ - ရစေလိုမှုဖြင့် နှိပ်စက်လျှင် ဒုက္ကဋ်။
(ဂ) လူ၊ သာမဏေများကို ရိုက်နှက်လျှင်လည်း ဒုက္ကဋ်ပင်။
ဤကား ပဟာရ မှတ်စု။

၅။ အကြွင်ရဟန်းသည်-
စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းကြောင့်-
ရဟန်းအချင်းချင်းအား လုံ့သို့အလား လက်ဝါးပြင်ကို မြှောက်ရွယ် ပြငြားအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။
အထက်ကသိက္ခာပုဒ်က မရိုက်ရတားမြစ်ထား၍ ဤ၌ လက်ဝါးမိုး၍ ခြောက်လှန့်ခြင်းပင်။ ဤ၌လက်ဝါးပြင်သာမက ခြေဖြင့်ရွယ်ခြင်း စသည့်ကိုယ်အင်္ဂါအစိတ်အပိုင်းများပါ - ပါ၏။ တုတ်၊ ဓါး- ပြခြိမ်းခြောက်ခြင်း၊ လက်သီးရွယ်ခြိမ်းခြောက်ခြင်း များလည်းပါသည်။
ဤကား တလသတ္တိက မှတ်စု။

၆။ အကြွင်ရဟန်းသည်-
မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း အလျဉ်းမရှိပဲ ရဟန်းကို သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲအံ့။ ထိုရဟန်း ပါစိတ်အာပတ် သင့်စေ။

www.dhammaransi.com



*(က) ရဟန်းချင်းအား ပါရာဇိကဖြင့် မတရားစွပ်စွဲက သံဃာဒိသိသ်။

(ခ) ရဟန်းချင်းအားသံဃာဒိသိသ်ဖြင့် မတရားစွပ်စွဲကပါစိတ်။

(ဂ) ရဟန်းချင်းအား အောက်အာပတ်ငါးမျိုးဖြင့်စွပ်စွဲက ဒုက္ကဋ်။

ဤကား အမူလက သံဃာဒိသေသ မှတ်စု။

၇။ အကြွင်ရဟန်းသည်-

ရဟန်းအား ဤရဟန်းခဏမျှဖြစ်ဖြစ် စိတ်ဆင်းရဲစေအံ့ ဟူသောစေတနာဖြင့် သံသယဖြစ်စရာကထာကို ပြောဆိုအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

* - အရှင်ဘုရား ရဟန်းခံရာမှာ အသက်မစေ့ခဲ့ဘူးထင်သည်။

- အရှင်ဘုရား ဆွမ်းစားတုန်းက နေလွဲနေပြီထင်၏။

စသည်များ---

ထိုသို့ပြောရာ၌ တစ်ပါးမှာ စိတ်စနောင့်စနင်းဖြစ်စေ၏။တကယ် သံသယရှိ၍ ပြောရာ၌ကား ထိုသူဆင်ခြင်ရန်ပြောခြင်းဖြစ်၍ အပြစ်မရှိ။ တမင်သက်သက်စလျှင်သာ ပါစိတ်။

ဤကား ကုက္ကုစ္စ ဉပ္ပါဒ မှတ်စု။

www.dhammaransi.com



**၈။ အကြင်ရဟန်းသည်-**

(က) တစ်ဖက်ရဟန်းများတိုင်ပင်လျက်ရှိနေကြစဉ်-

(ခ) မိမိတို့ဘက်နှင့် ခိုက်ရန်ဖြစ်လျက်ရှိနေကြစဉ်-

(ဂ) မိမိတို့ဘက်နှင့် ငြင်းခုံလျက်ရှိနေကြစဉ်-

ထိုတစ်ဖက်ရဟန်းတို့၏ တိုင်ပင်သံကြားလောက်ရာ နေရာသို့သွား၍-

- ဤရဟန်းတို့သည် ဤစကားကို ပြောဆိုတိုင်ပင်ကြကုန်အံ့။
- ထိုစကားမျိုး ငါ-ချောင်းမြောင်းနား**ထောင်**အံ့။

ဤသို့သောအကြံဖြင့် **သွားရောက်**နေအံ့ - ထိုရဟ**န်း** ပါစိတ်အာပတ်သင့်စေ။

✱ ရဟန်းတို့အချင်းချင်း တစ်ဖက်နှင့်တစ်ဖက် အငြင်းပွားရန်ဖြစ်နေကြစဉ်-

(က) တစ်ဖက်စကား ချောင်းမြောင်းနားထောင်သော် ပါစိတ်။

(ခ) မိမိကမသွား ၎င်းတို့က မိမိအနားလာပြောသည်ကို ချောင်းနားထောင်ကလည်း ပါစိတ်။

**မှတ်ချက်။** ။ မိမိရှိမှန်းသိစေရန် ချောင်းဟန့်လျက်က အသံပြုပေးရမည်။

အကယ်တိတိ ထိုစကားကြားပြီးနောက် စောဒကတက်ရန်မဟုတ်ပဲ ထို**အထဲမိမိ**မပါရန် ထိုရန်ပွဲမိမိကြားဝင်၍ ငြိမ်းအေးပေးရန်အတွက် နားထောင်ကအပြစ်မရှိ။

ဤကား ဥပဿုတိ မှတ်စု။

www.dhammaransi.com



၉။ အကြင်ရဟန်းသည်-

ဝိနည်းမမြဲကံအရ ပြုအပ်သောကံများကို ဆန္ဒပေးပြီးနောက် ရှုံ့ချအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

## ကံလေးမျိုး

၁။ အပလောကနကံ - သဘောတူမတူ သုံးကြိမ်မေးပြုရသောကံ။

၂။ ဉတ္တိကံ - ဉာတ်တစ်ကြိမ်ဖြင့်သာ ပြုရသောဥပုသ် ပဝါရဏာကံ စသည်များ။

၃။ ဉတ္တိ ဒုတိယကံ - ဉာတ်တစ်ကြိမ် ကမ္မဝါတစ်ကြိမ်ဖြင့်ပြုရသော သိမ်၊ ကထိန်ကံ စသည်များ။

၄။ ဉတ္တိစတုတ္ထကံ - ဉာတ်တစ်ကြိမ်၊ ကမ္မဝါသုံးကြိမ်ဖြင့် ပြုရသော ဥပသမ္ပဒကံ စသည်များ။

အထက်ပါကံလေးမျိုးတို့သည် ရဟန်းတို့ပြုမြဲကံများပင်။ ထိုမှပင် ပဂ္ဂဟ၊ နိဂ္ဂဟခေါ် ချီးမြှောက်ကံ၊ နှိပ်ကွပ်ကံ ခွဲဦးမည်။ ထိုတွင်-

(က) - ကဏ္ဍက သာမဏေသို့ပြုသော နှင်ထုတ်ကံသည် အပလောကနကံ မည်၏။

- ပစ္စည်းဝေဖန်ခွင့် သမုတိပေးရာ၌လည်း ထိုကံပင်။

- သံဃိကပစ္စည်းကို တစ်ပါးပါးပေးလိုရာ၌လည်း ထိုကံပင်။

(ခ) - အရိဋ္ဌရဟန်း၊ ဒုဗ္ဗဇရဟန်း၊ သံဃဘေဒကရဟန်း စသူတို့ အားပြုသော သမနုဘာသနကံသည် ဉာတ်တစ်ကြိမ်

www.dhammaransi.com



ကမ္မဝါသုံးကြိမ်ပါသော ဥတ္တိ စတုတ္ထကံပင်၊ သံဃာဒိသိသ် ဒုဗ္ဗဇရှု။ ကြွင်းကံနှစ်ပါးကား သိသာလောက်ပြီ။

ရဟန်းသည်အထက်ပါကံလေးမျိုး တစ်မျိုးမျိုးပြုနေစဉ်- ဓမ္မကံမှန်း(တရားမှန်း)သိလျက်က ဆန္ဒပေးပြီးနောက် ရှုတ်ချသော် ပါစိတ်။

**မှတ်ချက်။** ။ တရားသည်ကို မတရားဟုထင်၍ ရှုတ်ချလျှင်အပြစ်မရှိ။ မတရားသည်ကို မတရားဟူ၍ ရှုတ်ချလျှင်လည်း အပြစ်မရှိ။

ဤကား ကမ္မပတိ ဗာဟန မှတ်စု။

၁၀။ အကြင်ရဟန်းသည်-

သံဃဝိနိစ္ဆယခေါ် ဝိနည်းအဆုံးအဖြတ်ပြုနေစဉ် ဆန္ဒမပေးပဲ လျက်က ထွက်ခွာသွားအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

✱ သံဃာ့အစည်းအဝေးပြီးဆုံးပြီးနောက်-

(က) - စောဒက၊ စုတိဒကခေါ် တရားလို၊ တရားခံရဟန်းများလည်း အစစ်ခံပြီးကြပြီ။

(ခ) - အနုဝိဇ္ဇကခေါ် စစ်မေးဆုံးဖြတ်မည့်ရဟန်းလည်း သမ္မုတိ ပေးပြီးပြီ။

(ဂ) - ထိုသမ္မုတိရ ဝိနည်းဓိုရ်ကလည်း စစ်မေးပြီးပြီ။

(ဃ) - ဆုံးဖြတ်မှုနှင့်ဆိုင်သောဉာတ်ကား ထားပြီးပြီ။ ကမ္မဝါကား မပြီးဆုံးသေး။

www.dhammaransi.com



ထိုအချိန်များသည် ကံပြုနေဆဲကာလမျိုးသာ ရှိချေသေး၏။ ထိုအချိန်များအတွင်း ကံပျက်စေလိုသောသဘောဖြင့် နေရာမှ ထသွားရာ သံဃာပရိသတ်၏နှစ်တောင့်ထွာ ဟတ္ထပါသ်လွန်လျှင်ပင် ပါစိတ်။

**မှတ်ချက်။** ။ ဆန္ဒပေးပြီးဖြစ်၍ ရိုးရိုးအကြောင်းရှိကသွားလျှင် အပြစ်မရှိ။

ဤကား ဆန္ဒအဒတွာဂမန မှတ်စု။

၁၁။ အကြင်ရဟန်းသည်-

သံဃာနှင့်အညီအညွတ် သင်္ကန်းပေးပြီးနောက်-

ရဟန်းများသည်ကား-

မိမိအကျွမ်းဝင်ရဟန်းအား သံဃိကသင်္ကန်းညွတ်စေကြလေပြီ။

ဤသို့ရှုတ်ချအံ့- ထိုရဟန်း ပါစိတ်အပတ်သင့်စေ။

* (က) - သမ္မုတိရ-ရဟန်းအား သင်္ကန်းပေးပြီးနောက် ထိုသို့ ရှုံ့ချသော် ပါစိတ်။

(ခ) - သမ္မုတိရ-ရဟန်းအား အခြားပစ္စည်းပေးပြီးနောက် ရှုတ်ချသော် ဒုက္ကဋ်။

(ဂ) - သာမဏေများလည်းကောင်း၊ သမ္မုမရ-ရဟန်းအား လည်းကောင်း ရှုတ်ချသော် ဒုက္ကဋ်။

ဤကား ဒုဗ္ဗလစီဝရ မှတ်စု။

www.dhammaransi.com



၁၂။ အကြောင်းရပ်နှင့်သည်-

သံဃာသို့ညွှတ်ပြီးသား လာဘ်မှန်းသိလျက်က ပုဂ္ဂိုလ်သို့ ညွှတ်စေအံ့။ ထိုရပ်နှင့် ပါစိတ်အာပတ်သင့်စေ။

* (က) သံဃိကလှူဘွယ်ပစ္စည်းကို မိမိသို့ညွှတ်စေလျှင် နိဿဂ္ဂိပါစိတ်။

(ခ) သံဃိကလှူဘွယ်ပစ္စည်းကို သူတစ်ပါးသို့ညွှတ်စေလျှင် ပါစိတ်။

ဤကား ပရိဏာမန မှတ်စု။

## ၉။ ရတနဝဂ်

၁။ အကြောင်းရပ်နှင့်သည်-

မင်းဇာတ်လည်းဖြစ်၊ ဘိသိက်ခံပြီးလည်းဖြစ်သော မင်း၏ အိပ်ခန်းသို့ ကြိုတင်အကြောင်းမကြားပဲ(တံခါးခုံအထိ) ကျော် နင်းအံ့။ ထိုရပ်နှင့် ပါစိတ်အာပတ်သင့်စေ။

* (က) မင်းဇာတ်ကားမဟုတ် ဘိသိက်ခံမင်းကားဟုတ်နေ၏။ အပြစ်မရှိ။

(ခ) မင်းဇာတ်ကားဟုတ်၏။ ဘိသိက်ကားမခံရသေး အပြစ် မရှိ။

(ဂ) မင်းဇာတ်ဟုတ်၊ ဘိသိက်ခံ သို့သော် မင်းမိဖုရားတစ်ပါး ပါးထွက်ပြီးဖြစ်နေက မပြစ်မရှိ။

www.dhammaransi.com



**မှတ်ချက်။** ။ မင်းဇာတ်လည်းဖြစ်မည်၊ ဘိသိက်လည်းခံပြီး မင်းဖြစ်နေပြီ။ မင်း မိဖုရားနှစ်ပါးစလုံးလည်း စက်တော်ဆောင်က မထွက်သေးမှ အာပတ်သင့်မည်။

ဤကား အန္တေပုရ မှတ်စု။

၂။ အကြွင်ရတန်းသည်-

ရတနာစစ်ကိုဖြစ်စေ၊ ရတနာဟုသမုတ်ထားသောပစ္စည်းကို ဖြစ်စေ၊ အရာမ်တွင်း၊ မိမိနေရာတွင်းမဟုတ်ပဲ ကောက်လေ၊ ကောက်စေအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

အရာမ်တွင်း၊ မိမိနေရာတွင်းဖြစ်ပါမူကား-

ဤပစ္စည်းများသည် အကြွင်သူ၏ပစ္စည်းများဖြစ်ပေလိမ့်မည်။ ထိုပစ္စည်းကို ထိုသူလာရောက်-ယူပေအံ့

ထိုသို့ နှလုံးသွင်းလျက်က-

(က) မိမိကိုယ်တိုင်လည်းကောက်ယူ၍ သိမ်းဆည်းထားအပ်သည်သာ။

(ခ) သူတစ်ပါးကိုကောက်ယူခိုင်း၍လည်း သိမ်းဆည်းထားအပ်သည်သာ။

တိုက်တာတွင်း၊ ကျောင်းတွင်းတွေ့ကို ထိုသို့သိမ်းဆည်းထားခြင်းသည် ဤရတနာ၊ ရတနာဝင်ပစ္စည်းများ၌ ကျင့်သုံးရမည့် ဝတ္တရားတည်း။

www.dhammaransi.com



✱ က- ရွှေ၊ ငွေ၊ ပတ္တမြားစသည်ဆယ်ပါးတို့ကား---ရတနာ။
ခ- ရွှေရည်စိမ်၊ ငွေရည်စိမ် စသည်များနှင့် အဝတ်အစား တို့ကား ရတနာသမ္မတ။
(က)ထိုရတနာ-ရတနာတန်းဝင်ပစ္စည်းများကို အခြားဝယ် တွေ့၍ကောက်ယူက ပါစိတ်သင့်သည်။
(ခ) မိမိတိုက်တာဝင်း၊ ကျောင်းဝင်းတွင်တွေ့လျက်က မကောက် မသိမ်းထားသော်ကား ဝတ္တရားပျက်ကွက်မှုဖြင့် ဝတ္တဘေဒ ဒုက္ကဋ် ပင်ထိုက်မည်။
**မှတ်ချက်။** ။ လူတို့သိမ်းခိုင်းထား၍ဖြစ်စေ၊ ကိုယ်-ကိုယ်တိုင် ဘဏ္ဍာစိုးအဖြစ်ဖြင့်ဖြစ်စေ သိမ်းထားမိက ဉဿဂ္ဂိပါစိတ်အရ ပါစိတ်သင့်မည်။ မိမိတိုက်တာတွင်း၊ကျောင်းတွင်းသော်မှ သူ့ဥစ္စာ သူလာယူလိမ့်မည်အမှတ်ဖြင့်သာ သိမ်းထားပိုင်ခွင့်ရှိသည်။

၃။ အကြွင်ရဟန်းသည်-
ထင်ရှားရဟန်း မပန်ထားပဲ နေလွဲအခါမြို့ရွာတွင်းသို့ဝင်အံ့။ ပါစိတ်။

❖ ❖ ❖ ❖ ❖

**ရွာတွင်းသွားရန် ပန်ကြားပုံ**

ဝိကာလေ-ဂါမပဝေသန်-အာပုစ္ဆာမိ
နေလွဲအခါ ရွာတွင်းဝင်ခွင့်ကို ပန်ကြားပါ၏။ သို့မဟုတ်-

www.dhammaransi.com



တပည့်တော်ရွာတွင်းသွားပါဦးမည်။ ရ၏။ ပန်ကြားမှုသာလိုရင်း။ ကျန်းစာဌ်ထင်ရှားရှိရဟန်းကို သွားလိုစိတ်ဖြစ်ချိန်မှစ၍ မြင်ရသောရဟန်းနှင့် ၁၂-တောင်အတွင်းရှိရဟန်းကို - ဟုဖွင့်ပြကြ၏။ ပုဂ္ဂိုလ်ထင်ရှားကိုရည်၏။ ငါတို့အလိုကားတာဝန်ခံ**ဆရာတော်**၊ စာချဘုန်းကြီး၊ကျောင်းထိုင်၊တိုက်အုပ်စသည်များသာ **ထင်ရှားသူ**ဖြစ်ထိုက်သည်ဟုထင်၏။ကိစ္စကြုံက ၎င်းတို့သိထားမှုဖြေ**ရှင်းပေး**နိုင်သောကြောင့်။

**မှတ်ချက်။** ။ မီးဘေးစသည်အဆောတလျင်ကိစ္စကြုံက မပန်ပဲလည်းသွားနိုင်၏။

ဤကား ဂါမ ပဝိသန မှတ်စု။

၄။ အကြင်ရဟန်းသည်-

အရိုးဖြင့်ဖြစ်စေ၊ အစွယ်ဖြင့်ဖြစ်စေ၊ ဦးချိုဖြင့်ဖြစ်စေ ပြုလုပ်ထားသော အပ်ကျည်ပူးမျိုးကို ပြုလုပ်ခိုင်းအံ့။ ထိုရဟန်း အပ်ကျည်ပူးကိုလည်းဖျက်ခွဲ - ပါစိတ်အာပတ်လည်းသင့်စေ။

* (က) နွား၊ ကျွဲ စသည်တို့၏ အရိုးဖြင့်ပြုလုပ်ထားသောအပ်ကျည်ပူး။

(ခ) ဆင်စွယ်စသည်တို့နှင့်ပြုလုပ်ထားသော အပ်ကျည်ပူး။

(ဂ) နွား၊ကျွဲ စသည်တို့၏ ဦးချိုဖြင့်ပြုလုပ်ထားသော အပ်ကျည်ပူး။

www.dhammaransi.com



**မှတ်ချက်။** ။ စပါးထည့်တိုက်ကို စပါးကျည်**ခေါ်၏သို့** - အပ်ထည့်သောဗူးကိုလည်း အပ်ကျည်ဗူးခေါ်၏။ ၎င်းဗူးရလှသော အခါ- ပထမ ထိုဗူးကိုဖျက်ခွဲပစ်။

ထို့နောက်ဒေသနာကြား သို့ကြောင့်ဖျက်ခွဲခြင်းရှိသော ပေဒနကံမည်သည်။ ဆင်စွယ်ရုပ်ထုဆရာအား အလိုက်မသိတောင်းမှုကြောင့် ပညတ်သည်။

**မှတ်ချက်။** ။ အနားပတ်သီး၊ ခါးပန်းသီးများကား သုံးကောင်းသည်။

ဤကား အဋ္ဌမယ မှတ်စု။

၅။ အကြင်ရဟန်းသည် -

ညောင်စောင်းသစ် (ကုတင်သစ်)ပြုလုပ်လိုသောရဟန်းသည်ဘုရားအထွာတော်ဖြင့် ဘောင်၏အောက် လက်ရှစ်သစ်မျှ အခြေကိုထား၍ ပြုရမည်။ ထိုအခြေလက်ရှစ်သစ်ထက်ပိုသော်ကား-ညောင်စောင်းခြေကိုလည်းဖြတ် ပါစိတ်အာပတ်လည်းသင့်စေ။

* လက်သစ်တစ်သစ်သည် ကြေးနီပြားတစ်ထောက်စာ (တစ်လက်မ) ရှိသည်။ သို့ကြောင့် ညောင်စောင်းခြေထောက်ရှစ်လက်မသာ ရှိရမည်။ ၎င်းကိုတိုင်းထွာသောအခါ ဘောင်(ပေါင်) မပါစေရ။ ထို့ထက်ပိုသော်-

ပထမ-ထိုရှည်သောခြေထောက်ကိုဖြတ်ပစ် ---

www.dhammaransi.com



ထို့နောက်ဒေသနာကြား --

ဤကား မဥ္စပီဌ မှတ်စု။

၆။ အကြွင်ရဟန်းသည်-

ညောင်စောင်း၊ အင်းပျဉ်များကို လဲ၊ အဆာသွတ် အဝတ်တို့ဖြင့် ဖွဲ့ကျက်အံ့။ ထိုရဟန်း "လဲ" အစာများလည်းထုတ် ပါစိတ်အာပတ်လည်းသင့်စေ။

## " လဲ " သုံးမျိုး

၁။ လက်ပံစသည်အပင်၏ အသီးများမှရသော "လဲမှို့"။

၂။ ခွေးတောက် စသည်နွယ်များ၏ အသီးများမှ "လဲမှို့"။

၃။ ရှင်မွေးလွန်းမြက်ဖျား၊ မြိတ်ဆံ စသည်များမှရသော"လဲမှို့"။ သုံးမျိုး။

**မှတ်ချက်။** ။ ဝါဂွမ်းများလည်း ပင်ဖြစ်"လဲမှို့" တွင်ပါဝင်သည်။

အထက်ပါသုံးမျိုးကို အဆာသွတ်ထားစေကာ ဖုံ၊ မွေ့ရာ (ဆိုဖာ) စသည်များပြုစေ၊ ပြုလေသဖြင့်ရခဲ့သော် - ပါစိတ်၊ ခိုင်းစဉ် ဒုက္ကဋ်။

ဤကား တုလောနဒ္ဓ မှတ်စု။

၇။ အကြွင်ရဟန်းသည်-

နိသီဒိုန်သက်န်းပြုလိုလတ်သော်-

www.dhammaransi.com



(က) အလျားကား နှစ်ထွာ (တစ်တောင်)
(ခ) အနံကား တစ်ထွာခွဲ
(ဂ) မြိတ်ဆာကား တစ်ထွာထားပြုလုပ်ရမည်။

ထို့ထက်ပိုလာခဲ့လျှင်ကား ထိုရဟန်းအပိုကိုလည်းဖြတ်ပါစိတ်အာပတ်လည်းသင့်စေ။

* ထိုနိသီဒိုန်သင်္ကန်းသည် နေ့အခါနေရာထိုင်အဖြစ် ခင်းသုံးပြီး ဆွမ်းစားရာ၌ တစ်ပိုင်းကိုခင်းထိုင်ပြီး တစ်ပိုင်းကို ပေါင်ပေါ်တင်သုံးသော နေရာထိုင်ဖြစ်၏။

ညအခါအိပ်မက်ဝယ်သုတ်လွှတ်က အခြားသင်္ကန်းများသို့ မပေကျံစေရန် အတွင်းခံဘောင်းဘီကဲ့သို့ ဝတ်သုံးရသေး၏။ သုံးပုံမှာ-

(က) မြိတ်ဆာမပါသောဘက်က ခါးရှေ့ရှိ သင်းပိုင်နှုတ်ခမ်းသို့ အပ်ဖြင့်တွဲ။

(ခ) မြိတ်ဆာဘက်က အလယ်မြိတ်ဆာကို ခါးတောင်းကျိုက်ပမာ နောက်သို့ပစ်ပြီး နောက်ရှိသင်းပိုင်နှုတ်ခမ်းသို့ အပ်ဖြင့်တွဲသုံးရ၏။ ယခုခေတ်မတွေ့ကြရပြီ။

**မှတ်ချက်။** ။ မြိတ်ဆာသည် ကြက်လျှာကဲ့သို့ သုံးမွှာခွဲရှိစေရမည် ဆို၏။

ဤကား နိသီဒန စီဝရ မှတ်စု။

၈။ အကြင်ရဟန်း - အမာလွှမ်းသင်္ကန်းပြုလိုလတ်သော်-
(က) အလျားကား - လေးထွာ ( နှစ်တောင် )
(ခ) အနံကား - နှစ်ထွာ ( တစ်တောင် ) ထားပြုလုပ်ရမည်။

www.dhammaransi.com



ထိုထက်ပိုလျှင်ကား ထိုရဟန်း အပိုကိုလည်းဖြတ် ပါစိတ်အာပတ်လည်းသင့်စေ။

* ဤသက်န်းသည်-

ယားနာ၊ သွေးစုနာ၊ ကျောက်၊ ဝက်သက်နာ စသည်အရည်ထွက်၊ ပြည်ထွက်အနာများပေါ်က အခြားသက်န်းများ မပေကျံစေရန် အတွက်ဖြစ်သည်။

ငှင်းကိုအနာပေါက်လျှင်သုံး ပျောက်လျှင်ဝိကပ္ပနာပြန်၍ သိမ်းထားရမည်။ အနာများပေါ်လွှမ်းခြုံပေးထားရသော သက်န်းမျိုးဖြစ်၍ အမာလွှမ်းခေါ်သည်။

ဤကား ကဏ္ဍုပဋိစ္ဆာဒိ မှတ်စု။

၉။ အကြွင်ရဟန်း - မိုးရေခံသက်န်းပြုလိုလတ်သော်-

(က) အလျားကား - ခြောက်ထွာ ( သုံးတောင် )

(ခ) အနံကား - လေးထွာ ( နှစ်တောင် ) ထားပြုလုပ်ရမည်။
ထို့ထက်ပိုလျှင်ကား ထိုရဟန်း အပိုကိုလည်းဖြတ် ပါစိတ်အာပတ် လည်းသင့်စေ။

ငှင်းသက်န်းသည်-

မိုးရွာသောအခါ ရေချိုးရေခံပြုလုပ်ရာ၌ အသုံးပြုသောရေသနုပ်မျှဖြစ်ရာ အရောင်သည် **ဝတ်ရုံသက်**န်းများကဲ့သို့ ပေါ်လွင်ရန်မလိုဆိုးရည်ဆိုးစဉ်ကာလ **ဆင်စွယ်**ရောင်မျှပေါ်လျှင်ပင် အပ်တော့သည်သာ။

ဤကား ဝဿိက သာဋိက မှတ်စု။

www.dhammaransi.com



၁၀။ အကြွင်ရဟန်းသည်-

ဘုရားရှင်၏သက်န်းတော်ပမာဏအတိုင်း ပြုလေ၊ ပြုစေအံ့။ ထိုရဟန်း ပါစိတ်အာပတ်သင့်စေ။

ဤဆိုလတ္တံ့သည်ကား ဘုရားရှင်၏ သင်္ကန်းတော်ပမာဏတည်း။

(က) အလျားကား ဘုရားရှင်၏အထွာတော်ဖြင့် ကိုးထွာ (လေး **တောင်ထွာ** )။

(ခ) အနံကား ဘုရားရှင်၏အထွာတော်**ဖြင့် ခြောက်**ထွာ (သုံးတောင်)။ ဤကား ဘုရားရှင်၏ သင်္ကန်းတော်ပမာဏပင်တည်း။

✱ ညီတော်မင်းနန် (နန္ဒထေရ် )သည် ဘုရားရှင်အောက် အရပ်တော် လက်လေးသစ်မျှနိမ့်လေရာ ဘုရားရှင်နှင့် သင်္ကန်း ပမာဏချင်းတူ၏။ ၎င်းသွားလာလျှင် ဘုရားကြွလာသည် အထင် ဖြင့် ရဟန်းတို့လှုပ်လှုပ်ရွရွဖြစ်နေကြရသောကြောင့် ဤသို့ပညတ် ၏။

ငါတို့ခေတ်သင်္ကန်းများကို-

ဘုရားအထွာတော်ဖြင့်ချုပ်လျှင်လည်း ဝတ်၍သာရမည်။ ရုံရာ၌ကား သုံးခေါက်ချိုးတိုးဖြစ်ရကား အလျားဆယ့်သုံးထွာခွဲ (ခြောက်တောင်ထွာ) အနံကိုးထွာ ( လေးတောင်ထွာ ) **ဖြစ်**နေ၍ သုံးမဖြစ်နိုင်။ ( အနံကားရနိုင်သေး၏ )

အကယ်တိတိ ထိုပမာဏသည် မိမိတို့အထွာ သို့မဟုတ် ကိုက်ထွာဖြင့်ဆိုကလည်း ဝတ်၍သာရမည်ရုံမဖြစ်နိုင်။ယခင်ခေတ် ကလို လည်ပင်းဖုံးမပါသောကြောင့်။

www.dhammaransi.com



ယခင်ခေတ်က လည်ပင်းဖုံးသက်သက်၊ **ခြေသလုံးဖုံး** သက်သက် ရှိသည်ဆို၏။ ငါတို့ခေတ်၌ကား **ထိုအရာမျိုးမရှိတော့ချေ။ သို့ကြောင့်ချုပ်လုပ်သော** ၎င်းတို့အတွက်ပါ ထည့်သွင်းစဉ်းစား မှုသာ ရုံလောက်မည်။ ယခုသုံးရိုးဖြစ်သော အလျားငါးတောင်ထွာ၊ အနံလေးတောင်ထွာ (မိမိအထွာဖြင့်) ချုပ်စေသော် ထိုအားလုံး အတွက်ပါ လုံခြုံတော့သည်သာ။

**မှတ်ချက်**။ ။ ယခုကဲ့သို့ ဘုရားရှင်လက်ထက်တော်ကာလနှင့် အသုံးအနှုန်းအတူညီတော့သော နေရာမျိုးတိုင်း၌ ဆင်ခြင်သင့်သည်။ ခေတ်ကိုလည်းမလွန်သာဝိနည်းအရာလည်း ကင်းကွာမသွား ရန်တည်း။

ဤကား သုဂတ စီဝရ ပမာဏ မှတ်စု။

ဏ ဏ ဏ ဏ ဏ

www.dhammaransi.com



### စိတ်ထားနိမ့်ကျလာစေခြင်းသည် ပါစိတ်

ဤဆိုခဲ့ပြီးအခန်း နောက်ကဆိုခဲ့ပြီး နိသဂ္ဂိအခန်းတို့ရှိ အာပတ်များသည်-

မြင့်မြတ်သောစိတ်ထားမှ ယုတ်ညံ့သောကြားသို့ ပြောင်းလဲသွားသည်ကားတစ်ကြောင်း၊

ကုသိုလ်စိတ်မှ အကုသိုလ်ဘက်သို့ ကျသက်သွားသည်က တစ်ကြောင်းကြောင့် ပါစိတ်အာပတ်အမည်ရသည်။

သည့်ထက်လည်းယုတ်၊ သည့်ထက်လည်းအကုသိုလ်ကြီးလှသော ပါရာဇိက၊ သံဃာဒိသိသ်၊ ထုလ္လစ္စည်းတို့ကား ၄င်းတို့နာမည်အသီးသီး ရှိပြီးဖြစ်နေကြ၍ ပါစိတ်ဟူ၍မဆိုပြီ။

ဆိုခဲ့ပြီး ထိုပါစိတ်ပြစ်စုများကို ကျူးလွန်လေ့ရှိသော ရဟန်းသည်-

အတ္တ၊ အနတ္တနယ်ခွဲတွင် အနတ္တနယ်ထဲနေရမည့်အစားလူတို့ကဲ့သို့ အတ္တနယ်ကြား စိတ်ကျက်စားတော့ချေရာ အာရုံပုံရိပ်မဖက် မိမိစိတ်ချည်းသက်သက် မဖြစ်စေနိုင်။

တစ်ဖန် သိက္ခာသုံးပါးတို့နှင့် ရာဂ၊ ဒေါသ၊ မောဟများအကြား မှတ်သိစိတ်ဖြင့် စည်းခြားထားရမည့်အစား စည်းမသားပဲ လူတို့ကဲ့သို့ ကိလေသာအကြား စိတ်ကစားစေသောကြောင့်လည်း အမှတ်မှအမှတ်သို့ ဆင့်ရမည့်အကျင့်လည်း မစင်ကြယ်နိုင်။

ထိုရဟန်း ကိလေသာသတ်နေပါသည်စကား မပြောကြားသာပြီ။

www.dhammaransi.com



ထိုရဟန်း ဘိက္ခုဟူသောအမည်ရင်း တင်းတင်းလည်း မခံယူသာပြီ။

ဤကား ပါစိတ်ဟူသောစကား၏ အဓိပ္ပါယ်မှတ်စု။

အရှင်တို့ တပည့်တော်သည်-

၉၂ ပါးအရေအတွက်ရှိသော ပါစိတ်သိက္ခာပုဒ်များ၏ အကျဉ်းသရုပ်များကို ပြဆိုခဲ့ပြီးပါပြီ။ **ထို**သိက္ခာပုဒ်များ၌လည်း အရှင်တို့ကို သုံးကြိမ်တိတိမေးပါမည်။

ဘယ့်နှယ်လဲအရှင်တို့ ထိုပါစိတ်အာပတ်များမှကော စင်ကြယ်ကြပါရဲ့လား ---- (သုံးကြိမ်)။

အရှင်တို့ကို တပည့်တော် သုံးကြိမ်အထိမေးသော်လည်း အရှင်တို့ဆိတ်ဆိတ်နေပုံထောက်၍ အရှင်တို့သည် ဤပြစ်စုများမှလည်းစင်ကြယ်နေပါကြောင်း **တပည့်**တော်အသိအမှတ်ပြုလိုက်ပါပြီဘုရား။

ဤကား **ပါစိတ်အ**ခန်း မှတ်စု။

www.dhammaransi.com



## ၅။ ပါဋိဒေသနီ မှတ်စု

၁။ အကြောင်ရဟန်းသည်-

ရွာတွင်းသို့ ဆွမ်းစဉ်လှည့်လည်ခံယူလျက်ရှိသော ရဟန်းမ၏ လက်မှ ခဲဘွယ်ဘောဇဉ်များကို ခံယူစားသုံးအံ့။ ထိုရဟန်း ပါဋိဒေသနီ အာပတ်သင့်စေ။

### ပါဋိဒေသနီ ဒေသနာကြား

- အာဝုသော ဂါရယှံ့ ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ -

- အသပ္ပိယံ ပါဋိဒေသနီယံ တံပဋိဒေသေမိ

ငါ့ရှင် ငါသည်ကဲ့ရဲ့ဘွယ်လည်းဖြစ် ၊ နတ်ရွာနိဗ္ဗာန်နှင့်လည်း မလျောက်ပတ်လည်းဖြစ်သော ပါဋိဒေသနီအာပတ်သင့်လျက် ရှိနေပါပြီ။ ထိုအာပတ်ကို အရှင့်အားပြောကြားပါ၏။ ------ ဤသို့ သီးခြားဒေသနာ ကြားရသည်။

ရွာတွင်းသို့ဝင်ရောက်၍ ဆွမ်းခံနေသောဘိက္ခုနီမထံမှ ခဲဘွယ်ဘောဇဉ်တစ်မျိုးမျိုးကို -

(က) ခံယူမိပါလျှင် ဒုက္ကဋ်

(ခ) စားသုံးလျှင်ကား စားတိုင်းပင် ပါဋိဒေသနီ

မှတ်ချက်။ ။ ရဟန်းမများသည် ရဟန်းများလောက် လာဘ် မပေါများသောကြောင့် ဤသိက္ခာပုဒ် ပညတ်တော်မူပေသည်။

ဤကား ပထမ ပါဋိဒေသနီ မှတ်စု။

www.dhammaransi.com



၂။ ရဟန်းတို့ - ဒါယကာအိမ်ဝယ် ပင့်ဖိတ်ဆွမ်းဘုဉ်းပေးနေကြစဉ် ရဟန်းမသည်-

ဤမှာ ဆွမ်းထည့်ပေးကြပါ။

ဤမှာ ဆွမ်းဟင်းထည့်ပေးကြပါ။

ထိုသို့စီမံခိုင်းခဲ့နေချေသော်- နှမ - ရဟန်းတို့ဆွမ်းစားနေဆဲ သင့်တော်ရာမှာပဲ ရှောင်လွဲနေချေဦးလော့။ ဤသို့ ရဟန်းတို့က တားမြစ်ကြရမည်။

ရဟန်းတစ်ပါးပါးက ထိုသို့မတား ငြိမ်လျက်သားနှင့် စားနေသော် ထိုရဟန်းများလည်း ပါဋိဒေသနီ အာပတ်သင့်ကြစေ။

**ရဟန်းအများ ဒေသနာကြား**

အာဝုသော ဂါရယှံ ဓမ္မံ အပဇ္ဇိံ - မှ -

အသပ္ပါယံ ပါဋိဒေသနီယံ တံပဋိဒေသေမိ

**မှတ်ချက်။** ။ ဤသိက္ခာပုဒ်က ရဟန်းမသည် ၄င်းခင်မင်ရာ ရဟန်းများသို့သာ ဘက်လိုက်စီမံမှုကြောင့် ပညတ်တော်မူရသည်။

ဤကား ဒုတိယ ပါဋိဒေသနီ မှတ်စု။

www.dhammaransi.com



၃။ သေက္ခအလား သဒ္ဓါပွားလျက်ရှိကြကုန်သော အိမ်တို့သို့-
(က) ၎င်းတို့က ပင့်ဖိတ်ထားသည်လည်း မဟုတ်ပါပဲ။
(ခ) မိမိကလည်း ဖျားနာနေသူ မဟုတ်ပါပဲ။

ဆွမ်း၊ ခဲဘွယ်များကို ခံယူစားသုံးအံ့။ ထိုရဟန်းလည်း ပါဋိဒေသနီ အာပတ်သင့်စေ။

✱ သေက္ခဟူသည်- သောတာပန် စသည့်အောက်မဂ်၊ အောက်ဖိုလ် ရများပင်။၎င်းတို့သည် ရတနာသုံးပါးအပေါ်ဝယ် သဒ္ဓါအား ကြီးမားကြလေကုန်၏။
ထိုကဲ့သို့ပင်-အရိယာဇာတ်သား မဟုတ်ငြားလည်း သဒ္ဓါပွားစီးသော အမျိုးကောင်းသား၊ သမီးများလည်းရှိကြပေသေးရာ ၎င်းတို့ကိုလည်း သေက္ခအရာထားရ၏။ ထိုအိမ်မျိုးကား မိမိမစားပဲ ပင်အလှူခံတွေ့က လှူချင်၏။
ရဟန်းသည်-
ထိုအိမ်မျိုးသို့ အလိုက်မသိထုံးဖြင့် ဆွမ်းလုံးဝဝင်မခံရ-ခံသော် ဒုက္ကဋ်။ စားတိုင်းစားတိုင်းကား ပါဋိဒေသနီပြစ် ထိမည်။အာဂုသော ဂါရယှံ ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ တံပဋိဒေသေမိ - --အနက်အဓိပ္ပါယ် ပထမအတိုင်းသိ။
**မှတ်ချက်။** ။ ၎င်းတို့ကိုယ်တိုင်ပင့်ဖိတ်ထားသော် သွားရောက်ခံနိုင်သည်။

ဤကား တတိယ ပါဋိဒေသနီ မှတ်စု။

၄။ အကြင်ရဟန်းသည်-

ဘေးရန်မကင်း ပေါအတွင်းဝယ် တောရဆောက်တည်ခြင်း ဖြင့်နေလေ့ရှိရာ-

(က) မိမိအရာမ်အတွင်းမရောက်မီ ဘေးရန်ရှိကြောင်း အသိ ပေး ထားခြင်းလည်းမရှိပဲ။

(ခ) မိမိကျောင်းတွင်းမဝင်မီ ဘေးရန်ရှိကြောင်း အသိပေးထား ခြင်းလည်းမရှိပဲ။

ဒါယကာတို့လာရောက်လှူဒါန်းသော ခဲဘွယ်၊ ဘောဇဉ် များကို အရာမ်တွင်းမှပင် လက်ခံစားသုံးအံ့။ ထိုရဟန်းလည်း ပါဋိဒေသနီ အာပတ်သင့်စေ။

- အာဝုသော ဂါရယှံ ဓမ္မံ အာပဇ္ဇိံ
- အသပ္ပါယံ ပါဋိဒေသနီယံ တံပဋိဒေသေမိ --- ဟူ၍ပင်။

ခိုးသား၊ ဓါးပြတို့ ခိုအောင်းတတ်ရာ တောသို့လာရောက် လှူဒါန်းလိုလျှင် -

(က) လူသူတို့ ဘေးရန်မထိစေရန်၊

(ခ) ခိုးသားတို့ အချိန်မီရှောင်တိမ်းသာရန်၊

အကြောင်းထားရမည်။ အကြောင်းမကြားပဲခံယူက ဒုက္ကဋ်။

သုံးလျှင် ပါဋိဒေသနီ။

ဤကား စတုတ္ထ ပါဋိဒေသနီ မှတ်စု။

www.dhammaransi.com



## အလိုက်မသိမှု သီးခြားဝန်စံ

အထက်ပါ ပြစ်စုလေးမျိုးတို့ သင့်ရောက်လျှင် အခြားအာပတ်များကဲ့သို့၏မဟုတ်ပဲ သီးခြားဒေသနာကြားရသောကြောင့် ပါဋိဒေသနီမည်၏။ အခြားအာပတ်များကဲ့သို့ ဒေသနာကြားလျှင်လည်းရ၏။ သို့သော် အခြားတို့ကဲ့သို့ ကိလေသာပိုးထိုးပြစ်မဟုတ်။ အလိုက်မသိပြစ်များသာ ဖြစ်ကြခြင်းကြောင့် သီးခြားကြားစေရသည်။

အရှင်တို့ တပည့်တော်သည်-

လေးမျိုးကုန်သော ပါဋိဒေသနီ သိက္ခာပုဒ်များကို အကျဉ်းသရုပ်ထုတ်ပြောကြားပြီး ပါပြီ။

ဤလေးပါးသော သိက္ခာပုဒ်တို့၌လည်း-

အရှင်တို့ကိုမေးပါမည်။

ဘယ်နှယ်လဲ ဤလေးပါးသောပြစ်စုများမှကော အရှင်တို့ကင်းရှင်းကြပါရဲ့လား။ (၃ ကြိမ် ) ---

တပည့်တော် သုံးကြိမ်ထိမေးလျက်ကမှ အရှင်တို့ဆိတ်ဆိတ်နေကြပုံထောက်သော် ဤပြစ်စုများမှလည်း ကင်းရှင်းကြောင်း တပည့်တော် အသိအမှတ်ပြုလိုက်ပါပြီဘုရား။

ဤကား ပါဋိဒေသနီ မှတ်စု။

✡ ✡ ✡ ✡ ✡

www.dhammaransi.com



## ၈။ သေခိယ အခန်း

### ၁။ ပရိမဏ္ဍလဝဂ်

၁။ ငါသည်သင်းပိုင်ကို အဝန်းညီစွာ ဝတ်ခြင်းရှိသောအကျင့်ကို ကျင့်သုံးအံ့။

၂။ ငါသည် ဧကသီကို အဝန်းညီစွာ ရုံခြင်းရှိသောအကျင့်ကို ကျင့်သုံးအံ့။

၃။ ငါသည် ရွာတွင်းသို့သွားရာ၌ ကောင်းစွာဖုံးလွှမ်းခြင်းရှိသော အကျင့်ကိုကျင့်သုံးအံ့။

၄။ ငါသည် ရွာတွင်းနေရာ၌ ကောင်းစွာဖုံးလွှမ်းခြင်းရှိသော အကျင့်ကိုကျင့်သုံးအံ့။

၅။ ငါသည် ရွာတွင်းသွားရာ၌ ကောင်းစွာစောင့်စည်းခြင်းရှိသော အကျင့်ကိုကျင့်သုံးအံ့။

၆။ ငါသည် ရွာတွင်းနေရာ၌ ကောင်းစွာစောင့်စည်းခြင်းရှိသော အကျင့်ကိုကျင့်သုံးအံ့။

၇။ ငါသည်ရွာတွင်းသွားရာ၌ မျက်လွှာချလျက်ရှိသောအကျင့်ကို ကျင့်သုံးအံ့။

၈။ ငါသည် ရွာတွင်းနေရာ၌ မျက်လွှာချလျက်ရှိသောအကျင့်ကို ကျင့်သုံးအံ့။

၉။ ငါသည်ရွာတွင်းသွားရာ၌သင်္ကန်းပင့်မြောက် ခြေဖျားထောက် အကျင့်မျိုးကိုမသုံး။

၁၀။ ငါသည်ရွာတွင်းနေရာ၌ သင်္ကန်းကိုဝင့် အထက်ပင့်အကျင့်မျိုး ကိုမသုံး။

www.dhammaransi.com



**မှတ်ချက်။**

၁။ သင်္ကန်းဝတ်ရာ၌ အထက်ချက်ဝန်းလုံးရန် ချက်၏အထက်သို့ အနည်းငယ်တိုး၍ အောက်ဝယ်ခြေသလုံးလုံးရန် ၄င်းအောက်သို့ လက်ရှစ်သစ်မျှ ချဝတ်ရမည်။ အောက်နခမ်းများ တစ်ဖက်တို-ရှည်၊ မညီ-မညာ **မဖြစ်စေရ။**

၂။ **ကေသီရုံရာ၌ အောက်နခမ်းကား** သင်းပိုင်၏အထက် လက်လေးသစ်တင် ယင်းအောက်နခမ်းများလည်း တစ်ဖက်တို-ရှည်၊ မညီ-မညာ မဖြစ်စေရ။

ကေသီဝတ်ရုံရာ၌-

(က) ရှာဝင်သော် သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် (၃-၄) အရ နှစ်ဖက်ရုံလည်ဖုံး၊ လက်ကောက်ဖုံး ရုံနည်းအတိုင်း။

(ခ) ကျောင်း၏ဘုရားရှေ့၊ မထေရ်ကြီးများရှေ့၊ သံဃာ့ပရိသတ်ရှေ့ဖြစ်ခဲ့သော် လက်ဝဲတစ်ဘက်ဖုံး ရုံနည်းအတိုင်း ဝတ်ရုံရမည်။

**မှတ်ချက်။** ။ မိမိတစ်ဦးတည်းနေရာ၌ ကြိုက်သလိုနေနိုင်သည်။

ကျန်သိက္ခာပုဒ်များကား သိသာလောက်၏။

ဤကား ပရိမဏ္ဍလ မှတ်စု။

★ ★ ★ ★ ★

www.dhammaransi.com



## ၂။ ဥဒ္ဒုက္ကိကဝဂ်

၁။ ငါသည် ရွာတွင်းသို့သွားလာရာ၌ ကျယ်လောင်သောအသံ ရှိသော အကျင့်မျိုးကိုမကျင့်။

၂။ ငါသည် ရွာတွင်းနေထိုင်ရာ၌ ကျယ်လောင်သောအသံ ရှိသော အကျင့်မျိုးကိုမကျင့်။

၃။ ငါသည် ရွာတွင်းသွားလာရာ၌ တိုးညှင်းသာယာအသံရှိသော အကျင့်မျိုးသာကျင့်အံ့။

၄။ ငါသည် ရွာတွင်းနေထိုင်ရာ၌ တိုးတိုးသာသာအသံရှိသော အကျင့်မျိုးကိုသာကျင့်အံ့။

၅။ ငါသည် ရွာတွင်းသွားလာရာ၌ ကိုယ်မငြိမ်သက် ကလက် စေသော အကျင့်မျိုးကိုမကျင့်။

၆။ ငါသည် ရွာတွင်းနေထိုင်ရာ၌ ကိုယ်မငြိမ်သက် ကလက် စေသော အကျင့်မျိုးကိုမကျင့်။

၇။ ငါသည် ရွာတွင်းသွားလာရာ၌ လက်ရုံးလှုပ်လက် မငြိမ်သက် သော အကျင့်မျိုးကိုမကျင့်။

၈။ ငါသည် ရွာတွင်းနေထိုင်ရာ၌ လက်ရုံးလှုပ်လက် မငြိမ်သက် သော အကျင့်မျိုးကိုမကျင့်။

၉။ ငါသည် ရွာတွင်းသွားလာရာ၌ ဦးခေါင်းလှုပ်လက် မငြိမ် သက်သော အကျင့်မျိုးကိုမကျင့်။

၁၀။ ငါသည် ရွာတွင်းနေထိုင်ရာ၌ ဦးခေါင်းလှုပ်လက် မငြိမ်သက် သော အကျင့်မျိုးကိုမကျင့်။

www.dhammaransi.com



* **မှတ်ချက်။** ။ ၁-၂/- မိမိပြောစကား (၁၂) တောင်အရပ်မှ ကြားသော် ကျယ်လောင်သောအသံပင်။

ထိုအသံမျိုးဖြင့် စကားမပြောရ၊ မရယ်ရ။ ပြုမိသော် ဒုက္ကဋ်များ ချည်းပင်။

**မှတ်ချက်။** ။ ၃-၄/- မိမိပြောစကား (၆) တောင်အရပ်မှသာ ကြားသိနားလည်စေသော် တိုးတိုးသာသာ အသံပင်။ လူတို့အား တရားဟော၊ ရေစက်ချပေးရာတို့၌ ကျယ်သော်လည်း မပြစ်မရှိ။

* ရွာတွင်းသွားလာနေထိုင်ရသောအခါ-

သာမဏာသာရုပ္ပခေါ် ကိလေသာငြိမ်းအေးသူနှင့် လိုက်ဖက်ညီစွာ ဖြစ်စေရန် ကိုယ်အမူအရာ ကလက်ခြင်း၊ လက်ခြေ အငြိမ်မနေခြင်း၊ ဦးခေါင်း-လည် ငဲ့လိုက်၊ စောင်းလိုက်၊ လှည့်လိုက်လုပ်ခြင်းများ အထူးရှောင်ကြဉ်ရန်ဖြစ်သည်။

ကြည့်လိုက်သော် ရဟန်းအမူအရာ၊ လူ့အမူအရာကွဲပြားနေစေရမည်။

ကြားလိုက်သော် ရဟန်းသံ၊ လူသံများလည်း ကွဲပြားနေစေရမည်။

ထိုအချက်များသည် ဤကျင့်ဝတ်များ၏ လိုရင်းပင်။

တစ်ဖန် ဂုဏ်သိက္ခာရှိအမူအရာများနှင့် ယုတ်ညံ့သူတို့၏ အမူအကျင့်များလည်း ခွဲခြားပြီးသားဖြစ်နေစေရဦးမည်။

ဤကား ဥစ္စ ဌိက မှတ်စု။

www.dhammaransi.com



## ၃။ ခမ္မာကထာဝင်

၁။ ငါသည် ရွာထဲဝင်ရာ၌ ခါးကိုထောက်လျက် သွားသော အကျင့်မျိုးကိုမကျင့်။

၂။ ငါသည် ရွာထဲနေရာ၌ ခါးထောက်လျက်နေသောအကျင့်မျိုးကိုမကျင့်။

၃။ ငါသည်ရွာထဲဝင်ရာ၌ ခေါင်းမြီးခြုံလျက်သွားသောအကျင့်မျိုးကိုမကျင့်။

၄။ ငါသည်ရွာထဲနေရာ၌ ခေါင်းမြီးခြုံလျက်နေသော အကျင့်မျိုးကိုမကျင့်။

၅။ ငါသည် ရွာထဲဝင်ရာ၌ ဆောင့်ကြွားကြွားအသွား ဖဝါး ဆံ့နင်းသော အကျင့်မျိုးကိုမကျင့်။

၆။ ငါသည် ရွာထဲနေရာ၌ ဒူးခေါင်းလက်ယှက် သက်န်းယှက် လျက် ထိုင်သောအကျင့်မျိုးကိုမကျင့်။

၇။ ငါသည် တလေးတစားသတိထား၍ ခံယူသော ဆွမ်းခံ အကျင့်မျိုးသာကျင့်အံ့။

၈။ ငါသည် သပိတ်အတွင်း သတိစိုက်သွင်းခြင်းရှိသော ဆွမ်းခံအကျင့်မျိုးသာကျင့်အံ့။

၉။ ငါသည် ဆွမ်းခင်းဟင်းကျ လေးဘို့တစ်ဘို့မျှနှင့်ညီသော ခံယူခြင်းအကျင့်မျိုးသာကျင့်အံ့။

၁၀။ ငါသည် သပိတ်နှုတ်ခမ်း ဆွမ်းလျှင်ဟင်းကျ ညီမျှရုံသော ခံယူခြင်း အကျင့်မျိုးသာကျင့်အံ့။

www.dhammaransi.com



**မှတ်ချက်။** ။ရွာတွင်းသို့ သွားလာနေထိုင်ရာတို့၌ ခါးထောက်ခြင်း၊ ခေါင်းမြီးခြုံခြင်း မရှိစေအပ်။ ဆောင့်ကြွားကြွားသွားနည်းဖြစ်သော ဖဝါးနှစ်ဖက်တို့ကို ခြေဖျားထောက်နင်းနည်း၊ ခြေဖျားလွှတ်၍ နင်းနည်းများကိုလည်း မသုံးအပ်။

* ရွာတွင်းနေထိုင်စဉ်ကာလအတွင်းဝယ်-

ဒူးနှစ်ဘက်ထောင်လျက်က လက်ဖြင့်ပိုက်ထိုင်နည်း၊ သင်္ကန်းစများ ဖြင့် ရစ်ပတ်လျက်က ထိုင်နည်းများလည်း မသုံးအပ်။

ပရိမဏ္ဍလမှ ဤအထိ ၂၆ ပုဒ်တို့ကား ရဟန်းဟူသော အမည်နှင့်လိုက်ဖက်ရန်ကျင့်ရသော သမဏသာရုပ္ပ ကျင့်ဝတ်များ တည်း။

ဆွမ်းခံရာ၌ မလိုချင်သလို၊ လိုချင်သလို အမူအရာမျိုး မရှိစေအပ်။ ခံယူရာ၌လည်း သပိတ်အတွင်း၌သာ စိုက်စိုက်ချထား၊ အကယ်တိတိ လောင်းလှူသူကြည့်မိက ဒုက္ကဋ်။ ဆွမ်းကားလေးပုံ အသားငါးဟင်းတစ်ပုံ၊ အသီးဟင်းတစ်ပုံမျှကိုသာ ချိန်၍ခံယူရ မည်။ သပိတ်နှုတ်ခမ်းတွင်းသို့ ဆွမ်း၊ ဆွမ်းဟင်းများမလွန်စေရ။ စွန့်ပြီးတစ်ဖန်ခံယူလျှင်ကား အပ်၏။ မဖိတ်မလျှံရန်တည်း။

ဤကား ခမ္ဘကတ မှတ်စု။

ဟ ဟ ဟ ဟ ဟ

www.dhammaransi.com



## ၄။ သက္ကာစ္စဝင်

၁။ ငါသည် သပိတ်တွင်းကျ ဆွမ်းအဟာရကိုစားရာ၌ ရိုသေစွာ စားသုံးနည်းကိုကျင့်အံ့။

၂။ ငါသည် သပိတ်၏အတွင်း **စိတ်စိုက်သွင်းခြင်းရှိသော** စားသုံး နည်းကိုကျင့်အံ့။

၃။ ငါသည် ကောင်းနိုးရာမင် တကျာစိတ်မဝင်ပဲ **အစဉ်**အတိုင်း စားသုံးနည်းကိုကျင့်အံ့။

၄။ ငါသည် ဟင်းလျာမများ ဆွမ်း၏လေး**ပုံတစ်**ပုံထား၍ စားသောစားသုံးနည်းကိုကျင့်အံ့။

၅။ ငါသည် မို့မောက်ဗွေချက် အလယ်ထက်ကိုဖြိုဖျက်လျက် ရှိသောစား**သုံးနည်း**ကိုမကျင့်။

၆။ ငါသည် **ဟင်းလျာစ များ**စွာရရန်ကိုရည်၍ ဆွမ်းဖြင့်ဖုံးအုပ် ထားသော **အကျင့်ကို**မကျင့်။

၇။ ငါသည် မနာမဖျားပဲ ဆွမ်း-ဆွမ်းဟင်းများကို ကိုယ်ကျိုး အတွက်တောင်းယူမစား။

၈။ ငါသည် ကဲ့ရဲ့လိုစိတ်ဖြင့် သူတစ်ပါး၏သပိတ်ကိုဖွင့်မကြည့်။

၉။ ငါသည်ဆွမ်းစားရာ၌ အလွန်ကြီးမားသော ဆွမ်းလုပ်မျိုးဖြင့် မစား။

၁၀။ငါသည် ညီညာစွာပြုလုပ်အပ်သော ဆွမ်းလုပ်မျိုးဖြင့်သာ စားသုံးအံ့။

www.dhammaransi.com



**မှတ်ချက်။** ။ ဆွမ်း**စားရာဝယ်**သပိတ်ဖြင့်ဖြစ်စေ၊ ပုဂံဖြင့်ဖြစ်စေ စားရာ မိမိရှေ့ကသာ**စ၍ နှိုက်**ယူစားသုံးအပ်၏။ ခေါင်းကိုလည်း စောင့်၊ တဏှာအ**မှောင့်လည်း**ဝင်စေနိုင်သော ဆွမ်းဟင်းကို ဆွမ်း၏လေးပုံတစ်ပုံမျှထား စားအပ်၏။ သားငါးရောရာတစ်ပုံ သီးနှံစုံတစ်ပုံ **မှန်းဆသုံး**။ ဆွမ်းခွက်၊ သပိတ်ကိုကား အလယ် တည့်တည့်မှ **မနှိုက်အပ်**။

* မင်းတို့က သားသတ်ခွင့်ပိတ်ထား၍ ဖုံးလောင်း၊ ဖုံးခံ ပုံစံမျိုး မဟုတ်လျှင် ဆွမ်းဟင်းမရလေဟန်**အသွင်ဖြင့်** ဆွမ်းများဖြင့် တမင်ဖုံး၍ အလှူမခံရ။

ပြီးခဲ့သော မဟာနာမ်**သိက္ခာပုဒ်က** ဆေးတောင်းမှု၊ ပဏီတသိက္ခာပုဒ်က မွန်မြတ်သောဘောဇဉ်တောင်းမှု၊ ဤ၌ကား ထိုနှစ်ခုမှအလွတ် အားလုံးပင်တောင်းမှုတားမြစ်ရာ ဘာကိုမှ မတောင်းရ။

* ဒေါင်းဥ (ဘဲငန်းဥ) ပမာဏရှိ အလွန်ကြီးမားသော ဆွမ်း လုပ်မျိုးတို့ကိုမပြုကျင့်အပ်။ ယင်းသည် ဂုဏ်သိက္ခာရှိစားသုံး နည်းမျိုးမဟုတ်။

* ဆွမ်းလုပ်ကို မကိုင်၊ မဆုပ်တတ်သော ကလေးစားသုံးနည်း မျိုးမဟုတ်ပဲ ညီညာစွာပြုပြင်**လျက်ကသာ** စားသုံးအပ်၏။ လက်တွင်းရှိဆွမ်းလုပ်သည် ဖရိုဖ**ရဲ မရှိအပ်**ချေ။

ဤကား သက္ကစ္စ မှတ်စု။

www.dhammaransi.com



## ၅။ ကဗဉ္စဝင်

၁။ ငါသည် ဆွမ်းလုတ်မရောက်မီကပင် ကြိုတင်အသင့်ပါးစပ် ဖွင့်ထားသော အကျင့်မျိုးကိုမကျင့်။

၂။ ငါသည် ဆွမ်းလုတ်နှင့်ပင်း လက်ချောင်းများပါသွင်းခြင်းရှိ သော အကျင့်မျိုးကိုမကျင့်။

၃။ ငါသည် ဆွမ်းကိုလည်းစား စကားလည်းပြော မဖွယ်ရာသော ဤအကျင့်မျိုးကိုမကျင့်။

၄။ ငါသည် ဆွမ်းအထက်ရောက် ပါးစပ်အောက်ထား မြှောက်၍ မြှောက်၍စားသော အကျင့်မျိုးကိုမကျင့်။

၅။ ငါသည် ပါးစပ်သို့ရောက် ဆွမ်းတလျောက်ကိုဖြတ်တောက်၍ စားသော အကျင့်မျိုးကိုမကျင့်။

၆။ ငါသည် ဆွမ်းလုံးအစု ပါးစောင်သို့ဖုသည်အထိ ထည့်သွင်း၍ စားသော အကျင့်မျိုးကိုမကျင့်။

၇။ ငါသည် ဆွမ်းလုတ်တစ်ခင်း အပါသွင်းပြီးသည့်နောက် လက် ချောင်းများကို ခါတွက်သော အကျင့်မျိုးကိုမကျင့်။

၈။ ငါသည် ဆွမ်းလုံးအထား ဖိတ်တစ်ဝက် စဉ်တစ်ဝက်ဖြင့် စားသောအကျင့်မျိုးကိုမကျင့်။

၉။ ငါသည် လျှာအပြင်ထုတ် ဆွမ်းလုတ်ကိုလိပ်ယူသော အကျင့် မျိုးကိုမကျင့်။

၁၀။ ငါသည် ဆွမ်းဝင်ပါးစပ် ပြတ်ပြတ်မည်သံ ထွက်စေပြန်သော အကျင့်မျိုးကိုမကျင့်။

www.dhammaransi.com



**မှတ်ချက်။** ။ ဆွမ်းလုတ်မရောက်မီက ပါးစပ်ကြီးတင်ဖွင့်ထားခြင်းသည် မယဉ်ကျေးသောအကျင့်သာ။

* ပါးစပ်၏အတွင်း လက်ချောင်းများပါသွင်းစားခြင်းလည်း မဖွယ်ရာချေ။
* ဆွမ်း၌ထားရမည့် သတိလည်းမရ၊ ဆွမ်းများလည်းအောက်ကျမည့်အရေးကြောင့် စားလျက်တန်းလန်း စကားမပြောသင့်။
* ဆွမ်းလုတ်ကို ပါးစပ်အထက်တင်ကာ မြှောက်၍မြှောက်၍ မစားသင့်ချေ။
* ဆွမ်းလုတ်ကို နှုတ်ခမ်းဝယ်ကပ် သွားများဖြင့်ကိုက်ဖြတ်စားနည်းလည်းမလျော်။
* မျောက်စား-စားနည်း ထားနည်းဖြစ်သော ပါးစောင်ဖုနေသည်အထိလည်းမလျော်။
* ဆွမ်းလုတ်သွင်းပြီးတိုင်း လက်ချောင်းများကို ခါယမ်းခြင်းသည်လည်းမလျော်။
* ဆွမ်းစားရာ၌ ကလေးစားနည်းဖြစ်သော ပျံ့ကြဲသောစားနည်းလည်းမလျော်။
* ဆွမ်းဝင်သည်ထိ မစောင့်နိုင်သည့်ပမာ လျှာကိုအပြင်ထုတ်စားနည်းလည်းမလျော်။
* ပါးစပ်ကိုဖွင့်ထားပြီး နှုတ်ခမ်းများပါ အလုပ်လုပ်စေသော ပြတ်ပြတ်မည်စားခြင်းလည်း မလျော်။

ဤအချက်များသည် ယဉ်ကျေး၍ ဂုဏ်သိက္ခာရှိသော

www.dhammaransi.com



သိက္ခာရှင်များ၏ အမူအကျင့်များမဟုတ်ကြ၍ ရှောင်ရသည်။
ဤကား ကဗင္ဒ မှတ်စု။

## ၆။ သုရု - သုရုဝဂ်

၁။ **ငါသည်** **အ**ရည်ကိုသောက်သုံးမိရာ၌ ရှုတ်-ရှုတ်အသံထွက်စေသော အကျင့်မျိုးမကျင့်။

၂။ ငါသည် ဆွမ်းလျှင်အစ အာမိသ**စွက်** ကပ်ငြိသောလက်ကို လျှာဖြင့်လျက်သော အကျင့်မျိုး**မကျင့်**။

၃။ ငါသည်သပိတ်လက်ကုတ် **ခြစ်ခြုပ်**လျက်စားသော အကျင့်မျိုးမကျင့်။

၄။ ငါသည် ပေကျံနှုတ်ခမ်း လျှာဖြင့်လှမ်း၍-လှမ်း၍လျက်သော အကျင့်မျိုးမကျင့်။

၅။ ငါသည် ဆွမ်းစသည် ပေကျံနေသောလက်ဖြင့် သောက်ရေ**ခွက်**ကိုင်သော အကျင့်မျိုးမကျင့်။

**၆။ ငါ**သည် ဆွမ်းပါသောသပိတ်ဆေး**ရည်များ** ရွာတွင်းစွန့်ချသွားသော အကျင့်မျိုးကိုမကျင့်။

၇။ ငါသည်ထီးကိုင်လျက်သား နာကြားလေသူအား တရားဟောသောအကျင့်မျိုးကိုမကျင့်။

၈။ ငါသည် တုတ်ကိုင်လျက်သား နာကြားလေသူအား တရားဟောသောအကျင့်မျိုးကိုမကျင့်။

၉။ ငါသည် ဓါးကိုင်လျက်သား နာကြားလေသူအား တရားဟောသောအကျင့်မျိုးကိုမကျင့်။

www.dhammaransi.com



၁၀။ ငါသည် လက်နက်ကိုင်လျက်သား နာကြားလေသူအား တရားဟောသောအကျင့်မျိုးကိုမကျင့်။

**မှတ်ချက်။** ။ ဟင်းရည်၊ လဘက်ရည်၊ ကော်ဖီ၊ ယာဂု စသည် ပူနွေးသော **အရည်**များကိုသောက်ရာ၌ ရှူတ်-ရှူတ်သံမြည်ခြင်း သည်လည်းကောင်း၊ ဆွမ်းကပ်လက်လျှက်ခြင်း၊ နှုတ်ခမ်းလျှက်ခြင်း၊ သပိတ်ကိုလက်သည်းဖြင့်ခြစ်၍ စားခြင်းများကား ယဉ်ကျေးသော အမူအကျင့်များမဟုတ်။

တစ်ဖန် ပေကျံသောလက်ဖြင့် သောက်ရေခွက်ကိုကိုင်က နောက်သံဃာများသုံးရာ၌ ရွံစရာဖြစ်နေမည်။ဆွမ်းပါသောသပိတ် ဆေးရည် ( ရွာထဲဝယ်ဆွမ်းစားရသော် ) ရွာအပြင်ရောက်လေမှ စွန့်ချခဲ့ရမည်။

ဤနေရာအထိ ကျင့်ဝတ်များသည် ဆွမ်းနှင့်ပတ်သက် သည့်ခံယူစားသုံးရာ၌လိုက်နာရမည့် သက္ကစ္စ-ဘုဉ္ဇနာ-ပဋိသံယုတ္တ များပင်။ တရားဟောရာ၌ကြောက်၍ဟောရခြင်း၊ လာဘ်ငဲ့ဟော ရခြင်းမျိုးဖြစ်နေ၍ ဟောရခြင်းများရှောင်ကြဉ်ရရာ တုတ်၊ ဓါး၊ လက်နက်ကိုင်လျက်က ဖြစ်နေသော် ကြောက်၍ဟောရသော အသွင်ဆောင်နေသောကြောင့်။ ထီးထောက်၍၊ ကိုင်၍ ဟောနေ သော် သခင့်ရှေ့ကျွန်တရားဟောပေးနေရသည့်အသွင်ဆောင်နေ သောကြောင့်။ မနာ၊ မဖျားသောသူများဖြစ်က ရှောင်ရှား ကြရသည်။

ဤကား သုရု-သုရု မှတ်စု။

www.dhammaransi.com



## ၇။ ပါဒုကာဝဂ်

၁။ ငါသည် ခြေနင်း**စီးလျက် တရား**နာသူအား ဟောကြားသော အကျင့်မျိုးမကျင့်။

၂။ ငါသည် ဘိနပ်စီးလျက် တရားနာသူအား ဟောကြားသော အကျင့်မျိုးမကျင့်။

၃။ ငါသည် ယာဉ်ထက်မှနေ၍ တရားနာလေသူအား ဟောကြားသောအကျင့်မျိုးမကျင့်။

၄။ ငါသည် အိပ်လျက်ကနေ တရားနာလေသူအား ဟောကြားသောအကျင့်မျိုးမကျင့်။

၅။ ငါသည် ဒူးခေါင်းနှစ်ဘက်အထက် လက်တို့ဖြင့်ဖွဲ့ယှက်နေသူအား ဟောကြားသောအကျင့်မျိုးမကျင့်။

၆။ ငါသည် ဦးရစ်ပေါင်း (ခေါင်းပေါင်း ) ပေါင်းထားသူအား ဟောကြားသောအကျင့်မျိုးမကျင့်။

၇။ ငါသည် ဦးခေါင်းခြုံလျက်က နာကြားသူအား ဟောကြားသောအကျင့်မျိုးမကျင့်။

၈။ ငါသည် မြေပေါ်မှနေကာ နေရာဝယ်ထိုင်နေသူအား ဟောကြားသောအကျင့်မျိုးကိုမကျင့်။

၉။ ငါသည် ရပ်လျက်နေကာ ထိုင်လျက်နေသူအား ဟောကြားသောအကျင့်မျိုးမကျင့်။

၁၀။ ငါသည် အနိမ့်မှနေကာ အမြင့်နေလေသူအား ဟောကြားသောအကျင့်မျိုးမကျင့်။

www.dhammaransi.com



၁၁။ ငါသည် နောက်မှနေကာ ရှေ့မှသွားနေသူအား ဟောကြားသောအကျင့်မျိုးမကျင့်။
၁၂။ ငါသည် လမ်းဘေးမှလိုက်ကာ လမ်းထက်မှသွားနေသူအား ဟောကြားသောအကျင့်မျိုးမကျင့်။
၁၃။ ငါသည် ရပ်လျက်ကနေ ကျင်ကြီး၊ ကျင်ငယ် စွန့်ချသော **အမူအကျင့်မျိုးမကျင့်။**
၁၄။ ငါသည် စိမ်းစိုသော သစ်ပင်၊ မြက်ရှိရာ၌ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး စွန့်သောအကျင့်မျိုးမကျင့်။
၁၅။ ငါသည် သောက်ရေ၊ သုံးရေရှိရာ၌ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး စွန့်သောအကျင့်မျိုးမကျင့်။

**မှတ်ချက်။** ။ တရားတော်များသည် ဘုရားအဆူဆူတို့ ဟောပြောညွှန်ကြားထားခြင်း၊ နတ်ရွာနိဗ္ဗာန်သို့ သွားရာဖြစ်သော အထက်တန်းတရားများဖြစ်ခြင်းကြောင့်--

မရိုမသေလည်း မဟောကောင်း။
မရိုမသေလည်း မနာယူကောင်း။

ဆိုခဲ့ပြီး ဟောပုံ၊ နာပုံ အမူအကျင့်များသည် ဂါရဝ မြောက်သော ဟောခြင်း၊ နာခြင်းများမဟုတ်ကြ၍ရှောင်။ တစ်ဖန် မြက်၊ သစ်ပင် တို့သည်လည်းကောင်း၊ သောက်သုံးရေများသည်လည်းကောင်း အများကသက်ရှိဟုယူဆထားခြင်း အများသုံးများဖြစ်ခြင်းကြောင့် ရှောင်ကြရသည်။

ဤကား ပါဒုက မှတ်စု။

www.dhammaransi.com



**အဆင့်မြင့် ကျင့်ဝတ်ကောင်းဖြစ်၍ သေခိယ**

ဆိုအပ်ခဲ့ပြီး ခုနှစ်ဆယ့်ငါးပါးကုန်သော ကျင့်ဝတ်တို့သည် ဂုဏ်ရှင်၊ သိက္ခာရှင်တို့ကျင့်အပ်သော အမူအကျင့်မျိုးများ ဖြစ်ကြ၍ သေခိယ ဆိုသည်။

- ထိုကျင့်ဝတ်များကို မလေးစားပါက ဒုက္ကဋ်အာပတ်သင့်မည်။
- လေးစားလျှင်ကား လေးစားသလို လူအကြည်ညို၊ နတ်အကြည်ညိုခံကြရမည်။

(က) ကျင့်ဝတ်ပြည့်စုံလျှင် သီလပြည့်စုံသည်မည်၏။ ဤကျင့်ဝတ်များသည်ကား စရဏ အရာဝင်၏။

(ခ) သီလပြည့်စုံလျှင် မိမိစိတ်တစ်ခုတည်း အာရုံပေါ်သို့တည်ရန် မခဲယဉ်း။

(ဂ) စိတ်တည်နေတော့လျှင်ကား သူ့အခြေ၊ ကိုယ့်အခြေ အနေအထား ပညာသိ-သိရန်လည်း မခဲယဉ်း။ သို့ကြောင့်---

မြတ်သောအကျင့် ကျင့်လိုသူသည်-

မသိ၍ မကျင့်ဖြစ်သေး ဆိုသောအရာမရှိသင့်။

(၁) - ကျင့်ရမည့်သိက္ခာ၊ ကျင့်ဝတ်မှန်က သိကိုသိနေနှင့်ရမည်။

(၂) - မသိလျှင်လည်း သိသူထံချဉ်းကပ်ခါ မေးမြန်းမှတ်သားရမည်။

(၃) - မှတ်သားပြီးစီး စိတ်နှင့်ရင်းနှီးလာက အခေါက်ခေါက် အခါခါ သဘောပေါက်လာသည်အထိ သုံးသပ်ဆင်ခြင်ရမည်။

ဤဘုရားစကားနားဝယ်ထားလျက်က ဘုရားသား-ဘုရားနှင့်တစ်သားတည်းကျစေသောအားဖြင့် ကျင့်ပွားကြစေရာသည်။

www.dhammaransi.com

အရှင်တို့ တပည့်တော်သည်-
သေခိယကျင့်ဝတ်များကို အကျဉ်းအားဖြင့် ပြောကြားပြီးခဲ့ပါပြီ။

ဤကျင့်ဝတ်များ၌လည်း အရှင်တို့ကိုမေးပါဦးမည်။

ဘယ့်နှယ်လဲအရှင်တို့ အရှင်တို့သည် ဤကျင့်ဝတ်များနှင့်ရော ပြည့်စုံကြပါရဲ့လား --- (သုံးကြိမ်)။

တပည့်တော် သုံးကြိမ်မေးလျက်က ဆိတ်ဆိတ်နေပုံထောက်သော် အရှင်တို့သည် ဤကျင့်ဝတ်များနှင့်လည်း ပြည့်စုံနေပါကြောင်း တပည့်တော် အသိအမှတ်ပြုလိုက်ပါပြီဘုရား။

ဤကား သေခိယ အခန်း

ဖ ဖ ဖ ဖ ဖ

## ၉။ အဓိကရဏ - သမထ ခန်း

အဓိကရဏ ( အဓိကရုဏ်း ) ဟူသည်-အမှုတို့ဖြစ်တည်ရာကိုဆို၏။ ထိုဖြစ်တည်လာသော အမှုများကိုသူ့အလိုက်ချင့်တိုက်၍ ငြိမ်းအေးစေခြင်းကား သမထ မည်၏။

www.dhammaransi.com



လောကဝယ် အဓိကရုဏ်းဖြစ်ပွားက ဖမ်းဆီးမည်။ ဖမ်းမရ နှိမ်နှင်းမည်- စသည့်အရေးယူမှုမျိုး ပမာရှိ၏။

## အဓိကရုဏ်း လေးမျိုး

၁။ ဝိဝါဒါဓိကရုဏ်း - ဓမ္မ ၊ အဓမ္မအငြင်းပွားကြမှု။

၂။ အနုဝါဒါဓိကရုဏ်း - အချင်းချင်း အာပတ်သင့်-မသင့် စွပ်စွဲကာအငြင်းပွားကြမှု။

၃။ အာပတ္တာဓိကရုဏ်း - မိမိတစ်ဦးတည်း အာပတ်လွန်ကျူးနေမှု။

၄။ ကိစ္စာဓိကရုဏ်း - ဥပုသ်ကံ စသည့်ရဟန်းတို့ပြုကျင့်နေကြ အတိုင်း ပြုကျင့်ကြမှု။

ပေါင်း လေးမျိုး။

## အဓိကရုဏ်းငြိမ်းကြောင်း ခုနစ်မျိုး

၁။ သမ္မုခါဝိနည်း - မျက်မှောက်ဝယ် ခုံဖွဲ့၍ ငြိမ်းအေးစေခြင်း။

၂။ သတိ ဝိနည်း - အများတို့ကိုသတိပေး၍ ငြိမ်းအေးစေခြင်း။

၃။ အမူဠှဝိနည်း - မတွေဝေစဉ် ကံပြုပေး၍ ငြိမ်းအေးစေခြင်း။

၄။ ပဋိညာဝိနည်း - နောင်မပြုတော့ပါ ဝန်ခံခိုင်း၍ ငြိမ်းအေး စေခြင်း။

၅။ ယေဘုယျဝိနည်း - တရားသောဘက် အရေအတွက်စုပြီးမှ ငြိမ်းအေးစေခြင်း။

www.dhammaransi.com



၆။ ပါပိယသိကာဝိနည်း - အဆုံးအဖြတ်မခံလိုသူအား လက်လွှတ်ထား၍ ငြိမ်းအေးစေခြင်း။

၇။ တိဏဝတ္ထာရကဝိနည်း - စေ့စပ်မရ ဖုံးအုပ်မှုဖြင့် ငြိမ်းအေးစေခြင်း။

ပေါင်း ခုနစ်မျိုး။

## ၁။ သမ္မုခါ ဝိနည်း

ထိုတွင်-

(က) သံဃာ့ပရိသတ်၏ မျက်မှောက်ဖြစ်ခြင်း။

(ခ) အမှုမှန်ဖြစ်နေခြင်း။

(ဂ) ဝိနည်းလမ်းကြောင်းအတိုင်း ဖြစ်စေရခြင်း။

(ဃ) နှစ်ဦးနှစ်ဖက် မျက်နှာစုံညီစေရခြင်း။

အထက်ပါအချက်တို့နှင့်အညီ ဝိဝါဒါဓိကရဏ်း **(အငြင်းပွားမှု)၊ အနုဝါဒါဓိကရဏ်း** (စွပ်စွဲမှု ) များကို ပြေငြိမ်းပေးရသည်။

**မှတ်ချက်။** ။ **ဤသမ္မုခါဝိနည်း**သည် ကိစ္စာဓိကရဏ်းခေါ် သံဃာတို့ပြုနေကြကိစ္စ ( **ကမ္မပဋိဗာဟန်၌** ပြခဲ့သောက်လေးမျိုး ) လေးမျိုးတို့ရှိ အားလုံးတို့၌လည်းအဓိကအဖြစ်ပါဝင်မည်။ နောက်ပြမည့်ဝိနည်းများ၌လည်းထိုက်သလိုပါဦးမည်။ ကိစ္စာဓိကရဏ်း သီးခြားမရှိ။

သံဃာ့ကိစ္စ သံဃာဆောင်ရွက်ကြခြင်းပင်။

www.dhammaransi.com



## ၂။သတိ ဝိနည်း

သတိအားကောင်းမွန်လှသဖြင့် တစ်နေရာတည်းစိုက်ကျ သွားသော ရဟန္တာသည် အခြား၌သတိမရတတ်။

ငင်းရဟန္တာကို အာပတ်ဖြင့်စွပ်စွဲနေက အချည်းနှီးသာ ဖြစ်သောကြောင့် ဤပုဂ္ဂိုလ်ကား ရဟန္တာဟူ၍ သံဃာအများသို့ ဆိုင်ရာ ဉာတ်ကမ္မဝါစာတို့ဖြင့် သတိပေးထားကာပြေငြိမ်းစေ ရခြင်းသည် သတိဝိနည်းမည်၏။

**မှတ်ချက်။** ။ ဤဝိနည်းကား အနုဝါဒါဓိကရုဏ်းနှင့်သာဆိုင်၏။

## ၃။ အမူဠ္ဌ ဝိနည်း

ရူးသွပ်နေသောကြောင့် အာပတ်များကျူးလွန် နေပါသည် ကို စွပ်စွဲကလည်း အချိးနှီးဖြစ်သောကြောင့်-

ငင်းစိတ်မဖောက်ခင်စိတ်ကောင်းဝင်နေဆဲ ဆိုင်ရာ ကမ္မဝါစာတို့ဖြင့် ဤပုဂ္ဂိုလ်ကား အရူးဟူ၍သမုတ်ကာ ပြေငြိမ်း စေရခြင်းသည် အမူဠ္ဌဝိနည်းမည်၏။

**မှတ်ချက်။** ။ ဤဝိနည်းကား အနုဝါဒါဓိကရုဏ်းနှင့်သာဆိုင်၏။

www.dhammaransi.com



## ၄။ ပဋိညာ ဝိနည်း

ရဟန်းချင်းချင်းဒေသနာကြားကြရာ၌-

(က) ရဟန်းတစ်ပါးက အာမအာဝုသော ( အာမဘန္တေ )ပဿာမိ ဟူ၍ ကိုယ့်အပြစ်ကိုဝန်ခံလျှင်-

(ခ) ကျန်တစ်ပါးက အာရတိ ဘန္တေ ( အာဝုသော )သံဝရေယျာသိ ဟူ၍ နောင်မပြုကျင့်ရန်ဆုံးဖြတ်ချက်ချကာငြိမ်းအေးပေးခြင်းသည်ပင် ပဋိညာဝိနည်းမည်၏။

( အာပတ္တာ ဓိကရုဏ်းနှင့်သာဆိုင်၏။ )

## ၅။ ယေဘုယျ ဝိနည်း

ရဟန်းများအငြင်းပွားမှု စွပ်စွဲကြမှုတစ်ခုခု၌ အကယ်တ္ဘိတိ အဓမ္မဝါဒီတို့ဘက်ကသာများနေလျှင် မဆုံးဖြတ်သေးပဲ ရွှေ့ဆိုင်းထားစေပြီး ဓမ္မဘက်တို့အားသာနေဆဲမှာမ ဆုံးဖြတ်ချက်ချပေးကာ ငြိမ်းစေရခြင်းသည် ယေဘုယျဝိနည်းမည်၏။

( ဝိဝါဒါဓိကရုဏ်းအတွက် )

## ၆။ တဿပါပိယသိကာ ဝိနည်း

ရဟန်းတစ်ပါး ပြစ်မှုများကျူးလွန်နေသဖြင့် သံဃာက ခေါ်ဆုံးမလေရာ အဆုံးအဖြတ်မခံလို၍ ရှောင်လွှဲပြောခြင်း၊ ဘူးကွယ် ကွယ်ခြင်းများဖြစ်နေသော်

ဤသူကား အယုတ်တကာအောက် အယုတ်ဆုံးပုဂ္ဂိုလ်။

www.dhammaransi.com



ထိုသို့ ဉာတ်ကမ္မဝါတို့ဖြင့် ကံပြုကာ ပြေငြိမ်းပေးရခြင်းသည် တဿပါပိယသိက ဝိနည်းမည်၏။ ( အနုဝါဒါ ဓိကရုဏ်း )

### ၇။ တိဏဝတ္ထာရက ဝိနည်း

ရဟန်းများတစ်ဖက်နှင့်တစ်ဖက် ငြင်းခုံမှုဖြစ်ပွားနေစဉ် တစ်ဖက်ကလည်း ဒေါသအလျောက် အာပတ်ဖြင့်စွပ်စွဲနေကြရာ-

ကျန်တစ်ဖက်ကလည်း ဒေါသအလျောက် အာပတ်ဖြင့်ပင် စွပ်စွဲနေကြရာ-

အာပတ်များလည်းသင့်ကြ၊ရန်ပွဲများလည်း မဆုံးနိုင်ကြပြီ။

ထို့နောက် တစ်ဖက်ဖက်ကစိတ်မှန်ရပြီး အချင်းချင်းစွပ်စွဲမှုများ ငြိမ်းအေးကြရန် တိုက်တွန်းရာမှ ပြေငြိမ်းသွားခြင်းသည် တိဏ ဝတ္ထာရက ဝိနည်းမည်၏။ ( ဝိဝါဒါ - အနုဝါဒါဓိကရုဏ်း နှစ်မျိုး )

**မှတ်ချက်။** ။ ဤတိဏဝတ္ထာရက ဝိနည်းသည် ပါရာဇိက၊ သံဃာဒိသိသ် အာပတ်တို့မှတစ်ပါး အခြားငါးမျိုးစလုံးပင် ပြေငြိမ်း သွားစေသည်။

### အာပတ်သင့်သိက္ခာပုဒ်များ မဟုတ်ကြ

အထက်ပါ သမထခုနှစ်ပါးတို့သည် အပြစ်ရအာပတ်များ မဟုတ်ကြ။ အပြစ်ကျအာပတ်များကို ပြေငြိမ်းရန်ဆောင်ရွက်ရ သော သမထများသာ။

www.dhammaransi.com



သို့စဉ်လျက် သိက္ခာပုဒ်အဖြစ် သတ်မှတ်ထားသည်မှာ အဓိသီလသိက္ခာ၏ ရရာ-ရကြောင်း ကောင်းသောငြိမ်းအေး ကြောင်း ဖြစ်နေ၍ပင်။

ဤကား အဓိကရုဏ်း ငြိမ်းအေးကြောင်း မှတ်စု။

အရှင်တို့ တပည့်တော်သည်-

၁။ အာပတ်များအားလုံး အကျဉ်းတကာ့အကျဉ်းဆုံးသော နိဒါန်း သုံး၍လည်း ပြခဲ့ပြီးပါပြီ။
အကျယ်အားဖြင့်လည်း ---

၂။ လေးပါးသော ပါရာဇိကသိက္ခာပုဒ်များကိုလည်း ရေတွက်၍ပြ ခဲ့ပြီးပါပြီ။

၃။ တစ်ဆယ့်သုံးပါးကုန်သော သံဃာဒိသိသ် များကိုလည်း အကျဉ်းရေတွက်၍ ပြခဲ့ပြီးပါပြီ။

၄။ နှစ်ပါးကုန်သော အနိယတ သိက္ခာပုဒ်များကိုလည်း အကျဉ်း ရေတွက်ပြခဲ့ပြီးပါပြီ။

၅။ သုံးဆယ်ကုန်သော နိဿဂ္ဂိပါစိတ်များကိုလည်း အကျဉ်း ရေတွက် ပြခဲ့ပြီးပါပြီ။

၆။ ကိုးဆယ့်နှစ်ပါးကုန်သော ပါစိတ်များကိုလည်း အကျဉ်း ရေတွက်ပြခဲ့ပြီးပါပြီ။

www.dhammaransi.com



၇။ လေးပါးကုန်သော ပါဠိဒေသနီမျှားကိုလည်း အကျဉ်းရေတွက်ပြခဲ့ပြီးပါပြီ။

၈။ ခုနှစ်ဆယ့်ငါးပါးကုန်သော သေခိယ များကိုလည်း အကျဉ်းရေတွက်ပြခဲ့ပြီးပါပြီ။

၉။ ခုနှစ်ပါးကုန်သော ဤအဓိကရဏသမထများကိုလည်း အကျဉ်းရေတွက်ပြခဲ့ပြီးပါပြီ။

ဤသိက္ခာပုဒ်များသည် ဝိနည်းပါဠိတော်ဝယ် တိုက်ရိုက်လာ၍ ပက္ခတိုင်းပြရ၏။

ဤသိက္ခာပုဒ်များကား ဝိနည်းပါဠိတော်ဝယ် တိုက်ရိုက်ပင် အကျုံးဝင်၏။

သို့ကြောင့် အရှင်တို့သည် ကောင်းစွာဝမ်းမြောက်နှောက်စိတ်မရှိကြလေပဲ ပါတိမောက္ခအတူပြခြင်းဖြင့် ချမ်းသာစွာသီတင်းသုံးတော်မူကြပါကုန်ဘုရား။

ဤကား သိက္ခာပုဒ် မာတိကာများ၏ မှတ်စု။

www.dhammaransi.com



## သိစေလိုသော နိဂုံးစကား

ဝိနည်းခေါင်းစည်းလေ့လာနည်းဖြစ်သော ဤဝိနယ သင်္ဂဟကထာကို ရေးစီရင်ခဲ့ပြီးပြီ။ ရည်ရွယ်ချက်မှာ-

၁။ ဝိနည်းတော်များကို လုံးဝမသင်ယူဘူးသော ဒုလ္လဘရဟန်းတော်များ။

၂။ ဝိနည်းတော်များနှင့်လုံးဝမကင်းစေရသော ကြီးဖြစ်၊မြဲနေရဟန်းတော်များ။

သူ့ဆိုင်ရာသိက္ခာပုဒ်နှင့်ကျင့်ဝတ်များ ဖြည့်ကျင့်တတ်ရန် အတွက်တည်း။

ဤသိက္ခာပုဒ်များတွင်-

(က)- မမှီဝဲအပ်သောလေးမျိုးတို့သို့ သွားရောက်ဇွတ်တိုးပြစ်များလည်းပါ၏။

(ခ) - မှီဝဲအပ်သည်များကို မအပ်သောနည်းဖြင့် မှီဝဲသောပြစ်မှုများလည်း ပါ၏။

ထိုတွင် ပါရာဇိက-လေးပါးနှင့် မေထုန်ငယ်များဖြစ်လေသော သုတ်လွှတ်မှု၊ တို့ထိမှု၊ ဖက်ရမ်းနမ်းရှုံ့မှု၊ ရည်းစားစကားပြောမှု စသည်များကား အကရဏီယ လေးပါးဝင် မမှီဝဲအပ်သည်များကို မှီဝဲမှုများတည်း။

ကျန်တို့ကား ကရဏီယလေးပါးနှင့် ပရိက္ခာရာများဖြစ်ကြလေသော ( ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးများ၊ သပိတ်၊ ပရိက္ခရာများ စသည် ) ရဟန်းအသုံးအဆောင်များကို သီလသိက္ခာဖြင့်အရင်းအနှီးမလုပ်မူ၍ ကာယဝိဉတ္တိ(ကိုယ်ဖွင့်တောင်း

www.dhammaransi.com



နှုတ်ဖွင့်တောင်း ) ပြစ်များနှင့် မအပ်မရာ စီမံပြစ်များပင် ဖြစ်ကြ၏။

သို့ကြောင့် - အိုရဟန်း . . .

သိမ်တွင်းဝယ် ရဟန်းအမည်ခံယူစဉ်တုန်းက-

(က) - **အက**ရဏီရ တရားလေးပါး

(ခ) - ကရဏီရ တရားလေးပါး

အနုသာသနခေါ် ရဟန်းလောင်း အဆုံးအမပေးရဟန်း မြွတ်၏ ထိုအဆုံးအမပေးစကားသည် ဤဝိနည်းခေါင်းစည်း လေ့လာနည်းရှိ သိက္ခာပုဒ်များကိုရည်ညွှန်း၍ ဆုံးမလိုက်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်ပါလေလော့။ ထိုဆုံးမချက် မပျက် မကွက် အကောင်အထည်ဖော်ပြီးပါက သင်ကား ရဟန်း အမည်ကိုရဲတင်းစွာသာ ခံယူပါလေလော့။

သိက္ခာ ကာမာန ဘိက္ခူနံ - ဝိနယာ ပရိစယာဝယ

**ဟိတာ**ဃ ဣဒ္ဒုလ္လဘံ - ယံတံဒီပေတိ သင်္ဂဟံ

**သမံ ဇိ**ဝတ သိက္ခ နို - ဣစ္ဆ နို ပုရိသုတ္တမံ

**သိက္ခာ** ကာမာနဘိက္ခူနံ - ကျင့်လို၊ ကြံလို၊ ပယ်ဖျက်လို၍ ထို-ဤ**ကာမ** စွန့်ခွာခဲ့ကြပါကုန်သော ဒုလ္လဘရဟန်းတော်တို့အား

(က)- ဝိနယာနံ ဝိနည်းတော်သိက္ခာပုဒ်များ၌ ပရိစယာဝယ လေ့လာ ဆည်းပူးတတ်စေခြင်းငှာ။

(ခ) - ဣဒံဒုလ္လဘံ-အရတော်စွာ ဤဒုလ္လဘကို ဟိတာဃ အကျိုး ရှိရှိ အသုံးတည့်စေခြင်းငှာ။

www.dhammaransi.com



ယံ အကြင် ဝိနည်းခေါင်းစည်းလေ့လာနည်းက

သင်္ဂဟ - သင်္ဂဟေန - အကျယ်မရှိန်း အကျဉ်းချုံးဖြင့် ဒီပေတိ - **ထွန်း**တောက်ပလျက်ကသာ ရှိချေပါ၏။

**တံ** - **ထိုဝိ**နည်း ခေါင်းစည်းလေ့လာနည်းကို တုမေ - **နေ့လျှင်တိုတို၊ ရက်**တိုတိုနှင့် အချိန်တိုမျှ - ကျင့်ခွင့်ရကြသည့် **သင်ဒုလ္လဘရဟန်း**တော်အပေါင်းတို့သည် ဇီဝတံ - ဇီဝိတေန - **အသက်နှင့်**၊ သမံ - အတူ သမံဇီဝိတေန - ဝိနည်းဓမ္မစက် ရဟန်း၏အသက်သဘောထား၍ - သိက္ခ န္တု - ကိလေဘီလူး စိတ်ကပ်ပူးကို သတ်ဘူးသည်ရှိရှိ သိက္ခာတင်သတိဖြင့် ကျင့်ကြပါဦး ကုန်လော့။

ပုရိသုတ္တမံ - လူအားလုံး၊ နတ်အလုံးတို့ ညွတ်ရှိန်း ဆည်းကပ် ပူဇော်အပ်ပါသော ယောကျ်ားမြတ်အဖြစ် ကိုလည်း-

ဣစ္ဆ န္တု - ဘုရားပစ္စ သာဝကတို့ အားပါးတရခံစား ကြရသည့် ဓမ္မ - ဝိမုတ်၊ လောကုတ်လောကီ နှစ်လီသော သုခတို့ကိုလည်း တုယူအားကျ တောင့်တကြပါကုန်ဦးလော့။

ဤကား ဝိနည်းခေါင်းစီး လေ့လာနည်းများ။

၁၃၅၉ ခု တပို့တွဲလဆန်း (၁၁) ရက်နေ့

www.dhammaransi.com

သုဝဏ္ဏသျှမ် စာစဉ် ၂

ဒုတိယအကြိမ်

အမေတွေကို တရားဓမ္မဖြင့် ကျေးဇူးဆပ်ကြပါစို့.

## မဟာဗောဓိမြိုင်ဆရာတော်

## ဝနဝါသီဥဒေယျ ဓမ္မသာမိထေရ်

ရေးခဲ့ဟောခဲ့တာတွေထဲက

# အမေ့အတွက် မမေ့တရား

မောင်သွေးချွန်
စုစည်းပူဇော်သည်

သုဝဏ္ဏသျှမ် စာစဉ်
၇၄-သာယာအေးလမ်း၊ ၃-ရပ်ကွက်၊မရမ်းကုန်း။
ရန်ကုန်။ ဖုန်း-၆၆၀၆၇၀

www.dhammaransi.com

သုဝဏ္ဏာသျှမ် သာသနာပြုစာစဉ်မှ ဆက်လက်ထုတ်ဝေမည့်
စာအုပ်ကောင်း

•

မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး၏
သာသနာပြုခရီးစဉ်ကြီးမှ ဓမ္မအနှစ်သာရများ

# သုဝဏ္ဏာသျှမ်တောင်မှ သုဝဏ္ဏာသျှမ်တောင်သို့

ခရီးမိုင်ပေါင်းထောင်ကျော်၊ မြို့ရွာဌာနပေါင်း နှစ်ဆယ်ကျော်တွင်
ဟောပြောညွှန်ပြတော်မူခဲ့သော ဓမ္မအနှစ်သာရများ

သုခချမ်းသာနှင့် ဂမ္ဘီရ မဂ္ဂဇင်းကြီးတွင် ၁၄ လတိုင် အခန်းဆက် ဖော်ပြခဲ့သော
ပဋိပတ်သတ် လစဉ်စောင့်ဖတ်ခဲ့ရသော ဓမ္မစာစု

ခေတ်ပုံမှတ်တမ်းများဖြင့်

**မောင်သွေးချွန်ပူဇော်သည်**

❖❖❖❖❖

www.dhammaransi.com

မဟာဗောဓိမြိုင် ဆရာတော်
ဝနဝါသီ ဦးဇောတိကမဟာထေရ်၏ (?)

# ဝိနယ သင်္ဂဟ ကထာ

## သိက္ခာတင်လျှင် သိက္ခာရှင်၊ စိတ်စဉ် ဘုရားသို့

ရှင်တော်မြတ်ဘုရားသည်
ဤသိက္ခာပုဒ်အများ ပညတ်ချက် ထားရာဝယ်
တပည့်အများ မိမိစိတ်တော်နှင့် မခြား တစ်သားတည်းကျစေရန် ရည်ရွယ်တော်မူ၏။
အယူပြောင့်စင်း စိတ်ဖြူစွတ်ခြင်းများဖြင့် စိတ္တသမင္ဂီ ဖြစ်ရန်တည်း။
မိမိကိုယ်တော်နှင့် မခြား တစ်သားတည်းကျစေရန် ရည်ရွယ်တော်မူ၏။
ကိုယ်၏ ယဉ်ကျေးသိမ်မွေ့ခြင်း အကျင့်တူဖြင့် ကာယသမင်္ဂီ ဖြစ်ရန်တည်း။
ဘုရားရှင်သည် မိမိကိုယ်ကို ယဉ်ကျေးစေပြီး ဖြစ်ခဲ့၏။
ရဟန်းတို့ကိုလည်း မိမိကဲ့သို့ပင် ယဉ်ကျေးစေရန်အတွက် ဤသိက္ခာပုဒ်တော်များဖြင့် ကျူးသွင်းပေးထား၏။

အကယ်တိတိ ... ဤသိက္ခာပုဒ်တော်လာများအတိုင်းသာ
အတိအကျ၊ အမိအရ လိုက်နာကျင့်သုံးခဲ့ပါလျှင်
စိတ်ထားလည်း ဘုရား၊ ကိုယ်ထားလည်း ဘုရား
ဘုရားဟူသော ရွှေသွား နှင့် ရဟန်းဟူသော နောက်ထား တစ်သားတည်း ကျစေမည်မှာ မလွဲပြီ။
ထိုသို့သော ရဟန်းအား ဘုရားရှင်များ သက်တော်ထင်ရှား ရှိနေသေး
ဤ ရဟန်းသည်ကား ငါ၏ ကိုယ်ပွား၊ ငါ့သွေးသားပေ တကား
ဦးခေါင်းပေါ်လက်သပ် မဟာဂရုဏာတော်ဓာတ်ဖြင့် သမုတ်အပ်မည်မှာလည်း မ

တောထွက်ရဟန်းတော်များ၊ ဒုလ္လဘရဟန်းများနှင့်
ဝိနည်းတော် လေ့လာဆည်းပူးသူများအတွက်
ဖတ်စရာ၊ မှတ်စရာ၊ ဆောင်စရာ
ရှောင်စရာများကို
အနစ်ထုတ် ဖော်ပြထားသည်။